
www.burmeseclassic.com

# ရဇဂဂဏ်

သျှောင်တာစောင်းနှင့်
ကြောင်နက်ရှင်သူဇာ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၆၄၄/၉၃(  )

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၇၇၈/၉၃(၁၁)

ထုတ်ဝေခြင်း

ဒုတိယအကြိမ်

၁၉၉၃ခု၊ ဒီဇင်ဘာလ

အုပ်ရေ

၅၀၀

တန်ဖိုး

သုံးဆယ်ကျပ် တိတိ

နဂါး

စာပေ

အဆက်မြန်မာပြည် ဖြန့်ချိရေး၊ မန္တလေး

BURMESE CLASSIC

# ရာဇဂဏီ

'သျှောင်တစောင်းနှင့် ကြောင်နက်ရှင်သူဇာ'

( ၈/ဆုံး )



မြနန္ဒီ ရေး

ငွေမိုးဆောင်း

စာပေ

စာအုပ်ဂျ၂-၆ လမ်း ရန်ကုန်မြို့

စာအုပ်ထုတ်ဝေသူအမှတ် ၁၁၈၉

မဟာဗန္ဓုလ ကြီး ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးစိန်ကြီး (၀၅၄၁)
ရွှေရုပ်လွှာစာပေ၊
အမှတ် ၆၄၊ ဝဇ္ဇီရဒလလမ်း၊
မြေညီထပ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးကျော် (၀၁၄၈၄)
ယိမ်းစိုးပုံနှိပ်တိုက်၊
အမှတ် ၁၅၈၊ ၃၃ လမ်း၊
ရန်ကုန်မြို့၊

မျက်နှာဖုံးရိုက်
ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ် ၉၆၊ ၀၁ လမ်း၊
ရန်ကုန်မြို့၊

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

.... .... ......

- စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
- စည်းကမ်းရှိမှ တိုးတက်မည်။
- စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

.... .... .... ....

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာဇဂဏိ

# သျှောင်တစောင်းနှင့် ကြောင်နက်ရှင်သူဇာ

လျှို့ဝှက် ဂမ္ဘီရ ရသသည်းဖိုဝတ္ထု

(ဒုတိယအကြိမ်)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မြန်မာစာရေးထုံးအရ 'ယောင်ထုံး'ကို 'သျှောင်ထုံး' ဟူ၍ ရေးပါသဖြင့် အများသိ 'ယောင်' ကို 'သျှောင်' ဟူ၍ ရေးလျှင် အမှန်၊ ဖတ်အသံ ဟူ၍ ရေးလိုက်ရပါသည်။

ထို့ကြောင့် 'သျှောင်တစောင်း' ဟူသော ပုဒ်ကို 'ယောင်တစောင်း' ဟူ၍(ယ) သံနှင့်ပင် ဖတ်ကြပါရန် ပန်ကြားအပ်ပါသည်။

ကျွန်ုပ်အား မချစ်သော
ဒဂုန်မြို့တစ်ဖက်ကမ်း ရွှေစာရံဘုရားအနီးမှ
ကြောင်နက်ရှင်မလေး .................. သို့

ရာဇဂဏ္ဍီ

www.burmeseclassic.com

www.burmeseclassic.com

'အယူသီးခြင်းဟာ အဆိုးဆုံးသော လူသားတို့၏ အတွေးအခေါ် ဖြစ်သည်။ အယူသီးခြင်းဟာ အစွန်းထွက်သော အတွေးအခေါ် ဖြစ်တယ်၊ ဒီ အယူသီးခြင်းဟာ လောကရဲ့ အမြင်စရိုက်တွေကို နက်ရှိုင်းမှုလို ရှုမြင် သုံးသပ်နိုင်တဲ့အဆင့် လွန်ကဲမှု ဖြစ်ပေတယ်၊ လူတစ်ဦး၊ သို့မဟုတ် လူမျိုးတစ်မျိုးဟာ အယူသီးမှု လွန်ကဲလာရင် ဒီတိုင်းပြည်ဟာ ဝမ်းနည်းမှုတွေ ကြုံလာရတတ်တယ်၊ ဗျော့မပင်္ဂပဒါ အတွေးအခေါ်သာ ဝှဒ္ဓရဲ့နည်း အလိုတော်ကျ ဖြစ်ပြီး တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုမှာ ဖြစ်ပေတယ်။'

[လူသူတော်· ရှေ့သွားတစေင်း]



မှ ညွှန်းစာ

တစ်နေ့သ၌ ကျွန်ုပ်သည် ဆူးလေစေတီတော်ကြီးအား မျက်နှာပေးလျက် တည်ရှိသော ၃၂ လမ်း၊ ပထမထပ် အမှတ် ၁၀၃ ရှိ သက်တင်စာပေတိုက် ဟူသော ရသစာပေတိုက်ကြီး၌ ထိုင်လျက်ရှိ၏။ ထိုစဉ်ခဏ၌ အပေါ် အင်္ကျီအပြာရောင်၊ ဘောင်းဘီအပြာရောင် ဝတ်ဆင်၍ ကြီးမားသော လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားသော စာပို့လုလင်သည် ကျွန်ုပ်ထိုင်ရာအနီးသို့ရောက်၍ လာပြီးလျှင် လက်တစ်ဆုပ်သာသာမျှ ရှိသော စာအိတ်တို့ကို ထုတ်၍ ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် စာများကို ဖောက်၍ဖတ်လိုက်သည်။ စာများမှာ ကျွန်ုပ် ပင်ပန်းစွာ ပြုစုရေးသားလိုက်သည့် (လူ့သူတော် သျှောင်တစောင်းနှင့် ကိုဒေါင်းနှင့် လူ့ရထား)ဟူသည့်ဂမ္ဘီရ ရသဝတ္ထုကြီးများကို ဖတ်ရှု ပြီးစီးကြသော စာဖတ် ပရိတ်သတ် ထံမှ စာများပင် ဖြစ်တော့သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ စာဖတ်ပရိသတ် ထံမှ စာများကို လေးလေးစားစား တစ်ခုစီ ဖတ်ရှုမိ၏။

ကျွန်ုပ်သည် များစွာဝမ်းသာမိလေသည်။ အကြောင်းမူကား စာဖတ်ပရိသတ်တို့သည် မြန်မာပြည် ပညာရပ်များကို အထင်တကြီး ရှိ၍ လိုက်စားလိုကြခြင်းနှင့် လိုက်စား လေ့လာလျက်ရှိခြင်းကို တွေ့ရသောကြောင့် ဖြစ်၏။

ကျွန်ုပ်သည်စာများကို စိစစ်လိုက်ပေ၏။ လူကြီးပိုင်းသည် 'လူ့သူတော်အကျင့်' ဟူသော သမထယာနိက ကျင့်ထုံး နိယာဒ်များကို အောင်မြင် ပေါက်မြောက်အောင် ကျင့်ကြံလိုကြကြောင်းနှင့် လူရွယ် လူလတ်တို့သည် 'သျှောင်တစောင်း' ပညာဖြစ်သော ပွဲကျောင်း ပညာ၊ လက်ဝှေ့ လက်သိုင်း၊ မြန်မာ့ဂန္ဓဝင် ဆေးပညာ၊ နက္ခတ္တဗေဒ ပညာများကို လွန်စွာလိုလားကြကြောင်း ဟူ၍ ဖြစ်ကြသည်။

ထို့ကြောင့် ကျွန်ုပ်သည် အနှစ်ချုပ် သတ္တုချလိုက်၏။ လူ့သူတော်ပညာဟူသည်မှာ စိတ်ကိုအခြေခံသောပညာရပ်ကြီးဖြစ်၏။ သျှောင်တစောင်းပညာမှာ ရုပ်၊ ကာယ၊ ဖသကို အမှီပြုသော ပညာရပ်ကြီး ဖြစ်ပေ၏။ ရုပ်နှင့် စိတ်တို့ သမ္ပယုတ်ဆက်နွယ်သော ပညာရပ်များကို သီးသန့် ပို့ချပေးပါဟု ဆိုလာကြသည်။ ရှင်တော်ဘုရားသည် လူဟူသော ပုထုဇဉ်၌ စိတ်နှင့် ရုပ်၊ နာမ်တို့သာ အခြေရှိ၏ဟု ဟောတော်မူခဲ့၏။

ထို့ကြောင့် စိတ်နှင့်ရုပ်တို့၏ ပညာရပ်ကို ပို့ချပေးရမည်မှာ မလွယ်လှတောင်း။ ထိုပညာပို့ချရန် ပညာသမ္ဘာရ လို၏။ ဆရာတစ်ဆူ မကိုး၍မှုဟူသော အားထားလောက်သော ပညာရှင် လို၏။

ဝတ္ထုရေးသမား ဖြစ်သော ကျွန်ုပ်သည် စိတ်ပူပန်သောက ဖြစ်၍သွား၏။ စိတ်အိုက်၍ သွားတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆူးလေစေတီတော်ကြီးအား ကြည်ညို၍ အပန်းဖြေလိုက်ရတော့သည်။

ထိုခဏ၌ လှေကား၌ ခြေသံများကြားရလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် တံခါးပေါက်သို့ လှမ်း၍ ကြည့်လိုက်မိသည်။ ထီးစုတ်ကြီးကို တစ်ဖက်က ကိုင်၍ တစ်ဖက်၌ လွယ်အိတ်ကိုလွယ်ထားကာ ခါးကိုင်းကိုင်း ဖြင့် အသက်အရွယ်ရင့်သော ကျွန်ုပ်၏ ဘထွေးတော် ဦးသောဘဏ လူထွက်ကို တွေ့လိုက်ရသည်၊ (ကျွန်ုပ် ဘထွေး) ဦးသောဘဏ လူထွက်၏ဘေး၌ ငှက်ကြုလ်

www.burmeseclassic.com

တစ်ယောက် ပေါ်လာလေသည်။ ထိုပုဂ္ဂိုလ်၏အသက်ကို ကျွန်ုပ် ခန့်မှန်းကြည့်လိုက်ရာ ရုတ်တရက် ခန့်မှန်း၍ မရနိုင် ဖြစ်ရလေသည်။ ကျွန်ုပ်နှင့်ထုတ်ဝေသူတို့သည် ဧည့်သည်များကို နေရာထိုင်ခင်း ပေးလိုက်ကြ၏။

'ငါပေးတဲ့ အထုပ်တွေရေးပြီး မင်း 'ရာဇဂဏ်' ရယ်လို့ ဖြစ်နေလို့မြင်းကျတောင် တရားစခန်းအပြီးငါလူထွက် ပြီး လာခဲ့တာ၊ မင်းရေးနေတဲ့ 'လူ့သူတော် ဘွဲ့ ရောင်တာခေါင်း' ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ဒီပုဂ္ဂိုလ်ကြီးပဲ...

ကျွန်ုပ်သည် အံ့ဩစွာဖြင့် ထိုပုဂ္ဂိုလ်အားကြည့်လိုက် မြဲ၏။ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်အားပြုံးပြုလိုက်သည် ထိုခဏ၌ ကျွန်ုပ်၏ ရင်ဝယ် အေးမြမှုတစ်ခု ခံစား သကဲ့သို့ ဖြစ်သွားတော့သည်။

ကျွန်ုပ်သည် ကျွန်ုပ်ထံသို့ နေ့စဉ်ရောက်ရှိလာသော စာများကို လက်ညှိုးထိုး၍ ကျွန်ုပ်၏အခက်အခဲတို့ ကရားရေလွှတ် ပြောပြလိုက်သည်။ ထို့နောက် အဖြေ ကျွန်ုပ်သည် စောင့်မျှော်နေလေသည်။ ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်အား အာမျှ ပြန်၍မဆို၊ ခပ်တည်တည်ပ စိုက်ကြည့်နေ၏။ ကျွန်ုပ်၏ ထုတ်ဝေသူ ဦးသက်တ လည်း ကျွန်ုပ်နည်းတူ ထိုပုဂ္ဂိုလ်ထံမှ အဖြေကို စော မျှော်၍ ငံ့လင့်နေသည်။ အတန်ကြာမှ ထိုပုဂ္ဂိုလ်ကြီး သည် မှန်တည်သော လေသံဖြင့်....

'လူ့သူတော် ဘွဲ့ ရောင်တာခေါင်းကို စောင့်မျှော် ဖတ်ရှုသူတွေ အနေနဲ့ လိုအပ်တဲ့ ဖော်ညွှန်း ချက်၊ ဖော်နည်းကားတွေ....ရမယ်ဆိုတာ အာမခံရဲရဲခံလိုက်ပါ၊ ပညာဆိုတာ လိုက်စားနိုင်တဲ့ အခြေခံ အချက်ကြီးပေါ်မှာ ရပ်တည် နေပါတယ်.......' ဟူ၍ ပြောဆို လေ၏။

ထို့နောက် နောက်ထပ် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့ပေ။

ကျွန်ုပ်၏ဘထွေးတော် ဦးသောဘဏ လူထွက်သည် သူ၏ လွယ်အိတ်ထဲမှ စာထုပ်ကြီးတစ်ထုပ်ကို ကျွန်ုပ် အား ပေးလေ၏။ ကျွန်ုပ်သည် စာရွက်ထပ်ကြီးအား ရိုရိုသေသေ ယူလိုက်သည်။

ဧည့်သည်ကြီးတို့သည် ထ၍ပြန်သွားကြတော့သည်။ မကြာမီ ညင်သာညက်ညောသော ကားစက်သံကိုကြား လိုက်ကြရသည်။

ကျွန်ုပ်၏ရင်ထဲ၌ အလုံးကြီးတစ်ခု ကျသွားလေ တော့သည်။ ထို့ကြောင့် ကျွန်ုပ်သည် စိတ်ပြေလက်အေး သွားသည်နှင့် ကျွန်ုပ်၏ ထုတ်ဝေသူ တည်ခင်း ဧည့်ခံ သောပြည်မြို့မှအကောင်းစား 'မမျှင်' ဟူသောဆေးပြင်း လိပ်ကြီးကို မီးညှိ ဖွာရှိုက်လိုက်၏။ မီးခိုးငွေ့များ သည် ဝလုံးသဏ္ဍာန် ကွင်းလေးများဖြစ်၍ အထက်သို့ တက်သွားကြပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ထုတ်ဝေသူဘက်သို့ လှည့်ကြည့်လိုက်မိလေရာ၊ ဗိုက်ပူပူ၊ ညိုညိုကားကား၊ ခန့်ခန့်ထည်ထည်၊ ထုတ်ဝေသူ ဦးသက်တင်သည် ကျွန်ုပ်အား ပြုံးစိစိနှင့် ကြည့်နေသည်ကို တွေ့ရလေ၏၊ ထို့နောက် လက်ဖက်ရည်သောက်ပါဟု ဆိုလေသည်။

သစ္စာ၊ မေတ္တာဖြင့်

ရာဇဂုဏ်

(၁)

## ညကြီးတစ်ည

လွန်စွာ မိုးသည်းထန်၍ မည်းမှောင်လှသောညတစ်ည၌ရန်ကုန်မြို့၏ မြို့လယ်လမ်းမကြီးဖြစ်သော ဆူးလေဘုရားလမ်း ဟူ၍ ခေါ်သော လမ်းမကြီး၌ နောက်ဆုံးပေါ်ချက်ပလက်ကားကြီးတစ်စီးသည် ဆူးလေဘုရားဘက်မှနေ၍ ဘီ၊အေ၊အေ၊ဘော်လုံးကွင်းကြီးရှိရာ ကုန်းတက်ကြီးပေါ်မှ လွန်စွာပြင်းသော အရှိန်ဖြင့် ပြေးလျက်ရှိပေ၏။

ကားကြီးပေါ်မှ လွန်စွာခန့်ညားသပ်ရပ်၍ဥပဓိရုပ်ကောင်းသော လူကြီးတစ်ဦးသည် လွန်စွာကန္ဒြေရစွာဖြင့် မောင်းနှင်လျက်ရှိ၏၊ထိုလူကြီးမှာ အသက်အရွယ်အားဖြင့် ငါးဆယ်ခန့်သာမျှရှိမည်ဖြစ်သော်လည်း သူ၏ ရုပ်ရည်မှာ ခန့်ညားလှသဖြင့် အသက်အရွယ်လေးဆယ်ကျော်မျှ ထင်မှတ်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် လက်မှနာရီကို ကြည့်လိုက်မိသောအခါတွင် ကား ညဉ့်သယံနှစ်နာရီ ထိုးနေပြီဖြစ်၏။ ထိုအချိန်တွင် လမ်းလယ်ခေါင်၌ ရပ်လျက်ရှိသော လူသည် ကားအလာကိုလက်ပြလျက် ရပ်ခိုင်းလျက်ရှိပေ၏။

ကားသည် ထိုလူအနီးသို့ရောက်သောအခါ ထိုလူသည် ပျာယီးပျာယာဖြင့် လက်ပြလျက်ရှိသောကြောင့်၊ ကားမောင်းသူပုဂ္ဂိုလ်ကြီးသည် ကားကိုဆိုးရပ်လိုက်ပေ၏။ ကားမီးရောင်ဖြင့် ထိုသူကို သေချာစွာကြည့်လိုက်သောအခါ ထို လက်ပြသူမှာ ပုရိသယောကျ်ားမဟုတ်ပေ။ လှန်စွာ ရုပ်ဆင်း ပြေပြစ်ညက်ညောလှသော ဣတ္ထိယမိန်းမသားတစ်ဦးဖြစ်လျက် ရှိနေသည်ကို တွေ့ရပေသည်။ ယင်မိန်းမသားသည် ခေါင်းမှ၎င်း၏ခြေစပ်ကိုယ်လုံး မိုးရေတို့ဖြင့် ရွှဲနစ်လျက်ရှိပေ၏။

'အစ်ကိုကြီး....သူဇာ့ကို ကယ်ပါဦးရှင်'

အမျိုးသမီးသည် ပျာယီးပျာယာ ထိတ်လန့်တကြီး နိုင်လှပေ၏။ လှန်စွာလှပလျက်ရှိသော မျက်နှာနုနုလေးမှာ လှန်စွာ ကြောက်ရွံ့နေဟန်ရှိပေ၏။ ကားပေါ်မှ ပုဂ္ဂိုလ်ကြီးသည် ထိုအမျိုးသမီး၏ ဖွံ့ထွား စွင့်ကားလျက်ရှိသော ကိုယ်နေဟန်ပေါ်က အဆစ်အချိုး၊ အကွေ့အလိမ်၊ အယှက်အနွယ်တို့ကို ခေတ္တမျှ သုံးသပ်လိုက်ပြီးနောက် သူ၏ကားတံခါးကို ဖွင့်လိုက်ပြီးလျှင်....

'တက်လေ....ကလေး....မ'

ဟူ၍ ပြောဆိုလေ၏။



အမျိုးသမီးရွယ်သည် ခေတ္တမျှတုံ့ ဆိုင်းခြင်းမရှိဘဲ ပွင့်လျက်ရှိသော ဒရိုင်ဘာခုံဘေးတွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်လိုက်သေ၏။ ကားပေါ်မှ ပုဂ္ဂိုလ်ကြီးသည် ကားထဲတွင် ညဘက်၌ ထွန်းနိုင်သော မီးခလုတ်ကို ဖွင့်လိုက်လေရာ ကားမီးရောင်သည် ကား၏အတွင်း၌ အလုံးစုံလင်းလျက် ရှိသွားလေသည်။ ပုဂ္ဂိုလ်ကြီးသည် နုနုငယ်ငယ်အရွယ်စင်ရှိဘိသော ထိုအမျိုးသမီးရွယ်၏ မျက်နှာလှလှလေးအား တစ်ချက်မျှဂရုစိုက်ကြည့်လိုက်ပြီးလျှင်

'ကလေးမ....ကို ဘယ်ပို့ပေးရမလဲ...'

'ကျွန်မ....ကလေးမ....မဟုတ်ပါဘူးရှင်....သူဇာပါ၊ အရှည်ဆိုတော့....ခင်နွယ်သူဇာ....ပါ၊ဆက်မောင်းပါရှင်....၊လမ်းမှာပဲပြောပါ့မယ်'

ပုဂ္ဂိုလ်ကြီးသည် ကားကို ဂီယာထိုးလိုက်ပြီးလျှင် အောက်ခြေမှ လီဗာကို ခပ်ဖွဖွနင်းလျက် ကားစက်ကို အရှိန်မြှင့်တင်လိုက်ပေ၏။ ကားကို လင်းတယ်စစ္စတာရုံခေါ် လမ်းထိပ်မှ ဘန်ဘော်ကလေး သိမ်ဖြူကွင်းဘက်သို့ ချိုးကွေ့လိုက်သည်။ ထို့နောက် ကားကို မဖြေးမမြန် ခပ်မှန်မှန်ပင် မောင်းလျက်ရှိပေ၏။ ထိုစဉ်တွင်မှ မိုးသည် ပို၍ သဲသဲမဲမဲ ရွာလိုက်ရာ ကား၏ လမ်းကြောင်းကိုကောင်းစွာမမြင်နိုင်အောင်ပင် ရှိပေတော့၏။ ကားသည် သိမ်ဖြူကွင်းဘက်မှပတ်၍ ကန်တော်ကြီးမှာ တည်တွင်လျက်ရှိသော နေရာလမ်းဘက်သို့ ဦးတည်၍သွားလျက် ရှိပေသည်။

'အစ်ကိုကြီး....ကျွန်မ....ကိုလေ.... ဖိုးစိန်လမ်းက ခြံအမှတ် (——) ကို ပို့ပေးပါ အစ်ကိုကြီး....'

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးသည် အမျိုးသမီး၏စကားကို ကြားလိုက်ရလျှင် ၎င်း၏ ထူထဲ ရှည်လျားသော မျက်ခုံးမွေးရှည်ကြီး တစ်ဖက်သည် အပေါ်သို့ မြင့်တက်သွားလေ၏။

'သူဇာက ဘာကြောင့် အဲဒီကို သွားချင်ရတာလဲ၊ နောက်ပြီး ဘယ်လိုဒုက္ခကြောင့် အခုလိုအဖော်မပါဘဲညဉ့်နက်သန်းခေါင် မိုးရေကြီးထဲမှာ...'

'ဒီလိုပါ အစ်ကိုကြီးရယ်....သူဇာ့ကိုလေ ဟို....ဟို....အင်းသူဇာ့ပထွေးက အတင်း ဟို ဟို'

သူဇာအမည်ရှိ မိန်းကလေး၏ စုတ်ပြဲနေသော အပေါ်ရုံလွှာ ရှန်သားစ မှမ္မလေးကို တစ်ဖန် အကဲခတ်လိုက်ပေ၏။ မသူဇာ အမည်ရှိ မိန်းကလေးသည် သူ၏မလုံမလဲ ခပ်ဖွာဖွာစုတ်ပြဲနေသော အင်္ကျီစလေးကိုဆွဲစေ့ကာ လက်နှစ်ဘက် ယှက်တင်လိုက်၏။

ချက်ပလက်ခေါ်သော ကားကြီးသည် ဗရင်ဂျီ သာသနာပြုကျောင်း ဖြစ်သော စိန့်ဖရန်စစ်အမည်ရှိသော ကျောင်းနားသို့ ရောက်လာလေသည်၊ထိုလမ်းတစ်လျှောက်သည်လည်း လမ်းမီးတိုင်များမှာ လွန်စွာမှိန်ပျကာလင်းလိုက်မလင်းလိုက်ရှိနေသဖြင့် ကားမီးရောင်ကိုသာလျှင် အားထားရလျက်ပင် ရှိပေသည်၊

ကားသည် ကျောက်မြောင်းဈေး ဘက်ကို ကျော်လွန်၍ လာလျက် ကယ်တင်ခြင်းတပ်ဟု ခေါ်သော ဗရင်ဂျီ မိဘမဲ့ ဂေဟာကျောင်းဘက်ကို ဖြတ်ကျော်လျက်ရှိ၏။ ထိုနောက်မှ ဆက်၍ ဗျိုင်းရေအိုးစင်ဘက်ကို ဖြတ်ကျော်လျက်ရှိ၏၊ ဗျိုင်းရေအိုးစင်၌ ဂျပန်ခေတ်က ဗုံးဒဏ်ပိခဲ့သော ဒယ်အိုးကန်ချိုင့်ကြီးကို ဖြတ်ကျော်ကာ ဘိုးစိန်လမ်းထိပ်သို့ရောက်လာခဲ့လေသည်၊

ရွာသွန်းလျက်ရှိသော မိုးသည်လည်း စဲစ ပြုလာပေသည်၊ ဘိုးစိန်လမ်းထိပ်မှ ကုလား ကာကာဆိုင်လေးသည်လည်း မီးရောင်မှုန်ပျပျဖြင့်တစ်ဦးတည်းလင်းနေသည်၊ ဆိုင်ထဲမှကုလားသား ဟူ၍ ခေါ်ဆိုရသော ခေတ်ပျက် လူသွမ်း တစ်အုပ်သည် ထိုင်လျက် အတင်းအဖျင်းမျိုးစုံ ပြောလျက်ရှိရာမှ ကားနက်ကြီးပေါ်မှ ပါသွားသော လူကြီးနှင့် ဘေးမှထိုင်လျက်ရှိသောအမျိုးသမီးကို ကြည့်ပြီး တီးတိုး ပြောဆိုနေလေသည်။

ကားသည် ခပ်ဖြည်းဖြည်း မောင်းလာသဖြင့် ထိုလူသိုက်သည် သေချာစွာမြင်ရခြင်းပင်ဖြစ်ပေ၏။ ဘိုးစိန်လမ်းထဲသို့ ပတ်ဝင်လိုက်ပြီးနောက်၊ ကားသည် ကြီးမားသောခြံဝင်းရှေ့၌ ထိုးရပ်လိုက်၏၊ ကားမီးရောင်ကြောင့် ခြံဝင်းအမှတ်ကို သေချာစွာမြင်ရပေ၏။ လူကြီးသည် ကားဟွန်းသံပေးလိုက်ရာ၊မကြာမီပင် ခြံဝင်းသည် ပွင့်လျက်လာပေတော့ရာ၊ ကားကို ခြံထဲသို့ မောင်းလိုက်၏၊ ကားသည် ပေါ်တီကိုအောက်၌ ရပ်လိုက်ပေ၏၊ ပေါ်တီကိုရှေ့ရှိ တံခါးချပ်သည် ပွင့်လာလေ၏။

'ကဲ....မသူဇာ....ဆင်းတော့လေ၊ ဒါ မသူဇာပြောတဲ့ ခြံပဲ'

အမျိုးသမီးသည် မဝံ့မရဲဆင်းလိုက်လေ၏။ ပုဂ္ဂိုလ်ကြီးသည် တိုက်ထဲသို့ သွက်လက်သော ခြေလှမ်းတို့ဖြင့် လှမ်းဝင်လိုက်ပြီးလျှင် မသူဇာဆိုသည့် အမျိုးသမီးပျိုအား ဆီးကြိုလာကြရှိ၏၊ အထဲမှ အစေအပါးတို့သည် ခိုင်းစေသည်တို့ကိုလုပ်ဆောင်ရန် အသင့် စောင့်ဆိုင်းလျက်ရှိကြ၏၊

www.burmeseclassic.com



'ဟေ့....ဘိုးတုတ်ပဲနေခဲ့.... ကျန်တဲ့လူတွေ သွားတော့'

ငါးယောက်ခန့်မျှသော အစေအပါးတို့သည် ခပ်လျှိုလျှို ပျောက်ကွယ်ကုန်လေ၏။ လွန်စွာဗလကောင်း၍ လွန်စွာအချိုးအစပ် ဆိုးသော ပုပုကွကွလူတစ်ယောက်သည်သာလျှင် ထိုပုဂ္ဂိုလ်ကြီး အနီး၌ ကျန်ရစ်ခဲ့လေ၏။

'ဟေ့....ဘိုးတုတ်....အဲတ်အစားလဲဖို့အတွက် မိန်းမအင်္ကျီ နဲ့ အတီကြောင်းကောင်း သန့်သန့် တစ်စုံယူခဲ့၊ နောက်ပြီး.... နွားနို့ ကျက်ကျက်....ကြက်ဥ မကျက်တကျက်ကြော်ယူခဲ့'

'ဟုတ်ကဲ့ ဆရာ'

ထိုပုပုကွကွနှင့်လူသည် လွန်စွာရှိသေသော အမူ အရာနှင့် အတွင်းခန်းသို့ ဝင်ရောက်သွားလေသည်။ ပုဂ္ဂိုလ်ကြီးသည် လွန်စွာခေတ်မီခန့်ညားလှသော ဧည့်ခန်းမ အတွင်းသို့ အမျိုး သမီးအား ခေါ်ဆောင်သွားပြီးလျှင် နူးညံ့လှသော ခေတ်မီ ဆိုဖာကြီးပေါ်၌ထိုင်ခိုင်းလိုက်၏။ အမျိုးသမီးသည် မရဲတရဲ ထိုင်လိုက်ပြီး ပုဂ္ဂိုလ်ကြီးအားမော်ကြည့်လိုက်သည်။ ပုဂ္ဂိုလ်ကြီး သည် အမျိုးသမီးအား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်နှင့် မျက်လုံးချင်းဆုံသွားသောကြောင့် အမျိုးသမီးသည် မျက်လွှာ ချလိုက်ရသည်။

'ဒီ....ဘိုက်နဲ့ ခြံကြီးက အစ်ကိုကြီး ခြံနဲ့တိုက်ပဲကွယ့်၊ သူဇာ က ဘယ်သူနဲ့များ တွေ့ချင်လို့လဲကွယ်'

ပုဂ္ဂိုလ်ကြီးသည် သူဇာဆိုသည့် အမျိုးသမီးနှင့် မနီးမဝေး ဆိုဖာပေါ်တွင် ထိုင်လိုက်ကာ ပိုလီစီးကရက်ဘူးကို ထုတ်ယူ၍



ငါးစပ်တွင်တေ့ကာ ဗြိတိသျှခေတ် နောက်ဆုံးပေါ် ဒေါင်းရုပ် ကြေးမီးခြစ်ကလေးကို ခြစ်ကာ ဖွာရှိုက်လိုက်သည်။

'ဟိုလေ....အစ်ကိုကြီးက ဝတ်လုံတော်ရမင်း ဦးဘမောင် ဆိုတာလား ဟင်'

'အင်း....အစ်ကိုကြီးက ဝတ်လုံတော်ရမင်း ဦးဘမောင်ပဲ၊ ဘာအကူအညီများ လိုလို့လဲ....မသူဇာ'

ဟိုခေတ်က ဝတ်လုံတော်ရမင်း ဆိုသည်မှာ လူ့မျက်နှာကြီး သိုင်းခဲများဟု ခေါ်ဆိုရသော ခေတ်ဖြစ်ပေ၏။ ဗြိတိသျှကိုလိုနီ ခေတ်တွင် ဝတ်လုံတော်ရမင်းများသည် ကြေးရတတ်လူတန်း စားစာရင်းဝင်များဖြစ်၍ ရာဇဝတ်မှုခင်း ကြီးသေးများသည် သူများ၏ နှာမည်ကြီးမှု သေးမှုများပေါ်၌ များစွာ တည် သောခေတ် ဖြစ်ပေ၏။

လူပုကွကွ၊ ဗလကောင်းကောင်းနှင့် လွန်စွာ အရုပ်ဆိုးလှ သောလူသည် ကျောက်ကာလင်ပန်းကန်တစ်ချပ်တွင် ကြက်ဥကြော် နွားနို့များကို ယူဆောင်၍ လာပြီး နောက်မှ အမျိုး သမီး တစ်ဦးသည် အဖိုးတန်ပုံရသော မိန်းမဝတ် အသုံး အဆောင် ပစ္စည်းများ ယူလာလေသည်။

'အားနာစရာကြီး အစ်ကိုကြီးရယ်၊ သူဇာ့အတွက်နဲ့ အစ်ကို အလုပ်ရှုပ်သွားပြီ ထင်တယ်'

အမျိုးသမီးသည် ယူဆောင်လာသော ပစ္စည်းပစ္စယများနှင့် ယောက်ဖွယ်တို့ကိုကြည့်ကာ အားတုံ့အားနာ ဖြစ်ဟန်ဖြင့် ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီးအတွက် ဒါတွေဟာ အသေးအဖွဲ့ပါကွယ်၊ သူဇာက အားနာစရာ မလိုပါဘူး'

'ဟဲ ...မိခင်၊ နှင့် အစ်မလေး အဝတ်အစားလဲဖို့ နေရာ လိုက်ပြလိုက်'

ပုဂ္ဂိုလ်ကြီးသည် အမျိုးသမီးအား ပြောဆိုပြီးနောက် သူ့ အိမ်မှ အစေအပါးတစ်ဦး ဖြစ်ဟန်တူသော မိန်းမတစ်ဦးအား ညွှန်ကြားသမှု ပြုလိုက်လေ၏။ မိန်းမအစေအပါးသည် မသူဇာ ဆိုသော အမျိုးသမီးအား အရိုအသေ ပြုလိုက်ပြီးနောက် အတွင်းခန်းသို့ ခေါ်ဆောင်သွားပြီးလျှင် အမျိုးသမီးသည် မငြင်းမရဲနှင့် ထိုမိန်းမ အစေအပါး၏ နောက်မှ ခပ်ယို့ယို့ လိုက်ပါသွားလေသည်။

ဝတ်လုံတော်ရကြီး ဦးဘမောင်ဆိုသော ပုဂ္ဂိုလ်ကြီးသည် တို၍နေသော ပိုလီစီးကရက်ကို ခပ်ဆတ်ဆတ် ဖွာလိုက်ပြီး နောက် စားပွဲပေါ်ရှိ ကျောက်ဆစ်သားဖြင့် ပြုလုပ်ထားသော ဆေးလိပ်ပြာခွက်ထဲသို့ စီးကရက်ကို ထိုးချေလိုက်လေ၏။ အပြင် ဘက်သို့ လှမ်း၍မြင်နိုင်သော ရင်း တိုက် သား များ ညှပ်၍ ပြုလုပ်ထားသော ပြတင်းပေါက်ဆီသို့ ငေးမျှော်ကြည့်နေ လိုက်မိသည်။

အတွင်းခန်းမှ အမျိုးသမီးသည် အဝတ်အစားလဲလှယ်ပြီး ထွက်လာပေသည်။ ပုဂ္ဂိုလ်ကြီးသည် အတွင်းခန်းမှ ထွက်လာ သော အမျိုးသမီးအား ကြည့်လိုက်ရာ ရင်ထဲတွင် လှုပ်ရှားသွား သည်။ လွန်စွာမှလှပ၍ စွဲမက်ဖွယ်အတိဖြစ်သော မိန်းကလေ



ပါလားဟူ၍လည်း အတွေ့အကြုံများခဲ့ဖူးသော ပုဂ္ဂိုလ်ပီပီ မှတ်ချက် ကျိတ်ချလိုက်ပေ၏။

'မသူဇာက အားနာစရာမလိုပါဘူးကွယ်၊ ဒါ အစ်ကိုကြီး ရဲ့ ဂေဟာပါ၊ မသူဇာရဲ့ နေသိုင်မှု လိုအပ်နေသေးသရွေ့ နေနိုင်အောင် အစ်ကိုကြီး စီစဉ်ပါ့မယ်'

မသူဇာဆိုသည့် အမျိုးသမီးသည် လွန်စွာ အေးညက် ညင်သာသော ခြေလှမ်းတို့ဖြင့် အတွင်းခန်းမှ ပုဂ္ဂိုလ်ကြီးနှင့် မိန်းမဝေး၍ ထိုင်လိုက်၏။ ပုဂ္ဂိုလ်ကြီးသည် လွန်စွာ ကရုဏာ သည့်လှသော မျက်နှာဖြင့် အမျိုးသမီးအား တစ်ကိုယ်လုံးခြုံ၍ ကြည့်လိုက်ကာ....

'ကဲ....သူဇာ....စားလိုက်ပါဦးကွယ်၊ နို့နဲ့ ကြက်ဥ မကျက် တကျက်ကြော်၊ ဒါမှ လန်းသွားမှာ'

အမျိုးသမီးသည် နို့ခွက်ကိုယူ၍ အနည်းငယ် သောက်လိုက် လေ၏၊ ထို့နောက် ဝတ်လုံတော်ရကြီးအား ခပ်သဲ့သဲ့ ကြည့် လိုက်လေ၏။ ဝန်းရည်လဲ့နက်နေသော မျက်လုံးများကို ဝတ်လုံ တော်ရကြီး ဦးဘမောင်သည် အသိအမှတ် ပြုလိုက်၏။

'သူဇာ ကြောက်တယ် အစ်ကိုကြီးရယ်'

အမျိုးသမီးသည် လေးတွဲ့တွဲ့ညည်းညည်း ပြောဆိုလိုက် ပြီးလျှင် ပုဂ္ဂိုလ်ကြီးအား ပြောဆိုလိုက်၏။ ဧည့်ခန်းဆောင်ရှိ မိန်းမထဲတွင်ကား မည်သူတစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။ နံရံမှ ကြက်တံဆိပ် နာရီလေးမှာ နာရီပြန် တစ်ချက်ကို ညွှန် ပြလျက် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လုံတော်ရကြီးသည် ထိုင်လျက်ရှိသော ဆိုဖာပေါ်မှ နေ၍ သူဇာ ထိုင်လျက်ရှိသော ဆိုဖာအနီးသို့ ရောက်လာပြီးလျှင် လွန်စွာ တိုးညင်းသာသော လေသံဖြင့်....

'ဘာကိုကြောက်တာလဲ မသူဇာ၊ အစ်ကိုကြီး ကစ်ယောက်လုံး အနားမှာရှိနေပြီပဲကွယ်၊ မသူဇာ အစ်ကိုကြီးဆီက လာတယ်ဆိုတာ ဘာအကြောင်းကြောင့်လဲကွယ်၊ အစ်ကိုကြီး အကူအညီ ပေးမှာပေါ့'ဟူ၍ ပြောဆိုပြီးလျှင် မျက်နှာ ခ...ကျ ညှိုးနွမ်းနွမ်းလေးဖြစ်လျက်ရှိသော အမျိုးသမီးအား ယု ယယမင် လှက်ကလေးကို ဆွဲယူလိုက်သည်။

အမျိုးသမီးသည် ပုဂ္ဂိုလ်ကြီးပခုံးကို ရုတ်ဘရက် သိုင်းဖ လိုက်ပေ၏။ သူ၏ လွန်စွာနူးညံ့အိစေးသော ကိုယ်လုံးဖြ ဝတ်လုံတော်ရကြီး၏ ခန္ဓာကိုယ်အား ပူးကပ်လိုက်၏။

'ဝတ်လုံတော်ရကြီး ဦးဘမောင်ဟာ နာမည်ကြီးနေတ ဒါကြောင့် သူဇာ လာခဲ့တာ'

ဝတ်လုံတော်ရကြီးသည် သူဇာ ဆိုသည့် အမျိုးသမီးအ ပြန်လည်၍ ယုယပေးလိုက်၏။ မသူဇာသည် ဝတ်လုံတော်ရကြ အား တိုး၍ဖက်ခြင်းအမှု ပြုလုပ်လေ၏။ ဝတ်လုံတော်ရကြီး၏ လက်တစ်ဖက်သည် ဆိုဖာနောက်ဖက်တွင်ရှိသော ခလုတ် လေးအား နှိပ်လိုက်လေ၏။

တစ်ခန်းလုံး မှောင်ကျသွားလေ၏။ အပြင်မှ မိုးသည် ခပ်ခဲခဲဖြစ်နေရာမှ ရုတ်တရက် ဝေါခနဲ ရွာချလိုက်၏။

အခန်းတွင်းတွင် အမှောင်ကျသွားသည်နှင့် ဆိုဖာပေါ် ရုတ်တရက် အသံတစ်သံ ထွက်ပေါ်လာပေသည်။ ထိုအသံမှ



လွန်စွာမှစူးနက်လှသော အသံကြီးပင် ဖြစ်ပြီးလျှင် ကြမ်းခင်းပေါ်သို့ ရုတ်ဘရက်လဲပြိုကျသွားသော အသံကြီးတစ်သံသည် ပေါ်ထွက်လာလေသည်။ ထိုနောက် တအင့်အင့်နှင့် ညည်းညူသံကြီး ပေါ်လာပြီး တစ်ဖန် ရပ်သွားလေတော့သည်။ အပြင်မှ မိုးသံကြောင့် ထိုအသံသည် ကောင်းစွာမကြားလိုက်ရဘဲ ရှိလေ၏။

ထို့နောက် တိုက်၏ သံအာဂျာတံခါးဆွဲသံ ပေါ်လာပြီးလျှင် မှောင်ပိန်းလျက်ရှိသော ခြံဝင်းထဲမှ မည်းမည်းသဏ္ဌာန်သည် လွန်စွာလျင်မြန်လှသော အဟုန်ဖြင့် ခြံဝရှိ ဂိတ်တံခါးဝသို့ ရောက်လာလေ၏။

ခြံတံခါးသည် အတန်မြင့်သော သံပန်းတံခါးဖြစ်ပေရာ ခိုင်ခံ့သော သော့ဖြင့်ခတ်၍ ထားလေရာ ထိုမည်းမည်းသဏ္ဌာန်သည် ခေတ္တမျှ တုံ့ဆိုင်းသွားလေပြီ။ မည်းမည်းသဏ္ဌာန်သည် မြန်ဆန်လှသော အဟုန်ဖြင့် လက်တစ်ဖောင်သာသာမြင့်သော အုတ်ခုံသံပန်းလေ့ကားကြီးကို တွယ်တက်လိုက်ကာ အပြင်ဘက်သို့ ပေါ့ပါးသွက်လက်စွာ ခုန်ချလိုက်ပြီးလျှင် ခြံဝမှ လျင်မြန်လှသော အဟုန်ဖြင့် ထွက်ပြေးပျောက်ကွယ်သွားလေ၏။

ခြံကြီးသည် မိုးသည်းသည်းညအောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက် နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

## ကစ်(စ်)....ဘိုင်....ကစ်(စ်)

အိုင်ပီကြီးသည် ဧည့်ခန်းထဲသို့ ဝင်လိုက်သောအခါတွင် ဆိုဖာအေား၌ မှောက်ခုံကြီးလဲလျက်ရှိသော ဝတ်လုံတော်ရကြီး ကို တွေ့ရလေသည်။ ဝတ်လုံတော်ရကြီး၏ လည်ပင်းမှ ထွက်သော သွေးစတို့မှာ မျက်နှာတစ်ဝိုက် အိုင်ထွန်းလျက် ရှိ၏။

'ဆရာ....အလောင်းကို ပက်လက်လှန်လိုက်ရမလား'

'အေး....ကောင်းတယ်၊ လှန်လိုက်ကွာ'

ဆားပုလင်း စိန်မောင်ကြီးသည် ဝတ်လုံတော်ရကြီး၏ အလောင်းကို ပခုံးမှကိုင်၍ ပက်လက်အနေအထားသို့လှန်လိုက် လေ၏။ ဝတ်လုံတော်ရကြီးမှာ မျက်ဖြူများအထက်သို့လန်ကာ



အသက်ပျောက်နေသည်။ အိုင်ပီ ဦးအေးမောင်သည် ဝတ်လုံ တော်ရကြီး၏ မျက်နှာအား သေချာစွာ ကြည့်ရှု စစ်ဆေးပြီး လျှင် ရှာဖွေလျက် ရှိ၏။

ဒဏ်ရာမှာ လည်ပင်းအပေါ်ပိုင်း လည်ဇလုတ်အထက်နား တွင်ပင်ဖြစ်၏။ ထိုနေရာတစ်ဝိုက်မှ လွန်စွာ သေးငယ်သော အပေါက်လေးနှစ်ပေါက်သည်ဝတ်လုံတော်ရကြီး၏အသက်ကို ယူဆောင်သွားဟန် တူပေ၏။ထိုလည်ပင်းအပေါက်သေးသေး လေးမှ သွေးစီးချောင်းများသည် အောက်သို့ စီးထွက်လျက် ရှိ၏၊ သို့သော် သွေးများမှာ ခြောက်နေပေသည်။

ဆားပုလင်းစိန်မောင်ကြီးနှင့်အဖွဲ့သည် လက်ရာခြေရာများ မှတ်သားလိုက်ပြီး အခန်းထဲရှိအနေအထားအားလုံးကိုစစ်ဆေး လိုက်သည်။ ဝတ်လုံတော်ရကြီး၏ အစေအပါးတို့သည် အိုင်ပီ ဦးအေးမောင်နှင့် အဖွဲ့တို့ လုပ်ကိုင်ဆောင်ရွက်နေသည်ကို စိတ် မချမ်းမြေ့စွာဖြင့် ကြည့်ရှုလျက် ရှိနေကြသည်။ မျက်ရည် လည်ရွဲဖြစ်လျက် ရှိကြ၏။

အိုင်ပီ ဦးအေးမောင်သည် ဝတ်လုံတော်ရကြီး၏ အိမ်သား အားလုံးကို တန်းစီစေပြီး တစ်ဦးချင်း စစ်ဆေးသမှုပြုလေ၏။ ရှေးဦးစွာ အိမ်စေ မောင်ဘတုတ်ကို ခေါ်ယူ စစ်ဆေးလိုက် သည်။

အိုင်ပီကြီး။ ။ညက ဝတ်လုံတော်ရကြီး ဘယ်အချိန် ပြန်ရောက်သလဲ မောင်ဘတုတ်။

မောင်ဘတုတ်။ ။ညက ဆယ့်နှစ်ရီလောက်ကပဲ ရောက်တော် အုပ်မင်း။

www.burmeseclassic.com

www.burmeseclassic.com

အိုင်ပီကြီး။ ။ဘယ်သူပါလာသလဲ။

မောင်ဘတုတ်။ ။အမျိုးသမီးတစ်ယောက်ပါ။

အိုင်ပီကြီး။ ။မင်း သူ့ကိုမြင်ဖူးသလား။

မောင်ဘတုတ်။ ။မမြင်ဖူးပါဘူး ရာဇဝတ်အုပ်မင်း၊ သခင်ကြီးဟာ ဒီလိုပဲ အမျိုးသမီးတွေ ခေါ်ခေါ်လာတတ်ပါတယ်၊ မေးမြန်းလို့ရပါဘူး။

အိုင်ပီကြီး။ ။မင်း သူ့အတွက် ဘာလုပ်ပေးရသလဲ။

မောင်ဘတုတ်။ ။စားဖို့ သောက်ဖို့နဲ့ ညက အမျိုးသမီး အကျီလဲဖို့ ပြုလုပ်ပေးရပါတယ်။

အိုင်ပီကြီး။ ။ဝတ်လုံတော်ရကြီး သေဆုံးတာ ဘယ်တုန်းကသိလဲ။

မောင်ဘတုတ်။ ။သခင်ကြီးဟာ အမျိုးသမီးတွေ ပါလာရင် အနားမှာနေတာ မကြိုက်ပါဘူး ရာဇဝတ်အုပ်မင်း....၊ နောက်ဖေး အစေခံ တန်းလျားမှာသွားနေရပါတယ်၊ သူခိုင်းချင်တာရှိမှ ခလုတ်နှိပ်ပြီး ခေါ်ပါတယ်၊ အားလုံး အစေခံတန်းလျားမှာပဲရှိပါတယ်၊ မနက်ကျမှ သူ့အတွက် လက်ဖက်ရည်လာပို့မှ သိရပါတယ်။

အိုင်ပီ ဦးအေးမောင်သည် ဝတ်လုံတော်ရကြီး၏ အစေခံများကို စစ်ဆေးပြီးသောအခါတွင် ဝတ်လုံတော်ရကြီး ၏ အိမ်အား အကဲခတ်ကြည့်ပြီး အတွင်း၊ အပြင်ဘက်ကို ကြည့်ရှု



လိုက်သည်။ ဝတ်လုံတော်ရကြီး၏အိမ်မှာ လွန်စွာမှ ခမ်းနားကြီးကျယ်လှပေသည်။

အိုင်ပီ ဦးအေးမောင်သည် အတွင်းခန်းမှ အပြင်ဘက်သို့ ရောက်သောအခါ ဆားပုလင်း စိန်မောင်ကြီးသည် လက်ကိုင်ပဝါဖြင့် ထုပ်ထားသော အဝတ်ထုပ်လေးကို လက်ပေါ်တင်၍ ပြလိုက်လေ၏။

'ဆရာ....ထူးထူးဆန်းဆန်း အာလာင်းနဲ့ နှစ်တောင်ကွာ လောက်မှာ ဒီဟာလေးကို တွေ့ရတယ်'

အိုင်ပီကြီးသည် လက်ကိုင်ပဝါလေးထဲမှ အရာကိုကြည့်လိုရာ အရွယ်အားဖြင့် သုံးလက်မအရွယ်လောက်ဖြစ်ပြီး အနီရောင်ဆိုးထားသည့် ကြောင်ရုပ်လေးနှစ်ရုပ် ဖြစ်လျက်ရှိပေ၏။ ထိုကြောင်ရုပ်ကလေးနှစ်ရုပ်အပေါ်မှနေ၍စာရွက်ခေါက်လေး တစ်ခုကိုလည်းတွေ့ရလေသည်။ စာရွက်ခေါက်လေးကိုဖြန့်လိုက်ရာ ၊ အောက်ပါအတိုင်း တွေ့ရပေသည်။

'ဆုံးမခြင်း ဗီဇာဒ'

အမျိုးကောင်း သမီးလေးများကို ငွေ၊ အရှိန် အာဏာဖြင့် ဖျက်ဆီးလေ့ရှိသော လူကြီးလူကောင်း အား ဆုံးမခြင်းပြုလိုက်သည်။

ကြောင်နက်ရှင် သူဇာ....။

အိုင်ပီကြီး ဦးအေးမောင်သည် စာရွက်ခေါက်လေးအား ခေါက်၍ မှတ်တမ်းစာအုပ်ထဲ၌ ညှပ်၍ သိမ်းဆည်းလိုက်၏။

ထို့နောက် ကြောင်ရုပ်ကလေးအား စစ်ဆေးကြည့်ရာ ကြောင်ရုပ်ကလေး၏နားရွက်တစ်ဖက်ကို ဆွဲလိုက်ရာ 'ခြောက်'

www.burmeseclassic.com

www.burmeseclassic.com



ဟူသောဝအသံထွက်ပေါ်လာပြီးလျှင် ကြောင် ရုပ် က လေး ၏ ဝမ်းဗိုက်အောက်မှ လွန်စွာ စူးရှထက်မြက်လှသော စူးချွန်ကလေး နှစ်ခုသည် ထွက်သာလေသည်။ ထိုစူးချွန် နှစ်ချောင်းမှာ အရှည်ပမာဏ ခြောက်လက်မမျှရှိလေသည်။

'အင်း....တ ရား ခံ လက်သည် က တော့ ဒီ ကြောင် ရုပ်ကလေးပဲ'

'တော်တော်ကြံဖန်ပြီး လုပ်ထားတာပဲ ဆရာ'

ဆားပုလင်း စိန်မောင်ကြီးသည် အိုင်ပီ ဦးအေးမောင်၏ ကားကို ဖြည့်စွက်လျက် မှတ်ချက်တစ်ခု ပြုလိုက်လေ၏။ ထိုအချိန်တွင် တိုက်ရွှေ ပေါ်တီကိုအောက်၌ ကားဆိုက်သံကြားရလေသည်။

ထိုနောက် ဧည့်ခန်းထဲသို့ ဧည့်သည်များဝင်ရောက်လာကြလေသည်။ အိုင်ပီ ဦးအေးမောင်သည် ဧည့်ခန်းထဲသို့ ဝင်ရောက်လာကြသော ဧည့်သည်များကို အရိုအသေပြုလိုက်၏။ အင်းစိန်မှာ စုံထောက်မင်းကြီး မစ္စတာစတီးဝပ်၊ ဂေါရာ စင်ပုလိပ်အဖွဲ့မှူး မေဂျာဒါနန်းနှင့် စုံထောက်ကြီး ဦး ဇင် ယော် တို့ဖြစ်ကြလေ၏။ စုံထောက်မင်းကြီး မစ္စတာ စ တီး ဝပ် သည် အိုင်ပီ ဦးအေးမောင်အား သေချာစွာကြည့်ကာ....

'လူကလေး....ဘာထူးသလဲ၊ မင်းကြီး စိတ်မကောင်းဘူး၊ ဒီကိစ္စ အမြန်ပေါ်အောင်လုပ်ပါ၊ လူကလေး ဂါတ်အပိုင်မှာဖြစ်တယ်၊ လူကလေးမှာ တာဝန်အများကြီးရှိဘယ်' ဟူ၍ ပြောဆိုလေသည်။



အိုင်ပီ ဦးအေးမောင်သည် တံတွေးကို မျို၍ ချလိုက်ကာ ဆလုခေါ် အရိုအသေပေးမှုကို ထပ်မံပြုလိုက်ပြီးလျှင်....

'ကြိုးစားပါမယ်....မင်းကြီး' ဟူ၍ ပြောဆိုလေ၏။

စုံထောက်ကြီး ဦးဇင်ယော်သည် အိုင်ပီ ဦးအေးမောင်၏ အမူအရာကိုကြည့်ပြီး ပြုံးလျက်ရှိသည်။ မေဂျာဒါနန်းသည် ဝတ်လုံတော်ရကြီး အလောင်းကိုငုံ့ကြည့်ပြီးလျှင် ခမ်းနားစွာ ဆင်ယင်ထားသော ဝတ်လုံတော်ရကြီး၏ဧည့်ခန်းကို လှည့်ပတ်ကြည့်ရှုနေလေ၏။ စီအိုင်ဒီခေါ် အင်းစိန် စုံထောက်တပ်ဖွဲ့မှ စုံထောက်များလည်း အလောင်း အနေအထား အမျိုးမျိုးကို လေ့လာ မှတ်သားခြင်းပြု၍ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်လေ၏။

စုံထောက်ကြီး ဦးဇင်ယော်သည် အိုင်ပီ ဦးအေးမောင် လက်ထဲမှ ကြောင်ရုပ်ကလေးနှစ်ရုပ်ကို ကြည့်ပြီးလျှင် မှတ်ချက်တစ်ခု ပြုလိုက်၏။

'အင်း....သက်သည့် တရားခံကတော့ အမျိုးသမီးထဲကပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကြောင်ရုပ်ကလေးက လှလှကလေးကိုး ဗျ....ဟဲ....ဟဲ....'

ဦးဇင်ယော်သည် ပြောပြောဆိုဆို အိုင်ပီ ဦးအေးမောင်၏ လက်ထဲမှ ကြောင်ရုပ်ကလေး၏ မေးစေ့ကို ပွတ်လိုက်လေ၏။ ကြောင်ရုပ်နှစ်ကောင်မှာ လွန်စွာ အရွယ်ညီစွာ ထုလုပ်ထားပြီးလျှင် သစ်သားရုပ်ကလေးနှစ်ရုပ် ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်ယော်သည် ကြောင်ရုပ်ကလေး၏ နားရွက်ကိုဆွဲလိုက်ပြန်ရာ ကြောင်ရုပ်၏ ဝိုက်အောက်မှ စူးချွန်ကလေးနှစ်ချောင်း ထွက်လာလေ၏။

ဦးဇင်ယော်၏ လှုပ်ရှားမှုကို ကြည့်ရှုနေသော စုံထောက်မင်းကြီးသည် မျက်လုံးပြူးသွားလေ၏။ ထို့နောက်....

'ဒိန်း....ဂျား....ရုပ်(စ်)....' ဟူ၍ ပြောဆိုလေ၏။

ဦးဇင်ယော်သည် ကြောင်ရုပ်၏ ဝိုက်အောက်မှ စူးချွန်များကို နမ်းကြည့်ရင်း ကောက်ချက်တစ်ခု ချလိုက်ပြန်သည်။

'အဆိပ်ပြင်းတဲ့ အလျူမိနီယံသတ္တုရိုင်းနဲ့ပြုလုပ်ထားတာပဲ၊ နောက်ပြီး ရှင်ကာရီ ခေါ်တဲ့ ရှမ်းပြည်နယ်က သုံးတဲ့ ချဉ်ရည်တစ်မျိုးနဲ့ စိမ်ထားသေးတာပဲ၊ အင်း... ဒီကိစ္စကတော့ ပေါ့သေးသေး အမှုအခင်း မဟုတ်ဘူး အိုင်ပီ၊ ဂနုဝ်ဘကျ စီမံဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းနဲ့ သိပ္ပံရော ဝိဇ္ဇာပါ တတ်မြောက်ထားတဲ့ ပညာရှင်တွေပါတဲ့ အဖွဲ့တစ်ဖွဲ့ကဲ လုပ်ကြံမှုပဲ ဖြစ်လိမ့်မယ်'

စုံထောက်ကြီး ဦးဇင်ယော်သည် အမှုသက်သေကောက်မှ တာဝန်ခံနေသော တာဝန်ခံဖြစ်သော အိုင်ပီဦးအေးမောင်ကို မှတ်ချက်ပေးရင်း စုံထောက်မင်းကြီး မစ္စတာစတီးဝပ် ဘက်သို့လည်းကြည့်ကာ အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုလျက်ရှိပေ၏။ စုံထောက်မင်းကြီးနှင့် မေဂျာဒါနန်းတို့သည် ဦးဇင်ယော် ပြောဆိုလျက်ရှိသည်ကို စူးစိုက်နားထောင်လျက် ရှိပြီးလျှင် မေဂျာဒါနန်းသည် လက်ထဲမှ တုတ်ကို ချိုင်းကြားသို့ ညှပ်လိုက်ပြီးလျှင် အံ့သြစွာ စားဟန်ပြုလျက် ရှိ၏။



'ဝတ်လုံတော်ရ ဦးဘမောင်ဟာ အိုင်-စီ-အက်စ်... လဲ ဖြစ်ပေတယ်... မစ္စတာဇင်ယော် အားကြီး နှမြောဖို့ ကောင်းတယ်၊ ကျုပ်တို့ ဒီကိစ္စကို အမြန်ဆုံးတရားခံဖမ်းဖို့ လိုလိမ့်မယ်၊ မစ္စတာဇင်ယော်ပါ ဒီကိစ္စကို တာဝန်ယူပေးပါ၊ မစ္စတာဇင်ယော် တာဝန်ယူသွားပေမယ့် ကျုပ်တို့ ပုလိပ်တပ်ဖွဲ့ကြီးမှာ မစ္စတာဇင်ယော်ကို ဆက်လက်ပြီး ဆောင်ရွက်ပေးဖို့ ဗြိတိန်ဘုရင်မကြီးက မစ္စတာဇင်ယော်ကို မေတ္တာရပ်ခံပါတယ် မစ္စတာဇင်ယော်၊ ဒါကြောင့် ကျုပ်က မစ္စတာဇင်ယော်ကို ဝင်ခေါ်ခဲ့တာပဲ'

စုံထောက်ကြီး ဦးဇင်ယော်သည် ဆေးတံကို မီးညှိဖွာရှိုက်လိုက်ပြီးလျှင် စုံထောက်မင်းကြီးအား ကြည့်ကာ ဦးခေါင်းညိတ်လိုက်၏။

အင်းစိန် ဇီအိုင်ဒီမှ စုံထောက်များသည် လက်ဗွေယူခြင်း၊ အကျီအဝတ်အစားကို မှတ်သားခြင်း၊ အလောင်းမှ သွေးကို စစ်ဆေးရန် ပြုလုပ်ခြင်း စသည့် အလုပ်များကို ကျင်လည်စွာ လုပ်ဆောင်လျက် ရှိသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် အိုင်ပီ ဦးအေးမောင် လက်ထဲမှ ကြောင်ရုပ်ကလေးကို ယူလိုက်လေ၏။ ဦးဇင်ယော်၏ လက်သည် အလွန် ပါးလွှာသော လက်အိတ်ကလေးကို ဝတ်ဆင်ထားလျက်ရှိပြီးလျှင် ၎င်းဝတ်ဆင်ထားသော ကုတ်အင်္ကျီခေါ် အနောက်တိုင်းသားတို့ ဝတ်ဆင်လေ့ရှိသည့် အပေါ်အင်္ကျီအောက်၌ စလွယ်သိုင်းထားသော ၃၇ မိန်းမကိုင်သေနတ်အိတ်သည် လက်လှုပ်လိုက်လျှင် ပေါ်လျက် ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးသည် ကြောင်နက်ရုပ်ကလေးကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးလျှင်....

'ကြောင်နက်ရှင်သူဇာ ဆိုတော့ ကြောင်အနက်ကို အရှင်ဖမ်းဖို့လောက်တော့ အားစိုက်ရလိမ့်မယ် ထင်ပါ့'

ဟူ၍ တစ်ယောက်တည်း ပြောသလို၊ အားလုံးကို ပြောသလို ပြောဆိုလိုက်လေ၏။ အိုင်ဗီ ဦးအေးမောင်သည် ဝတ်လုံတော်ရကြီး ဦးဘမောင်၏ အလောင်းအား ထမ်းစင်ဖြင့် ထုတ်သွားသည်ကို အစအဆုံးကြည့်ရှုစစ်ဆေးပြီးနောက် စုံထောက်မင်းကြီးနှင့် စုံထောက်ကြီးဦးဇင်ယော်တို့အား ဆလု(စ်)ချခေါ် အလေးပြုခြင်းကို ပြုလိုက်ပြီးလျှင် သူ၏ ဝက်ဝွန်းကားပေါ်သို့ တက်သွားလေ၏။

မေဂျာ ဒါနန်းသည် စုံထောက်ကြီး ဦးဇင်ယော်ဘက်သို့ လှည့်ပြီးလျှင်....

'ဒီ တရားခံကောင်ဟာ မိန်းမလား မစ္စတာဇင်ယော်'

ဟူ၍ မေးလိုက်ရာ ဦးဇင်ယော်သည် မေဂျာဒါနန်းအား ပြုံးစိစိ ကြည့်ပြီးလျှင်....

'ကစ်(စ်)....ဘိုင်....ကစ်(စ်)...' ဟူ၍ပြောလိုက်ရာ မေဂျာဒါနန်းသည် သူ၏ ပခုံးကျယ်ကြီးကို တွန့်ပစ်လိုက်ပြီးလျှင်....

'အိုး....ဒိန်း....ဂျား....ရပ်(စ်)....' ဟူ၍ ပြောဆို လိုက်ရာ စုံထောက်ကြီး ဦးဇင်ယော်သည် တဟဲဟဲနှင့် သဘောကျစွာ ရယ်မောလိုက်လေ၏။

[ ကစ်(စ်)....ဘိုင်.... ကစ်(စ်).... ဟူသည်မှာ အနမ်းဖြင့် သတ်ခြင်း............................ဟူလို ]

( ၃ )

## ဝန်ကလေးဘပု အသတ်ခံရခြင်း

အတွင်းဝန်ကလေး မောင်ဘပုသည် သူ၏ပါဝါနည်းပါ လှသော ရွှေကိုင်းမျက်မှန် ဝိုင်းစိုင်းကလေးကိုတပ်၍ မန္တလေး ပိုးထည်တိုက်ကြီးမှ ထုတ်လုပ်သော ရွှေဘစ်ဆုပ် ပိတုန်း ဘန်ကောက် ပုဆိုးကို ခါးပေါင်စ ထောင်ပြီးလျှင် လက် လွန်စွာ လေးဟန်တူသော စိန်ဘရားသားမှသားရေအိတ်ကြီး လက်ဆွဲကာ စတိုင်တင်းတင်းဖြင့် ဘားမားယူနီယံကလပ် ထွက်လာလေ၏။

ဘားမားယူနီယံကလပ် ဘီလိယက်ခုံမှ တစ်ပွဲတစ်ကျော် ဖြင့် ပိုလ်ဆွဲလာပြီး ဖြစ်သောကြောင့် ရှုန်ပိန် အရက်ရှိန်သည်

www.burmeseclassic.com



လည်း နိုင်လိုက်သော ဘိလိယက်ဂုဏ်ဇာက်၌ ပို၍တောက်လျက် ရှိပေသည်။

'ဟေ့....လန်ချား....ပတ်ကရီး....အောင်း....'

အတွင်းဝန်ကလေးမောင်ဘပုသည် ဘားမားယူနီယံကလပ် ပေါက်ဝအနီး၌ စတင်းထိုးထားသောလန်ချားဂိတ်မှလန်ချား ကုလားကို ခေါ်လိုက်၏။ လန်ချားကုလားသည် ကပျာကယာ ဆီးဆိုက်လိုက်၏။ နံငယ်ကို ခါးတောင်းမြှောင်အောင် ကျိုက် လျက် ခြေထောက်တွင် ဝဲစားလျက်ရှိသော ကုလားသည် အတွင်းဝန်ကလေးအား ဆလံသုံးခါမျှ တပ်လိုက်ပြီး နောက်....

'ပတ်ကရီး....ခိုလိုး....မီနာမီ....' ဟူ၍ ပြောဆိုလိုက်လေရာ လန်ချားကုလားသည် 'အချား....အချား' ဟူ၍ ဆိုပြီးလျှင် လန်ချားကို မယူ၍ ရှေ့မှ တက်သုတ်ရိုက်လိုက်လေ၏။

အတွင်းဝန်ကလေး မောင်ဘပုသည် အိန္ဒိယပြည်ဖြစ် ဆိုဖာ ဗော့စကုတ်ကို ဆွဲယူလိုက်ပြီးလျှင် ခပ်စန့်စန့်မှီကာ ၎င်း၏ သာဘက် တိုက်ပုံအင်္ကျီအိတ်ထဲ၌ထည့်ယူခဲ့သော ရန်ဂုံးဂေးဇက် ဘီးယား အမည်ရှိသော အင်္ဂလိပ် သတင်းစာကို စတိုင် ဘင်းတင်းဖြင့် ဖတ်ကာ လန်ချားပေါ်မှ လိုက်ပါလျက် ရှိ ပေ၏။

လန်ချားကုလားသည် ဖရေဇာလမ်းဟုခေါ်သောမျက်နှာ ၌ ဗိုလ်ချုပ်တစ်ဦး၏အမည်ကို မှည့်ခေါ်ထားသော လမ်း ပေါ်၌ ပြေးလျက်ရှိပေ၏။



အချိန်ကာလအားဖြင့် မိုးသားများ အုံ့မှိုင်းလျက်ရှိသော် လည်း ကတ္တရာလမ်းမပေါ်၌ ဖိနပ်မပါ ဗလာသက်သက် လန်ချားကို ဒေါမာန်ပါပါနှင့် ဆွဲလျက်ရှိပေ၏။ လန်ချားဘီး နှစ်ဘီးမှာလည်း တဝှီးဝှီးနှင့် ပြေးလျက်ရှိပေ၏။ လန်ချား ကုလားမှာ ပိန်သေးသေးပင်ဖြစ်သော်လည်း လွန်စွာ အမော အပန်း ခံနိုင်၍ ပြင်ဦးလွင်ဟုခေါ်သော မြို့မှ ပေါက်ဖွား သော မြင်းများကဲ့သို့ မောပန်းခြင်းကို ခံနိုင်ရည် ရှိဟန် တူလေ၏။

လန်ချားကုလားသည်ပါးစပ်မှ 'အချီး....ဘူးရား....အချီး.... ဘူးရာ....' ဟူ၍ ခပ်တိုးတိုး ရွတ်ဆိုလျက်သွားလေ၏။ ထိုစဉ် ဆူးလေပဂိုးဒါးရုဒ်ခေါ်သော ဆူးလေဘုရားလမ်းမှနေ၍ လွန် စွာ လှပ၍ ဆွဲအားကောင်းလှသော မြင်းလေးကောင်ဆွဲသော ရထားလုံးကြီးသည် ဘီအေအေ ဘောလုံးကွင်းဘက်မှ နေ၍ ဆူးလေဘုရား ရှိရာဘက်သို့ မြောက်နှင့်တောင် တန်းလျက် မောင်းနှင်လာလေ၏။

ရထားထိန်းကုလားသည်အစိမ်းရောင်စူရတီဘောင်းထုပ်ကို ပေါင်းလျက် လွန်စွာကားသော နှုတ်ခမ်းမွေးကြီး နှစ်ဖက် ဆောင်လျက်ရှိပေ၏။ လက်ကိုင်ကျာပွတ်မှာလည်း အဝါရောင် သားရေကြိုးဖြင့် ပြုလုပ်ထားပြီးလျှင် ရှည်လျားလှလေရာ ၎င်း ထိုင်ရာ ရထားလုံးအပေါ်ထက်မှ အောက်တွင် မနေးနား ပြေးလွှားနေသော ပြိုင်မြင်းကြီး လေးကောင်အား မကြာ မကြာ တရှမ်းရှမ်းဖြင့် သတိပေးလျက် ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးကြီးသည် ရွှေမှုမြင်းလေးကောင်၏ လေး
တောက်ဘက်ချီးသွားနှုန်းဖြင့် ညင်သာစွာဖြင့် သွားလျက်
ရှိမြေရာ အတွင်းဝန်ကလေး မောင်ဘပုအား သယ်ဆောင်
သော လန်ချားသည် ရထားလုံးနှင့် ဆူးလေဘုရား အဝိုင်းကြီး
၌ တွေ့ဆုံကြလေရာ လန်ချားကုလားသည် ရထားလုံးကြီး
ဖြတ်သွားအောင် လန်ချားကို ရပ်တန့်ထားလေ၏။

ရထားလုံးကြီးသည် တည်ငြိမ်စွာ မှန်မှန်သွားပြီး ဆူးလေ
ဘုရားအဝိုင်းကြီးကို ကွေ့လိုက်သည်။

လန်ချား ကုလား အနီးသို့ရောက်လာသောအခါ ရထား
လုံးကြီးမှ ခေါင်းလောင်းသံကို ကြားရသဖြင့် ရထားထိန်း
ကုလားကြီးမှာ မြင်းဇက်ကြိုးကို ပတ်လိုက်ပြီး မြင်းများကို
ရပ်လိုက်လေရာ ရထားလုံးကြီးသည်မှာ ရန့် တန့် သွား လေ
သည်။

ရထားလုံးကြီး ရပ်တန့်သွားလေလျှင် ရထား လုံး ၏
ပြတင်းပေါက်တံခါးသည် ပွင့်လာ၍ လှပချောမွေ့သော
မိန်းမပျို တစ်ယောက်၏ ခေါင်းသည် ထွက်ပေါ်လာပြီး....

'ကိုကိုပု....ကိုကိုပု....' ဟူ၍ ခေါ်လိုက်လေသည်။

ရထားလုံးကြီးကို သတိမထားဘဲ လန်ချားပေါ်၌ ရန်ကုန်
ဂေဇက်တီးယားနှင့် မှိန်းနေသော အတွင်းဝန်ကလေး မောင်
ဘပုသည် ရုတ်တရက် အသံလာရာဆီသို့ ခေါင်းထောင်ကြည့်
လိုက်ပြီးလျှင် ရှောင်းမျက်မှန်ကို ဂိုက်ပါပါဖြုတ်လိုက်၍ ရထား
လုံးပေါ်သို့ ကြည့်လိုက်လေ၏။



'ဟယ်....ရှိစိခင်တို့ အသိုက်ပါလား၊ ဝှ.... ယား.... ယူကိုး
ဒီးယား' ဟူ၍ နုတ်ဆက်လိုက်လေ၏။

ထိုခေတ်ကအင်္ဂလိပ်အသုံးများကြသဖြင့် အထက်လွှာဟု ခေါ်
ဆိုအပ်သော လူတို့၌ အင်္ဂလိပ်မှုတ်မှ လူရာသွင်းကြသဖြင့် အတွင်း
ဝန်ကလေးသည် အင်္ဂလိပ်မှုတ်လိုက်လေသည်။ ရထားလုံးပေါ်မှ
လှပသော မိန်းမပျိုလေးသည် အတွင်းဝန်ကလေး မောင်ဘပု
အား စူးစူးဝါးဝါး ကြည့်ကာ....

'ခင်တို့ အိမ်ကြီးဈေးဘက် ဈေးဝယ်သွားမလို့၊ ကိုကိုပု
ကော' ဟု မေးမြန်းလိုက်လေ၏၊

'ကိုကိုပု မီနာမီ ဘက် ရက်(စ်) (REST) သွားလုပ်
မလို့' ဟူ၍ ပြောဆိုလိုက်ရာ ရထားလုံးပေါ်မှ မိန်းမပျိုလေး
သည် ရုတ်တရက် ဇောင့်ခနဲ ပြတင်းပေါက်နားမှ နေ၍ ခုံပေါ်
သို့ ထိုင်ချလိုက်၍....

'ဟွန်း....ကိုကိုပုနော်၊ တော်တော်ကဲ၊ မီနာမီက ပြန်လာ
ရင် ခင်တို့အိမ်ဘက် လာမလည်နဲ့၊ ဒါပဲ....ဟွန်း.... ကဲ....
ပတ်ကရား....မောင်းပါ' ဟူ၍ အတွင်းဝန်ကလေး မောင်ဘပု
ဘက်သို့ မျက်စောင်းထိုးလိုက်၍ ရှေ့တည့်တည့်သို့ မျက်နှာမူ
လိုက်လေ၏။

အတွင်းဝန်ကလေး မောင်ဘပုသည် ရုပ်ရှင် မင်းသား
ဆင်မောင်ရင်၏ လေပေးမျိုးဖြင့်....

'တစ်ခါတလေပဲ ရှိစိရာ' ဟူ၍ ပြန်လှန်ပြောဆိုလိုက်ပြီးလျှင်
ရထားလုံးပေါ်မှ ချစ်စရာကောင်းစွာသောမိန်းမပျိုလေးအား
ငေးမော ကြည့်ရှုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးပေါ်မှ စူပရာကုလားကြီးသည် သူ၏ပေါင်းထု ကို တည့်လိုက်ပြီးလျှင် ကျာပွတ်ကြိုးကို လေထဲ၌ ဝင့်လိုက်ရ ရာ မြင်းလေးကောင်သည် ပတာပ်ပြုလျက် ရထားလုံးကြီး ဆွဲခေါ်သွားလေ၏။

ရထားလုံးကြီး သွားလေလျှင် လန်ချား ကုလားသ 'အချိ....ဘုရား....အချိ....ဘုရား'ဟူ၍ အော်ပြီး လန်ချား မ၍ ခပ်သွက်သွက် သွားလေ၏။

လန်ချားကုလားသည် မဂိုလမ်းထိပ်သို့ ရောက်လျှင် လမ် ဘေး ပလက်ဖောင်းဘေးသို့ ကပ်၍ လန်ချားကိုဆွဲပြီး စူရ ဘဇားဟုခေါ်သော သိမ်ကြီးဈေးကြီးအနီးကွင်ရှိသော တို ကြီး တစ်တိုက်ရှေ့တွင် ရပ်လိုက်သည်။ ထိုတိုက်ကြီးမှာ သိ ကြီးဈေးအနီးရှိ ဟိန္ဒူကုလားဘုရားကျောင်းနှင့် မနီးမဝေး လေးထပ်တိုက်ကြီးပင် ဖြစ်ပေ၏။

'အချာ....ဟိုးလို....မိနာမိ'ဟူ၍ ကလယ် ကုလားသံဖြ လန်ချားကုလားသည် ပြောလိုက်ပြီး လန်ချားပေါ်မှ အတွ ဝန့်ကလေး မောင်ဘပုသည် ၎င်း၏ အယ်လ်ပတ်ကားတိုက် အင်္ကျီအသွင်းအိတ်မှ ဂျာမနီလုပ် ၁၁၁းရေအိတ် လှလှလေး ဆွဲယူလိုက်ရာ ဂျော့ဘုရင်ပုံပါသော ဒင်္ဂါးတစ်ကျပ်တ ဒင်္ဂါးပြားတစ်ပြားကိုထုတ်ပေးလိုက်သည်။ ထိုစဉ်က ရှိုင်ရယ ရှူးပီး ဒင်္ဂါးများသုံးသော ကာလဖြစ်ပေသောကြောင့် ထိုဒင်္ဂါ ပြားသည် ရူပီတစ်ကျပ် တန်ဖိုးရှိသည်။

လန်ချားကုလားသည် ဆလံ သုံးကြိမ်မျှ ပေးလိုက်ပြီးလျှ လန်ချားကို ယူ၍ ထွက်သွားသည်။



ဝန်ကလေးမောင်ဘပုသည် တိုက်၏ ဆင်ဝင်တံခါးကို တွန်းဝင်သွားလိုက်လျှင် ဝန်ကလေး၏ တစ်ဖက်၌ ခါးသေး၍ လှန်စွာ စွင့်ကားသော၊ ဝန်းဝိုင်းသော၊ အောက်ပိုင်းသား ရှိသော အသက် သုံးဆယ်ခန့်မျှ မိန်းမပျိုဟု ယူဆရသော မိန်းမတစ်ဦးသည် ရေမွှေးဆွတ်ဖျန်းထားသော ယပ်တောင် ဖြင့် ဝန်ကလေး၏ မျက်နှာနှင့် အပေါ်ပိုင်းကို ခတ်ပေးရင်း....

'ဝန်မင်း....အထဲကို ကြွပါရှင်၊ လိုရာကို သုံးဆောင်နိုင် အောင်'

ဝန်ကလေးသည် ၎င်း၏အပေါ်အင်္ကျီကိုချွတ်၍ အောက ပိုင်းသား ပြည့်ဖြိုးပြည့်စုံသော အမျိုးသမီးအား ပေးလိုက်ပြီး လျှင် အခန်းထဲသို့ မျက်စိကစားကြည့်လိုက်မိပေ၏။

ဝန်ကလေးသည် မျက်မှောင်ကြုတ်လျက်သား ဖြစ်သွားရ လေ၏။ 'အမြင်မတော် ဆင်တော်နှင့်ခလောက်'ဆိုဘိသကဲ့သို့ အတွင်းဝန်သို့သော လူကြီးလူကောင်းများသာလျှင် အပန်းဖြေ တတ်နိုင်သော ဤဂေဟာ၌ ခေါင်းတုံးဆံတောက်နှင့် လုံပုံ ခပ်ကွက်၊ အပေါ်အဖြူ၊ အောက်နံ့ငယ်တိုအဖြူကို ဝတ်ဆင် ထားသော လူတစ်ယောက်သည် အလယ်ကျောက်စားပွဲဝိုင်း အလယ်၌ တင်ပျဉ်ခွေထိုင်လျက်ရှိပြီးလျှင် လှန်စွာ ဟောင်း နွမ်း ပေရေနေသော ရှမ်းလွယ်အိတ်တစ်လုံးကိုလွယ်ကာ အိတ် ထဲမှ လှန်စွာ များပြားသော ဒင်္ဂါးများကိုထုတ်၍ ၎င်းအနီး အပါး၌ ရပ်၍နေကြကုန်သော အပေါ်ပိုင်းကောင်းမွန်လှပ၍ အောက်ပိုင်းသားများပြည့်စုံသော အမျိုးသမီးတစ်သိုက်အား ဒင်္ဂါးများပေးဝေနေသည်ကို တွေ့နေရသောကြောင့်ဖြစ်ပေ၏။

www.burmeseclassic.com



ထိုဂင်တိုတိုနှင့်လူအား မီနာမီမှ အလှမယ်ဟု ခေါ်ဆို အပ်သော သူတစ်သိုက်သည် တဝါးဝါးနှင့် တဟားဟား သဘောကျလျက် တသောသောညံလျက် ရှိကြပေ၏၊ ထိုသူ အပေါင်း၌ရှိကြသော ကိုယ်တွင်း အင်္ကျီပေါ် ပြည့်စုံကြသော ဂေဟာ့မယ် ခေါ်သူတို့သည် ဝန်ကလေး ဘပုအား ဂရုစိုက် ဟန် မပြုကြပေ၊ ယခင်ကအတိုင်းလျက် ဝန်ကလေးဘပုအား စိုင်းစိုင်းလည်လျက်ရှိ၍ လွန်စွာ ပီတိဖြစ်ဖွယ်ရှိလှသည့် အနား သူမှာကို ဤ မီနာမီ ဂေဟာသို့ ဝင်လိုက်လျှင်ပင် ထိတွေ့မိရခြင်း ဖြစ်ပေသည်။

ဝန်ကလေးဘပုသည် ပန်းမရှုံး ဖိနပ်ကို ခပ်ပြုံးပြုံး ဆောင့်၍ နင်းလိုက်ပြီးလျှင် အတွင်းဘက်သို့မဝင်ခင် ကျောက် စားပွဲဝိုင်းအလယ်၌ ငုတ်တုတ်ထိုင်လျက်ရှိသော ဂင်တိုတိုနှင့် လူအား စိုက်ကြည့်ကာ....

'ခင်ဗျား ဘယ်ကလဲ' ဟူ၍ ဝေါက်ဆတ်ဆတ် မေးလိုက် ရာ ဂင်တိုတိုနှင့်လူသည် ဝန်ကလေးဘပုအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးလျှင်....

'ကျုပ် ဘုန်းကြီးကျောင်းက' ဟူ၍ ဖြေလိုက်သည်။

ဝန်ကလေးဘပုသည် လက်မကိုညှပ်၍ လက်သီးဆုပ်လိုက်ပြီး လျှင် ထိုသူအနားသို့တိုးသွား၍....

'ခင်ဗျားနာမည် ဘယ်သူလဲ၊ ဒီမှာ ဘုန်းကြီးကျောင်းသား တွေ မဝင်ရဘူး၊ ဒါ အရာရှိကြီးတွေ အပန်းဖြေဖို့ ဖွင့်ထား တာ'



ထို ဂင်တိုတိုနှင့်သူသည် နံငယ်ဖြူစကို ပြန်ပြင် ဝတ်လိုက် ပြီးလျှင်....

'ဟဲ....ဟဲ....ဟဲ၊ ဝန်ကလေးက မသိဘဲကိုးဗျ၊ ကျုပ် ဘကျမ်းလေ၊ ဟဲ....ဟဲ၊ ပုဏ္ဏားဆောင် ဘကျမ်း'

ဝန်ကလေးသည် ထိုသူကို မကျေမနပ်နှင့် ကြည့်လိုက်ပြီး လျှင်....

'ဘာလဲဗျ ဘာလဲ၊ ပုဏ္ဏားဆောင်ဘကျမ်းဆိုတာ' ဟု ထပ်တွန့်လိုက်လေရာ....

'ဟဲ...ဟဲ၊ ဝန်ကလေးက ရန်ကုန်းဂဇက်တီးယားပဲ ကြည့် ပါကိုးဗျာ၊ ပုဏ္ဏားဆောင်ဘကျမ်းဆိုတာ ပုဏ္ဏားတွေ ဆောင် ထားတဲ့ ကျမ်းကို ကျေညက်လို့ ပုဏ္ဏားဆောင်ဘကျမ်းလို့ခေါ် တာပေါ့....

ကျမ်းကတ်ကိုးသွယ်၊ ပုဏ္ဏားလွယ်သည့်၊
ကျမ်းကိုး၊ ကျမ်းကင်း၊ ပုဏ္ဏားတွင်းသို့၊
အကြွင်းမှတ်ဖွယ်၊ သင်းကျစ်လှယ်သည်၊
ပုဏ္ဏားဆောင်သို့၊ ပုဏ္ဏားဆောင်....သို့....

ဆိုတာ ရှေးခေတ်သမ္မာဒိဋ္ဌိပတိုင်း မဟာမျိုးမှာ ပုဏ္ဏားရိုး တိုးယောက်၊ ထွက်ပေါက်တို့'

'ဟေ့လူ တော်တော့ ဒန်ပလယ်ရီ ဖူးလ်'

ဝန်ကလေးမောင်ဘပုသည် ပုဏ္ဏားဆောင်ဘကျမ်း ပြောပြ သည်ကို လွန်စွာ စိတ်တိုစွာဖြင့် ဝေါက်ပစ်လိုက်ပြီးလျှင် လက်သီးဖြင့်ထိုးတော့မည့်ကဲ့သို့ ရှေ့သို့တိုးလာလေ၏၊ ပုဏ္ဏား ဆောင် ဘကျမ်းသည် နံငယ်ကိုတိုတို ခပ်တင်းတင်း ပြင်ဝတ်

www.burmeseclassic.com

လိုက်ပေ၏။ ဝန်ကလေးမောင်ဘပုသည် ပုဏ္ဏားဆောင်ဘဂျမ်း
အား လက်သီးဖြင့်ထိုးရန် ရွယ်လိုက်ပေ၏။ ထိုရွယ်လိုက်သော
လက်သီးကိုကြည့်၍ ပုဏ္ဏားဆောင်ဘဂျမ်း ဟက်ဟက်ပက်ပက်
ရယ်မောလိုက်လေသည်။

ဝန်ကလေးမောင်ဘပု၏ လက်သီးအရွယ်ပမာဏမှာ မာလ
ကာသီး ခပ်နုနုလက်သီးအရွယ်ပမာဏမျှလောက်သာ ရှိသော
ကြောင့်ဖြစ်ပေ၏။ ပုဏ္ဏားမဆောင်ဘဂျမ်း၏ ဟက်ဟက်ပက်ပက်
ရယ်မောမှုကြောင့် ဝန်ကလေး မောင်ဘပုသည် အူကြောင်
ကြောင်ဖြစ်သွားလျက် ရွယ်သောလက်သီးကိုပြန်ချလိုက်ကာ...
'ဘာလဲ....ကိုယ့်လူ၊ မင်းမျက်ခွက် စုတ်သွားမယ်' ဟူ၍
ပြောလိုက်သည်။

ပုဏ္ဏားဆောင်ဘဂျမ်းသည် ရယ်ရှိန်မပြတ်လှသေးဘဲ သူ၏
ဆုပ်ထားသော ညာလက်သီးကို ထောင်၍ပြလိုက်သည်။
ဝန်ကလေးမောင်ဘပုသည် နောက်သို့ ခြေတစ်လှမ်းဆုတ်
လိုက်သည်။ အကြောင်းမှာ ပုဏ္ဏားဆောင် ဘဂျမ်း၏ လက်သီး
ဆုပ် ပမာဏမှာ ထန်းသီးလုံးလောက် ပမာဏ ရှိခြင်းကြောင့်
ဖြစ်ပေ၏။ ယို့ပြင် လက်သီးထိပ်၌ကွမ်းသီးလုံးခန့်အသားမာဖု
တက်နေသော အသားမာအလုံး နှစ်လုံးသည် မည်းညိုချိပ်၍
နေသောကြောင့် ဖြစ်ပေသည်။
'ကျုပ်က ထန်းတောရွာက မြန်မာလက်ဝှေ့သမားစစ်စစ်
ဗျာ ဝန်ကလေးရဲ့၊ ပုဏ္ဏားဆောင်ကျမ်းထဲမှာပါတဲ့ လက်ဝှေ့
အဘတ်ကို နှစ်ပေါင်း နှစ်ဆယ်ကျော် ကျင့်ခဲ့တာ ဟဲ ဟဲ'



ပုဏ္ဏားဆောင် ဘဂျမ်းသည် ပြောပြောဆိုဆိုပင် အနီးရှိ
ကျောက်စားပွဲခုံပေါ်သို့ ညာလက်သီးကို ဆတ်၍တင်လိုက်ရာ
ကျောက်စာပွဲပေါ်၌တင်ထားသော ဆေးလိပ်ပြာခွက်မှာ ကွဲ
သွားတော့သည်။

အနီးအနားရှိ ရပ်လျ ရှိကြသော ပျိုမေတစ်အုပ်မှာ လန့်
ထိတ်သွားကြပြီးလျှင် နုနယ်သောမိန်းမသားများပီပီ အမေ့...
ဟူ၍ အော်ကြလေသည်။ အသားဖြူဖြူ ဂိုက်ဆိုက်ကောင်း
သော ပျိုမေတစ်ဦးသည် ပုဏ္ဏားဆောင်ဘဂျမ်း၏လက်မောင်း
ရင်းကို ယောင်ယမ်းလျက်ဆွဲကာ ရင်ခွင်၌ အပ်ထားလိုက်၏။
ထိုအခိုက် ဂေဟာ၏ အုပ်ချုပ်ရသော အမျိုးသမီးကြီးသည်
မီနာမီ၏ အတွင်းခန်းမှ ထွက်လာလေသည်။ အမျိုးသမီးကြီး
သည် ဖြစ်ပျက်သော အခြင်းအရာတို့ကို လွန်စွာ အားနာသည့်
ဟန်ဖြင့် ကိုယ်ကို ကိုင်းညွတ်ကာ အရိုအသေ ပေးလိုက်
ပြီးလျှင်.... ၂)

'လူကြီးလူကောင်းတွေ မှားကုန်တော့မှာပဲ'ဟူ၍ ပြောဆို
လိုက်လေ၏။ ထို့နောက် ဆေးလိပ်ပြာ အကွဲအစများကို
ကိုယ်တိုင်ကောက်ယူလိုက်ပြီးလျှင် စုပုံလိုက်လေ၏။ ဆေးလိပ်
ပြာခွက်မှာ ကျောက်သားထုဖြင့် ပြုလုပ်ထားသော ကျောက်
သားစစ်စစ်များ ဖြစ်ကြလေသည်။
'ဝန်ကလေးရှင့်...စိတ်မဆိုးပါနဲ့၊ သူက အတွင်းဝန်ကြီး
မစ္စတာဆစ်ခေါ်လာတဲ့ပုဂ္ဂိုလ်ကြီးပါ၊ ဝန်ကလေးနဲ့ မိတ်ဆက်
ပေးပါရစေ၊ သူက သူဌေးကလေးပါ'

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကလေး မောင်ဘပုသည် ပုဏ္ဏားဆောင် ဘဂျမ်းကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်လေ၏။ လေးထောင့်ကျကျ မျက်နှာ၊ ခပ်ပြူးပြူးမျက်လုံးနှင့် တုတ်ခဲသော ကိုယ်ပေါက်ကိုယ်ရောက်တွင် အပေါ်ဘက် ရှမ်းအင်္ကျီလိုလို၊ ကချင်အင်္ကျီလိုလို ဝတ်ဆင်ထားပြီးလျှင် ဒူးဆစ်သိအောင် လွန်စွာဘုံသော နိုင်ယံစကို စေတပါရီကုလားကဲ့သို့ ဝတ်ဆင်ထားသော ခွကျကျပုံကို နှာခေါင်းရှုံ့လိုက်လေ၏။

ပုဏ္ဏားဆောင် ဘဂျမ်းသည် သူ၏ လွန်စွာဟောင်းနွမ်းပေရေနေသော လွယ်အိတ်ဟောင်းကြီးထဲမှ လွန်စွာ များပြားလှသော ဇဂျာ့ဘုရင်ဦးခေါင်းပါသော ရာတန်စက္ကူ ဘစ်ပုံ တစ်ထပ်ကြီး လက်ဖြင့် ဆုပ်ယူလိုက်ပြီးလျှင် စုစုပေါင်း ရာတန် သုံးရွက်ကို ဂေဟာအုပ်ချုပ်ရေးမှူး အမျိုးသမီး လက်ထဲသို့ ဟန်ပါပါ ထည့်လိုက်ရင်း....

'ခင်ဗျားဟာ....အင်္ဂလိပ်ကျွန် ခံပြီး မျက်နှာဖြူကြီးတွေကို မျက်နှာလိုအားရ ယပ်ခတ်ပေးရ၊ ညွှန်ခံရတဲ့အလုပ်တွေကိုလုပ်နေရဘာကို ကျုပ် မနှစ်မြို့လှလာခဲ့တာ၊ ဒီလို မျက်နှာဖြူအားရ ကျွန်စားဝလုပ်ပြီး မြန်မာ မြန်မာချင်း ဂုဏ်မြောက်ချင်တတ်ကြတဲ့၊ မြန်မာ မြန်မာချင်း ချစ်ဖို့စိတ်ဝေးကြတဲ့ ဝန်ကလေး မောင်ဘပုတို့လို မြန်မာအရာရှိဆိုးဆိုးတွေကို ပြုစုနေရဘာဟာ သနားစရာ ကောင်းလှတယ်၊ ခင်ဗျား လိုသလောက် ကျုပ် ငွေ ပေးမယ်၊-ဒီအလုပ်က ထွက်ကြပါ'



မိန္နာမီမှ တုတ်တုတ်ခဲခဲ မျစ်မျစ်ဝဝ တစ်သိုက်သည့် ပုဏ္ဏားဆောင် ဘဂျမ်း၏အမိန့်ကို နာယူမည့်အလား ဦးခေါင်းများပြိုင်တူ ညိတ်လိုက်ကြသည်။

ဝန်ကလေး ဘပုသည် မွေးကိုင်းမျက်မှန်ကို ချွတ်လိုက်ပြီးလျှင် အပေါ်အင်္ကျီ၏ အပေါ်အိတ်ထဲသို့ ထည့်လိုက်ပေ၏၊ ထို့နောက် ၎င်း၏ အပေါ်အင်္ကျီ ဖြစ်သော အယ်(လ်)ပတ်ကားအင်္ကျီ၏ အတွင်းဘက် အိတ်ထဲသို့ လက်နှိုက်လိုက်ရာ နေ့လယ်ဘက်က ကုလားသူဌေးတစ်ယောက် လိုင်စင်ချပေးရန် လာဘ်ထိုးထားသော ဂျော့ဘုရင်ခေါင်းတံဆိပ်ပါ ရာတန်ငါးရွက်ကို စမ်းမိလေ၏။

ပုဏ္ဏားဆောင် ဘဂျမ်းသည် ရှမ်းလွယ်အိတ်ဟောင်းကြီးထဲ၌ ရာတန်အထပ်ကြီးများ ပြွတ်သိပ်ထည့်ထားသည်နှင့် နှိုင်းယှဉ်လျှင် ဝန်ကလေးသည် ဘုန်းကြီးကျောင်းသား ဘိုးသူတော် သာသာမျှလောက် ဟန်မကျဘဲ ဖြစ်သွားပေတော့ရာ၊ မျက်နှာကို ရှုံ့ဘုန့်လိုက်ပြီးလျှင် လွန်စွာ စိတ်ဆိုးသော အမူအရာဖြင့် ၎င်း၏ စိန့်ဘရားသားတိုက်မှ လက်ဆောင်ရခဲ့သော သားရေအိတ်ကြီးကို မ လိုက်၍ ပြန်ရန်လှည့်လိုက်ပေ၏။

ထိုစဉ် 'မိန္နာမီ'၏ မှန်တံခါးဝ၌ လွန်စွာလှပသော မိန်းမပျိုလေး တစ်ယောက်သည် ရပ်လျက် ရှိပေ၏။ 'ခါးသေးရင်ချီ၊ အမူကြီ၊ စုံညီချိုးမွမ်း၊ အံ့မခန်းသည်' သို့ ဟူသော စာလွန်နှင့်အညီအမျှ ရှိဟန်တူသော မိန်းမပျိုလေးသည် တည်ငြိမ်စွာ ရပ်လျက် ရှိသည်။ ဝန်ကလေး မောင်ဘပုသည် နှစ်သက်စွာ ရှုလိုက်မိပြီး ဆက်၍ ငေးမောနေလိုက်မိသည်။

www.burmeseclassic.com



ဝန်ကလေး မောင်ဘပု သာမက မီနာမီထဲရှိ လူအားလုံးသည်လည်း တံခါးပေါက်ဝ၌ ရပ်လျက်ရှိသော မိန်းမပျိုလေးအား ဝိုင်းဝန်းကြည့်ရှုကြပေ၏။ 'မီနာမီ' ထဲရှိ မိန်းမတစ်သိုက်သည် ထိုတံခါးဝမှ မိန်းမပျို၏ပုံသဏ္ဌာန် အလှအပကို အားကျဟန်ဖြင့် ကြည့်ရှုလိုက်ကြ၏။

ဝန်ကလေး မောင်ဘပုသည် ခပ်စောစောက သိမ်းဆည်းလိုက်သော ရှေကိုင်းမျက်မှန်လေးကို ဟန်ပါပါ ပြန်တပ်လိုက်ပေ၏။ ထို့နောက် သူ၏ဘန်ကောက်ပုဆိုးကို မ၍ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပေ၏၊ ပုဏ္ဏားဆောင်ဘဂျမ်းသည် ၎င်း၏ နံဘေးကို ခပ်တိုးတိုး ပြန်စည်းလိုက်ပြီးလျှင် ၎င်း၏ ညစ်ပေနေသော ရှမ်းလွယ်အိတ်၏ လွယ်ကြိုးကို ခေါက်တုပ်ချည်၍ ပခုံး၌ စလွယ်သာင်လိုက်ပေ၏၊

ထူးခြား၍ လှန်စွာလှပသော မိန်းမပျိုသည် ထူးခြားသော ဝတ်စားဆင်ယင်မှု တစ်ခုကိုလည်း ပြုထားပေ၏။ ရှေ့ချည်ထိုးအပေါ်ရုံအင်္ကျီသည် ပါးလွှလျှပ်လျှား၍ အထဲမှ ကလီစာများကို မြင်နိုင်သောက်စဖွယ်ပင် ဖြစ်၏။

သို့သော် အထဲမှ ပိတ်ဇာထူထူ ဝတ်ဆင်ထားခြင်းကြောင့် ဥစ္စေ့ကို တစ်ဖန် ပြန်လည်ဖြစ်စေပေ၏။ ထဘီမှာ ပိုးထဘီဖြစ်၍ ပန်းပြေးရောင်ကို နှစ်အိစွာ ဝတ်ဆင်ထားပေ၏၊ သို့သော် ထူးခြားလှသည့် အချက်တစ်ရပ်မှာ ခါးလယ်တည့်တည့်တွင် မန်းပွားတပ်လျှော်ကြိုးကို ကြက်ခြေခတ် ထင်းတင်းချည်နှောင်၍ အလယ်၌ ခြုံသဏ္ဌာန် အလုံးနှစ်လုံးသည် တွဲလောင်းကျနေခြင်းပင် ဖြစ်ပေသည်။



'ဝန်ကလေး ကိုဘပု၊ ပျော်တော်ပွဲ ဆင်းပြီးပြီလား' ခတ်ပြီ
အတွင်းဝန်ကလေးသည် ဘန်ကောက်လုံချည်ကို ဆွဲထား၍
သာ လက်ကို အောက်သို့ ချလိုက်သည်။ ခြေလှမ်းလည်း
သွားလေ၏။ ထို့ပြင် ၎င်းအမည်ကို ခေါ်ဆိုလျက် ၎င်း
ရသေးသော လှန်စွာလှပသည့် မိန်းမပျိုလေး၏ စကား
ည် ဝန်ကလေးအား လှန်စွာအံ့သြသွားစေခဲ့သည်။

ထို့နောက် ဝန်ကလေးသည် ထိုလှပသော သူစိမ်းတစ်ရံ
မပျိုလေးနားသို့ မိတ်ဆက်သမှုပြုရန် ခြေလှမ်းပြင်လိုက်ပေ
သို့သော်လည်း ခြေလှမ်းပြင်လျက်ရှိသော ဝန်ကလေး
င်ဘပု၏ ရင်ဝသို့ လှန်စွာ စူးနှစ်သော အရာတစ်ခုသည်
တရက် စူးဝင်လျက် ဝန်ကလေး မောင်ဘပုသည် ရှေ့သို့
ထိုးလဲကျပြီး မျက်ဖြူလန်လျက် ဆိတ်ငြိမ်သွားပေတော့၏။
စွာတိုတောင်းသောအချိန်ကာလသမယလေး၌လုံး ဝမျှော်
မထားသော အဖြစ်အပျက်တို့သည် ဖြစ်ပျက်၍ လာတော့
၊ တံခါးဝမှ မိန်းမပျိုသည် သူမ၏ရင်ဝ၌စည်းထားသော
နှစ်ခုကို လက်ဖြင့်ကိုင်လျက် ရပ်လျက်ရှိနေသည်။ ၎င်း၏
ာက်၌ နောက်ထပ် စူးချွန်သုံးချောင်းသည် ရောက်လျက်
၏။ ကြိုးစသည် သူမ၏ ညာဘက်တံတောင်ဆစ်၌ ရစ်ပတ်
ာ် ရှိ၏၊

မီနာမီထဲရှိ အမျိုးသမီးတစ်သိုက်သည် မြင့်တွေ့ရသော
င်းအရာအတွက် လှန်စွာတုန်လှုပ်လျက်ရှိပေ၏။ သို့သော်
ထိုလှပသော အမျိုးသမီးအား ထိတ်လန့်ခြင်းစွာ ရှိကြ

www.burmeseclassic.com

www.burmeseclassic.com



ကြိုင် ...တုတ်မျှလုပ်ရဲခြင်း မရှိပါချေ။ ပုဏ္ဏားဆောင်
ဝန်ကယည် ခြေကို ရှေ့သို့ တစ်လှမ်း တိုးလိုက်လေ၏။
သည်လင်္ဂင်း၏ တုတ်ခိုင်သော ညာခြေကို ရှေ့သို့ခင်း၍ လှုပ်ရှားရန်
အာဟန်ပြင်လိုက်သဖြင့် တံခါးဝမှ မိန်းမပျိုသည် မျက်လုံးက
ရွှေ့လျားသမှု ပြုလိုက်ပေ၏။ ထို့နောက် လွန်စွာတည်ငြိ
ဗ. လျက်ရှိသော လေသံဖြင့်....

'ပုဏ္ဏားဆောင် ဘဂျမ်း....ရှင့်ခြေလှမ်းတွေ ပြန်ရုပ်လိုက်ပ
လိုက်ကြောင်နက်ရှင်သူဇာရဲ့ အမိကရန်သူတော်စာရင်းဝင် မဖြစ်ချ
ပါနဲ့၊ ဝန်ကလေး မောင်ဘပုဟာ ငွေ၊ ရွှေထူး၊ အရှိန်အဝါ
ဗန်းပြပြီး အမျိုးကောင်းသမီးလေးတွေကို ဖျက်ဆီးလို့ဆုံးမခြ
ဝီစာရ ပြုလိုက်တာပါ၊ ရှင့်လမ်းရှင် သွားပါ၊ ဖိုးသူတော
ဝတ်ကျောင်းမင်းရေခင်းကြီး မပြချင်ပါဘူး၊ အသူရာချောက်
ပွဲထိန်းမကိုင်ချင်ပါနဲ့၊ လောကရဲ့ ချစ်ခြင်းအာသာအတွ
လူ့ခည်းမျဥ်းအာဏာကို ချိုးဖောက်ချင်ကြသူတွေ အတွ
ကြောင်နက်ရှင်သူဇာဆိုတာ ပေါ်ပေါက်နေပါတယ်၊ ဒီတော
ရှင့်နံငယ်ပိုင်းရှင်ဝတ်ပြီး ရှင့်ကျောင်းရှင်ပြန်၊ ရှင့်အိုးစည်ရှင်ရို
ဒါပါပဲ'

ဟူ၍ ပြောဆိုလိုက်လေရာ ပုဏ္ဏားဆောင် ဘဂျမ်းသ
လွန်စွာမြည်ဟည်းသော အသံနက်ကြီးဖြင့် ရယ်မောလိုက်
လျှင်...

'မိန္တာမ၊ လူသတ်ပြီး ဝိတ္တာရတွေခွဲနေဘယ်၊ ကြီးစည်းပြ
အမြီးတပ် ဇာတ်ကပြီးမှ ဇာတ်မသယ်နိုင် လှဲအိပ်ပြီးမှ မထ
တဲ့ ဇာတ်မျိုး ဆက်မကနိုင်အောင်....'



ဟူ၍ ပြောဆိုပြီးလျှင် ရှတ်တရက် လွှားခနဲခုန်ပြီး ရှေ့ခြေ
နှင့် နောက်ခြေနှစ်ချောင်းပူးပြီး လေထဲ၌ တစ်မတ်လျှိုခတ်နည်း
ဖြင့် လွန်စွာလှပသော မိန်းမပျိုအား အရှိန်ပြင်းစွာဖြင့် ခတ်ပြီး
လျှင် ရှေးမြန်မာ့လက်ဝှေ့တော်သားများ၏ လှော်တက်ခတ်
နည်းဖြင့် ဘယ်ညာအစုံ ခတ်လိုက်လေသည်၊

မိန်းမပျိုသည် ကြောင်လိမ်ခြေအစုံကို ပစ်ပြီးလျှင် ဦးခေါင်း
ကိုငုံ့လျက် လွန်စွာလှပစွာ ရှောင်တိမ်းလိုက်ပြီးနောက် ညာခြေ
ကို ရှေ့သို့တိုးပြီးလျှင် ဘယ်ခြေကို ခွက်ထိုးလှန်ခံ၍ တစ်ပတ်
ကျော့ပစ်ပြီး 'မိနာမိ အဆောက်အအုံထဲမှ တစ်ပတ်ကျော့
ကျွမ်းပစ်ထွက်၍ အဆောက်အအုံရှေ့၌ အသင့်စောင့်ကြိုလျက်
ရှိပုံရသော စတူရီဘေကာ ကားအဖြူရောင်ကြီးပေါ်သို့ လွှားခနဲ
ပြေးတက်လေ၏။ ထိုကားကြီးသည် လျင်လှသောအဟုန်ဖြင့်
မောင်းနှင်သွားလေတော့သည်။

ပုဏ္ဏားဆောင် ဘဂျမ်းသည် လွှားခနဲခုန်လျက် တရစပ်
ပြေးထွက်သော်လည်း မမီလိုက်တော့ပေ။ ကားအဖြူကြီး၏
ထဲမှ ထွက်ပေါ်ခဲ့သော မီးခိုးဖြူကြီးသည်သာလျှင် အမျှင်
တန်းလန်းကျန်ရစ်ခဲ့ပေတော့ရာ ပုဏ္ဏားဆောင် ဘဂျမ်းသည်
သူ၏ ခေါင်းတုံးဆံတောက်ကို လက်ဖြင့် ပွတ်လျက်သား ကျန်
ရစ်ခဲ့ပေသည်၊

ထိုအခါတွင်မှ 'မိနာမိ' ထဲမှ ဂီတ္ထိယတစ်သိုက်သည်
ဆူညံစွာ အော်ဟစ်ကြ၍ တက်သုတက်၊ မေ့သူမေ့ဖြင့် ငရဲပွက်
အကဲ့သို့ ပွက်လောရိုက်လျက် ရှိလေတော့သတည်း။

www.burmeseclassic.com

ဗ.

လို

( ၄ )

## စီ၊ အိုင်၊ ဒီမှ ညွှဲ့သည်ကြီး

စီအိုင်ဒီ အဆောက်အအုံကြီးထဲရှိ စုံထောက်မင်းကြီး၏ ရုံးခန်းသည် တိတ်ဆိတ်လျက် ရှိပေသည်။ မင်းကြီး၏ စားပွဲပေါ်၌ သတင်းစာများ စုပုံလျက်ရှိပေ၏။

ရန်ကုန်ဂေဇက်တီးယား အမည်ရှိ အင်္ဂလိပ်သတင်းစာပေါ်၌ မင်္ဂနီကြောင်းကြီးများသည် ခြစ်လျက်ရှိပြီး တစ်စုံတစ်ခုသော မှတ်ချက်ကို မကျေမနပ်ဖြင့် ထောက်ပြရာ ဒေါသဖြင့် ခြေမွှထားပုံရ၍ သတင်းစာသည် ကြေမွလျက် ရှိပေသည်။



စုံထောက်မင်းကြီး၏ရှေ့မှ မေဂျာဒါနန်းနှင့် ဦးဇင်ယော်သည် ထိုင်လျက်ရှိပြီးလျှင် ထိုနေရာနှင့် ခပ်လှမ်းလှမ်း၌ အရာရှိကြီးများသည် ငြိမ်သက်စွာ ထိုင်လျက်ရှိ၏။

တာဒမွှဂါက်မှ အိုင်ပီ ဦးအေးမောင်သည်လည်း ညှိုးငယ်စွာဖြင့် မင်တတ်ရပ်လျက် ရှိပြီး လက်နှင့်ဖက် နောက်မှစ်းလျှင် နဖူးကြောကြီးများသည် ထောင်လျက် ရှိနေပေသည်။

ညပိုင်း၌ မအိပ်ရဖန် များလာသဖြင့် မျက်လုံးနှစ်လုံးမှာ ဟောက်ပက် ဖြစ်နေသည်။ အင်းစိန် စီအိုင်ဒီမှ စုံထောက်ကျော်များသည်လည်း ခပ်ငေးငေးဖြစ်လျက် ရှိပေသည်။

စုံထောက်မင်းကြီး၏ စားပွဲပေါ်၌ ဖြုတ်နိ, ဘုရင်မထံမှ အချေလွှာ တောင်းခံလွှာ တစ်စောင်သည် လေတိုက်လိုက်လျှင် လွင့်လျက် ရှိ၏။ နောက်သုံးလအတွင်း၌ လက်သည်တရားခံ ဖော်ထုတ်၍ မပြီးစီးလျှင် ရန်ကုန် အင်စပက်တော်ဂျင်းနှင့် စုံထောက်မင်းကြီးတို့သည် မူလဘူတ ရပ်ဌာနီပြည်ဂင်္ဂလန်သို့ စွမ်းရည်နည်းပါးသော အရာရှိကြီးများအဖြစ်နှင့် လိပ်ပြန်ကြရမည် ဖြစ်ပေ၏။

စားပွဲပေါ်၌ စုံထောက်မင်းကြီးသည် သူ၏ ဖုံနံ့နံ့ ဗလင်းခိုး ဆံပင်ကို ဖွ၍ ခဏခဏ ကုတ်လျက်ရှိသည်။

သူ၏ ဖြူဖွေးသော မျက်နှာပေါ်တွင် ရှိသော မှဲ့ခြောက်လုံးလေးများသည် ပို၍ ညိုမည်းနေသယောင် ယူဆရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မေဂျာဒါနန်းသည် စုံထောက်မင်းကြီးနှင့် မျှော်တည့်တည့် ထိုင်၍ ဒူးကိုနှံလျက်ရှိသည်။ သူ၏စစ်ဖိနပ်ကြီးဖြင့် သမံတလင်း ကြမ်းပြင်ကို မကြာခဏ ဆောင့်လျက် ရှိပေသည်။

ထို့နောက် သူ၏ ညာလက်ဘေး၌ ချိတ်ဆွဲထားသော လေးဆယ့်ငါးဘို ပစ္စတိုသေနတ်ကြီးကို မကြာခဏ စမ်းလျက် ရှိသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် သူ၏ မက်မော့စတား ဆေးတံကို နှုတ်ခမ်းဖြင့် အသာအယာ ညှပ်ကိုင်လျက် ဆေးတံအိုးမှ မီးခိုးလုံးများကို ဖြည်းညင်းစွာ မှုတ်ထုတ်လျက် ရှိပေသည်။

ဦးဇင်ယော်သည် သံတော်ဆင့် သတင်းစာကို စားပွဲပေါ်မှ ဆွဲယူ၍ ကြည့်ရှုလိုက်လေရာ အောက်ပါခေါင်းစဉ်ကို ဖတ်ရှုလိုက်ရပေသည်။

ကြောင်နက်ရှင် သူဇာ၏ ရမ်းကားမှု

ယခုတလော ရန်ကုန်မြို့တော်၏နယ်နိမိတ်အတွင်း၌ ကြောင်နက်ရှင်သူဇာ ဟူ၍ ခေါ်ဆိုသော လှပသော မိန်းမပျို ဦးဆောင်သော လျှို့ဝှက်ဂိုဏ်းတစ်ဂိုဏ်းသည် လွန်စွာ ရဲတင်းလှပြီးလျှင် ရက်စက်စွာဖြင့် လူသတ်မှုများကို ကျူးလွန်လျက်ရှိလေသည်။

ထိုကြောင်နက်ရှင်သူဇာဂိုဏ်းသည် ဝတ်လုံတော်ရကြီး ဦးဘမောင်နှင့် အတွင်းဝန်ကလေး မောင်ဘပု တို့ သတ်ဖြတ်မှုအပြင် အလားတူ မှုခင်း များကို ကျူးလွန်လျက်ရှိပေရာ ရန်ကုန်မြို့တော်မှာ ကြောင်

www.burmeseclassic.com



နက်ရှင် သူဇာကြောင့် ညအခါတွင်ပင် ခြောက်သွေ့လျက် ရှိပေ၏။

ထိုကြောင်နက်ရှင် သူဇာသည် စတူရီဘေကာ ကားအဖြူကြီးကို စီး၍ ရန်ကုန်မြို့တော်၏ စုံထောက်အိုင်ဂျီနှင့် ဆားပုလင်းများကို ဖောက်ပြိုင်၍ ခပ်တည်တည် ရာဇဝတ်မှုခင်း ကျူးလွန်လျက်ရှိရာ ယခုအခါတွင် စုံထောက်မင်းကြီးကိုယ်တိုင်နှင့် မြန်မာလူမျိုးစုံထောက်ကြီးဦးဇင်ယော်တို့ကိုယ်တိုင် ထောက်လှမ်းလျက်ရှိကြောင်းကို ကျွန်ုပ်တို့ သတင်းထောက်ထံမှ သတင်းရရှိခဲ့ပေကြောင်း။

'မင်းကြီး၊ ဒီကိစ္စဟာ အတော်လေးခက်တဲ့ ကိစ္စ ဖြစ်နေပါတယ်၊ ကျူးလွန်သူဟာ လှပနုနယ်တဲ့ မိန်းကလေးတစ်ဦး ဖြစ်နေတဲ့အပြင် ဒီမိန်းကလေးရဲ့ ကျူးလွန်တတ်တဲ့ ရာဇဝတ်မှုခင်းဆိုင်ရာ လုပ်ငန်းဟာလဲ လျှို့ဝှက်တဲ့ ပညာရပ်တွေနဲ့ ကျူးလွန်တဲ့ သဘော ပါနေပါတယ်။

ရာဇဝတ်မှုခင်းဆိုင်ရာ ဗျူဟာအတွက် ကြောင်နက်ရှင် သူဇာရဲ့ပညာဆိုင်းကို လိုက်မီဖို့လိုပါတယ်၊ စုံစမ်းထောက်လှမ်းရုံနဲ့ မရပါဘူး၊ ဒီကြောင်နက်ရှင် သူဇာရဲ့ လျှို့ဝှက်ပရိယာယ်တို့ လုံးဝ ကျွမ်းကျင်ပြီး သိုးဖောက် ဝင်ရောက်နိုင်မယ့်သူ ရှင် ပိုနေပါတယ်၊ ဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့ အလွန်ဆင့်လျော်တဲ့ လူသူတော်သျှောင်တစောင်းကို ဖိတ်ကြားပြီးလျှင် အကြံဉာဏ်ရယူဖို့နဲ့ ဗျာဒိန်လွဲအပ်ဖို့အတွက်လူသူတော်သျှောင်တစောင်းကိုပါ ဖိတ်ခေါ်သင့်တယ်လို့ ယူဆပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အတတ်ပညာနဲ့ ရဲစွမ်းရည် သတ္တိအတွက် ဆာ-ဘွဲ့ထား တဲ့ သျှောင်တစောင်းထုံးထားတဲ့ ပုဂ္ဂိုလ်ကို ပြောတာလာ မစ္စတာ ဇင်ယော်'

ဦးဇင်ယော်သည်ဦးခေါင်းညိတ်လိုက်၏။ စုံထောက်မင်းကြီး သည် ဦးဇင်ယော်အား လွန်စွာ လေးလံဘိုင်းမှိုင်းသည့် အ အရာဖြင့် ကြည့်သိုပြီးလျှင်....

'သူ့ကို ဘယ်မှာတွေ့နိုင်မလဲ မစ္စတာဇင်ယော်'

ဟူ၍ မေးလိုက်လေသည်။

'သူ့ကို ကျွန်တော်တို့ ရှာရပါလိမ့်မယ် မဥ္ဂတာသတီးဝင် သျှောင်တစောင်းဟာ သူ့ဖတောထဲကနေပြီး သူ့အိမ်မှ ပြန်နေတယ်လို့ကြော့သတင်းရထားပါတယ်. ဒါပေမယ့် သူဟာ မြန်မာပြည်မှာ သွားလိုတဲ့နေရာကို ချက်ချင်းထသွားနိုင်လှရို ပုဂ္ဂိုလ်ကြီးဖြစ်လို့ သူ့ကိုတွေ့ဆုံဖို့ကော့ ကြိုးစားရပါလိမ့်မယ်'

ထိုအခိုက်တွင် စုံထောက်မင်းကြီး၏ စားပွဲပေါ်ရှိ တ လွှာ ကောင်းထားသောစာရွက်ပေါ်သို့ ဖက်စုံတစ်ခုသည် လာ ရောက်၍ စိုက်ဝင်လျက်ရှိပေသည်။ ထိုအရာသည် ဝှီ-ခနဲ မြ ပြီးလျှင် ဝှစ်ခနဲစူးဝင်လိုက်ခြင်းကြောင့် လွန်စွာ မြန်ဆ ပြင်းထန်လှသည့်အရှိန်ဖြစ်လေသည်။ စုံထောက်မင်းကြီးသည် လက်ကို နောက်သို့ပစ်လိုက်ပြီး ထိတ်လန့်၍လည်း သွားလေ သည်။ စားပွဲပေါ်တွင်လွန်စွာ...သော ဒေါင်းမြီးလေးသည် ထောင်လျက်ရှိပြီးလျှင် ဒေါင်းမြီးလေးမှ မြားတံချွန်ချွန်လေး သည် စာရွက်၏နှုတ်ခမ်းထိပ်တည့်တည့်တွင်စူးလျက်ရှိပေသည်



မြားတံမှာ ငွေရောင်ဖြစ်ပြီးလျှင် ဒေါင်းမြီးသည်လည်း လွန်စွာရှားပါးလှသည့် ဥဒေါင်း၏အမြီး ဖြစ်လေသည်။

စုံထောက်မင်းကြီးနှင့် ရန်ကုန် အရေးပိုင်ကြီးတို့၏ ဆူပူ ကြိမ်းမောင်းခြင်းကို လွန်စွာခံထားရပုံရသော ကာမြော်တ်မှ အိုင်ပီဦးအေးမောင်၏ ညစ်ညိုးပုပ်သိုးလျက်ရှိသော မျက်နှာ သည် ရုတ်တရက် ကြည်လင်၍လာပေပြီးလျှင် ရင်ဘတ်သည် လည်း ကော့လာသည်ဟု ထင်မှတ်ရလေသည်။

မေဂျာ ဒါနန်းသည် ယော့ရှိုင်းယားနယ်မှ သနတ်ပေ အင်္ဂလိပ်အနွယ်ဖြစ်ဦ ဖြစ်လျက် ရှိသည်မှာ လွန်စွာထင်ရှားလှ သည် ဖြစ်ပေရာ၊ ၎င်း၏ လွန်စွာလေးလံ၍ ပြင်းခက်လှသော လေးဆယ့်ငါးဘိုပစ္စတိုသေနတ်သည်လည်း ၎င်း၏လက်တွင်း၌ ရောက်ရှိနေပေသည်။

အင်းစိန် စီ၊ အိုင်၊ ဒီမှ စုံထောက်ကြီးများသည် ၎င်းတို့၏ ကိုယ်တွင်း၌ အသင့် ဆောင်ထားကြသော လက်နက်များကို ထုတ်ယူလိုက်ကြပေ၏။ ဆောင်းဆောင်း ကိုကြီးမာမည်ဝေ စီ၊အိုင်၊ဒီ အင်စပက်တာနှင့် ဆားပုလင်းဘခမောင် တို့သည် ရုံးခန်းအတွင်းမှ အပြင်ဘက်သို့ထွက်လျက် မြားလာရာ လမ်း ဘက်တစ်ခိုက်သို့ ထွက်ရှာကြလေသည်။ ဂိတ်ဝ အပြင်ဘက် ၌လည်း မေဂျာဒါနန်း၏ ဆာဂျင်အချို့သည် အေးငြိမ်စွာ စောင့်လျက်ရှိပေသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် ဆေးတံကိုမှိန်းလျက်ရှိပေ ၏။ စုံထောက်မင်းကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်လျက် စုံထောက်များကို အမိန့်ပေးလျက်ရှိပေ၏။ မြားဖြင့် ရုံးခန်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ပစ်နိုင်သော ကိစ္စရပ်မှာ သေးငယ်သော ကိစ္စရပ် မဟုတ်ကြောင်းဖြင့် လွန်စွာ ဆူပူလျက်ရှိပေသည်။

အိုးစီဦးအေးမောင်သည် ရှေ့သို့တိုးလျက် စုံထောက်မင်းကြီးအား အရိုအသေပြုလိုက်ပြီး....

'မင်းကြီး၊ ဆရာကြီး ဦးဇင်ယော်ပြောတဲ့ လူသူတော်သျှောင် တစ်ချောင်းဟာ ရောက်ဖို့နီးပါပြီ'

ဟူ၍ ပြောဆိုလိုက်ရာ မင်းကြီးသည် အဆူအပူငြိမ်သွားလေတော့၏။ မောင်းထောင်းကိုကြီးနှင့် ဆားပုလင်းတမောင်သည် ရုံးခန်းထဲသို့ ပြန်ရောက်လာကြပြီးလျှင်..

'မင်းကြီး၊ ဒီသည်လူစိမ်း တစ်ယောက်မျှမတွေ့ဘူး၊ ဒီရုံးထဲကို အပြင်က လှမ်းပစ်နိုင်အောင်လဲ မဖြစ်နိုင်ဘူး၊ ဝင်းကြီးက အတော်ကျယ်တာ၊ အချင်းချင်း နောက်ပြီး ပစ်လိုက်တာလဲ မဟုတ်ဘူး၊ ကျွန်တော်တို့ သေချာစုံစမ်းပြီးပြီ'

ဟူ၍ ပြောဆိုလိုက်ရာ စုံထောက်မင်းကြီး စင်းငယ်သည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းလိုက်လေ၏။ ထိုသို့ရှိနေစဉ် အခဏအတွင်း၌ တယ်လီဖုန်းခေါင်းလောင်း မြည်လာလေသည်။ စုံထောက်မင်းကြီးသည် ရင်းစားပွဲခုံအနီး သီးသန့် တင်ထားသော တယ်လီဖုန်းခုံပေါ်သို့ သွားရောက် နားထောင်လေသည်။

ထိုသို့နားထောင်လျက်ရှိစဉ် နောက်ထပ်မြားတစ်စင်းသည် စုံထောက်မင်းကြီးထိုင်လျက်ရှိသော လက်ရန်းရှည်ကြီးပါသည့် ခုံ၏ကျောဘက်သစ်သားတန်းပေါ်သို့ စိုက်လိုက်ပြန်လေသည်။



စုံထောက်မင်းကြီးသည်တယ်လီဖုန်းဆက်နေရာမှ ထိုင်ခုံနေရာသို့ လှမ်းကြည့်ပြီးလျှင် လွန်စွာ အံ့အား သင့်သွား ပြန်သည်။

ထို့နောက် စုံထောက်ကြီး ဦးဇင်ယော်ဘက်သို့ အားကိုးအားထားပြုသော မျက်နှာထားဖြင့် ကြည့်လိုက်လေသည်၊ အင်းစိန်မှ စီအိုင်ဒီများသည်လည်း ဦးနှောက်ခြောက်သွားကြလေသည်၊

စုံထောက်ကြီးဦးဇင်ယော်သည် ထိုင်ရာမှထပြီးလျှင် ကုလားထိုင် နောက်ရန်းတွင် စိုက်လျက်ရှိသော မြားတံလေးကိုနုတ်ယူလိုက်လေ၏။ လှပသော ခေါင်းမြီးလေးသည် ငွေရောင်ထလျက်ရှိသော မြားတံအား အုပ်မိုးထားလေသည်၊ ထိုမြားတံ၏ ထိပ်၌ စာရွက်ခေါက်လေးပါလာလေရာ စုံထောက်ကြီးဦးဇင်ယော်သည် ဆွဲယူလိုက်၍ ဖတ်ရှုလိုက်လေရာ....

'လူသူတော် သျှောင်တစ်ချောင်း' ဟူ၍ ဖြစ်ပေလေရာ၊ စုံထောက်ကြီးဦးဇင်ယော်သည် စုံထောက်မင်းကြီးအား ပြသလိုက်လေရာ စုံထောက်မင်းကြီးသည် သူ၏ နှုတ်ခမ်းမွေးရှည်ကြီးအား လက်ဖြင့်သပ်လိုက်ပြီးလျှင်....

'ဒိန်း ဂျား....ရပ်'ဟု ဆိုလိုက်ရာ စုံထောက်ကြီး ဦးဇင်ယော်သည် ပြုံးလိုက်ပေသည်။ ထို့နောက် ရုံးခန်းထဲရှိ အရာရှိကြီးများနှင့် စီအိုင်ဒီများသည် ဆိတ်ငြိမ်သွားလျက်ရှိကြပေသည်၊

(ဒိန်း...ဂျား...ရပ် ဆိုသည်မှာ အန္တရာယ်ပဲ....ဟူလို)

ထိုစဉ် စုံထောက်မင်းကြီး၏ ဆင်နားရွက် တံခါးသည် ရုတ်တရက် ပွင့်လျက်သွားလေသည်။ စုံထောက်မင်းကြီးအပေါ်

www.burmeseclassic.com

www.burmeseclassic.com



အဝင်ဘာရုရှိကြီး သုံးယောက်၊ စုံထောက်ကြီး ဦးဇင်ယော်နှင့် စီအိုင်ဒီမှ လက်ထောက်စုံထောက်ကြီးများသည် တံခါးဝသို့ လှည့်ကြည့်လိုက်ကြလေသည်။

တံခါးဝတွင် ရပ်နေသူမှာ အရပ်အမောင်း ကိုယ်ပေါက်ကိုယ်ရောက် ခန့်ထည်၍ လွန်စွာ နက်မှောင်လှသော ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်ဖြစ်လျက် ရှိသည်။

ထိုပုဂ္ဂိုလ်သည် အမေရိကန်ပြည်ကြီး၌ ကောင်းဘွိုင်ခေါ် နွားကျောင်းသားများ နွားကျောင်းရာတွင် ဝတ်ဆင်ကြသော နွားကျောင်းသား ဘက်စုံအနက်ကို ဝတ်ဆင်ထားလေသည်။

သူ၏မျက်နှာကိုအုပ်လျက် ဆောင်းထားသောဦးထုပ်ကြီးမှာ ငိုက်စိုက် ဆောင်းထားခြင်းကြောင့် ၎င်း၏မျက်နှာကိုမူ သဏ္ဌာန် ရုတ်တရက် မဖမ်းနိုင်ပေ။

ထို့ပြင် ထိုပုဂ္ဂိုလ်သည်လွန်စွာရှည်လျားလှသောဆံပင်လိပ်ကြီးကို ပါးစောင်ဘက် ခပ်တည်တည် ခွဲထားလျက်ရှိလေသည်။ သို့ရာတွင် ပါးပြင်တလျှောက်ခပ်ပါးပါး ပေါက်လျက်ရှိသောပါးမုန်းမွေး ခပ်စိမ်းစိမ်းနှင့် လေးထောင့်မကျတကျနှင့် ရှည်လျားခြင်း၊ သွယ်လျခြင်း မမည်သော မျက်နှာခင်ရေး ထင်ရသောနှုတ်ခမ်းမွေးသည် ထိုပုဂ္ဂိုလ်၏ ခန့်ညားခြင်း ချောမောလှပခြင်းတို့၏ သက်သေတစ်မျိုးပင် ဖြစ်လျက်ရှိလေသည်။



ထိုပုဂ္ဂိုလ်သည် အခန်းထဲသို့ တစ်လှမ်းချင်းဝင်လာလျက်ရှိသည်။ စုံထောက်မင်းကြီး၏ အခန်းမှာ အတော်အသင့်ကျယ်ဝန်းလှသော အခန်းဖြစ်ပေရာ ထိုပုဂ္ဂိုလ်သည် စုံထောက်ကြီးများထိုင်လျက်ရှိရာသို့ အတော်မျှလျှောက်လာရလေသည်။ ၎င်းပုဂ္ဂိုလ်၏ လျှောက်ခြင်းသည် လွန်စွာကြည့်၍ ကောင်းလှပြီး မင်း၊ မောင်း၊ ကနေ့ ဣနြေ္ဒရ၊ လက်လျားပြေညီလှသောဖြင့် စုံထောက်ကြီးများသည် မင်သက်မိလျက် မလှုပ်မယှက် ရှိကြလေသည်။

၎င်းပုဂ္ဂိုလ်သည် အနားသို့ ရောက်လာနှင့်ရှိသော အခါတွင် စုံထောက်တစ်ဦးသည် မင်းကြီးရှေ့သို့ ထိုင်ရော ကုလားထိုင်တစ်ခုကို ယူဆောင်လျက် အသင့် ချထားလေသည်။

ထိုပုဂ္ဂိုလ် အသင့်ချထားသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေရာ အနီးအပါးရှိ စုံထောက်ကြီးများသည် နွေးသွားသကဲ့သို့ ခံစားလိုက်ရပေသည်။ စုံထောက်ကြီး ဦးဇင်ယော်သည် ထိုပုဂ္ဂိုလ်အား လက်ကမ်းလိုက်ရာ ထိုပုဂ္ဂိုလ်သည် ညာလက်ကို လက်ဆန့်ပြီးလျှင် လက်ဆွဲနှုတ်ဆက်လိုက်ကြပေ၏။ စုံထောက်ကြီး ဦးဇင်ယော်သည် စုံထောက်မင်းကြီး တေးဘက်သို့ လှည့်ပြီးလျှင် အင်္ဂလိပ်ဘာသာဖြင့် တစ်စုံတစ်ရာကို ပြောဆိုလိုက်လေရာ၊ စုံထောက်မင်းကြီးသည် သူ၏ ထူထဲသော ညာဘက်မျက်ခုံးကို လွန်စွာ မြှင့်တင်လိုက်ပြီးနောက် လွန်စွာ အံ့အားသင့်ဟန်ဖြင့် လက်ကို ဆန့်ပေးလိုက်လေသည်။

ထို့နောက် အင်္ဂလိပ်ဘာသာဖြင့်....

'ဟောင်း ဒူး ယူ ဒူး....မစ္စတာ သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပဋိသန္ဓာရစကား ပြောဆိုလိုက်လေရာ နွားကျောင်းသား ပတ်စုံကို ပတ်ဆင်ထားသော ခန့်ညားလှပသော ထိုပုဂ္ဂိုလ်သည် ထူထဲ၍ ကောင်းငိုက်လျက်ရှိသော ဦးထုပ်၏ အရိပ် မိုးလျက် ရှိသော မျက်နှာကို ပြုံး၍ အင်္ဂလန်ပြည် ကင်းဘရစ်(ချ်)တက္ကသိုလ် အင်္ဂလိပ်ဘာသာဌာနမှ အဘွဲ့ရပြီး ထွက်လာသော အင်္ဂလိပ်စကားဖြင့် နှုတ်ခွန်းဆက်သလိုက်လေ၏။ အခန်းထဲရှိ အားလုံးသည် မှင်သက်မိပြီး အံ့အားသင့်နေကြဟန်ရှိလေ၏။

‘လူကြီးမင်းတို့....ကြောင်နက်ရှင် သူဇာကြောင့် အတော်လေး စိတ်ရှုပ်နေပုံရတယ် မှတ်တယ်’ ဟူ၍ အင်္ဂလန်ပြည်မှ စုံထောက်ကြီး ရှားလော့ဟုမ်း၏ လေယူလေသိမ်း အတိုင်း ပြောလိုက်လေရာ စုံထောက်မင်းကြီး စတီးဝပ်သည် သျှောင်တစောင်းအား လွန်စွာ လေးစားသွားဟန်ဖြင့် ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီးလျှင် ဗြိတိန်ဘုရင်မထံမှ ပေးပို့ထားသော ထုချေလွှာ စာရွက်ကလေးပေါ်သို့ လက်မသိမသာ ရောက်သွားလေ၏။

လူသူတော် သျှောင်တစောင်းသည် တည်ငြိမ် ခန့်ညားစွာ ပြုံးလိုက်ပြီးလျှင်....

‘ကိစ္စမရှိပါဘူး....မင်းကြီး၊ ကြောင်ဟာ ရေကို ကြောက်ပါတယ်၊ ကြောင်နက်ရှင်မဆိုတော့ ရေနက်နက် ကိုတော့ ကြောက်ပါလိမ့်မယ်၊ ကျော့ကွင်းနဲ့ ထောင်လို့ မရပါဘူး၊ ရေဖျန်းပြီး ရေနက်ရာကို ခေါ်လိုက်ရင် ရပါလိမ့်မယ်’ ဟူ၍ မြန်မာလို ပြောလိုက်ရာ စုံထောက်မင်းကြီးသည် မြန်မာစကား



ရှည်မွန်စွာ နားမလည်သဖြင့် အူကြောင်ကြောင်ဖြစ်လျက်ရှိရာ စုံထောက်ကြီး ဦးဇင်ယော်သည် အင်္ဂလိပ်ဘာသာသို့ ပြန်၍ ပြောပြလိုက်ရာ စုံထောက်မင်းကြီးသည် လွန်စွာ သဘောကျသော အန်ဖြင့် ရယ်မောလိုက်လေ၏။

စုံထောက်မင်းကြီး စတီးဝပ်သည် သျှောင်တစောင်းနှင့် တွေ့၍ စိတ်ချမ်းသာရသွားသည့်အလား၊ တစ်စုံတစ်ရာ ပြောဆိုခြင်း၊ ဝင်ရောက် ဆွေးနွေးခြင်း မပြုတော့ဘဲ ကြည်လင်သော မျက်နှာထားနှင့် ၎င်း၏ အင်္ဂလန်ပြည်လုပ် ဒန်းဟီးဆေးတံညိုကြီးကို ဆွဲယူလိုက်ကာ မီးညှိဖွာရှိုက်လိုက်ပြီးလျှင် ၎င်း၏ လက်ရန်းရှည် ကုလားထိုင်ကြီး၏ နောက်ကို မှီကာ မှိန်းလိုက်လေသည်။

ထိုစဉ် အင်းစိန် စီအိုင်ဒီဝင်းမှာ စီအိုင်ဒီသားများ၏ နှလုံးသည်းခြေကြိုက် နံ့ဒီယား ကာကာဆိုင်မှ ဆိုင်ရှင် ကိုယ်တိုင်ပင် [illegible]ရသည့် ပျစ်ပျစ်များကို လင်ပန်းထက်တွင် ထည့်ကာ သယ်ဆောင်လာလေ၏။ စုံထောက်ကြီး ဦးဇင်ယော်အတွက်ကား အင်္ဂလားနွားနို့ ကျုက်ကျုက်နှင့် ပေါင်မုန့်ဆီကြော် တစ်ချပ် ပါလာတော့သည်။

လူသူတော်သျှောင်တစောင်းသည် နောက်ထပ် တစ်စုံတစ်ရာကို ထပ်မံပြောဆိုခြင်း မပြုတော့ဘဲ လွန်စွာ ဆိတ်ငြိမ်စွာထိုင်လျက် ရှိပြီးလျှင် ကာကာကုလားနံ့ဒီယားသည် လက်ဖက်ရည် [illegible]များကို ချထားပြီးသည်နှင့် ရွတ်တရက် ထလိုက်ပြီးလျှင် ကုလားနံ့ဒီယားကို ဘယ်လက်ဖြင့် လက်ပြန်ရိုက်ပြီးလျှင် လည်

www.burmeseclassic.com

www.burmeseclassic.com



ပင်း၌ ချိတ်ဆွဲထားသော ဆွဲကြိုးကို ရုတ်တရက် ဆွဲယူလိုက်လေသည်။

သို့နောက် နံ့ဒီယားမေးစေ့ကို ခပ်ဆတ်ဆတ် ပင့်ထိုးလိုက်ရာ နံ့ဒီယားသည် သတိမေ့ လဲကျသွားလေ၏၊ လူသူတော် သျှောင်တစောင်း၏ လှုပ်ရှားမှုမှာ စက္ကန့် သုံးဆယ်မျှလောက် အတွင်း လွန်စွာမြန်ဆန်လှသော လှုပ်ရှားမှုဖြစ်လေရာ အားလုံးသည် ကြက်သေသေလျက် ရှိသည်။

သျှောင်တစောင်းသည် ကာကာကုလားနံ့ဒီယား၏မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးကို ဆွဲနုတ်ပြီးလျှင် ကာကာကုလား၏ အပေါ်အင်္ကျီကို ဆွဲဖြုတ်လိုက်လေရာ အားလုံးသည် အံ့သြကုန်ကြလေ၏။

ထိုအခြင်းအရာမှာ ကုလားနံ့ဒီယားအစား နုနယ်ပြည့်ဖြိုးသော မိန်းမပျိုတစ်ဦး ဖြစ်လျက်ရှိနေ၍ဖြစ်ပေသည်၊ လူသူတော်သျှောင်တစောင်းသည် မေ့လျက်ရှိသော နံ့ဒီယား အယောင်ဆောင်ထား ပခုံးနှစ်ဖက်မှ ကိုင်လျက် ဆွဲထူလိုက်ပြီးလျှင် ငယ်ထိပ်တည့်တည့်အား လက်ဝါးဖြင့် အုပ်ကိုင်လျက် ခေတ္တမျှကိုင်ပြီးလျှင် ထိုအမျိုးသမီးပျို၏မျက်နှာသို့ ရေဖြင့်တောက်လိုက်ရာ ထိုမိန်းမပျို၏မျက်လုံးသည် ပွင့်လျက်လာလေ၏။

ထိုမိန်းမပျိုသည် သတိ ပြန်လည် ဝင်လာရာ စုံထောက်မင်းကြီးနှင့် စုံထောက်ကြီး ဦးဇင်ယော် အပါအဝင် အားလုံးသည် လူသူတော် သျှောင်တစောင်း၏ လှုပ်ရှားမှု အားလုံးကို တစ်စုံတစ်ရာမျှ ဝင်ရောက်ပြောဆိုခြင်းမပြုဘဲ ဆိတ်ငြိမ်အံ့အားသင့်စွာ ကြည့်လျက် ရှိပေ၏။



လူသူတော်သျှောင်တစောင်း၏ရုပ်သွင်သည်နုနယ်ချောမွေ့ခြင်း လက္ခဏာမျိုး မရှိတော့ဘဲ အသက် လေးဆယ်ကျော်ခန့် ရင့်စွာ မိုက်တူးနက်လှသော ခက်ထန် ကြမ်းတမ်းလှသည့် လူကြမ်းတစ်ဦး၏ ရုပ်သွင်ကဲ့သို့ဖြစ်လျက်ရှိရာ သတ္တိ နည်းသူတို့အဖို့ လွန်စွာ ကြောက်ဖွယ်ရာ ရုပ်ဆင်းကို ဆောင်လျက်ရှိပေ၏။

သတိရလာသော အမျိုးသမီးပျိုသည် များစွာကြီးလှသည် မဟုတ်ဘဲ အသက်အရွယ်အားဖြင့် သုံးဆယ်ဝန်းကျင်သာသာ ရှမ်းလိုလို တရုတ်လိုလို အသားဝါ မျိုးနွယ်ထဲကပင် ဖြစ်ပေ၏၊ ထိုမိန်းမပျိုသည် မျက်စိပြူးကြောင်ကြောင်ရှိလျက် လက်အုပ်ချီ ပြီးလျှင် တောင်းပန်သမှု ပြုလေ၏။

'သူဇာကို မနှိပ်စက်ပါနဲ့ရှင်....သူဇာ ခိုင်းလို့ လုပ်ရတာပါ၊ သူဇာ ဘာမှ နားမလည်ပါဘူး'

လူသူတော်သျှောင်တစောင်းသည် လည်ပင်းမှဆွဲဖြုတ်လိုက်သော ဆွဲကြိုး၏ ကြုတ်ကို လှည့်၍ ဖွင့်လိုက်ပြီးလျှင် အထဲမှ ...ည်းကို လက်ထဲသို့ ခေါက်ချလိုက်လေသည်၊ ထိုအထဲမှ ...မနီ ငှက်ရုပ်သေးသေးလေးသည် သျှောင်တစောင်းလက် ...ထဲသို့ ရောက်လာလေသည်။ ထိုအရုပ်ကလေးကိုမြင်လျှင် အမျိုးသမီးသည် မျက်လုံးအထက်သို့ လန်ကျမတတ်ရှိပြီးလျှင် လက် ...များ တုန်လာပြီး လွန်စွာ ထိတ်လန့်လျက်....

'ကျွန်မ သေရပါလိမ့်မယ်ရှင်၊ အရုပ်ကလေးကို ပြန်ထည့် ...ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တုန်တုန်ယင်ယင်ပြောဆိုလေရာ လူသူတော်သျှောင်တစောင်းသည် ထိုအရုပ်ကလေးကို ၎င်း၏အိတ်ထဲသို့ ထည့်လိုက်ပြီးလျှင်....

'ဘယ်သူက ခိုင်းလိုက်သလဲ၊ ပြောစမ်း'

ဟူ၍ ငေါက်ငမ်းလေ၏၊ အမျိုးသမီးသည်တုန်ချည့်စွာဖြင့် မျက်ရည်ပေါက်များ ကျလာပြီးလျှင် မဝံ့မရဲ အမူအရာလေးဖြင့်....

'ကြောင်နက်ရှင် သူဇာပါ အစ် ကို ကြီး'

ဟူ၍ ပြောဆိုလိုက်ရာ လူသူတော်သျှောင်တစောင်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ စီအိုင်ဒီမှ လက်ကျော်ကြီးများသည်လူသူတော်သျှောင်တစောင်း၏လုပ်ဆောင်ချက်များကို မှင်သက်မိလျက်ရှိပေ၏၊ သျှောင်တစောင်းသည် ၎င်း၏ အတွင်းအိတ်ထဲသို့ နှိုက်လိုက်လေရာ ဒေါင်းမြီးမြားတံနှစ်ချောင်း ပါလာလေသည်။

ထိုမြားတံနှစ်ချောင်းကိုအမျိုးသမီး၏လက်ထဲသို့ ထည့်ပြီးလျှင် အမျိုးသမီး၏ ကိုယ်အောက်ပိုင်း၌ ဝတ်ဆင်ထားသော နံ့ဒီးယား ပုဆိုးစကိုဆွဲ၍ ဆတ်ခနဲ ချွတ်လိုက်လေရာ အမျိုးသမီး၏ ကိုယ်လုံးကိုယ်ထည်သည် ပေါ်လာလေ၏၊ အမျိုးသမီးသည် နက်ပြာရောင် ရှမ်းဘောင်းဘီကို ဝတ်ဆင်ထား၍ အပေါ်အင်္ကျီမှာမူ နက်ပြာရောင်အင်္ကျီပွကြီးကို ဝတ်ဆင်လျက်ထားပေသည်။



'အဲ့ဒီ ဒေါင်းမြီး မြားကို ယူသွားပြီး မင်းရဲ့ သခင်မ ကြောင်နက်ရှင် သူဇာကို ပြောလိုက်၊ ဒေါင်းမြီးမြားနဲ့ သွေးသည်တော်ကြီးကို စောင့်ကြိုပါလို့....ပြောလိုက်.... သွား.... စက်ကွင်းရုပ်ကို ငါယူထားလိုက်တယ်လို့ ပြောလိုက်'

လူသူတော်သျှောင်တစောင်းသည် ခပ်ဆတ်ဆတ်ပင် အမိန့်ပေး ပြောဆိုလိုက်လေရာ အမျိုးသမီးသည်လျှင်လှသောအဟုန်ဖြင့် ပြေးထွက်သွားလေတော့သည်။

ထို့နောက် သျှောင်တစောင်းသည် စားပွဲပေါ်ရှိလက်ဖက်ရည်ခွက်များကို ကြည့်ပြီးလျှင်....

'အဲဒီ လက်ဖက်ရည်တွေကို သွန်ပစ်လိုက်ပါ'

ဟူ၍ အားလုံးကိုကြည့်လျက် တစ်လုံးချင်း ပြောဆိုပြီးလျှင် သူ၏ ဆေးပြင်းလိပ်ရှည်ကြီးတစ်လိပ်ကို အသစ်တစ်လိပ် ထုတ်ယူပြီးလျှင် လှန်စွာလှပသော ဒေါင်းရုပ် မီးခြစ်ကလေးကို ယူခြစ်၍ မီးညှိဖွာရှိုက်လိုက်ပေသည်၊ အလိပ်ခွေတက်သွားသော မီးခိုးဝိုင်းဂို :ကို ကြည့်ပြီးလျှင်....

'ဒီ လက်ဖက်ရည်တွေထဲမှာအနောက်ရိုးမနဲ့ ရှမ်းတောင်ရိုးတောင်တန်းတွေထဲမှာပေါက်တဲ့ ရှင်ကာရီ အဆိပ်ရည်တွေ ရောဖျော်ထားတယ်၊ ပါဋ္ဌိလိုတော့ သက္ကရမ်လို့ ခေါ်တဲ့အပင်မျိုး၊ ကြောင်နက်ရှင် မဟာ ကျုပ်တို့ကို လုပ်ကြံတာပဲ'

ဟု ပြောဆိုလိုက်လေသည်။

မေဂျာဒါနန်းသည် လက်ဖက်ရည်ပျစ်ပျစ်များကို ကြည့်ပြီးလျှင်....

www.burmeseclassic.com

www.burmeseclassic.com



'အိုး....ဂေါ့'

ဟူ၍ ဆိုလိုက်သည်။ အဓိပ္ပာယ်မှာ 'အလို....ဘုရားသခင်' ဟူ၍ ဖြစ်ပေသည်။

( ၂ )

ငှက်ဖိုလင်းတ၊ ကြောင်အိုမနှင့် တစ်တီတူးငှက်

အင်းစိန်မြို့ ပေါက်တောကုန်းရပ် တောင်ဘက်ယွန်းယွန်း
သဲ္ဘရှိသော သုသာန်တစပြင်၌ စဏ္ဍာလမှောင်ကောင်းသည်
သာန်၌ ညအချိန်နေဝင်ရီးရီ၌ လာရောက်၍ ကျက်စားလေ့
သော လင်းတငှက်တစ်ကောင်ကို ဒေါက်တင်၍ဖမ်းကာ သူ
ထိုင်ရာသင်္ချိုင်းဇရပ်၌မြေမန်းကွင်းဇွပ်လျက် တိုင်၌ကြိုးချည်
ားလေသည်။

တစ်ခုသောညဉ့် သင်္ချိုင်းဇရပ်ထောင့်၌ ချည်ထားသော
င်းတသည် ဂွက် ဂွက်ဖြင့် ထ၍ အော်လေသည်။ ဇရပ်ထက်

www.burmeseclassic.com

www.burmeseclassic.com



သရဏာဂုံတင်ရန် ပေါက်တောကုန်းရွာသားများ ပြုလုပ်ထား သော ဝါးစင်ထက်၌ အိပ်ရှိနေသော စဏ္ဍာလ မောင်ကောင်း သည် ၎င်း၏ ခြုံစောင်စုတ်ကို လှပ်၍ ခေါင်းထောင်ပြီးလျှင် လင်းတ္ငှက်ကို ကြည့်လိုက်လေသည်။

ထိုသို့ ကြည့်လိုက်သည်ကို လင်းတသည် သူ့ သခင် မောင်ကောင်းအား ကြည့်ပြီးလျှင် ဂွက် ဂွက် ဟူ၍ အော်လိုက် ပြန်လေသည်။ ထိုလင်းတငှက်သည် ငြိမ်၍ ကုပ်နေသည်မှာ သုံးလေးရက်ခန့် ရှိလေရာမှ တစ်ဖန် ထူးထူးခြားခြား ဂွက် ဂွက် ဟူ၍ အော်သဖြင့် စဏ္ဍာလမောင်ကောင်းသည် အလုပ် များတော့မည်ဟု သိလိုက်ပြန်သည်။

ထိုသို့တွေးပြီး ခေါင်းပြန်ချရန် ပြုနေစဉ် သင်္ချိုင်းဝ မလှမ်း မကမ်းမှ နေ၍....

'ဟေ့ ....မောင်ကောင်း၊ ဟေ့ ....မောင်ကောင်း'

ဟူ၍ ကျယ်ကျယ်လောင်လောင် ခေါ်သံကို ကြားရသဖြင့် ကပျာကယာ ထကာ ၎င်းအနီးရှိ မှန်အိမ်ကို ထွန်းမည်ပြုရာ ခပ်လှမ်းလှမ်းမှ မီးတုတ်ကိုင်လျက် ရပ်နေကြသော လူတစ်စုကို သင်္ချိုင်းထဲသို့ လှမ်းလာနေသည်ကို တွေ့ရလေသည်၊

လူတစ်စုသည် မီးတုတ်များကိုင်ကာ မညီမညွတ်နှင့် ချုံ တောများထူထပ်ရာကိုရှောင်ကွင်းရင်း စဏ္ဍာလမောင်ကောင်း ရှိရာ သင်္ချိုင်းဇရပ်ပေါ်သို့ တက်လာကြလေသည်။

လူအုပ်ထဲမှ ဆယ်အိမ်ခေါင်းနှင့် သူကြီးလည်း ပါလာ လေသည်။ ပေါက်တောကုန်း သူကြီးဖြစ်သူသည် တုတ်တုတ် ကွကွ ဖြစ်လေသည်။ နာမည်ကြီးတစ်ဦးအဖြစ် ရပ်နီးချုပ်စပ်၌



သတင်းမွှေးသူ ဖြစ်လေသည်၊ ထိုသူကြီးသည် မောင်ကောင်း အား....

'ကျင်းတစ်ကျင်း တူးပေးစမ်းကွာ၊ အခုညတွင်းချင်းပဲ'

ဟူ၍ ပြောဆိုလေ၏။ စဏ္ဍာလမောင်ကောင်းသည် ပုဆိုး ကို တိုတိုဝတ်လိုက်ပြီး သင်္ချိုင်းထောင့်၌ ထောင်ထားသော ပေါက်ပြားကိုယူ၍....

'ဘယ်သူသေလို့လဲ ကိုကြီးရ'

ဟူ၍ မေးလိုက်လေရာ သူကြီးသည်....

'တူးမှာသာ တူးစမ်းကွာ၊ မေးမနေနဲ့'

ဟူ၍ စကားသိပ်ပြောလိုပုံမရဟန်ဖြင့် မောင်ကောင်းအား လေပြတ်ဖြင့် ပြောဆိုလေသည်။

မောင်ကောင်းသည် ထပ်တွန့်လိုက်ပြန်သည်။

'ယောကျ်ားလား မိန်းမလား ကိုကြီးရ'

မောင်ကောင်း၏ ထပ်တွန့်ချက်ကို သူကြီးသည် စိတ်မရှည် လှသဖြင့်....

'မင်းအလုပ် မဟုတ်ပါဘူးကွာ၊ ကောင်းကြော ရှည်လိုက် တာ'

ဟူ၍ ဘောက်ဆတ်ဆတ်ပြောလိုက်ရာ မောင်ကောင်းသည် ပြန်လှန် ပြောဆိုပြန်လေသည်။

'ဟုတ်ပါဘူး ကိုကြီးရ၊ အလုပ်သဘော မေးတာပါ၊ ယောကျ်ားဆိုရင် ခြောက်ပေတွင်း၊ မိန်းမဆိုရင် ငါးပေ တွင်းမို့ မေးရတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူကြီးလိုဗ်သူသည် စဏ္ဍာလအလုပ်ကို မကျ
ကျင်သည်ကို သဘောပေါက်သွားပြီးမှ မောင်ကောင်း၏ ပခုံး
လက်ဖြင့် ပုတ်လိုက်ကာ....

'မိန်းမကွ....မိန်းမ'

ဟူ၍ ပြောဆိုလေသည်။

ထိုအခါမှ မောင်ကောင်းသည် ဇရပ်ပေါ်မှ ခုန်ဆင်းကာ
ပေါက်တောကုန်း သင်္ချိုင်းဇရပ်နှင့် မနီးမဝေး၌ရှိသော ကုက္
ပင်ကြီးအောက် မြေနေရာလွတ်ကလေးကို ရွေးကာ ပေါက်တူး
ကို အားသွန်၍ ပေါက်လိုက်လေသည်။

နာရီဝက်ခန့်ကြာသောအခါ စဏ္ဍာလမောင်ကောင်းသည
ငါးပေအရှည်ရှိ၍ လေးတောင်ကျော်မျှနက်သော ကျင်းက
ူး၍ ပြီးစီးသွားလေသည်။

မ... သူကြီးဦးဆောင်သော လူသိုက်သည် ကျင်းတူးခ ငွေ
ခနှစ်ကျပ်ကို မောင်ကောင်းလက်ထဲသို့ ထည့်၍ ပြန်သွားကြ
လေသည်။

သင်္ချိုင်းကုန်းကို ဖြတ်တိုက်လာသောလေအေးကို စဏ္ဍာလ
မောင်ကောင်းသည် အရသာခံလျက် လေတရှူရှူ ချွန်လျက်
ရှိပေသည်။

မောင်ကောင်းသည် အသုဘမျှော်၍ နေစဉ်အတွင်း၌ ၎င်း
၏ ပါးတစ်ဖက်သည် လွန်စွာ အေးစိမ့်သော အထိအတွေ့ကို
တွေ့၍ ရုတ်တရက် လန့်သွားသဖြင့် နောက်သို့ လှည့်ကြည့်
လိုက်ရာ ၎င်း၏မျက်နှာကို လက်အေးကြီးဖြင့် လာ၍စမ်းသပ်
သော လူတစ်ယောက်၏ အရိပ်သဏ္ဌာန်ကို တွေ့လိုက်ရသော



ကြောင့် မောင်ကောင်းသည် ဆတ်ခနဲထ၍ လျက် ဇရပ်ထောင့်၌
ချထားသော ပေါက်ပြားကို ပြေး၍ဆွဲလိုက်လေသည်။

'စဏ္ဍာလ မောင်ကောင်းတဲ့နော် ဆာမစမ်းနဲ့၊ မိုက်လို့
သင်္ချိုင်းကုန်းထဲနေတာကွ'

ဟူ၍ အော်လိုက်ရာ ၎င်းအား လက်အေးကြီးဖြင့် တို့လိုက်
သော လက်ပိုင်ရှင်သည်....

'ဟား....ဟား....ဟား'

ဟူ၍ အော်ရယ်လိုက်လေ၏။ ထိုသူသည် မောင်ကောင်း၏
အနီးသို့ ထိုးကပ်လာကာ....

'လူမိုက်တယ်လို့ပြောလယ်၊ ထပြေးလယ်၊ မင်းအားကြီး
ကြောက်တတ်တယ်'

ဟူ၍ ပြောလိုက်လေရာ မောင်ကောင်းသည် ပေါက်တူး
ကြီးကို မချသေးဘဲ ထိုသူကို သေသေချာချာကြည့်လိုက်လေရာ
တရုတ်အဘိုးကြီး တစ်ဦး ဖြစ်လျက်ရှိနေသည်ကို တွေ့ရလေ
သည်။

သင်္ချိုင်းထောင့်ရှိ မီးအိမ်လက်လက်လေးကို မီးမြှင့်လိုက်
လေရာ ထိုတရုတ်အဘိုးကြီး၏ ရုပ်သွင်သဏ္ဌာန်မှာ ပို၍ ထင်း
လာလေသည်။

ရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူတစ်ခုသည် ပါးရေ
တွန့်လျက်ရှိသော မျက်နှာမှနေ၍ ရှည်လျားစွာ စီးဆင်းလာ
သည်။

တရုတ်ဘောင်းဘီနှင့် ကိုယ်ပွအင်္ကျီတို့မှာလည်း ဖြ
အထဲမှ အသားများကိုပင် မြင်ရလျက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူမျိုး ယှူနန်သားများဆောင်းလေ့ရှိသော တရုတ်ဦးထုပ်ကလေးကိုဆောင်းလျက် သွားများသည်လည်း ကောင်းစွာ ခိုင်ပုံမရတော့ပေ။

သို့သော် ထိုတရုတ်အဘိုးကြီး၏လက်များသည် အကြောပြိုင်းပြိုင်းထလျက်ရှိပေရာ များစွာ သန်မာပုံရလျက် ရှိသည်။ တရုတ်အဘိုးကြီးသည်....

'စက္ကူလ မောင်ကောင်း လာ....ဝ...ကို မစိဘူးလား'

ဟူ၍ ပြောလိုက်လေရာ မောင်ကောင်းသည် ပေါက်တူးကို ချလိုက်ပြီးလျှင် တရုတ်အဘိုးကြီးအား..

'ဘာကိစ္စလဲ၊ ကျုပ် မောင်ကောင်းပဲ'

ဟူ၍ဆိုလိုက်လေ၏။တရုတ်အဘိုးကြီးသည် ဆေးပေါ့လိပ်ပြားပြားသေးသေးလေးကို နှုတ်ခမ်းတွင် တပ်လိုက်ပြီးလျှင် စိတ်ရှည်လက်ရှည် ဖွာရှိုက်သမှု ပြုလေသည်။

'ငါ စက္ကူလ လုံစိလေကွာ၊ မင်းအဖေနဲ့ သူငယ်ချင်းပဲ၊ မင်းအဖေ မဆုံးခင် ဝ စိတ်ခင်တာကွယ်၊ သူသေတာ ငါကိုအကြောင်းမကြားလို့ စိတ်မကောင်းလှပေဘူး၊ အခု ငါလာတာလဲ မင်းအဖေ စက္ကူလ ဦးစံနဲ့ တွေ့နေကျ လကွယ်ညမှာ လာတာပဲကွ၊ ငါ မင်းအဖေကို သတိရတာနဲ့ လာခဲ့တာပဲ'

စက္ကူလမောင်ကောင်းသည် စက္ကူလ ဦးစံ၏ သားဖြစ်သူဖြစ်သည့်အတိုင်း ၎င်းအဖေ၏အမည် အသံကို ကြားရသဖြင့် စိတ်ပြောင်းသွားပြီးလျှင် စက္ကူလဦးလုံစိအား ဖိတ်ခေါ်သမှု ပြုလိုက်ပေသည်။



'လာ ဦးလုံစိ၊ ကျွန်တော့် သင်္ချိုင်းမှာတော့ ကျွန်တော် တစ်ယောက်တည်းပဲ'

စက္ကူလနှစ်ဦးသည် တစ်ဦးကိုတစ်ဦးလက်ဆွဲနှုတ်ဆက်ကြလျက် လိုက်လေ၏။ သူတို့နှစ်ဦးသည် သရက်ပင်ရှိ ကွင်းသွားရပ် ခုံကြီးပေါ်၌ ထိုင်လိုက်ကြလေ၏။ ခကြမ်း

'အလည်သက်သက်ပဲလား....ဦးလုံစိ၊ အခြားအကြောင်း ထူးလို့လဲ၊ ဘာအကူအညီပေးရမလဲ ဆိုပါဦး'

ဟု မောင်ကောင်းသည် ဦးလုံစိအား လွန်စွာအားစက်၍ ငါ့ရှပ်လှသော ရေနွေးကြမ်းကို တည်ခင်းရင်း ဦးလုံစိအား ကားပြောဆိုလိုက်လေ၏။

'ကိစ္စကတော့ ထူးထူးခြားခြား မဟုတ်ပါဘူးကွာ၊ ညကြီးအချိန်မတော် အသုဘချယ်ဆိုတာကို ကြားတာနဲ့ လာကြည့်ချင်လို့ပဲ'

'ဟ...ဦးလုံစိကလဲ ညဘက် အသုဘချတာ ဘာဆန်းလို့လဲ ခင်ဗျားလဲ စက္ကူလပဲဟာ၊ စက္ကူလ အတွေ့အကြုံရှိရမှာပေါ့ဗျ၊ စက္ကူလဟာ စက္ကူလအတွေ့အကြုံမရင့်ကျက်သေးရင် စက္ကူလကောင်းတစ်ယောက် မဖြစ်သေးဘူး ဦးလုံစိရဲ့'

'အို .. မင်းကလဲကွာ၊ တို့တာမြေသင်္ချိုင်းက ညဘက်အသုဘချ နည်းတယ်ကွ၊ တို့ဘက်မှာ ညဘက်မချကြဘူး၊ နောက်ပြီးတော့ကွာ ငါ ဒီဘက်လာရင်း သတင်းတစ်ခု ကြားခဲ့တယ်၊ သေသူက သိပ်ချောတဲ့ မိန်းမပျိုလေးတဲ့ကွ ဟဲ...ဟဲ...'

စက္ကူလ ဦးလုံစိ၏ဟဲဟဲသံဆုံးလျှင် စက္ကူလမောင်ကောင်းသည် ဦးလုံစိအား ကြည့်လိုက်ပြီးလျှင်....

www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီးနော်...ဘော်ဘော်ထ၊ အသက်က သေခါနီး...

ဦးသု ဟူ၍ ခပ်သွက်သွက် ပြောလိုက်ရာ လုံစိသည် ဟီးဟီး...
စွာ ...၍ ရယ်လိုက်ပြန်ပြီးလျှင်....

သို့ 'သေခါနီးလော့ ဘာဖြစ်လဲ၊ တော့်ကိုတော့ စိတ်ပျိုကိုယ်နု... ပြုံးပြီး....ဟဲ....ဟဲ....ဟဲ'

ဟူ၍ ပြောဆိုလိုက်ရာ မောင်ကောင်းသည်အကြမ်းပန်းက... ကို ကိုင်လျက် ရှုပ်ခနဲ သောက်ချလိုက်ပြီးလျှင် ဆက်ပြော... သည်။

'သေခါနီးရင် အ ကြော လျှော့ ရ တယ် လေ ဦးလုံစိ... သေခါနီးမှ ဒုက္ခကြီးချင်လို့ ဘယ်ဖြစ်မလဲ၊ အပျိုလေးသေတာ... ဦးလုံစိက ဘာဆိုင်လို့လဲ ဦးလုံစိရဲ့'

'အဘိုးကြီးလေ....အပျိုနုကိုကြိုက်လေကွယ့် မောင်ကော... ရဲ့၊ မင်းက အိမ်ထောင်မှ မကျဖူးသေးကိုး၊ ဟီး....ဟီး....ဟီး

'ဦးလုံစိက မိန်းမ ဘယ်နှစ်ယောက် ရဖူးလို့လဲ'

'ဟီး....ဟီး....စာရင်းအရ စုံးယောက်...သုံးယောက်ကွ'

စက္ကာလ မောင်ကောင်းသည် ဦးလုံစိအား အဘင်တကြ... ကြည့်လိုက်ပေ၏။ ဦးလုံစိအား အားကျသော စိတ်တစ်မျိုးပေ... ပေါ်ထွက်လာပေသည်။

ထိုသို့ရှိနေစဉ် ခပ်ဝေးဝေးဆီမှ ခွေးဟောင်သံများနှ... ခွေးအူသံများကို ကြားရလေသည်။ ထိုနှင့် တစ်ဆက်တည်းပ... မီးတုတ်၊ မီးလစ်းတိုင်များထွန်းညှိလျက် ရှေ့မှ ထမ်းစင်တစ်ခု... ထမ်းလာလျက်ရှိသော လူအုပ်တစ်အုပ်သည် ငိုသံ၊ ဆူသံ၊ ခွေး...



ဟောင်သံများကို ကြိမ်းမောင်းသံများနှင့် သချိုင်းထဲသို့ ဝင်ရောက်လာကြလေ၏။

'ဟော....အသုဘခွဲလာပြီဗျို့ ဦးလုံစိ'

ဟု စက္ကာလ မောင်ကောင်းသည် ဇရပ်ပေါ်မှ ခုန်ဆင်းလျက် ပေါက်ပြားကိုကိုင်ကာ ငုင်းတူးထားသော တွင်းဝသို့ သွားရုပ်၍ စောင့်လျက်ရှိပေ၏။ ဦးလုံစိသည် သောက်လက်စ အကြမ်းပန်းကန်ခွက်ကို ချလိုက်ပြီးလျှင် အားယူ၍ထလိုက်ပြီး ငုင်းစီးထားသော ဟောင်းနွမ်းစုတ်ပြဲလျက်ရှိသော တရုတ်ပိတ်ချင်းဖိနပ်ကို ခြေဖြင့်ထိုးဝင်လျက် စက္ကာလမောင်ကောင်းနောက်သို့ လိုက်သွားလေသည်။

ထမ်းစင်ထမ်းလာသော လူအုပ်သည် တဖြည်းဖြည်းနှင့် နီးလာသော် ငိုသံများ ဆူသံများသည် ကျယ်လောင်၍ လာလေသည်။

'အမယ်လေး....ရေတိမ်နစ်လှချည်လား သမီးရဲ့၊ ဟင်....ဟဲ့ စောလှရဲ့'

ဟူ၍ အသက်အရွယ် ခြောက်ဆယ်ကျော်ခန့်မျှရှိမည်ထင်ရသော ပိန်ပိန်သေးသေးလေး မိန်းမကြီးတစ်ဦး၏ အော်ဟစ်ငိုယိုသံသည် တိတ်ဆိတ်လျက်ရှိသော ပေါက်တောကုန်းသချိုင်း၏ သန်းခေါင်ယံ၌ စူးနစ်စွာ ပေါ်လာလေသည်။ ထိုမိန်းမကြီး၏ အော်သံသည် ကြားရသူအဖို့ ဆက်၍နားမထောင်ချင်အောင်ပင် စိတ်မကောင်းစရာ ဖြစ်ပေတော့သည်။

'ဟဲ့....သမီးစောလှရဲ့၊ ကြောင်ကူတ်လို့ သေတယ်လို့ကြားကောင်းကြရဲ့လား၊ ဟီး....ဟီး....ဟီး'

www.burmeseclassic.com



ဟူ၍ အော်ရုံမက လူးလိမ့်မတတ်ပင် ဖြစ်ပေတော့ရာ အေးမှု လူများသည် ဝိုင်း၍ဆွဲထားရလေသည်။

လူအုပ်သည် ကုက္ကိုပင်အောက်မှ တွင်းဆီသို့ရောက်သောအခါ ထမ်းစင်တင်ထားသော လူ၃လေးယောက်သည် ထမ်းစင်ကို ကျောင်းဝ၌ ချထားလိုက်လေသည်။ ထမ်းစင်ဝါးကပ်ဒေါ်မှ ဖျာလိပ်တစ်လိပ်သည် ငြိမ်လျက်ရှိပြီးလျှင် ထိုဖျာလိပ်ကို ကြိုးများဖြင့် ပတ်လျက်ထားပေသည်။

သူကြီးလုပ်သူ ဦးဆောင်လျက်....

'ကဲ....ဒေါ်မယ်....ခင်ဗျားသမီး ကြည့်ဦးမလား'

ဟူ၍ မေးလိုက်ပြီးလျှင် ၎င်းလက်ထဲမှအရာကို ၎င်းဘေးရှိ လူတစ်ဦးအား ပေးလိုက်သည်။

'ကြည့်မယ်တော့.... ကြည့်မယ်၊ အမယ်လေး....ကျုပ်သမီး အချောအလှလေးကို နောက်ဆုံးကြည့်ရဦးမယ်၊ အမယ်လေးတော့ အဖြစ်ဆိုးလှချည်ရဲ့၊ ဟီး....ဟီး....ဟီး'

'ကဲ...အမယ်ကြီး သိပ်ငိုမနေနဲ့၊ ဟေ့....မောင်ကောင်း၊ ဖျာလိပ်ကို ဖွင့်ပြကွာ'

သူကြီးလုပ်သူသည် ဒေါ်မယ်ခေါ် အမယ်အိုကြီး၏ ငိုယိုသံကို ဆက်၍မကြားချင်သည့်အလား ပြောဆိုပြီးလျှင် စဏ္ဍာလမောင်ကောင်းအား ဖျာလိပ်ကို ဖွင့်ခိုင်းလေသည်၊ စဏ္ဍာလမောင်ကောင်းသည် ပေါက်တူးပြားစောင်းဖြင့် ဖျာလိပ်ကို ချည်ထားသော ကြိုးစများကို ကလော်၍ ဖြတ်လိုက်သည်၊



ကြိုးစ သုံးချောင်းသည် ထောင်းခနဲ ပြတ်သွားပြီးလျှင် ဖျာလိပ်သည် လန်၍ထွက်သွားလေရာ အထဲမှ ဖြူဖွေးလျက်ရှိသော အသက်နှစ်ဆယ်ကျော်မိန်းမပျိုတစ်ဦး၏ရုပ်အလောင်းကို မြင်တွေ့ရလေသည်၊

ပုပုလောလော သေဆုံးဟန်ရှိသော ရုပ်အလောင်းဖြစ်ပေသဖြင့် မိန်းမပျို၏ရုပ်သွင်မှာ မူလနဂို လှမသောရုပ်သွင်မှာ ပျက်စီးခြင်းမရှိဘဲ ရှိပေရာ စဏ္ဍာလ မောင် ကောင်း သည် ထိုအလောင်းကို ကြည့်၍ လွန်စွာ နှမြောခြင်း ဖြစ်ရလေသည်။

ထို့ပြင် အင်းစိန်ဈေးတွင် တစ်ကြိမ်မျှ မြင်ဖူး၍ ၎င်း ငယ်ယူခဲ့သော လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ခွက် မှောက်သည်အထိ ငေးမိသော မိန်းမပျိုဖြစ်၍နေသဖြင့် စိတ်မကောင်းဖြစ်မိလေတော့သည်။

ထိုမိန်းမပျို၏ မိခင်ဖြစ်ဟန်တူသော ဒေါ်မယ်သည်လည်း သည်းစွာငိုယိုလျက်ရှိပေရာ သူကြီးသည်ဟန့်တားလိုက်ပြီးလျှင် သင်္ချိုဟ်မြေမြှုပ်ရန် ပြောဆိုလိုက်သည်၊

မိန်းမပျို၏ ညာဘက်လက်၌ ခြစ်ရာကုတ်ရာကြီး နှစ်ခုသည် ထင်လျက်ရှိပေရာ ထိုဒဏ်ရာကြောင့်ပင် ထိုမိန်းမပျိုသေဆုံးဟန်တူပေသည်၊

စဏ္ဍာလမောင်ကောင်းမှာ ရွာသားနှစ်ဦး အကူအညီဖြင့် အလောင်းကိုမ ပြီး ကျင်းထဲသို့ထည့်လိုက်ပြီးလျှင် မြေဖို့လိုက်ကြပေ၏။ ကျင်းထဲသို့ မြေဖို့ပြီးလျှင် သူကြီးသည် ၎င်းဘေး၌

www.burmeseclassic.com

www.burmeseclassic.com



ပေးရှိထားသော အရာကို ယူလိုက်ပြီး ရွာသားတစ်ဦးထံမှ ဓားမြှောင်တစ်ချောင်းကို တောင်းလိုက်သည်။

ငှင်းတောင်းဆိုသော အရာမှာ အဖြူနှင့် အနက်ကွက်ကျား ဖြစ်လျက်ရှိသော ကြောင်အိုကြီး တစ်ကောင် ဖြစ်လျက်ရှိသည်။

သူကြီးသည် ငှင်းကြောင်အိုကြီး၏ဗိုက်ကို ဓားဖြင့်ထိုးရန် ချိန်ရွယ်လိုက်လေရာ စဏ္ဍာလမောင်ကောင်းသည် ကပျာကယာ သူကြီးလက်ကိုဆွဲလျက် ကြောင်အိုကြီးကို မသတ်ပါရန် ပြောဆိုလိုက်သည်။

'ဒီကောင်ကြောင့် ငါသမီးသေရတာ၊ သတ်ရမယ်၊ ဒါ မင်းအလုပ်မဟုတ်ပါဘူး'

ဟူ၍ သေဆုံးသွားလျက်ရှိသော မိန်းမပျို၏မိခင် ဒေါ်မယ်သည် အော်ဟစ်ငိုယိုနေရာမှ ပြောဆိုလေသည်။

'မသတ်ပါနဲ့ ဒေါ်ကြီးရာ၊ သေတဲ့လူသေပြီပဲ၊ ဒီကြောင်ကို ကျွန်တော် မွေးပါ့မယ်'

ဟူ၍ တိရစ္ဆာန်တို့ကိုချစ်တတ်သော စဏ္ဍာလမောင်ကောင်းသည် ပြောပြောဆိုဆို သူကြီးဘေးမှလူ၏ လက်ထဲမှ ကြောင်အိုကြီးအား ဆွဲယူလိုက်ပေသည်။

သူကြီးသည် အသက်အရွယ်ကြီးသော အဘိုးကြီးဖြစ်သဖြင့် ကရင်သံ ခပ်ဝဲဝဲဖြင့်....

'မင်းကြောင် ရွာထဲကို မလာစေနဲ့၊ လာရင်တော့ အသေပဲ'



ဟူ၍ ပြောဆိုပြီးလျှင် မောင်ကောင်းနှင့် အချပ်းမများလို ာသည့်အလား အသုဘမြေဖို့ကိစ္စလည်း ပြီးပြီဖြစ်သဖြင့် သုဘပို့သော ပေါက်တောကုန်းရွာသားများအား ပြန်ရန် ာဆိုလိုက်သည်။

သူကြီးတစ်ထိုင်....ရွာတငိုင့်ဟူ၍ဆိုရိုးရှိသောစကား၊အတိုင်း လိပ်ခေတ်တွင် လူကြီးတို့တန်ခိုးထွားသည့်အတိုင်း ရွာသားသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့ဘဲ၊ မီးလင်း ၊ မီးတုတ်၊ မီးခွက်များဖြင့် ပြန်သွားကြပေသည်။

စဏ္ဍာလမောင်ကောင်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး သူ့ လက်ထဲမှ ကြောင်အိုကြီး၏ထိပ်ကို ပုတ်လိုက်လေရာ ာင်ကြီးသည် ဂရူးဟူ၍ အမွေးထောင် လာလေသည်။ လုံးလည်း ပြူး၍လာလေသည်။

သို့သော် ငယ်ထိပ်ကိုထပ်မံ၍ ဒမာင်ရောင်းပုတ်လိုက်သော ါတွင် ကြောင်ကြီးသည် ငြိမ်၍ကျသွားလေသည်။ သို့သော် ကြောင်အိုကြီးသည် လွန်စွာကြီးသော လက်သဲခုံးကြီးများ သည်ကို စဏ္ဍာလ မောင်ကောင်းသည် သတိထားမိလေ ည်။

ကြောင်အိုကြီးအား ဇရပ်တိုင်တွင် ကြိုးဖြင့် ချည်လိုက်လေ ငှင်းနောက်မှ စဏ္ဍာလ ဦးလုံစိသည် ငှင်း၏ ပခုံးကို လိုက်ပြီးလျှင်....

'ဟော့....မောင်ကောင်း၊ မင်း ဒီမိန်းကလေး မလိုချင်ဘူး း'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးလေစေ့ရာ စဏ္ဍာလ မောင်ကောင်း သည် စဏ္ဍာလပင် ဖြစ်လင့်ကစား လွန်မင်းစွာ ထိတ်လန့်သွားပြီး လျှင် စဏ္ဍာလ ဦးလုံစိအား ထိတ်လန့်စွာ ကြည့်လိုက်လေ သည်။

မိန်းကလေး ပြန်ရှင်လာအောင် ငါလုပ်ပေးမယ်၊ မင် ယူမိုလား'

ဟူ၍တရုတ်သံနှော၍ပြောဆိုလေရာစဏ္ဍာလမောင်ကောင် သည် လွန်စွာစိတ်အိုက်သွားပြီးလျှင် အနည်းငယ် တုန်ယင်လ သော အသံဖြင့်....

'ကျုံကြီးစည်ရာ၊ ဦးလုံစိရာ မဟုတ်တာတွေ မလုပ်စမ် ပါနဲ့၊ ခင်ဗျား ဦးနှောက်ကောင်းရဲ့လား'

ဟူ၍ မေးလေ၏၊

'အပြောမဟုတ်ဘူး မောင်၊ လက်တွေ့ကွ...လက်တွေ့... လာ... သွားတူးရအောင်'

ဟု ပြောပြောဆိုဆို စဏ္ဍာလ ဦးလုံစိသည် ၎င်းကိုယ်တို ပေါက်တူးကို ဆွဲလျက် ခပ်စောစောကမြေမြှုပ်ထားရာ မြေ ဆီသို့ ခပ်သွက်သွက် သွားရောက်ပြီးလျှင် လွန်စွာလျင်မြန်စွ ဖြင့် မြေကြီးများကို တူးဆွလျက်ရှိသည်၊

ဦးလုံစိသည် အသက်အရွယ် ကြီးရင့်လှ၍ လမ်းသွားသည် မှာပင် လှုပ်စိလှုပ်စိရှိလျက် ရှိသော်လည်း ယခု သင်္ချိုင်းမြေ တူးရာ၌ များစွာ မြန်ဆန်လှပြီး အားအင်ပြည့်လှပုံရပေသဖြ စဏ္ဍာလမောင်ကောင်းသည် ဇရပ်ပေါ်မှမီးအိမ်ကိုကပျာကယ ကောက်ယူလျက် အပြေးအလွှား လိုက်သွားရလေသည်။



စဏ္ဍာလဦးလုံစိသည် ပေါက်တူးများဖြင့် မြေများကို ကော် ထုတ်ပြီးလျှင် လေးဘက်လေးတန် ၄ မြေများကို ဖွ၍ ကသုတ် ကရုတ်ပင် မြေများကို ယက်ထုတ်လျက်ရှိလေ၏။မောင်ကောင်း သည် ဘေးမှ မီးအိမ်ကိုကိုင်လျက် ရပ်ကြည့်လျက်ရှိပေသည်။

ထိုသို့တူးဖော်နေစဉ်အတွင်း၌ စဏ္ဍာလ ဦးလုံစိသည် တစ်စုံ တစ်ရာကို ပြောဆိုခြင်းမရှိပေ။ တစ်အောင့်မျှ ကြာသော် ပြုဖြူဖွေးဖွေးအလောင်းသည် ပေါ်လာလေသည်။အလောင်း ပေါ်လာလျှင် ပေါ်လာချင်းပင် ဦးလုံစိသည် အလောင်း၏ ခေါင်းရင်းဘက်မှနေ၍ အလောင်း၏ခေါင်းကို မ,ပြီး၊ မောင် ကောင်းအား ခြေရင်းမှ မ,စေပြီး ကျင်းပေါ်သို့ တင်နိုင်လေ သည်။ ထိုအခါတွင်မှ မောင်ကောင်းသည်လည်း မူလ စဏ္ဍာလ စိတ်ပြန်ပေါ်လာပြီးလျှင် ခပ်သွက်သွက် လှုပ်ရှားသမှုပြုလေ၏။

စဏ္ဍာလ ဦးလုံစိသည် မိန်းမပျို၏အလောင်းမှ ဦးခေါင်းကို လက်များဖြင့်ထိုးဖွပြီးလျှင် အလောင်းကိုယ်၌ စည်းထားသော ကြိုးစည်းများ၊ ခြေမနှစ်ဖက်ပူးလျက် ချည်ထားသော ကြိုး များကို ဖြေပြီးလျှင် အလောင်းကို ငုတ်ဘုတ်ဖြစ်အောင် ပြု ပြီးလျှင် ကျောပြင်နှင့်ဖက်တို့ကို သူ၏လက်ဖြင့် ခပ်ဆတ်ဆတ် ရိုက်လိုက်သည်။

ထို့နောက် အလောင်းကို ငုတ်တုတ် ထိုင်စေလျက် မောင်ကောင်းအား ကိုင်ထားစေပြီးလျှင် ၎င်း၏ ရှည်လျား၍ ဖွာဆံကြဲလျက်ရှိသော အပေါ်အင်္ကျီများ ပြည့်လျက်ရှိသော အင်္ကျီကြီး၏အတွင်းဘက်ကို လက်ဖြင့်နှိုက်ပြီးလျှင် လွန်စွာသေး ငယ်သော ဘူးလေးတစ်ခုကို ထုတ်ယူပြီးလျှင် ထိုဘူးထဲမှ ဆေး

www.burmeseclassic.com

www.burmeseclassic.com



မှုန့်များကို လက်ဝါးထဲသို့ထည့်ကာ စေ့၍နေသော မိန်းမရွယ်၏ အလောင်းမှ ပါးစပ်ကို အတင်းဖြဲလျက် ဆေးမှုန့်များကို ထည့်လိုက်ပြီးလျှင် အလောင်းကို မ,၍ ဇရပ်ပေါ်သို့ မောင်ကောင်းနှင့်အတူ ယူလာပြီးလျှင် သရဏဂုံတင်ရန် ပြုလုပ်ထားသော စဏ္ဍာလ မောင်ကောင်း၏ ခုတင်ပေါ်သို့ ပက်လက် တင်ထားလိုက်ပေသည်။

'တို့ နာရီဝက်နောက်ကျရင် အသက် မရှိတော့ဘူးကွ'

တစ်ချိန်လုံး စကားမပြောသောဦးလုံစိသည် မောင်ကောင်း၏ မျက်နှာကို သေချာစွာကြည့်လျက် ပြောဆိုလိုက်လေသည်။ မောင်ကောင်း၏မျက်နှာမှာ စိုးရွံ့မှုများ များစွာ လွှမ်းမိုးလျက်ရှိပေသည်။

'ဒီရွာသားတွေ ဆေးပညာမရှိဘူးကွ၊ လူသေတာ မသေတာ မသိဘူး၊ အသက်မရှူတာနဲ့ သေတယ် ထင်နေတာ၊ တို့တရုတ်ပြည်မှာ သုံးလတိတိ အသက်မရှူဘဲ နေတာတောင် မသေဘူး၊ ဆရာကြီးက ပြန်လုပေးခဲ့တယ်၊ နောက်မှ ငါရှင်းပြမယ်'

စဏ္ဍာလ ဦးလုံစိသည် မောင်ကောင်းအား ပြောဆိုပြီးလျှင် ထိုင်ရာမှထလျက် မိန်းမပျို၏ အသက်မဲ့ ခန္ဓာကိုယ် ခေါင်းရင်းဘက်သို့ ထသွားပေသည်။ မိန်းမပျို၏ အလောင်းမှ တစ်စုံတစ်ရာ ထူးခြားမှု မရှိဘဲ ပကတိ ပက်လက်ပင် ဖြစ်နေပေသည်။

စဏ္ဍာလ ဦးလုံစိသည် မောင်ကောင်းအား လက်တို့ခေါ်ပြီးလျှင် မိန်းမပျို၏ အသားများကို ကိုင်ခိုင်းလေသည်။ အသားမှာ အေးစက်ပြီးလျှင် လက်တို့မှာ ပြာနှမ်း၍ နေပေသည်။



ဦးလုံစိသည် လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ကာ ၎င်း၏ မျက်စိကို မှိတ်လိုက်လေသည်။ မုတ်ဆိတ်မွေး ဖြူဖြူဖွေးဖွေးသည် သည်း လည်ပင်းမှ ရင်ဘတ်ပေါ်ထိ ကျလျက်ရှိပေရာ စဏ္ဍာလ မောင်ကောင်းသည် ဦးလုံစိအား မှော်ဆရာကြီးလားဟူ၍ သံသယ ပွားမိလေသည်။ ထိုအခိုက် ဦးလုံစိသည် စဏ္ဍာလ မောင်ကောင်းအား....

'မင်းက ငါ့ကို မှော်ဆရာထင်လို့လားကွ၊ ဒါ တကယ့် ဆေးပညာကွ၊ ရှေးဟောင်း တရုတ်ဆေးပညာကွ၊ ယူနန်နဲ့ တိဗက်တောင်ကုန်းဖြစ်တဲ့ မာစိယောဆိုတဲ့ ရွာလေးရဲ့ အရှေ့ဘက်မှာရှိတဲ့ ချီအန်ဖားဆိုတဲ့ ကျောက်တောင်ကြီး ရှိတယ်ကွ၊ အဲဒီ ချီအန်ဖားမှာနေတဲ့ တရုတ်ဘုန်းတော်ကြီး လူချီယန် (Lu Chi-Aun)ဆီက ဆင်းသက်လာတဲ့ ပညာကွ၊ မင်းစောင့်ကြည့်နေ'

ဟူ၍ ပြောဆိုပြီးလျှင် တရုတ်အဘိုးကြီး စဏ္ဍာလလုံစိသည် အလောင်း၏ ခေါင်းရင်းမှ ငယ်ထိပ်ကို လက်ဖြင့်ကိုင်လိုက်ပြီးလျှင် ငယ်ထိပ်ကို လေနှင့် မှုတ်ထုတ်လေသည်။ ထို့နောက် ဆံပင်တိုသုံးချောင်းမျှ ငယ်ထိပ်တည့်တည့်နှင့်ပစ်လိုက်လေသည်။

'ကြောင်ဆိပ်တက်နေတာကွ၊ ကြောင်ရဲ့ လက်သည်းမှာ ပါတဲ့ အဆိပ်တစ်မျိုးပေါ့ကွ၊ တချို့ကြောင်တွေရဲ့ ဒီအဆိပ် ဆိပ်ပြင်းတယ်၊ အထူးသဖြင့် ဂူထဲ ချောက်ထဲမှာနေတဲ့ ကြောင် တစ်မျိုးနဲ့ နွယ်တဲ့ ကြောင်ရဲ့အဆိပ်မှာ ပြင်းထန်တဲ့ အဆိပ် ရှိတယ်၊ ဒီကြောင်ရဲ့အဆိပ်ဟာ တရုတ်လိုတော့ (ကူးခူယီ)လို့ ခေါ်တယ်ကွယ့်၊ အဲဒီအဆိပ်ဟာ သွေးကြောတွေကို ပိတ်ဆို့

www.burmeseclassic.com

www.burmeseclassic.com



တာတာတယ်၊ အဲဒီအာဆိပ်ဟာ လူကို ငါးရက်တောင် မြောနေ
စေတယ်ကွယ့်၊ မြွေဆိပ်ပို့ တစ်ခါတည်း အသက်မပါဘူးကွယ့်
အဲဒီလိုမြောနေတဲ့လူဟာ ခြေတွေလက်တွေ တောင့်ပြီး အသား
တွေ ပြာလာတယ်၊ ဒါပေမယ့် ဗိုက်သားဟာ ပျော့နေရမယ်
ကွယ့်၊ မင်း စမ်းကြည့်စမ်း'

စဏ္ဍာလ မောင်ကောင်းသည် စဏ္ဍာလ ဦးလုံစိအားကြည့်၍
မိန်းမပျိုအလောင်း၏ ဗိုက်ကို စမ်းလိုက်ရာ ဝမ်းဗိုက်သားမှာ
ဦးလုံစိ ပြောသကဲ့သို့ ပျော့၍ နေပေသည်။ ထို့ကြောင့် မောင်
ကောင်းသည် ဦးလုံစိအားကြည့်လိုက်၊ အမျိုးသမီး၏ ဝမ်းတွင်း
သားကို စမ်းလိုက်ဖြင့် ပြုလုပ်လေရာ အမျိုးသမီး၏ဝမ်းသားမှာ
နူးညံ့သော အသားအရေဖြစ်လျက် ရှိခြင်းကြောင့် စဏ္ဍာလ
မောင်ကောင်း၏ ဦးနှောက် သွေးကြောတို့သည် အလှုပ်ရှား
မြန်လာပြီးလျှင် ဦးလုံစိအားလွန်စွာ လေးစားသော အကြည့်
ဖြင့် ကြည့်လိုက်ပေသည်။

မိန်းမပျို၏ ဝမ်းတွင်း သားကို စမ်းလျက်ရှိသော မောင်
ကောင်း၏ လက်ကို ဦးလုံစိသည် အဖယ်ခိုင်းလိုက်ပြီးလျှင်
ဦးလုံစိသည် ဆက်လက်၍ ထူးခြားသော ပြုလုပ်ချက် ဆန်း
ကြယ်သော ပြုလုပ်ချက်များကို ဆက်လက်၍ ပြုလုပ်လေတော့
သည်၊

ဦးလုံစိသည် ညာလက်ညှိုးဖြင့် မိန်းမပျို အလောင်း၏
လည်ဇလုတ်ချိုင့်ခွက်ကို လက်ညှိုးဖြင့် ထောက်၍ ပါးစပ်မှ
တရုတ်ဘာသာ ရွတ်စဉ်တစ်ခုကို ရွတ်ပြီးလျှင် ထိုလက်ညှိုးဖြင့်
ရင်ညွန့်အထက်တစ်နေရာ၊ ချက်တိုင်အထက် တစ်နေရာ၊ ဆီး



အထက် ပေါင်ကြောနှစ်နေရာနှင့် နောက်ဆုံးတွင်လက်မောင်း
နှစ်ဖက် ချိုင်း အတွင်း နှစ်နေရာတို့အား လက်ထောက်သည့်
အမှု ပြုလေသည်၊

တစ်နေရာ တစ်နေရာတွင် မိနစ်ဝက်ခန့်မျှနှင့် တစ်မိနစ်
ဘိတိခန့်မျှ ကြာလေသည်။

ချက်အထက်နားသို့ ထောက်ရာတွင် တစ်မိနစ်တိတိမျှ
ကြာလေသည်၊

ထိုနောက် ဦးလုံစိသည် ၎င်း၏ တရုတ်အင်္ကျီ ချိုင်းပြကြီး
ထဲသို့ လက်ဖြင့်နှိုက်ရာ လက်တစ်ဝါးသာသာမျှ ရှိသော
ဘူးလေး တစ်ဘူးကို ဆွဲထုတ်လိုက်ပြီးလျှင် ဆင်စွယ်ရောင်
ရှိသော တုတ်ချောင်းလေးများကို ထုတ်ယူလိုက်လေ၏၊ စုစု
ပေါင်း အချောင်းနှစ်ဆယ်မျှသာ ရှိလေ၏။

ထိုဆင်စွယ်ရောင် အချောင်းသေးသေးများကိုယူ၍ မိန်းမ
ပျိုအလောင်း၏ ယာဘက်လက်မောင်း အလယ်တည့်တည့်၌
သုံးချောင်း၊ ဘယ်လက်မောင်း အလယ်တည့်တည့်၌သုံး ချောင်း
ကို စိုက်လေသည်။

ထိုနောက် ပေါင်ကြောအတွင်းသားတွင် လေးချောင်း၊
ခြေမထိပ်တည့်တည့်တွင် တစ်ချောင်းစီနှင့် ခြေမနှင့် ခြေညှိုး
ကြားတွင် တစ်ချောင်းစီ စိုက်လေ၏။

စိုက်ရာတွင် ဦးလုံစိသည် လက်နှစ်ဖက်ဖြင့်ကိုင်ကာ တုတ်
ချောင်း လှည့်၍လှည့်၍ စိုက်လေသည်၊ [တုတ်ချောင်းဆိုသည်
မှာ နောင်အခါတွင် တရုတ်အပ်များ ဖြစ်သည်ကို သိရပေ
သည်။တရုတ်အပ်စိုက်နည်း ပုံစံသုံးမျိုး ရှိသည့်အနက် ခိုက်လန်

www.burmeseclassic.com

www.burmeseclassic.com

ခို နည်းဟူသော နည်းကို အသုံးပြုခြင်းဖြစ်သည်ဟု နောင်တွင် သိရှိရပေသည်။]

ထိုနောက် စက္ကူလ ဦးလုံစိသည် မိန်းမပျို၏ အလောင်းလည်ပင်း၌ ဆွဲထားသော တစ်စုံတစ်ခုသောအရာကို ဆွဲဖြုတ်လိုက်သည်။ ထိုအရာလေးမှာ လက်တစ်ဆစ်သာသာခန့်ရှိသော တစ်တီတူးရုပ် ဆွဲကြိုးလေးပင် ဖြစ်ပေသည်။

ထိုအရုပ်ကလေးကိုဖြုတ်၍ အထဲမှစာရွက်လိပ် ကလေးတစ်ခုကိုဆွဲယူပြီး ဖြန့်ယူပြီးလျှင် စက္ကူလမောင်ကောင်းအား မီးအိမ်ကို မြှောက်၍ ပြစေလေသည်။

လွန်စွာ ရှုပ်ထွေးသော လက်ရေးများ၊ မျဉ်းကွေးများကို တွေ့ရပေသည်။

ဦးလုံစိသည် ကျေနပ်အားရသောမျက်နှာထားဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်ပြီးလျှင် ထိုအရုပ်ကလေးကို လွန်စွာဟောင်းနွမ်းလှသော စုတ်ပြလှသော ၎င်း၏အင်္ကျီအိတ်အတွင်းသို့ တရိုတသေ ထည့်ထားလိုက်သည်။

ထိုနောက် ဘယ်ဘက်သို့လက်တစ်ဖန် နှိုက်ပြန်ကာ ဘူးသေးသေးလေး တစ်ခုကို ထုတ်ယူလိုက်ပြန်လေသည်။ ထိုဘူးလေးထဲမှ စာရွက်သေးသေးလေးများကို ထုတ်ယူလိုက်ပြန်လေသည်။

စာရွက် သေးသေးလေးသည် တရုတ်ဆေးမင်တောင့်ဖြင့် ရေးထားသော တရုတ်အက္ခရာ သေးသေးလေးများ ရေးသားထားလေသည်။



ထိုစာရွက်လေး နှစ်ရွက်ကို ယူလျက် စက္ကူလ ဦးလုံစိသည် အသင့် ပါလာဟန်တူသော အပ်ချည်ကြိုးလေး ကို ထုတ်ယူလိုက်ကာ အမျိုးသမီး၏ အလောင်းမှ အမျိုးသမီး၏ လက်ညှိုးနှစ်ဖက်ကို ထိုစာရွက်ကလေးများဖြင့် ပတ်ပြီးလျှင် အပ်ချည်ကြိုးဖြင့် ချည်ထားလိုက်လေသည်။

ထို့နောက် ဦးလုံစိသည်၎င်း၏အင်္ကျီကိုချွတ်၍ အမျိုးသမီး အလောင်းပေါ်သို့ ရင်ဘတ်ပေါ်၌ လွှားထားလိုက်ပေ၏။ ထို့နောက် ဦးလုံစိသည်....

'စိတ်အံ့ဩနေသလား မောင်ကောင်း'

ဟူ၍ မေးလိုက်လေရာ စက္ကူလမောင်ကောင်းသည်လည်း မည်သည့်စကားမျှ ပြောဆိုနိုင်ခြင်းမရှိဘဲ ခေါင်းကိုသာညိတ်ပြလိုက်လေသည်။

ဦးလုံစိသည် တဟဲဟဲနှင့် ရယ်မောလေတော့သည်။ ထို့နောက် တရုတ်အတိုးကြီး ဦးလုံစိသည်....

'ပညာလေကွာ....ပညာ ပညာ....
ပညာအစုစု....ဘုရားမှ....မှတ်ယူ....
ရေးကြို....သုံး....

'ဆိုတဲ့စကား ရှိတယ်လေကွာ၊ မင်း ငါ့တပည့် ဖြစ်ပြီ၊ ဟဲဟဲဟဲ....ခဏကြာရင် အမျိုးသမီး အသက် ရှင်လာ မယ်ဟဲ....ဟဲ....ဟဲ....မသေခဲ့ မသေဘဲ၊ သေတယ်ထင်ပြီး အရမ်းဂိုလ်ကြတယ်၊ အဲဒါအမှားပဲ အမှားပဲ၊ ပညာ....ပညာ'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လွန်စွာ တိတ်ဆိတ်လျက် ရှိသော ပေါက်တောကုန်း သင်္ချိုင်း ဇရပ်ပေါ်မှ ဦးလုံးစိ၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

(ရှေးအခါက မကျေးရွာများနှင့် အချို့ ဒေသများ တွင် ဆေးပညာ ဗဟုသုတ ခေါင်းပါးခြင်း၊ ဆရာဝန် ဆရာမများ ရှားပါးခြင်းများ ရှိလေ ရာ မသေမီမြှုပ်နှံခြင်း (premature Burial) ဟု ခေါ်သော ကိစ္စများ မကြာခဏ ဖြစ်တတ် သေရာ များစွာ ဝမ်းနည်းဖွယ် ကောင်းသော အတွေ့ အကြုံများ တွေ့ ရ တတ် လေ သည်။ အနောက် နိုင်ငံများတွင်ပင် ဖြစ် တတ် လေ ရာ ဆရာဝန် ဆရာမများသည် သေ ဆုံး ကြောင်း အတည်ပြု လက်မှတ်ရေးထိုး ဝန်ခံရသည်အထိ အမိန့်ထုတ်ခြင်း ခံရပေသည်။ ယခု ခေတ်တွင် ကား ဆေးသိပ္ပံ ထွန်းကားနေပြီဖြစ်၍ ဆိုင်ရာ ဆရာဝန်များ၏ လက် မှတ် ဖြင့် သာ သင်္ချိုင်း၌ လက်ခံကြရလေရာ ထိုအဖြစ်မျိုးများ ရှားပါး သွားပြီ ဖြစ်လေသည်။)

ဦးလုံးစိပြောသည့်အတိုင်းပင် ခဏကြာလျှင် အမျိုးသမီး သည် လက်ခြေများ လှုပ်လာလေသည်။ မါးစပ်မှလည်း တအင့်အင့် ညည်းညူလေ၏။ ထို့နောက် 'ရေ....ရေ' ဟူ၍ အော်ဟစ်လေသည်။



စက္ကူလ မောင်ကောင်းသည် သူ၏ ဂျက်ပျောမှုပုလင်း တွင် ဖင်ကပ်မျှ ကျန်နေသော လက်ဖက်ရည်ကြမ်းကို ၏ မတ်ခွက် ခပ်စုတ်စုတ်ထဲသို့ ထည့်လိုက်ပေ၏။ ထို့နောက် မျိုးသမီး၏ ပါးစပ်ထဲသို့ အနည်းငယ် လောင်းထည့်လိုက် သည်။

ဦးလုံးစိသည် စက္ကူလမောင်ကောင်းအား အမျိုးသမီးကို ဝ်လက်အနေအထားမှ ငုတ်တုတ်ထိုင် အနေအထားသို့ စေသည်။

စက္ကူလ မောင်ကောင်းသည် သူ့ ဆရာ ဦးလုံးစိပြောသည့် အတိုင်း အမျိုးသမီးအား ပွေ့ လျက် ထူလိုက်ရာ စက္ကူလ မောင်ကောင်း၏ရင်သည် တဒိန်းဒိန်းဖြင့် ခုန်ရထားကြီး ပ်သကဲ့သို့ ဆူညံလျက် ရှိပေသည်။

ဦးလုံးစိသည် စက္ကူလ မောင်ကောင်းအား ဆက်လက်၍ န်ကြားသမှု ပြုလေသည်။

'ဇက်ကြောနဲ့ ကုပ်ကြောကို ဖြေပေး မောင်ကောင်း'

စက္ကူလ မောင်ကောင်းသည် နူးနူးညံ့ညံ့ဖြစ်လျက်ရှိသော မိန်းမပျို၏ ဇက်ကြောနှင့် ကုပ်ကြောတို့ကို လက်ဖြင့်ခပ်နာနာ သး နှိပ်ကာ ပေးလျက်ရှိပေသည်။

သတိမရတစ်ချက် ရတစ်ချက်နှင့်ရှိသောမိန်းမပျို၏အသွေး သားတို့သည် ပြန်လည်၍ လှုပ်ရှားသက်များ ပြန်လည် ဆက်ရှိလာလေသည်။

ပြီးလျှင် မိန်းမပျိုသည် တဝေါ့ဝေါ့ဖြင့် ထိုး၍ အန်ချ လေရာ ချွဲချွဲပစ်ပစ် မည်းမည်းပစ်ပစ် အရည်များ အန်ချသမှု

www.burmeseclassic.com

www.burmeseclassic.com



ပြုလေသည်။ သုံးကြိမ်မျှ အန်ချပြီးလျှင် မိန်းမပျိုသည် တအင်းအင်းနှင့် ညည်းညူလာလေတော့၏။

ဦးလုံစိသည် ၎င်း၏ အင်္ကျီကို ကပျာကယာ ကောက်၍ ဝတ်လိုက်ပြီးလျှင် ၎င်းအင်္ကျီအတွင်းရှိ ၎င်း၏ ပစ္စည်းပစ္စယ များကို စမ်းသပ်စစ်ဆေးလိုက်ကာ သရဏဂုံတင်ရာတွင်ကွပ်ပျ ဖြစ်သော မောင်ကောင်း၏ မွေ့ရာခုတင်၌ တင်ထားလျက် ရှိသော ၎င်း၏ အရုပ်ဦးထုပ်ကို ၎င်း၏ခေါင်းပေါ်သို့ ကပျာ ကယာ ပစ်တင်လိုက်ပြီးလျှင်....

'အဲ....နင့်မိန်းမ....နင့် မိန်းမ ဖြစ်ပီ၊ ငါ သွားမယ် သွားမယ်'

ဟူ၍ဆိုကာ တရုတ်အဘိုးအိုများ လုပ်လေ့လုပ်ထ ရှိသော အနေအထားဖြစ်သော၊ ကိုယ်ကို ကိုင်းညွတ်လေ့ရှိသော အ အရာမျိုးကို ပြုလုပ်ကာ သင်္ချိုင်းဇရပ်ပေါ်မှ ခုန်ဆွခုန်ဆွဖြ လျှင်မြန်စွာ သုတ်ခြေတင်၍ ဆင်းသွားလေတော့သည်။

စဏ္ဍာလ မောင်ကောင်းသည် သတိရပြီဖြစ်၍ ပြုံး ပြုံးကြောင်ဖြစ်လျက်ရှိသောမိန်းမပျို၏လက်ကို သူ၏ညာဘ လက်ကြမ်းကြီးဖြင့် ဆုပ်ကိုင်ရင်း ဘုမသိ ဘမသိ ကျွန်ခဲ့လေ တော့သည်။

( ၆ )

သူခိုးကြီးတောက်ပြားနှင့် ကြောင်မျိုးတစ်ဆယ့်တစ်ပါး

ဦးဇင်ယော်သည် မရိုးမရင်းဟူ၍ ခေါ်သော အထက် တန်းစား မျက်နှာဖြူ အရာရှိများ အပန်းဖြေလေ့ရှိသော ကာလပ်မှ ညနေတိုင်း ၎င်းကလပ်၌ ဧကျားခြင်း၊ ဘီယာစုပ် ခြင်းအမှုကို ပြုလုပ်လေ့ရှိပြီးလျှင် မိမိပိုင် အော်စတင်ကား ကေ်ကလေးဖြင့် တစ်ဦးတည်း မောင်းနှင်၍ ပြန်လေ့ရှိပြီးလျှင် ပိုင်း၌ ခက်ခဲနက်နဲသောအမှုများ၏ သဲလွန်စများရှာဖွေခြင်း အမှုကွင်းဆက်များကို ဖော်ထုတ်ခြင်းနှင့် စမတ်အင်မှုကာဖယ် သော စာအုပ်ဆိုင်ကြီးမှနိုင်ငံခြားမှရောက်ရှိလာသော ဒီတက် တစ်ခေါ် စုံထောက်မဂ္ဂဇင်းများကို ဖတ်ရှုရင်း ၎င်း၏ ဖော့ ထား ဆေးတံကို မှိန်းလေ့ရှိပေသည်။

www.burmeseclassic.com



စုံထောက်ကြီးဦးဇင်ယော်သည် ၎င်း၏ ထုံးစံအတိုင်း မရှိုးမရှင်းကာလပ်မှအပြန် တစ်ဦးတည်း မိမိ၏အော်စတင်ကား နက်ကလေးကို မောင်းနှင်ရင်း လက်စပျော်ကာလျက်ရှိသော ကြောင်နက်ရှင်သူဇာ မြေအောက်ဂိုဏ်းကြီး အကြောင်းကို စဉ်းစားလျက်ရှိသည်။

၎င်း၏ မဏ်ဖော့စတား ဆေးတံကြီးမှ မီးခိုးပွများသည် လည်း တငွေ့ငွေ့ ထွက်လျက် ရှိပေသည်။ ဆေးဆုံမှဆေးကုန် ၍ ဆေးအိုးသည်ပင် ပူလောင်လျက်ရှိပေရာ စုံထောက်ကြီး သည် ဆေးတံကိုပါးစပ်မှချွတ်ကာ ၎င်း၏ကားထဲရှိ ဆေးလိပ် နှက်ထဲသို့ ထည့်ထားလိုက်သည်။

စုံထောက်ကြီးသည် စယရင်းရှပ်ခေါ် ကမ်းနားလ တစ်လျှောက် မောင်းနှင်နေရာမှ သိမ်ဖြူလမ်းဘက်သို့ချိုးကွေ ၍ မောင်းလိုက်ပြီးလျှင် ဘိုးလိမ်းလမ်းမှနေ၍ ကျိုက္ကဆံလ ဘက်ကို မောင်းနှင်လိုက်ပြီးလျှင် ကျောက်ကုန်းကွေ့ဘက် ချိုးလိုက်သည်။ အချိန်နာရီမှာ မှောင်ရီရီဖြစ်လျက် လမ်းမီး တိုင်တို့သည် မလင်းတလင်းရှိနေသည်။

၈ နာရီသာသာခန့်ဟု ခန့်မှန်းရပေရာ ထိုအချိန်၌ထရော် ဘတ်နှင့် မာတ်ရထားတို့သည်ပင် သိမ်းလျက်ရှိ၍ လူ ရှင်းစ ပြုပြီဖြစ်ပေသည်။ စုံထောက်ကြီးသည် ခြံခင်းတံခ ဂိတ်ဘက်သို့ ကားမီးရောင်ဖြင့်ထိုးလိုက်ပြီးလျှင် ကိုယ်တိုင်ဆင် ကာ ဝင်းတံခါးကို ဖွင့်လိုက်သည်။ ထို့နောက် ကားကို ခြံဝ ထဲသို့ ထိုးသွင်းလိုက်ပြီး ကားဂိုဒေါင်ထဲသို့ အပြီးသတ်မော သွင်းလိုက်သည်။ ခြံဝင်းထဲမှာမှောင်လျက်ရှိခြင်းကြောင့် ၎င်း



လက်၌ အသင့်ဆောင်ထားသော လက်နှိပ်ဓာတ်မီးအသေးစား လေးကို အကူပြုကာအိမ်လှေကားထစ်ပေါ်သို့တက်လိုက်သည်။

တပည့်ကျော် ရန်ကနားက ပြုနေကျအလုပ်တို့ကို တပည့် ကျော်မရှိခိုက် ဦးဇင်ယော်ကိုယ်တိုင် တစ်ဦးတည်း လုပ်ဆောင် လျက် ရှိခဲ့မရာ အဖော်ရှိခြင်း၏ အာနိသင်ကိုလည်း တွေး တော လိုက်မိသည်။

စုံထောက်ကြီးဦးဇင်ယော်သည် ဝါရင့် စုံထောက်ကြီးပီပီ သတိကို လွန်စွာမှသုံးတတ်သူဖြစ်ပေရာ အခန်းတံခါးကို ဖွင့်၍ မဝင်မီ လက်ရာခြေရာများ ပြောင်းလဲမှုရှိမရှိ စစ်ဆေးသမှု ပြုလိုက်ပေသည်။ ခြေရာလက်ရာများမှာမူ ပကတိအတိုင်းချွတ် ယွင်းမှု မရှိပေ။

ထို့ကြောင့် စုံထောက်ကြီးသည် မိမိညာဘက် အပေါ် အတွင်းအိတ်မှ အိမ်သော့ကိုယူ၍ ဖွင့်လိုက်ပေရာ ဂျလောက် ဟူသော အသံနှင့်အတူ အခန်းတံခါးသည် ပွင့်သွားပေသည်။ ပတ်ဝန်းကျင်သည် လွန်စွာ ဆိတ်ငြိမ်လျက်ရှိရာ ဂျလောက် ဟူသော သော့ဖွင့်သံသည်ပင် ပတ်ဝန်းကျင်အား ပျံ့နှံ့စေလေ သည်။

စုံထောက်ကြီးသည် တံခါးရွက်ကို အသာတွန်းပြီးလျှင် အထဲသို့ခြေလှမ်း၍ဝင်လိုက်သည်။ ထိုစဉ်တွင် ဝှီး ဂရူး့ရှူးအသံ နှင့်အတူ ဂီးဟူသော အသံတို့သည် ဆက်တိုက်ထွက်ပေါ်လာ ပြီးလျှင် ဦးဇင်ယော်၏မျက်နှာဘက်သို့ အေးခနဲဖြစ်သောခံစား မှုတစ်ခုကို ခံစားလိုက်ရပေသည်။ ဦးဇင်ယော်သည် နောက်သို့ ဆို့၍ခုန်ဆုတ်လိုက်ပြီးလျှင် ၎င်းလယ်ဘက်ချိုင်းစလွယ်၌ အသင့်

www.burmeseclassic.com



ဆောင်၍ထားသော ၃၈ ဘို့ အော်တိုမက်တစ်ခြောက်လုံးပြူး ကို ထုတ်ယူလိုက်ပြီးလျှင် အသံကြားရာဘက်ဆီသို့ သုံးချက်မျှ ဆင့်၍ ပစ်ထည့်လိုက်ပြီးလျှင် အတွင်းသို့ခုန်ဝင်လိုက်သည်၊

ထို့နောက် ဘယ်လက်ဖြင့် အိမ်ခန်းဘယ်ဘက်တံခါးတိုင်၌ ထပ်ထားသော မီးခလုတ်တို့ကို ဖြုတ်ခနဲဖွင့်ပြီးလျှင် ဒူးထောက် မောင်းတိုင်အနေအထားဖြင့် အခြေအနေကို အကဲခတ်လိုက်၏၊

အခန်းလယ်တွင် လွန်စွာတောက်ပြောင် ဝင်း၊လက်လှသော မျက်လုံးခြောက်လုံးသည် ဦးဇင်ယော်ဘက်ဆီသို့ စိုက်ကြည့် လျက်ရှိ၏။ အမြီးများမှာ ထောင်၍ လှုပ်ယမ်းလျက်ရှိ၏။ ခြေသည်းများမှာ လွန်စွာချွန်ထက်လှပြီးလျှင် ခန္ဓာတို့မှာ ကုန်းကွကွနှင့် အားယူလျက်ရှိကြ၏၊ အားလုံးသည် အနက် ရောင်များ ဖြစ်ကြပေ၏။

စုံထောက်ကြီးသည် မချင့်မရဲဖြစ်သွားကာ....

'....မသား....ကြောင်စုတ်တွေ'

ဟူ၍ အော်ဟစ်ရင်း သေနတ်မောင်းထိန်းခလုတ်ကိုဆွဲဖြုတ် လိုက်သည်။

'ဂရူး' 'ဂီး' ဟူသော အသံသည် ပေါ်ထွက်လာပြီးလျှင် ထိုသုံးယောက်သည် လျင်မြန်စွာဖြင့် စုံထောက်ကြီးဘက်သို့ ခုန်အုပ်လိုက်သည်၊ စုံထောက်ကြီး၏ ပထမကျည်ဆန်သည် လွဲချော်၍သွားပြီး စုံထောက်ကြီးသည် မူဆိုးဒူးထောက် အနေ အထားမှယို့၍ ရှောင်လိုက်ရင်း ခေါင်းပေါ်မိုးလာသော ကြောင်ကို သေနတ်ဒင်ဖြင့် လွှဲ၍ရိုက်လိုက်သည်။ ဘုတ်ဟူသော အသံနှင့်အတူ ကြောင်ကြီးသည် 'ဝီး' ဟူ၍ စားပွဲပေါ် သို့



ာက်သွားလေရာ စားပွဲပေါ်မှစာအုပ်များမှာ ပြန့်ကျဲကုန်၍ ပွဲပေါ်၌ တင်ထားသော မှန်ဘီလူးအချို့သည် ကျကွဲကုန် ည်၊

စားပွဲပေါ်မှနေ၍ ကြောင်ကြီးသည် မာန်ဖီလျက် ဦးဇင် ာ်အား ကြည့်လျက်ရှိပေသည်။ ကျန်နှစ်ကောင်သည် ဦးဇင် ာ်၏ ညာဘက်နှင့် ဘယ်ဘက်ကိုညှပ်ကာ မာန်ဖီလျက် ရှိပေ ည်။

စုံထောက်ကြီးသည် ဒူးထောက်လျက် ကြောင်သုံးကောင် ာသို့ ခန့်မှန်း၍ လျှပ်တစ်ပြက် သေနတ်မောင်းခလုတ်ကို ချလေရာ သေနတ်သံတို့သည် ဟိန်းလျက် ထွက်သွားလေ ည်၊ ကြောင်သုံးကောင်သည် ဦးဇင်ယော် သေနတ် မောင်း တ်လိုက်စဉ်တွင် ရုတ်တရက် နံရံဘက်သို့ ခုန်ကပ်လျက် င်ယော်ဘက်သို့ စုပြုံ၍ တိုက်ခိုက်ရန် အားယူလျက်ရှိသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် ယမ်းတောင့် ခြောက် ာင့်ကို ကပျာကယာထည့်သွင်းလျက်ရှိပြီးလျှင် ထိုကြောင် ကြီး သုံးကောင်ကို လုံးဝ အသစ်ပေးရခြင်း မရှိပေ။

ထိုကြောင်များ၏ မာန်ဖီပုံများမှာ ထူးဆန်းလှသည်။ ်နက်ဝန်းများမှာ သူငယ်အိမ်ပြည့်မျှ ဖြစ်ပြီးလျှင် ပြောင် ်သော အမွေးများမှာ ထောင်လျက်ရှိ၏၊ ထို့ပြင် ထိုကြောင် အရှယ်ပမာဏမှာ ခွေးပေါက်အကောင်ငယ်မျှရှိပြီး လွန်စွာ ်ထက်သောလက်သီးများမှာ ထုတ်လိုက်ပိတ်လိုက်ဖြစ်လျက် ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို ဆက်ထူးဆန်းသည်မှာ ကြောင်၏အော်သံမှာ 'ဂီး' ဟု အော်ခြင်းဖြစ်ပြီးလျှင် 'ညောင်' ဟူ၍ မည်သည့်ကြော အော်တစ်ခြင်း မရှိပေ။ ထို့ပြင် အဆိုက်အခိုက် အသတ်အပု ကျွမ်းကျင်ပုံရသော ကြောင်ဖြစ်ပေရာ သာမန်ကြောင်မျ မဟုတ်သည်မှာ လွန်စွာထင်ရှားလှပေသည်။

များသောအားဖြင့် ကြောင်များမှာ လူကို ကြောက်ရွံ့တ သော သတ္တဝါဖြစ်ပေရာ ထိုကြောင်များ၏ တိုက်ခိုက်မှု လွန်စွာထူးဆန်းမှု ရှိပေသည်၊ ဦးဇင်ယော်သည် လျင်မြန်သေ အဟုန်ဖြင့် သေနတ်ကျည်ဆန်များကို အသစ်လဲလှယ်ပြီးလ ထိုကြောင်သုံးကောင်အား ထပ်မံ၍ ရင်ဆိုင်လိုက်လေ၏။

ဦးဇင်ယော်သည် သေနတ်အိုးကို ချိတ်လိုက်စဉ်မှာ ကြောင်နက်တစ်ကောင်သည် ဦးဇင်ယော်၏မျက်ခွက်တည့်တ ဆီသို့ အရှိန်အဟုန်ဖြင့် ခုန်အုပ်လိုက်ရာ ဦးဇင်ယော်သ နောက်သို့ ပက်လက်လှန်ချလိုက်ပြီးလျှင် ထိုကြောင်၏ လ ဇလုတ်တည့်တည့်ကိုချိန်လျက် သေနတ်မောင်းကို ညှစ်ချလို လေရာ အစတ်ထုပ်ကြီးကို ပစ်ချသကဲ့သို့ ကြောင်ကြီးသ ဦးဇင်ယော်၏ ဦးခေါင်းနောက်နားတည့်တည့်တွင် ဘုတ် မြည်အောင် ကျသွားသည်၊ ထို့နောက် အသံလုံးဝမထွက် ငြိမ်သက်လျက် ရှိပေ၏။

ထိုအခိုက် ကြောင်နှစ်ကောင်သည် နံရံကိုကင်လျက် ကြ လျောက်ခေါ် ထုတ်တန်းပေါ်သို့ ပြေးတက်ပြီးလျှင် မိ အောက်ဘက်ရှိ အိမ်၏မျက်နှာကြက်ပေါ်သို့ ပြေးခုန်တက်လို



သည်၊ ဦးဇင်ယော်သည် ထိုကြောင်ကိုပစ်ရန် သေနတ်ကို ချိန်လိုက်လေသည်။

သို့သော် ထိုကြောင်သည် မျက်နှာကြက်ပေါ်သို့ ခုန်တက် အပြီးတွင် အောက်သို့ ဘုတ်ခနဲပြုတ်ကျပြီးလျှင် ငြိမ်သက်သွား ပြီး အခြားကြောင်တစ်ကောင်သည် မျက်နှာကြက် ကြားထဲသို့ တိုးဝင်လျက် ပျောက်သွားလေသည်။

ဦးဇင်ယော်သည် သေနတ်မောင်း မဖြုတ်လိုက်ရဘဲ အောက် သို့ပြုတ်ကျ၍ 'သေသွားသောကြောင်ကို ကြည့်လျက် အံ့အား သင့်နေစဉ် ဦးဇင်ယော်၏ ခေါင်းဘက် တံခါးပေါက်နားမှ အရိပ်တစ်ခုထိုးလာလေ၏၊ ဦးဇင်ယော်သည် ထိုအရိပ်ပိုင်ရှင်ကို မော်ကြည့်လျက် လက်ထဲမှ ၃၈ ဗိုကို ချိတ်ထားလိုက်လေ၏။

'ဟဲ....ဟဲ....ဟဲ.... ဦးဇင်ယော်ကလဲဗျာ အချိန်မတော်ကြီး ကြောင်တွေနဲ့ လိုက်တမ်းပြေးတမ်း ကစားနေရတယ်လို့ဗျ'

ဦးဇင်ယော်သည် ပက်လက်အနေအထားမှနေ၍ မုဆိုး ဒေးထောက်၊ ကိုမှမတ်တတ်ရပ်၍ သေနတ်ကို သေနတ်အိတ်ထဲ ပြန်ထည့်လိုက်ရင်း....

'အင်း....အမြင်မတော်တော့လဲတစ်ခါတစ်ရံဘာနဲ့ပဲဖြစ်ဖြစ် လိုက်တမ်းပြေးတမ်း ကစားရတော့တာပဲဗျို့၊ အခုဟာက အသက်နေနဲ့တော့ နီးသလိုလိုပဲ'

ထိုအရိပ်ပိုင်ရှင်သည် အခန်းထဲသို့ တံလှမ်းချင်း ဝင်လာ ပြီးလျှင် ဦးဇင်ယော်စားပွဲဘေးရှိ ကုလားထိုင်တွင် ဝင်ရောက် ထိုင်လိုက်ရင်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်လေ၏။ စီးကရက်နံ့မှာ လွန်စွာသင်းပျံ့ပြီး မွှေးကြိုင်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



'နေဦးဗျို၊ ကျုပ် ကြောင်သေတွေကို ရှင်းလိုက်ဦးမယ်'

စုံထောက်ကြီး ဦး ဇင် ယော် သည် ကြောင်သေများကို လက်အိတ်စွပ်ထားသောလက်ဖြင့်ကိုင်ကာ ကြိုးဖြင့် ချည်လိုက်လေသည်။ လည်ဇလုတ် ဖောက်ထွက်သွားသော ကျည်ဆန် ပေါက်မှ သွေးများထွက်ကာ သေနေသောကြောင်ကို လှန်လှော စစ်ဆေးလိုက်သည်။ ထို့နောက် မီးဖိုဘက်မျက်နှာကြက် ပေါ်မှ ကျသေသောကြောင်ကို စစ်ဆေးလိုက်ရာ ကြောင်၏ လက်ပြင်ကြော၌ ဒေါင်းမြီးမြားတစ်ခု စူးဝင်လျက် သွေး အနည်းငယ်စို့၍ သေနေခြင်းဖြစ်ပေသည်။

ဦးဇင်ယော်သည်ကြောင်သေနှစ်ကောင်ကိုဆွဲကာ ခြံပေါက် ဝ ဘက်သို့ ထွက်သွားကာ၊ ခြံနှင့်မနီးမဝေးအမှိုက်ပုံတောထဲသို့ ပစ်တင်လိုက်ပေသည်။ အနီးအနား ခြံများမှ အိမ်အတွင်းမှ ပြူတစ်ပြူတစ်ဖြင့် သေနတ်သံကိုစူးစမ်းလိုကြဟန်ရှိသော်လည်း အချိန်မတော် အပြင်သို့ မထွက်ရဲကြသော လူကုံထံအိမ်များ ထုံးစံအတိုင်း ပတ်ဝန်းကျင်သည် လှုပ်ရှားမှု သိပ်မရှိလှပေ။

ဦးဇင်ယော်သည် လက်အိတ်ကိုချွတ်၍ လှေကားရင်း၌ ရှိသော စဥ့်အိုးရေထဲမှရေများဖြင့် လက်ကိုဆေးကြောသန့်စင် ပြီးလျှင် ၎င်းစားပွဲဝိုင်းဘေးရှိ ပုဂ္ဂိုလ်ဘက်သို့ မျက်နှာပေးကာ စကားဆိုမှုပြုလေသည်။

'အတော်ပဲဗျို့ ခင်ဗျား ရောက်လာတာ၊ ခင်ဗျားရဲ့ ဒေါင်းမြီးမြားကလဲ တည့်ပါဗျာ၊ လက်ပြင် တည့်တည့်ကို တန်းနေတာပဲ'



'အင်း...ကျုပ်လဲပဲ အာရုံပေါ်လာတာနဲ့ ခင်ဗျားဘက် ထွက်လာတာ၊ ဒီနားရောက်တော့ ခင်ဗျားက ကြောင်တွေနဲ့ ဆော့နေတာနဲ့ အသာရပ်ကြည့်နေသေးတယ်၊ ဒါပေမယ့် ဒီ ကြွက်ဝါတွေက အတော်လွန်လာလို့ ကျုပ်လဲပဲ မနေနိုင်လို့ သုံးလိုက်ရတယ်'

'အင်း....အတော်စဥ်းစားရကျုပ်တဲ့ ပြဿနာပဲဗျ၊ လူကြား တောင် သင့်တော်မယ်မထင်ဘူးမှတ်တယ်၊ ဘယ့်နှယ်ဗျာ... ကျုပ်ဟာ ကြောင်ကိုတောင် မနိုင်တော့မယ့် စုံထောက် စုံထောက် ဖြစ်တော့မလို့ သိသိလေးလိုတော့တယ်'

'ဘုရားမနိုင် ကြောင်နဲ့ကိုင်၊ အကိုက် အဆိုး ကြောင်ကား ဆိုတာလိုပဲ၊ ကြောင်ပေမယ့် ကြောင်ကတိုးဆိုတာက ကြောက်ဖွယ်ရာသာပဲကိုးဗျ၊ ကြောင်အမျိုးပေါင်း (၁၁)မျိုး ကာ ကတိုးကြောင်ဆိုတာလဲ ပါသမို့လားဗျ ဦးဇင်ယော်'

ကြောင်အော်သံများသည် ရပ်သွားပေသည်။ ပတ်ဝန်း ကျင်၌ ဝါးရုံပင် လေတိုးသံများသာလျှင် ကြားရပေတော့၏။ သျှောင်တစောင်းသည် ရွှေနံ့သာရောင် စီးကရက်ကို တစ်လိပ် ထုတ်ယူ၍ ဒေါင်းရုပ် ကြေးမီးခြစ်လေးဖြင့် မီးညှိဖွာလိုက်ပေ သည်။

ထို့နောက် မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ် လိုက်ကာ....

'ဦးဇင်ယော်ဆီ လာပြီး တိုက်ခိုက်တဲ့ ကြောင်တွေကတော့ ကတိုးကြောင်နက်လို့ ခေါ်တယ်ဗျ၊ အလုံးအထည် ကြီးတယ်၊ ခေါင်းကြီးပြီး အစွယ်နဲ့ လက်သည်းတွေရှည်တယ်၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အရေခွံ မာတယ်ဗျ၊ ဒီကြောင်ကတိုးနက်ကိုတော့ ပုံတောင် မုံညာအက်မှာ တွေ့ရတတ်တယ်ဗျ၊ သူက အဆိပ်ရှိတဲ့ မြွေကို တောင် တစ်ချက်တည်းနဲ့ ရိုက်ပုတ်နိုင်တယ်၊ အာရုံကြောစွမ်းအင် ထက်မြက်ပြီး အသံအော်မြည်ရာမှာ စူးနက်တယ်၊ ဒါပေမယ့် ဒီကြောင်တွေကို ကြောင်နက်ရှင်သူဇာက ဆေးကျေးထားလို့ ကြောင်လို မအော်ဘဲ တဂီးဂီးနဲ့ ဖြစ်နေတာ'

'အင်း....စိတ်ဝင်စားစရာပဲ လူသူတော်ကြီးရဲ့'

'ကျန်တဲ့ကြောင်မျိုးတွေကတော့ မူရင်းကျမ်းလာ ဖြစ်တဲ့ သတ္တဝါ ယာရုက၊ သီဟ ကျမ်းလာအရ ဆိုရင်တော့....'

'နေသူရိန်ကြောင်မျိုးတစ်ပါး၊ဒီကြောင်က ထူးဆန်းတယ်၊ နံနက်တိုင်း နေကို မော့ပြီး နေကသိုက်း ရှုလေ့ရှိတယ်၊ သတ္တဝါငှက်စတဲ့ သတ္တဝါလေးများကို အရိပ်ကိုကြည့်ပြီး ခုတ်တာနဲ့ မပျံနိုင်ဘဲ အဲဒီကြောင်ရှေ့ ရောက်ရတယ်လို့ဆိုဘယ် ဗျ၊ များသောအားဖြင့် ကျောက်ကမူနဲ့ ကျောက်ဂူတွေမှာ နေတတ်တယ်၊ လူများများနဲ့ မနေတတ်ဘူးဗျ။

'နောက်ပြီး.... သက္ကရသီလာ ကြောင်မျိုးတစ်ပါး၊ ဒီကြောင်ကတော့ အလုံးအထည် သေးသေးလေးရယ်၊ သို့ပေမယ့် နှုတ်ခမ်းမွေး အတော်ရှည်တယ်ဗျ၊ လက်လေးသစ်မျှ ရှည်တယ်လို့ ဆိုတယ်၊ တင်ကိုယ်လုံးမှာ အဝါပြောက်စက် သေးသေးလေးတွေပါတယ်၊ သူကတော့ သစ်ခေါင်းထဲမှာရှိတဲ့ ငှက်ဥ ငှက်ငယ်လေးများကို ရှာဖွေ တတ်ဘယ်၊ သူ့ရဲ့ သည်းခြေဟာ အလွန်ဆေးဖက်ဝင်တယ်လို့ ဆိုတယ်၊ ဒီကြောင် မျိုးကို မွေးရင် အိမ်ဟာ အလွန်အေးချမ်းတယ်လို့ ဆိုတယ်၊



'နောက်တစ်မျိုးကတော့ ဗိုလ်ပြင်းမ ကြောင်မျိုးတစ်ပါး၊ ဒီကြောင်ကတော့ အလုံးအထည်ကြီးတယ်၊ ကြမ်းတမ်းတယ်၊ နာစုန့်နာကွက်ကြီး ရှိတတ်ပြီး အမြီးဟာ လုံးမနေဘဲ ချွန်နေ တယ်ဗျ၊ သူက ကွင်းပြင် လယ်ကန်သင်း ရိုးပြတ်တွေမှာ ကျက် စားတတ်တယ်၊ သူ့အမွေးဟာ ပွပြီး ရောဂါ ဖြစ်စေတတ်တယ် ဗျ၊ ဒါပေမယ့် အသားကတော့ နူးညံ့ဘယ်လို့ ဆိုတယ်၊ သူ့ရဲ့ အမကြီးကတော့ စွမ်းတယ်ဗျို၊ ယောကျ်ား အားပျော့တဲ့ လူတွေ အသုံးဝင်တယ်၊ အိမ်ထောင်ပျက်မတတ် ယောကျ်ား အားမလာတဲ့သူတွေဟာ ကင်းပုန်သီးနဲ့ ဗိုလ်ပြင်းမကြောင်အူ ချက်စားရင် မောင်းထောင်းယောကျ်ား စွမ်းပကား ဇနီး မယား လွန်အားထားလို့ ဆိုသလိုပဲ၊ သူကတော့ မိန်းမ ချစ် ဆေး ဖော်လို့ရတယ် ဟဲ....ဟဲ....ဟဲ....'

'အင်း....လူသူတော်ကြီးရဲ့ ကြောင်တွေက စိတ်ဝင်စားစရာ တွေချည်းပါပဲဗျာ၊ နို့လဲ နို့စပ်ပါဗျာ၊ ကျုပ်ဖြင့် အခုမှပဲ ကြားဖူးတော့တာပဲ၊ ကျုပ်က ကြောင်ဆိုတာ 'ညောင်'လို့ အော်တတ်တဲ့ သတ္တဝါလေးလောက်ပဲထင်နေတာ'

'ပဉ္စမမျိုးကတော့ လိပ်ခုံးမ မီးကြောင်တို့လို့ ခေါ်တယ် ဗျ၊ သူ့ခါးဆစ်က ကုန်းကုန်း ကုန်းကုန်းနဲ့၊ များသော အားဖြင့် သချိုင်းစပ်တွေမှာ တွေ့ရတတ်တယ်၊ နှုတ်ခမ်းမွေးက ကျိုးတိုးကျဲတဲနဲ့ ကြောင်ဟာ ဘယ်လောက်ပဲ အသက်နုနု ကြောင်အိုကြီးအတိုင်းပဲ၊ ဦးဇင်ယော်လဲ ကြားလိုက်မိမယ် မှတ်တယ်၊ အင်းစိန်ပေါက်တောကုန်း သချိုင်းမှာလေ'

www.burmeseclassic.com



'အေးဗျာ....အင်းစိန် စုံထောက်ဘက်က မောင်ကြီးဆို စုံထောက်က ကျုပ်ကိုလာပြောပါတယ်၊ နောက် ဒီမိန်းက မသေဘူးလို့လဲ ပြောတယ်ဗျ၊ တရုတ် စဏ္ဍာလ အဘိုးကြ တစ်ယောက်က ကုပေးသွားတယ်ဆိုလား ပဲ၊ အဲဒီကိစ္စတော မင်းကြီးက စိတ်ဝင်စားလို့ စဏ္ဍာလ မောင်ကောင်းကို ခေ စစ်ဆေးတယ်ဗျ၊ ၊ဏ္ဍာလ ဦးလုံစိဆိုတဲ့လူကိုလဲ စုံထောက်တေ လိုက်ရှာနေကြတယ်၊ ခုထိ မတွေ့သေးဘူးလို့ ပြောတာပဲ'

'အင်း....အဲဒီကြောင်က လက်သည်းမှာအဆိပ်ပြင်းတယ် နွားတွေ့ ကျွဲတွေဘောင် သူ့လက်သည်းနဲ့ကုတ်မိရင် အဆ သင့်တယ်၊ အဲဒီကြောင် ရွာထဲဝင်ရင် ရွာနာတယ်လို့ အ ရှိတယ်'

'ကြောင်တကာ့ ကြောင်အရေးမှာ ကြောင်နက်ရှင်သူဇ အရေးက ပိုလို့အရေးကြီးတယ်နော် လူသူတော်ကြီးရဲ့'

သျှောင်တစောင်းသည် စီးကရက်ကို လေးငါးခါ ဖွာရှိ လိုက်ပြီးလျှင်....

'အချိန်တန်တော့လဲ နွားပိန်ကန်မှာပေါ့ဗျာ'

ဟူ၍ ပြောလိုက်လေ၏။

'ဒါပေမယ့် ရထားလုံးစိမ်းပေါ်မှ ဖက်ဖူးရောင် မိန်း ချော်လေးကဲ အကန်ရ ခက်လိမ့်မယ်ထင်တယ်နော၊ သူဇာပ ရယ်...စိတ်ထဲစွဲတယ်....ခက်လှတယ်....ဆိုတဲ့ ခင်မောင်ရင် ဟ သလို ဖြစ်နေမှာစိုးရတယ်ဗျို'

စုံထောက်ကြီး ဦးဇင်ယော်သည် သူ၏ မက်ဖော့စတား ဆေးတံကြီးကိုခဲရင်း ချောမွတ်ကြည်လင်၍ညို့သက်ပြည့်လျက်



ရှိသော လူသူတော် သျှောင်တစောင်း၏ ပါးပြင်ကို ကြည့်၍ ပြောလိုက်လေရာ လူသူတော်သျှောင်တစောင်းသည် မျက်ခုံး တစ်ဖက်မြင့်တက်သွားရင်း....

'ဦးဇင်ယော်က ဘယ်တုန်းကမြင်လို့တုံးဗျ'

ဟူ၍ ပြောလိုက်ရာ စုံထောက်ကြီးဦးဇင်ယော်သည် သွား ကို ဖြီး၍ တဟဲဟဲရယ်လိုက်ရင်း....

'ဘားတား ဖိနပ်ဆိုင်မှာပါဗျာ'

ဟူ၍ပြောလိုက်ရာ လူသူတော် သျှောင်တစောင်းသည် ပြုံးစိ စိလုပ်လိုက်ရင်း ပြောလိုက်လေ၏။

'ဦးဇင်ယော်က စုံထောက်ပီသပါပေတယ်ဗျာ'

'လူသူတော်ကြီးကလဲ မြေလှမ်း သွက်လှပါတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

## ကျောက်ဘီးလှည်းပေါ်မှ အလှနတ်သမီး

တောသည် လွန်စွာ နက်ရှိုင်းလှသဖြင့် နံဘေးဝဲယာများသည် လမ်းပျောက်လျက် ရှိသည်၊ ကရင်ကြီးသည် ရှေ့မှ ၎င်း၏ ကရင်ဓားစူးဖြင့် တူးရင်း ယမ်းရင်း လမ်းထွင်လျက် သွားပေသည်။ ၎င်းနောက်မှ စုံထောက်ကြီးနှင့် သျှောင်တစောင်းသည် မှန်မှန်လိုက်လျက် ရှိသည်၊

ညဥ့်နက်ပိုင်းသို့ ရောက်ရှိပြီဖြစ်ကြောင်းကို စုံထောက်ကြီးသည် ၎င်း၏ ရိုးလက်(စ်) လက်ပတ်နာရီသို့ ကြည့်လိုက်ခြင်းအားဖြင့် သိရပေသည်။ သို့ သိရခြင်းမှာလည်း ကရင်ကြီး၏



ယ်လက်မှ မီးတုတ်၏ အကူအညီဖြင့် တွေ့ရခြင်း ဖြစ်လေသည်၊

သျှောင်တစောင်းသည် ၎င်း၏ အကျႌနှင့်ဘောင်းဘီမွှတို့ကို ပ်တင်ထားကာ ၎င်း ကိုင်ဆောင်လေ့ရှိသော တုတ်ကောက် ် လမ်းပေါ်သို့ ထောက်လျက် ထောက်လျက် လှမ်းပေသည်။

သျှောင်တစောင်းသည် ရိုးမတောကြီးအတွင်း၌ ရှမ်းဘိုးလှ ်းအတူ ရိုးမဆရာရသေ့ထံ ဂမ္ဘီရတောရပညာများကို သွားဆက် သင်ကြားခဲ့ပုံကို ပြန်လည် အမှတ်ရလျက်ရှိပေသည်။ ဆရာရသေ့ သင်ကြားပေးခဲ့သော တောကြမ်း၊ တောင်၊ သိပ္ပံရှ် အတတ်သည် တကယ့် တောကြီးလျှင် လွန်စွာ အဖိုးတန်လှပေသည်မှာ တကယ် လက်တွေ့ ဖြစ်ပေတော့သည်။

ညဘက် အမှောင်ထု မီးရောင် လုံးဝ မရှိသော အချိန်၌ ်မြန်စွာ သွားလာနိုင်သော ဝက်ဝံတို့၏ ဓာတ်နည်းပုံကိုပ ်ကြားပေးထားခြင်းကြောင့် သျှောင်တစောင်း၏ ခြေလှမ်းသည် ဝက်ဝံတို့၏ ခြေလှမ်းကဲ့သို့ ဖြစ်သည်။

စုံထောက်ကြီး ဦးဇင်ယော်သည် မြို့ပေါ် လူဆိုး လူသွမ်းနှင့် အပြိုင်နွှဲ၍ ခြေလှမ်းကျဲနိုင်သလောက် ယခုတွင်မူ နွေးရှုံး၍ ကရင်ကြီး၏ မီးတုတ် အကူအညီကို ရယူလျက်သည်။

www.burmeseclassic.com



ဝက်ဝံခြေလှမ်းဖြင့် လှမ်း၍နေသောသျှောင်တစောင်းအား… စိုထောက်ကြီးသည် ကြည့်၍ကြည့်၍လှမ်းကာ သျှောင်တစော… အား အမီလိုက်လျက် ရှိပေသည်၊

ထိုသူတို့သည်တစ်ဦးနှင့်တစ်ဦးစကားပြောဆိုခြင်း အလျ… မရှိဘဲ ခရီးတွင်အောင်သာ လျှောက် သွား၍ နေကြသည်။

ပုရစ်ပိုးထိုးသံနှင့် မြွေနက်တွန်သံ၊ ဒီးဒုတ်ကျူသံတို့… အစဉ်အမြဲ ကြားနေရပြီးလျှင် လွန်စွာ သာယာသော ငှ… ပြီးစုတ် ငှက်ကလေး၏ အော်မြည်သံတို့ကိုပါ ကြားရသ… ရင်းမှာ တောကောင်ထူသော တောဖြစ်သည်ဟု သျှော… တစောင်း ခန့်မှန်းမိလေသည်။

မျှားမကြာမီ မီးရောင် လက်လက်ကလေး တွေ့ရသော… သစ်ကြီးပင် တစ်ပင်အနားသို့ ရောက်လာလေသည်၊ ထိုသစ်… ပေါ်၌ မီးရောင်မှိန်မှိန် တွေ့ရလေရာ သျှောင်တစောင်းသ… ကရင်ကြီးအား ရပ်တန့်ခိုင်းလေသည်။

ထိုသို့ ရပ်တန့်လေလျှင် မနီးမဝေး၌ လူသံ သူသံများ… ကြားရလေသည်၊ စိုထောက်ကြီးနှင့် လူသူတော် သျှော… တစောင်းတို့သည် တစ်ဦးနှင့် တစ်ဦး ကြည့်ကာ အသိအမှ… ပြုလိုက်ကြလေသည်။

သျှောင်တစောင်းသည် ကရင်ကြီးအား သစ်ပင်ကြီးပေါ်… သို့ တက်စေပေ၏၊ သစ်ပင်ပေါ်မှ ကြိုး တစ် ချောင်း သ… အောက်သို့ကျလာပေသည်၊

ကြိုးမှာ ကျပ်လုံးခန့် ကြီးမားလှသော ကြိုးကြီးဖြစ်လေ… သည်။



'ကဲ....စိုထောက်ကြီးက အရင်တက်'

စိုထောက်ကြီးဦးဇင်ယော်သည် အသက်အရွယ်ပင်ကြီးလင့်ကစား ပေါ့ပါးစွာ ကြိုးကိုဆွဲ၍ သစ်ပင်ပေါ်သို့ တက်သွားလေသည်။

ထို့နောက် ကရင်ကြီးသည် မီးတုတ်ကို မှုတ်လိုက်ကာ သစ်ပင်ပေါ်သို့ တက်သွားလေသည်၊ သျှောင်တစောင်းသည် ကြိုးကိုကိုင်၍ လွှဲလိုက်ပြီးလျှင်ဆွဲ၍မတက်ဘဲ လွှဲကျော်မျောက်ကဲ့သို့ လွန်စွာပေါ့ပါး ပျော့ပျောင်းစွာဖြင့် လင့်စင်၏ ကြမ်းခင်းထိပ်သို့ ခြေစုံဖျောက်၍ တက်လေသည်။

စိုထောက်ကြီး ဦးဇင်ယော်သည် သျှောင်တစောင်းအား လွန်စွာ အံ့အားသင့်သွားပြီးလျှင် သျှောင်တစောင်းအား သေချာစွာကြည့်ရှုလေသည်၊ သာမန် လူသားမှ ဟုတ်မှါလေလား ဟူသော သံသယပွားစိတ်သည် စိတ်ကို ပင့်ဆော်လျက်ရှိသည်၊

ကရင်ကြီး ဘိုးစံသည် ဒူးလေးကို ကိုယ်ပေါ်မှ ချွတ်ချရင်း သျှောင်တစောင်းအား ကြည့်၍ ပြုံးနေပေသည်။

လင့်စင်ကြီးကား လွန်စွာ ကြီးမားလှပြီးလျှင် သစ်ကြီးပင်သုံးဆိုင်ခွ၍တည်ဆောက်ထားပေ၏၊ အပေါ်တွင် ကတိုးကညင်သားဖြင့် အခင်းကို ပတ်လုံးဖွဲ့ခွေ၍အကာအရံကိုပတ်ပတ်လည်ကို ဝါးပိုးမျှင်များ စုတ်သတ် ရိုက်ထားပေသည်။ သက်ကယ်ဖက်ဝိုင်းများကို အပေါ်မှ မိုးထားပေသည်၊

www.burmeseclassic.com

www.burmeseclassic.com



လင့်စင်တဲဆီတွင်ကား အင်းစိန် စီအိုင်ဒီမှ တပ်ဖွဲ့ကျော် စုံထောက် စာဆင် ဘူးမောင်နှင့် သျှောင်တစောင်း၏ တပည့် လူပုကလေးတစ်ဦး ပါလာလေသည်။

လူပုကလေးသည် ၎င်း၏ ခါးကြိုးတွင် မြွားမြောင်လှသော ပစ်ဓားများကို သားရေချိတ်ဖြင့်ချိတ်ဆွဲထားလေသည်။ စာသင် ဘူးမောင်သည် ကော့ဝင်ချက်စတာ မောင်းရိုက်သေနတ်ကို မြောင်းတိုက်လျက် ရှိပေ၏။

လင့်စင်ခေါင်မိုးမှချိတ်ဆွဲထားသော 'အလာဒင်' မီးအိမ်၏ အလင်းရောင်လေးသည် မှိတ်တုတ် မှိတ်တုတ် ဖြစ်လျက် ရှိပေသည်။

မီးလင်းဖိုလေးတစ်ဖိုသည် တည်ထားကြကာ ထိုမှ ရေနွေးကရားသည် အငွေ့တထောင်းထောင်း ထလျက် ရှိပေသည်။ အလယ်တွင် ခေါင်ဖင်လေးပေါ်မှ တောတွင်း အာဟာရ ဖြစ်သည့် ဆတ်သားခြောက်နှင့် သမင်သားကြော်သည် အဆင်သင့် ဖြစ်လျက် ရှိပေသည်။

ကရင်ကြီးသည် တောမုဆိုးပီပီ ခေါက်စားပွဲပေါ်၌ တင်ထားသော ဆတ်သားခြောက်ကို ဖဲ့၍စားလိုက်ရင်း ကရင်ဘာသာဖြင့် ကောင်းကြောင်း ပြောဆိုလိုက်ပေသည်။ စုံထောက်ကြီး ဦးဇင်ယော်သည် အပေါ်အင်္ကျီကိုချွတ်၍ သစ်လုံးတိုင်တွင် ချိတ်လိုက်ရင်း မတိုးမကျယ် လေသံဖြင့် သျှောင်တစောင်းအား ပြောလိုက်ပေသည်။

'ကျုပ်တို့ ကြောင်နက်ရှင်သူဇာရဲ့ ဌာနချုပ်ကို ထောက်လှမ်းဖို့လာခဲ့တာက မုဆိုးကျော်ကြီးအလန်ကွာတာမိန်း အာဖရိ



ကတောနက်ထဲ အမဲလိုက်နေတာနဲ့ တူနေပြီ သျှောင်တစောင်း၊ ဌာနချုပ် မင်းကြီးက ကျုပ်ကို လူများများ ခေါ်သွားဖို့ပြောပေမယ့် ကျုပ်ကလဲ ကိုရင့် အားကိုးနဲ့ဆိုတော့ စာသင် ဘူးမောင်ကိုပဲ တောင်းခဲ့တယ်၊ ဒီကောင်က မုဆိုးသူရဲဆိုတော့ ဟန်ကျတာပေါ့'

အဝေးမှ လူသံများသည် နီးကပ်လာသယောင် ထင်မှတ်ရပေသည်။ ပတ်ဝန်းကျင်သည် ပုရစ်ပိုး ထိုးသံသာလျှင် ထင်ထင်ရှားရှား သိသိသာသာ ကြားရပေသည်။ တစ်ချက်တစ်ချက် မီးစုန်းကြူး တစ်ကောင် နှစ်ကောင်သည်သာလျှင် လင့်စင်ဆက်၌ ဝဲလျက်ရှိပေသည်။

လူပုကလေးသည် ရေနွေးကြမ်းအိုးကို လင့်စင်အလယ်သို့ ယူဆောင်လာပြီး ဆတ်သားခြောက်လွေးနေသော ဦးဇင်ယော်နှင့်သူ့ဆရာ သျှောင်တစောင်းတို့အလယ်ကို ချထားပေးသည်။

'ကရင်ကြီး အကူ လိုမယ်ထင်လို့ ကရင်ကြီးကို သွားခေါ်ရတာ၊ ကရင်ကြီးက ဒီဘက်တော့ အတော်ကျွမ်းတယ်ဗျ၊ ကျုပ်နဲ့ ကရင်ကြီးဟာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သိကျွမ်းဟောင်းကြီးတွေပဲ၊ ရိုးမ ဆရာရသေ့က သင်ပေးတဲ့ ပညာတွေထဲမှာ ကရင်အထောင်းအထု ပညာပါ ပေးလိုက်တယ်ဗျ၊ အဲဒါ ကရင်ကြီးကို ကျုပ်ပဲ ပြန်သင်ပေးလိုက်ရတယ်၊ ကရင်ကြီးက အဲဒီတုန်းက မုဆိုးပညာ ဇတ်တာစမှာ ကျုပ်နဲ့ လာတွေ့ရတယ်၊ ဒါနဲ့ ကျုပ် စုထောင်းထားတဲ့ 'ဝလုံက' လေးကို ပေးလိုက်တာ အတော် သဘောကျသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဝလုက....လေးက ဘာထူးလို့တုန်း လူ သူ တော် ကြီး ရဲ့'

'ဝလုက...လေး ဆိုတာကတော့ ကရင်ကြီး ပိုသိပါလိမ့် မယ်'

သျှောင်တစောင်းသည် ဒူးလေးကို တိုက်ချွတ် နေသော ကရင်ကြီးဘက် မျက်စောင်းထိုးပြလိုက်ရာ ကရင်ကြီးသည် ကွမ်းစားထားသော သွားမည်းမည်းကြီးကို 'အာလာဒင်' မီးအိမ်လေးဖြင့် မြင်နိုင်အောင်ပင် ပြုံးစိစိလုပ်လျက် သူ၏ ကြီးမားသော ဒူးလေးကြီးကို မ,ပြီးလျှင် ဒူးလေး၏ဒင် ထုထွင်းထားသော အရုပ်ကို လက်ဖြင့် ညင်သာစွာ ပွတ်သပ်လိုက်လေသည်။ စုံထောက်ကြီး ဦးဇင်ယော်သည် ထိုအခြင်းအရာကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလျက် ရှိသည်။

ထို့နောက် ကရင်ကြီးဘိုးစံသည် ဒူးလေးကို ဦးမြှောက်၍ ချိန်လိုက်ပြီးလျှင် မြားတံကို ဒူးတင်၍ ဒူးလေး၏ သားရေကြိုးကွင်း၌ တပ်လိုက်လေသည်။ ထို့နောက် ၎င်းတို့လင့်စင်ထိုးလျက်ရှိသော သစ်ပင်ကြီးပေါ်သို့ တင်လိုက်ပြီးလျှင် ဒူးလေးကြိုးကို ဖြုတ်လိုက်လေသည်။ အပေါ်သို့ထောင်မြှောက်၍ ချိန်မှန်းပစ်လိုက်ခြင်း ဖြစ်သည်။ ညအခါဖြစ်သည့်အတွက် မြားထွက်သွားသောအသံသည် ပတ်ဝန်းကျင်ကို ဟည်းသွားစေလေသည်။ တစ်အောင့်ကြာလျှင် မြားတံသည် ရှူးခနဲ အသံမြည်လာပြီးလျှင် အပေါ်မှ အောက်သို့ ဝိုင်းထိုင်နေသော အလယ်တည့်တည့်သို့ ရောက်လာလေသည်။ သို့ရာတွင် မြားထိပ်၌ခွေခေါက်



က်ရှိသော အရာတစ်ခုပါလာလေသည်။ ထိုအရာသည် တွန့်လျက် မြားတံ၏ထိပ်၌ ငြိမ်သက်သွားလေသည်။

'လင်းပိတ်မြွေပါလား'

သျှောင်တစောင်းသည် ရေနွေးငွဲ့သောက်ရင်း မြားတံထိပ်လျက်ရှိသောမြွေကို ကြည့်ရင်း ပြောလိုက်လေသည်။ ကရင်း မြားထိပ်မှမြွေကို လက်ဖြင့်ယူ၍ ၎င်းတို့အနီး၌ တည်ထားသော မီးလင်းဖိုပေါ်မှ ကျက်ကျက်ဆူလျက်ရှိသော ရေနွေးးထဲသို့ ထည့်လိုက်လေသည်။ စုံထောက်စာသင် ဘူးမောင်သည်နွေးအိုးထဲရောက်သွားသော လင်းပိတ်မြွေကို ညှပ်ဖြင့်ညှပ်၍စ်အောင့်မျှ စိမ်ထားလိုက်ပေသည်။

'ကောင်းတာတော့ဒါပဲဗေ့.... ဒူးလေးတော်လား လူတော်းတော့ မသိဘူးဗေ့၊ ညဘက်မှာ တောလိုက်လို့လဲရတယ်၊ ဒီဒူးလေးက အစောင့်ကောင်းတယ်ဗေ့၊ တစ်ခါပစ်ရင်းကောင်မရမရှိဘူးဗေ့၊ အချိန်က အခြားဒူးလေးတွေထက်ါးဆယ်သားပိုလေးတယ်'

ကရင်ကြီး၏ ဒူးလေးအကြောင်း စပ်မိစပ်ရာကို ပြောဆိုက်ရှိကြစဉ် လင်းပိတ်မြွေသားကို ကြက်သွန်ဖြူထောင်းဖြင့် စာသင်ဘူးမောင်သည် ယူဆောင်၍ လာပေသည်။ ရင်ကြီး၏ မုဆိုးပညာမှာလည်း အံ့လောက်ပါပေသည်။

'သိပ် ကောင်းတယ်ဆရာ၊ ဒီမြွေသားဟာ အရမ်းကောင်းယ်၊ ရှဲတယ်၊ စားရင် သိပ်အားရှိတယ်၊ လူအိုတွေစားရင်ကောင်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



စာသင်ဘုန်းမောင်သည် ဘုန်းမောင်ဆိုသည့်အတိုင်း အတော စုံသည့်အလျောက် စုံထောက်ကြီး ဦးဇင်ယော်အား လင်းပိ မြွေသားကိုစားရန် တိုက်တွန်းလိုက်ပြီး ၎င်းကိုယ်တိုင် ခက်ရင် ဖြင့် ကလော်ရင်း ဖဲ့လျက်ရှိပေသည်။

'လူအိုတွေ မိန်းမကြိုက်အောင် လင်းပိုတ်မြွေသားစားပေ ရတယ်၊ လင်းပိုတ်မြွေသား စားပြီးရင် ဟဲ ဟဲ ဟဲ မိန်း ကြိုက်ရောဗျ၊ ဆရာသျှောင်တစောင်းတို့ကတော့ မစားနဲ့ဗျ ဟဲ ဟဲ ဟဲ ဟဲ၊ အနေရအထိုင်ရ ခက်တယ်ဗျ'

လူသုံ့တော်သျှောင်တစောင်းသည်ပြုံးလျက်ပလုတ်ပလော စားလျက်ရှိသော စာသင်ဘုန်းမောင်ကိုကြည့်ကာ ပီတိကျလျ ရှိသည်။စုံထောက်ကြီးဦးဇင်ယော်သည် မရဲတရဲမြည်းစမ်းလျ ရှိသည်၊ ကရင်ကြီးသည်လည်း လင်းပိုတ်သား အမြီးပိုင်းက လက်ဖြင့်နှိုက်ထိုးကော်လျက်ရှိပေသည်။ လူပုကလေးသည်လည် နှိုက်ကော်ရန် လက်လှမ်းဘောအခါ သျှောင်တစောင်းသည လက်ကာပြလိုက်သောကြောင့် နောက်ထပ်စားသုံးရန်မပြုတော ပေ။အကြောင်းသော်ကား လူပုကလေးသည်လည်း အိမ်ထော မရှိသော လူပုကလေး ဖြစ်သောကြောင့် ဖြစ်ပေသည်။

ထိုစဉ် လူသံသူသံများသည် ပိုရ်ပိုရ် ကြားလာရပေသည်၊ ထို့နောက် ဗုံသံလိုလို၊ နှဲသံလိုလိုများလည်း ကြားရပေသေး သည်၊ထို့နောက် ဝါးရိုက်သံများနှင့် တဟေးဟေးဟူ၍ အော် သံလိုလို ကြားရပေသည်၊ ညဉ့်သည် နက်သည်ထက်နက်သော အပိုင်းသို့ ရောက်လာလေသဖြင့် တောတွင်း၌ အအေးဓာတ် တို့သည်လည်း ပိုကဲ၍သာ လာပေတော့သည်။



အသံများသည် ပို၍ နီးသည်ထက်နီးလာပေသည်။ စာသင် ဘုန်းမောင်သည် လင့်စင်ကြီးပေါ်မှ မီးအိမ်လေးကို ထ၍မှိတ် လိုက်သည်။ အသီးသီး အနွေးထည်ကုတ်ခေါ်သော ညဝတ် အင်္ကျီများနှင့် ဂျာကင်ဟုခေါ်သော အင်္ကျီတို့ကိုဝတ်ဆင်လိုက် ကြ၍ အသီးသီး သင့်စင်ပေါ်မှ နေရာယူပြီး တိတ်ဆိတ်လျက် ရှိကြသည်။

အနောက်ဘက်မှ အသံများသည် အရှေ့ဘက်သို့ဦးတည်၍ ပေါ်လာပြန်လေသည်။ ငုံတိုလေးများကို တစ်ချက်ချင်းခေါက် ၍ စီတန်းလာကြသော လူတန်းကြီးကို သျှောင်တစောင်းနှင့် စုံထောက်ကြီး ဦးဇင်ယော်တို့ တွေ့ရှိကြရလေသည်။

မီးတုတ်ကြီးများကို ကိုင်ကာရှေ့ဆုံးမှလာသောယောကျ်ား ကြီး လေးယောက်တို့၏ ကိုယ်ကာယတို့မှာ လွန်စွာတောင့်တင်း လှပေသည်။ ၎င်းတို့သည် ကိုယ်ခန္ဓာ၌ ဆီများလူးထားကြလေ သည်။ ခါးတောင်းမြှောင်အောင်ကျိုက်ပြီးလျှင် ဓားကြီးများ လက်တစ်ဖက်စီ၌ ကိုင်ဆောင်ထားကြလေသည်။ ထိုသူတို့သည် တရွေ့ရွေ့ဖြင့် ခြေလှမ်း၊ လှမ်းလာကြလေသည်။

မီးတုတ်ကိုင်ယောကျ်ားနောက်မှ အိုးထမ်းယောကျ်ားဆယ် ယောက်ခန့်ကို တွေ့ရလေသည်။ ၎င်းတို့သည် ရွှေဖောင်း ကရားအိုးတို့ကို ယူ၍ ခေါင်းပေါ်၌ရွက်ရလေသည်။ ထို့နောက် အသားအရေ ဖြူဖွေးနုဆွတ်သော မိန်းမပျို ဆယ်ယောက်သည် လည်း ရွှေဖောင်းကရားအိုးတို့ကိုယူ၍ထမ်းလာကြလေသည်။

၎င်းတို့သည် ထူးဆန်း၍ ရှေးဆန်သော အဝတ်အစားတို့ကို ဝတ်ဆင်ထားကြပေသည်။ ရှေးဟောင်းနန်းဆန်သော အဝတ်

www.burmeseclassic.com



အစားတို့ကို ဝတ်ထားသည်၊ သို့သော် ခါးဘောင်နှင့်ခါးတင် ညီညွတ်ပြေလျော့၍ ပိုးစ ပိုးနုများဖြင့် ရင်စည်းကို တွဲလောင်း ချထားကြသည်၊

ခါး၌ အနီရောင် ကဒိန်ပဝါကို စည်းထားပေ၏၊ ကဒိန်ပဝါ ဆိုသည်မှာ ပျိုမင်းသမီးများ စည်းသော ခါးစည်းပဝါ ဖြစ်ပေသည်။

ထိုအမျိုးသမီးများ၏နောက်မှ ယောက်မကြီးများ ကိုင်ထားသော အတိုးကြီးလေးယောက်ကို တွေ့ပြီးလျှင် ထိုအတိုးကြီးများ၏ နောက်မှ သန်မာထွားကျိုင်း၍ ဖျတ်လတ်သန်စွမ်းဟန် ရှိသော အရွယ်အားဖြင့် နှစ်ဆယ်ကျော် သုံးဆယ်ခန့်မျှ ရှိပေသော လူလတ်လူရွယ် ဆယ်ဦးခန့်သည် ဒူးလေးများ ကိုယ်စီဖြင့် မောင်းမထိုင်ကိုင်နည်းဟူ၍ ခေါ်ပေသော ဘယ်ဘက်၌ အသေတင်ထားပြီး လက်ကျေးထားသော ဒူးလေးကိုင်နည်းဖြင့် တစ်လှမ်းချင်း လှမ်းလျက် ရှိပေသည်၊

မြင်ကွင်းမှာ လွန်စွာရှားပါးပြီး ထူးဆန်း လှပေသည်။ လင့်စင်ပေါ်  လူအုပ်သည် မနီးမဝေး တောလမ်းမှ ဖြတ်လျှောက်လျက်ရှိသော လူတန်းနှင့် အဖြစ်ဆန်းကို တွေ့ကာ မှင်သက်မိလျက် ရှိပေသည်။ စုံထောက်ကြီး ဦးဇင်ယော်သည် ဂျာမန် မှန်ပြောင်းကို ယူ၍ သေချာစွာ ချိန်ပြီးလျှင် နီကွန်း ဟူသော အဝေးရိုက်ကင်မရာကို ချိန်လျက် ထိုလူစု၏ လှုပ်ရှားမှုကို မှတ်တမ်းပြုလျက် ရှိပေသည်။ ထိုလူစုသည် လွန်စွာ ထူးဆန်း အံ့သြဖွယ်ရာ ကောင်းသော အမှုကို ပြုလျက် ရှိပေသည်။



လေးဒော်သားများ၏ နောက်နား၌ ဝေါစင်ဖြင့်ထမ်းလာသော နန်းစင်ဝေါ အဆောင်တစ်ခုကို တွေ့ရလေသည်။ ဝေါ တွင် အမှုထမ်းရှစ်ယောက်မျှ ထမ်းပြီး ထမ်းထားသော လူစုလည်း သန်မာတုတ်ခိုင်လှသော ဝေါတော်ထမ်းများ ဖြစ်ပေသည်။ ဝေါယာဉ်မှာ ပြာသာဒ်ဖြင့် ဆောက်ထားပြီး ၎င် အလယ်တံခါးရှေ့၌ ပိုးပဝါ များကို ခန်းဆီး ကန့်ထားလေသည်၊ မီးတုတ်များသည် ဝေါယာဉ်ပတ်လည်၌ လွန်စွာ နိုလင်း ထွန်းညှိထားလေသည်။ မီးတုတ်များအပြင် ကညင်မီးခွက်များကို ကိုင်ထားသော လူရွယ်လူလတ်တို့သည်လည်း ဝေါယာဉ်ဘေးမှ ကပ်ယှဉ်လျက် တွေ့ရလေသည်။

လင့်စင် ပေါ်မှ လူစုသည် လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှသော အချက်များကို တွေ့ရှိနေရသဖြင့် လွန်စွာ မိသက်လျက် ရှိပေသည်။ စုံထောက်ကြီး ဦးဇင်ယော်နှင့် လူသူ တော် သျှောင်တစောင်းတို့သည် ဂျာမန် လင့်မှန်ဘီလူးဖြင့် ယောက် တစ်လှည့် ကြည့်ရှုလေ့လာလျက် ရှိကြပေသည်။

သျှောင်တစောင်း၏ မှန်ဘီလူးထဲ၌ ဝေါယာဉ် ပေါ်မှ မျိုးသမီးကို နီးကပ်စွာ တွေ့ရလေသည်၊ သျှောင်တစောင်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးလျှင် စုံထောက်ကြီးဘက် မှန်ဘီလူး ပေးလိုက်လေသည်၊

စုံထောက်ကြီးသည် မှန်ဘီလူးဖြင့် ချိန်လျက်....

'အတော်လှတဲ့ မိန်းမပဲဗျို၊ ဘာတွေကြောင့် ဘယ်ကိုတွေ သွားနေကြတယ် မသိဘူး၊ သူ ဝတ်စားထားတဲ့ အဝတ်အစား ကလဲ တစ်မျိုးပဲဗျို၊ အတော် ထူးခြားလှတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



သျှောင်ထုံးစောင်းသည် ခေါင်းညိတ်လျက် သဘောတူမှုကို ပြလိုက်ပေသည်။

ဝေါယာဥ်ထမ်းနောက်မှ နေ၍ လှန်စွာ ကြီးမားလှပ၍ လှန်စွာ ရှေးဆန်သော နန်းတွင်း ကနုတ်ကလိ၊ ပန်းခက်၊ ပန်းလက် ကနုတ်ခွေ၊ ဇွေစေဆင်းခြင်တက်၊ မောင်းကပ်များပါ သော ရှေးဟောင်း အိုးကြီးတစ်ခုကို လှည်းပေါ်၌ တင်လျက် ထိုလှည်းကို လှန်စွာ လှပစွာ ဆင်ထားလေသည်။

နို့အိုးကြီးဟူ၍ ထင်ရခဲ့သော အိုးကြီးမှာ ရာဇဝင်အိုးကြီးဖြစ်ပေပြီးလျှင် ထိုအိုးအနီး၌ ပန်းများ သီကုံးထားကြလေသည်။ ထိုလှည်းပေါ် ရှေးဟောင်းအဝတ်အစားများကို ဝတ်စားထားကြသော လှည်းယာဥ်မောင်းနှစ်ဦးသည် လှည်းနှင်တံကို ကိုင်လျက် ညင်သာစွာ လှည်းကိုမောင်းလျက်ရှိပေသည်။ ထိုလှည်း၏ နောက်ဘက်မှလူပေါင်းသုံးကျိပ်မျှရှိသော လှန်စွာလှပသော မိန်းမပျိုလေးများကို တွေ့ရလေသည်။

သို့သော် ထိုမိန်းမပျိုလေးများသည် ရင်ချီ တင်မောကို၌ ဆံထုံးတက်ဖားလျားချထားကြပေကာ လှန်စွာရှည်လျားသော လေးများကို ကိုင်ဆောင်ထားကြပြီးလျှင် ကျောဘက်၌ ပလိုင်း ကိုယ်စီဖြင့် မြားများကို ထည့်သွင်းထားကြလေသည်။

၎င်းတို့ ဝတ်သော အဝတ်အစားများမှာလည်း ထဘီများ မဟုတ်ကြပေ။



ရှဥ့်မြီး ဟူ၍ ခေါ်ဆိုသော အိန္ဒိယအမျိုးတော်များ ဝတ်ဆင်သော ဂါဝန်မကျ၊ ထဘီမကျသော အဝတ်အစားမျိုးဖြစ်ပေသည်။

၎င်းတို့၏ ဦးခေါင်း၌ ပါဒိနီများကို ပတ်၍ စည်းထားပြီးလျှင် နီရဲသော နှုတ်ခမ်းဆိုးဆေး၊ ပါးဆိုးဆေးများကို ဆိုးထားကြလေသည်။ လက်များတွင် ရှေးဆန်သော လက်ကောက်ဝတ်များကို ဝတ်ဆင်ထားကြပေသည်။

တစ်ချက်တစ်ချက် ၎င်းတို့ လှုပ်ရှားလိုက်လျှင် တချွင်ချွင်ဖြင့် မြည်သံများ ပေါ်ထွက်လေရာ တိတ်ဆိတ်သော ပတ်ဝန်းကျင်၏ သဘာဝကို တစ်မျိုးချောက်ချားစေသည်။

ထိုအုပ်စု၏ နောက်နား၌ ရှေး ဗုံရှည်နှင့် ကုလားဗုံ၊ ပတ်တီး၊ ကြေးနောင်၊ နယားဆိုင် အစရှိသော တူရိယာများနှင့် တူရိယာငါးပါးအပြင် လူတစ်ရပ်ခန့် ရှည်လျားသော စောင်းတစ်လက် ပါရှိလေသည်။

ထိုတူရိယာကြီးမှာ နယားရုပ် သုံးရုပ်အပြင် ရှေးဟောင်း အရုပ်တစ်ရုပ် ပါရှိလေသည်။ စည်းနှင့် ဝါးကို ကိုင်လျက် စည်းပုံ ဆောင်းထားပြီးလျှင် ဒူးတစ်ဖက်ထောင်၊ ပေါင်တစ်ဖက် ချထားသော အရုပ်ဖြစ်လေသည်။

ထိုတူရိယာကြီးကို တီးခတ်ခြင်း မပြုဘဲ ဗုံတို၊ ဗုံရှည်များကိုသာလျှင် တီးခတ်လျက် ရှိပေသည်။

ထို တူရိယာ ဝိုင်းတော်သားများမှာ စုစုပေါင်းအားဖြင့် တစ်ကျိပ်ကျော်ကျော်မျှ ရှိလေသည်။ ၎င်းတို့အနီးတွင်လည်း မီးတုတ်ကိုင် ယောကျ်ားများ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ၿငင်းတို့နောက်တွင်ကား လွန်စွာ လေးလံ လွန်းလှသော ကျောက်ဆစ်ရုပ်နှစ်ရုပ်ကို ဝါးပိုးဇင်ထက်တွင်တင်ကာ ၎ အောက်မှ ဘီးအဝိုင်းကြီးဖြင့် လှိမ့်၍ ရှေ့မှ ကြိုးဖြင့် ဆွဲ သည်။

ထို ကျောက်ဆစ်ရုပ်ကြီး နှစ်ခုမှာ လွန်စွာ ကြီးမားလှ လွန်စွာ လက်ရာမြောက်လှပေသော ကြောင်နက်ရုပ်ကြီးနှစ် ပင် ဖြစ်လေသည်။

ကြောင်နက်ရုပ်ကြီး နှစ်ရုပ်၏ လက်နှစ်ဖက်မှာ ခြ များ လက်ထောက်ထိုင်သကဲ့သို့ ရှိပြီးလျှင် မျက်လုံး နှစ် မှာ ရှေ့ဟည့်တည့်သို့ စူးစူးကြည့်နေပုံပင် ဖြစ်ပေသည်။

နှုတ်ခမ်းမွေးများမှာလည်း ရှည်လျားပြီး မည်သို့ မ တပ်ဆင်ထားသည်ဟူ၍ မမှန်းဆနိုင်လောက်အောင်ပင် လက် မြောက်လှပေသည်။

ယိုကြောင်ရုပ်ကြီး နှစ်ရုပ်၏ ဘေးမှ ပုံလျက်ရှိသော ပ စည်းများမှာလည်း လွန်စွာ ရှားပါးလှသော တောတ ဂမုန်းပန်းများ ဖြစ်ပုံရလေသည်။

ၿငင်းတို့သည် စည်းချက်ဝါးချက်ညီစွာဖြင့်လွန်စွာနက်သော တောနက်ကြီးအတွင်း၏ ညဥ့်သန်းခေါင်ယံ အချိန်၌ လွန် ထူးဆန်း အံ့သြဖွယ်၊ တစ်နည်း ကြောက် ခ မန်း လိ လိ သေ အခမ်းအနားမျိုးကို ဆင်နွဲစိတန်းစီလျက် ရှိကြပေသည်။

'အင်း....ဒီလောက်များတဲ့ လူတွေ ဘယ်လိုများ စုံထ ပါလိမ့်'

www.burmeseclassic.com



စုံထောက်ကြီး ဦးဇင်ယော်သည် မှန်ပြောင်းကို ဘေးချ ရင်း အနီး၌ရှိသော သျှောင်တစောင်းအား ပြောဆိုလိုက်လေ သည်။

'ပျူခေတ်ရဲ့အငွေ့အသက်နှောတဲ့ ပူဇော်မှုချက်တွေပဲထင်တယ်၊ လူစုတို့ကတော့ အခကြေးငွေသဘောနဲ့ စုတာလား၊ သို့တည်း မဟုတ် အလွန်နက်နဲပြီး အယူသီးမှုတွေကို အမှိုင်း သွင်းပြီး မြေအောက်အဖွဲ့အစည်းအဖြစ် ခံယူထားတာလား၊ ဒီနှစ်ချက် အနက် တစ်ချက်ချက်ပဲ ဖြစ်မယ်လို့ ယူဆရတယ်'

သျှောင်တစောင်းနှင့် စုံထောက်ကြီးတို့သည် အပြန်အလှန် ပြောဆိုနေစဉ်အတွင်း စီတန်းလှည့်လည်လျက်ရှိသော လူအုပ် လူတန်းကြီးသည် လျင်မြန်စွာ လှုပ်ရှား၍ လျင်မြန်သောအဟုန် ဖြင့် ပြေးသွားကြပြီးလျှင် မီးတုတ်များကိုလည်း ငြိမ်းသတ် လိုက်ကြပေသည်။

မြင်ကွင်းမှာ လင်းထိန်လျက်ရှိရာမှ မှောင်မိုက်သွားလျက် ရှိပေခြင်းကြောင့် သျှောင်တစောင်းနှင့် စုံထောက်ကြီး ဦးဇင် ယော်တို့ သူစုမှာ ရုပ်ရှင်ကား ကောင်းနေစဉ် မီးပျက်သကဲ့သို့ ခံစားရလေသည်။

သို့သော် ဤအတိုင်းမနေဘဲ တောထဲတွင် တရှီရှီနှင့် လေချွန်သံလိုလို ကြားရလေသည်။ သို့အတွက်စုံထောက်ကြီး သည်လင့်စင်ပေါ်ရှိ အာလာဒင်မီးအိမ် မှိန်ပျပျလေးအား မှုတ် စေလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တရှိန်ရှိန် လေချွန်သံများနှင့်အတူ ကြေးနောင် ရိုက်သံများကို ကြားရပြီးလျှင် သစ်ရွက် လေတိုးသံကိုလည်း ကြားရလေသည်၊

လူသူတော်သျှောင်တစောင်းသည် အခြေအနေမှန်ကို ရိပ်မိလိုက်ပြီးလျှင် အားလုံးအား အဆင်သင့်ပြုနေရန် ပြောကြားလိုက်ပေသည်။

ထိုစကားမျှ မဆုံးသေးခင် လေချွန်သံများ ဆက်တိုက် ကြားလိုက်ရပြီးလျှင် လင့်စင်ပေါ်သို့ မည်းမည်း သတ္တဝါများ ရောက်ရှိလာလေတော့သည်၊ အောက်မှ တက်ခြင်း မဟုတ်ဘဲ နွယ်ကြိုး သို့မဟုတ် ကြိုး တစ်စုံတစ်ရာဖြင့် လွဲ၍ လင့်စင်သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်၊

‘ဟေ့... မလှုပ်နဲ့၊ တို့ ဝိုင်းထားပြီ’

အသံသြသြဖြင့် သွားကျိုးပုံရ၍ ဝတ်ရုံအနက်ကို ခြုံထားသော လူလေးဦးသည် လင့်စင်ပေါ်သို့ တရကြမ်း ရောက်၍ လာကာ သျှောင်တစောင်းတို့ လူစုအား ဝိုင်းထားလိုက်လေသည်။

၎င်းတို့သည် မည်သည့်နက်နက်မျိုး ကိုင်ဆောင်ထားသည်ကိုမူ မှောင်နှင့်မည်းမည်းဖြစ်၍နေသဖြင့် မမြင်ရပေ။ သို့ရာတွင် လင့်စင်ပေါ်မှ လူများသည် တစ်ရှိန်ထိုးထ၍ တိုက်ခိုက်လိုက်ကြသည်၊

ကရင်ကြီး ဘိုးစံသည် ကိုင်လျက်ထားသော ဒူးလေးကို လှည့်၍ဖြုတ်လိုက်ရာ ရှေ့ဆုံးမှ ဝင်လာဟန်တူသူ ရင်ဘတ်အောက်သို့ စိုက်ဝင်သွားဟန် တူပေသည်၊



ထိုပုဂ္ဂိုလ်အော်သံမှာ စူးရှသော အော်သံနှင့် စူးနက်လှသည်။ စာသင်ဘူးမောင်သည် ၎င်း၏ဝင်ချက်စကား မောင်းတီးသံနက်ဖြင့် နောက်လူကို ရိုက်လိုက်ရာ ထိုလူသည် စာသင်ဘူးမောင်အား ဖမ်းချုပ်ပြီးလျှင် ကန်ထည့်လိုက်ပေရာ တိုက်ပွဲအတွေ့အကြုံ ရင့်ဟန်တူသော စာသင်ဘူးမောင်သည် ပြန်ပြန်၍ လုံးထွေးလျက် လင့်စင်ကြမ်းပြင်ပေါ်၌ လုံးထွေးလျက် ဘာသက်လုနေကြပေ၏။

သို့သော် မကြာမီပင် ထိုပုဂ္ဂိုလ်သည် စာသင်ဘူးမောင်၏ကြေခြကန်ချက်ကြောင့် အောက်သို့ ရောက်သွားလေသည်။

သျှောင်တစောင်းနှင့် စုံထောက်ကြီး ဦးဇင်ယော်တို့နှင့် တွေ့သော လူမည်းမည်းနှစ်ယောက်မှာ လူခပ်ပျော့ပျော့များဖြစ်ဟန်တူပေသည်။ ခပ်ကြာကြာမနွဲလိုက်ရဘဲ လင့်စင်ပေါ်တွင်ပင် ပျော့ခွေလျက်ရှိတော့သည်။

သို့သော် အခြေအနေသည် ငြိမ်သက်အေးချမ်း၍ မသွားဘဲ ၍ ရှုပ်ထွေးအန္တရာယ် ကြီးမားလာပေတော့သည်။ လူသူတော်သျှောင်တစောင်းနှင့် စုံထောက်ကြီးတို့၏ လင့်စင်ဘေးပတ်သည် ပတ်ဝန်းကျင်ဘေး၌ မျောက်မျာကဲ့သို့သော မည်းမည်း သတ္တဝါများသည် သစ်ပင် ကိုင်းများပေါ်တွင် တွဲခိုလျက် အသီးသီး ပေါ်လာပြီးလျှင် လင့်စင်ရှိရာဘက်သို့ မီးတုတ်များဖြင့် ပစ်တင်လိုက်လေတော့သည်။

ထို့နောက် ထိုလင့်စင်ဘေးပတ်ဝန်းကျင်သို့ ရှီးခနဲ ရှူးခနဲဖြင့် မြားတံများ လာရောက်စိုက်လျက်ရှိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မီးများသည် လင့်စင်တစ်ဝိုက် စွဲလောင်လျက် ရှိပေသ
မီးခိုးမီးတောက်များကြားတွင် လူသူတော် သျှောင်တစေ
တို့မှာ မီးဟပ်ခမန်းရှိပေသည်။

သျှောင်တစောင်းနှင့် စုံထောက်ကြီးတို့မှာ အင်္ကျီများ
လိုက်ကြပြီးလျှင် အဝေးပစ် လက်နက်များ၏ဒဏ်မှ လွတ်
အတွက် လွန်စွာ အားထုတ်ရလျက် ရှိပေသည်။

တရှိန်းရှိန်းနှင့် ရောက်လာသော မြားများမှာ သေး
သော ပစ်ချက်များမဟုတ်ဘဲ စက်ဝိုင်းလှည့်သကဲ့သို့လှည့်၍
လေသည်။ သို့သော် မြားတစ်စင်းတလေမျှပင် သျှေ
တစောင်းတို့အုပ်စုအား ထိနိုက်မှုမရှိပေ။

ထို့နောက် အသံနက်ကြီးတစ်ခုသည် သစ်ပင်များကြာ
ပေါ်ထွက်လာလေသည်။

'အသင် သျှောင်တစောင်း....အသင် အဖမ်းခံပါ၊ကျုပ်
ကြောင်နက်ရှင် ဂိုဏ်းကို အန်မတုပါနဲ့၊ အသင့်အသက်
နှမြောရင် အဖမ်းခံပါ၊ စုံထောက်ကြီး အားလျော့လိုက်
ဒါမြို့တော် ရန်ကုန် မဟုတ်ပေဘူး၊ ကရင်ယင်တိုင်းတော
ကောက်ဂျပ်နယ်ဖြစ်တယ်၊ တို့ကြောင်နက်ရှင် သူဇာအဖွဲ့
ချက်တိုင်ဖြစ်တယ်၊ လက်နက်ချပါ'

အသံနက်ကြီးသည် ရပ်ဆိုင်းသွားပြီးနောက် မီးလော
မြှိုက်လျက်ရှိသော လင့်စင်ကြီးမှာ ဝုန်းခနဲ ကျိုးကျသွား
တဖြောက်ဖြောက်မြည်လျက်ရှိသော သစ်တို သစ်စများသ
အောက်ခင်း၌ ဖွာဆန်ကြဲလျက်ရှိပေ၏။ မီးလုံးမီးတောက်ကြ
များသည် အောက်ခြေ၌ မီးစွဲလျက်ရှိပေသည်။



'ဟား....ဟား....ဟား....ကြောင်နက်ရှင်ဂိုဏ်းကွ၊ ဟား....
ဟား....ဟား'

ဟူ၍ ငှက်ဆိုးဟိုးသံကြီးနှင့် အလွန်တရာတူလှသော အသံ
ကြီးသည် ဟားတိုက်လျက် ပေါ်လ ပြန်လေသည်။

သျှောင်တစောင်းနှင့် စုံထောက်ကြီးတို့သည် လင့်စင်ထိုး
ထားသော သစ်ပင်ဆိုင်ခွကြီးသုံးခွ၌ တွယ်ကပ်လျက်ရှိပြီးလျှင်
စာသင် ဘူးမောင်၊ လူပုကလေးနှင့် ကရင်ကြီး ဘိုးစံတို့မှာ
လင့်စင်အထက် သစ်ကိုင်းများတွင် ကပ်လျက် မျောက်လွှဲ
ကျော်များကဲ့သို့ သစ်ကိုင်းများကြားတွင် ဝပ်ခိုလျက် ရှိကြ
သည်။

ကြောင်နက်ရှင်ဂိုဏ်းသည် ကြောင်ကို ရေနစ်သလို လွယ်ကူ
လှသည့် မြေအောက်ဂိုဏ်းကြီး မဟုတ်ပေဘဲအင်အားကြီးမား
စွာနှင့် ခိုင်မာစနစ်ကျစွာ ဟည်ဆောက် ဖွဲ့စည်းထားသည့်
မြေအောက်ဂိုဏ်းကြီးတစ်ခုဖြစ်သည်ဟူ၍ စုံထောက်ကြီး ဦးဇင်
ယော်သည် မိမိ၏အသက်ဘေးအန္တရာယ်အတွက် စိုးရိမ်မှုကင်း
ရှိနေရင်း တွေးတောမိပြီးလျှင် မိမိ၏ရင်ဘတ် ဘယ်ဘက်ချိုင်း
၌ စလွယ် သိုင်းထားသော ၃၈ ခြောက်လုံးပူး သေနတ်ကို
လက်ဖြင့် စမ်းသပ်လိုက်လေသည်။

သို့သော် မည်မျှအချိန်ကြာလိုက်သည်ဟူ၍ ခန့်မှန်း၍ မရ
သည့်အချိန်အတွင်းတွင်ပင် ရှည်လျား၍ မည်းမှောင်လှသော
အစကြီးတစ်စသည် ၎င်း၏ကိုယ်အထက်ပိုင်း၌ လွှမ်းမိုးပြီးလျှင်
လွန်စွာ သန်မာလှသော လူတစ်စု၏ ဝိုင်းဝန်း ညှစ်ဖမ်းဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ခံရပြီးလျှင် ခေတ္တမျှ သတိမေ့လျော့သကဲ့သို့ ဖြစ်သွား လေသည်။

သျှောင်တစောင်းသည် သစ်ပင်ပေါ်မှနေ၍ ပေနှစ်ဆယ်ခ ပြီးသော အောက်ဘက်သို့သစ်ပင်အားလက်ထောက်၍အော သို့ ခုန်လိုက်ပေရာ အောက်သို့ရောက်သောအခါတွင် အသ မီးတုတ်ကိုင်လျက် လက်နက်ကိုယ်စီဖြင့် စောင့်လျက်ရှိသေ အဝတ်နက်ဝတ်ထားသော ကြောင်နက်ရှင် ဂိုဏ်းဝင်တို့ အလယ်သို့ ရောက်သွားလေသည်။

သျှောင်တစောင်းခုန်လိုက်သော အခုန်သည် တောတွင် သား အတတ်တွင် အဆင့်လွန်စွာ မြင့်သော ကဏ္ဍမ ကျားသ မျိုးတို့၏ ခုန်နည်းဖြင့် ခုန်ခြင်းဖြစ်ရာ ရှိးမဆရာ ရဲ ပညာကို ထုတ်ယူသုံးချလိုက်ခြင်းပင်ဖြစ်ပေ၏။ လူအုပ်အလယ သို့ ကဏ္ဍမကျားသစ်တို့၏ ကျခြင်းမျိုးဖြင့် ကျခြင်းဖြစ်လေရာ ဝိုင်းထားသောလူစုသည် နောက်သို့ အနည်းငယ်ဆုတ်ကာ လန့်သွားကြလေသည်။

[ကဏ္ဍမ ကျားသစ်မျိုးဆိုသည်မှာ ကျားသစ် မျိုး လေးပါးတွင် အလယ် ကျား သစ် မျိုး ဖြစ်ပေကြောင်း နောင်အခါတွင် သျှောင် တစောင်း ရှင်းပြသည့်အခါ သိရ သည်။]

ကျခြင်းသဘောမှာ ကျားသစ်အတိုင်း ကျခြင်းမျိုးဖြစ်ပြီး လျှင် သျှောင်တစောင်း၏ မျက်လုံးအစုံမှာ ကျားသစ်မျက်လုံး ကဲ့သို့ အရည်လည်ဝင်းလက်လျက်ရှိပေပြီးလျှင် ကိုယ်ဟန်ပန် တို့မှာ ကျားသစ်ကဲ့သို့ပင် ဖြစ်လျက်ရှိပေသည်။



သျှောင်တစောင်းအား ဝိုင်းထားသော ကြောင်နက်ရှင် ဂိုဏ်းသားတို့သည် ရှေးဟောင်းပုံစံဖြစ်သော ဓားတို့ကို ကိုင် လျက် အသင့်စောင့်နေကြပေသည်။ သို့သော်လည်း အရမ်း ဝင်၍ ထိုးခုတ်ရဲခြင်း မရှိကြပေ။

အဘယ်ကြောင့်ဆိုသော် ပထမဆုံး သျှောင်တစောင်းအား ဝင်၍ အကဲစမ်း ထိုးခုတ်လိုက်သူမှာ သျှောင် တ စောင်း ၏ သက်သည်းနှင့် လက်ချောင်းများတွင် အသက်ပါသွားသော ကြောင့်ပင် ဖြစ်ပေသည်။ ပထမဆုံးဝင်လိုက်သည့် ကြောင်နက် ရှင် ဂိုဏ်းသားသည် အောက်သို့ စောက်နက် လိမ့်ဆင်းလာ သော လူသူတော် သျှောင်တစောင်း၏ ရင်ဝတည့်တည့်သို့ သူ၏ ဓားမြှောင်ဖြင့် ထိုးစိုက်ပြီးလျှင် ပတ်မွေကွက်များဖြင့် ဓားကို ကစားလိုက်ရာ သျှောင်တစောင်း၏ ဘယ်လက်ဖြင့် ထိုးလိုက် သည့်လက်ကို ဆုပ်ဆွဲထားလိုက်ပြီးလျှင် ၎င်း၏ လည်မျိုဘေး တည့်တည့်သို့ ညှပ်၍ ကုပ်ရိုက်သွင်းလိုက်ရာ လည်ပင်း၌ရှိသော အကြောမကြီးဖြစ်သည့် 'လိုင်းရှင်းကော' အကြောမသည် ပေါက်ထွက်လျက် လျှာထွက်ပြီး အသက်ဇီဝိန် ကြွေသွားခဲ့လေ သည်။

သျှောင်တစောင်းသည် ကဏ္ဍမ ကျားသစ်ကွက်မှနေ၍ 'နေလန်းဆားထောင်း' တည်းဟူသော ကရင်ရိုးရာ ရှေးဟောင်း သက်ခဲ့ ပညာကွက်ကိုပြောင်း၍ ခင်းလိုက်ပြီးလျှင် ၎င်း၏ လူများ၏ အခြေအနေကို အကဲခတ်လိုက်သည်။

ပညာသရဖူ ဘုရင်တစ်ဆူဖြစ်သော ထူးဆန်းလှသည့် လူသူ တော် သျှောင်တစောင်း၏ ပညာရပ်များကို ကြောင်နက်ရှင်

www.burmeseclassic.com

www.burmeseclassic.com



သူဇာ ဂိုဏ်းသားများသည် ရုတ်တရက် မှင်သက်နေမိသော်လည်း သျှောင်တစောင်း၏ဘက်တော်သားဖြစ်သည့် စုံထောက်ကြီး ဦးဇင်ယော်နှင့် စာသင်ဘုန်းမောင်တို့သည် ကြောင်နက်ရှင်သူဇာ၏ ဝါးကပ်စင်ပေါ်သို့ ရောက် လျက် ရှိ ပေ သည် ကို သျှောင်တစောင်း တွေ့နေရပေရာ ရုတ်တရက် စိတ်ခတ်များသည် ပြောင်းလဲသွားပေတော့သည်။

ဤနေရာတွင် ကရင်ဘိုးစိန်နှင့် သျှောင်တစောင်းတို့သည့် လူပုကလေးတို့မှာမူ ရှာမတွေ့ရဘဲရှိလေသည်။ အဝတ်နက်အုပ်ထား၍ ကြိုးတုပ်ခံထားရသော စုံထောက်ကြီး ဦးဇင်ယော်သည် တဝူးဝူးဖြစ်လျက်ရှိပြီးလျှင် စာသင် ဘုန်းမောင်မှာ မျက်နှာ၌ အပိန့်အသီးများ ထလျက် ၎င်းအား လက်ပြန်ကြိုးတုပ်ထားခြင်း ခံရလေပြီးလျှင် ၎င်းလူနှစ်ဦးအား ကြောင် နက် ရှင် ဂိုဏ်းသားတို့သည် သျှောင်တစောင်း ဝိုင်းထားရာသို့ ဆွဲခေါ်လာပြီးလျှင် သိုးဆောင်းအင်္ကျီနှင့် သွားရေကိုခြုံထားသော လူတုတ်တုတ်တစ်ဦးသည် ရှေ့သို့တိုးလာလျက်....

'အသင်၏ ပညာရပ်ကို အစွမ်းကုန် အသုံးချ ခုခံနေ၍ အဖမ်းခံခြင်း မပြုလျှင် အသင်း၏ လူများကို ဤနေရာ၌ပင် သတ်ပစ်ရပေမည်'

ဟူ၍ လွန်စွာ တည်ငြိမ်လှသော အသံဖြင့် ပြောဆိုလေ၏။ အဝတ်နက်အုပ်ထား၍ စုံထောက်ကြီး၏မျက်နှာကို မမြင်ရသော်လည်း လက်ပြန်ကြိုးတုပ်ထားသောစာသင်ဘုန်းမောင်၏ မျက်နှာသေးသေးလေးမှာ သျှောင်တစောင်းအား အားကိုးတကြီး ကြည့်ရှုလျက် ရှိသည်။



'တစ်ယောက်သေ၍ အများကြေသော် ကောင်း၏'
'အများသေ၍ တစ်ယောက်နေရသော်အချည်းနှီး'

ဟူ၍ ဗျူဟာစက္ကဝဠ်၌လာသော (စစ်ပုဏ္ဏား)ကကျမ်းထွက်သည်း ဖြင့်ခရီး ...ရှိပေသည်။

(စစ်ပုဏ္ဏားက ကျမ်း ဆိုသည်မှာ ပုဏ္ဏား ဒုန္ဒ တို့၏ စပ်ထွက်ရေး အရ ရေးထားသော လက်ပုဏ္ဏားကျမ်းတစ်မျိုးဖြစ်သည်။ စစ်ဗျူဟာ စလွတ်ရှင်း တစ်မျိုး ဖြစ်၏။)

ဟူ၍ လူသူတော်သျှောင်တစောင်းသည် ဆင်ခြင်သုံးသပ်မိ၍ ...ခင်းထားသော နေလှန်းဆားထောင်း ကွက်နှင့် ဇင်ယော် ...င်ပံဖြန့် ဟူသော မဏ္ဍိုကဇီပူရ ရွှေရစ်ရေးသိုင်းကျမ်းတော် ...မှ သိုင်းကွက်ခင်းများကို ရုပ်သိမ်း၍ မိမိ၏ ဆရာရှင်း ...သော ရှိုးမ ဆရာရသေ့ထူးအား စိတ်၌ အာရုံ ညွတ်၍ ... မာန်တင်းထားသော ကွက်ခင်း၊ လက်ပျော့၊ ထိပ်သာ ...က်၊ မာန်ချိ၊ မာန်သွင်း၍ ဇီဝိန်သုတ်၊ မြေဘုတ်၊ ငှက်ဂဠုန် ... ဆင်ရဲ မုန့်ပြ ပြင်းနှက် ဟူသည့် စိတ်ဓောယဉ်သိုင်း ...က်ရေး စိတ်မာန်ကို ချွန်းဖွင့်အုပ်ကာ လျှော့လိုက်သည်။

'အင်း....သင်းရို့ တွေ့ဖမ်းလိုကလဲ ဖမ်းပေရော့'

လူသူတော်သျှောင်တစောင်းသည် စိတ်လျှော့၍ ၎င်းအား ...းထားသော လူစုအား ဖမ်းဆီးရန် လက်ပြလိုက်ပေ၏။ ဝိုင်း ...ားသော လူစုသည် မရဲတရဲဖြင့် အနား ကပ်လာပြီးလျှင် ...ျှောင်တစောင်းအား လျှော်ကြိုးဖြင့် လက်ပြန်ကြိုးတုပ် ...က်သည်။ လွန်စွာ တင်းကျပ်စွာ တုပ်နှောင်၍ ထားပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လူနှင့်နောက်လူ နှစ်လူညှပ်၍ထားသော မြင်းနှစ်ကောင်းသော ထမ်းစင်ငယ်တစ်ခုပေါ်သို့ တွင်လိုက်ပြီးလျှင် သျှောင်တစောင်းကို ပက်လက် အနေအထားဖြင့် ဖမ်းခေါ်သွားကြီး ၍သည်။

သျှောင်တစောင်းအား ထမ်းစင်ပေါ်တင်ပြီးနောက် ကြောင်နက်ရှင်သူဇာ၏ ...ထပ်ပတ်လျက် ရွှေ့လူနှစ်လူ နှစ်ယောက်ညှပ်၍ ခေါ်... သျှောင်... သည် ...ဃည့် မည်သည့်နေရာမှာမှ မှန်းဆ၍မရသော ဝတ်ရုံန...

...ဦးသည် သျှောင်တစောင်းနှင့် သျှောင်တစောင်း၏မိတ်ဆွေ... စုံထောက်ကြီးဦးဇင်ယော်တို့အား ချုပ်နှောင်ထားရာ... မြင်းဖြူစီးလျက် ဓေတ္တအကဲခတ်သွားလေသည်။ နှုတ်ဖျား... လည်း တောက်တစ်ချက် ခေါက်လိုက်ပြီးလျှင်....

'ဟေ့....မင်းရဲဘော်၊ ချင်းတိုင်းရောက်အောင် ...သွားကြ... ဒီ စုံထောက်အဖွဲ့ကို ဟိုရောက်မှ သုတ်သင်မယ်'

ထိုနောက် မြင်းဖြူ...းသည် လျှင်မြန်စွာ ပျောက်ကွယ်... သွားလေသည်။

(ချင်းတိုင်းဆိုသည်မှာ ပျူထုံးစံအတိုင်း သင်္ချိုင်း... မှတ်ရာနေရာ ဘုမ်ိကို ဆိုလိုသည်။)

မျက်နှာမှာ မျက်နှာစုပ်ကို အုပ်ဆိုင်း ထားခြင်းကြေ... ကြိုးချည်ထား၍ သေးလက်နက် ကိုင်ဆောင်ထားကြသောလူ... သည်ခေါင်းညိတ်အရိပ်အချေပေးလိုက်ပြီးလျှင်သျှောင်တစော... တို့ လူစုအား တင်ထားသော မြင်းကြိုးကို ဆွဲလိုက်လေသည်။

မီးတုတ်များသည် လင်းလက်၍လာပြန်လေသည်။ဗုံ ခေါ... သံချိုများနှင့် ကုလားယာမယာန ဆိုင်းချက်များသည်လည်း...



ပေါ်လာပြီးလျှင် တဟေးဟေးနှင့် ဟစ်ကြွေးသမှု ပြုကြသော အသံများသည်လည်း ကရင်သင်တိုင်းတောကြီးအတွင်း၌ပေါ်လာလေသည်။ အိုးရွက်ကြသော အမျိုးသမီးတို့သည်လည်း ဆက်လက်ရွက်ကြကာ ရွှေ့ခရီးစဉ်အတွက် စိတ်သန်စွာဖြင့်ခရီးနှင်ကြလေသည်။

စာသင်ဘူးမောင်သည် လက်နှစ်ဖက်နောက်ပစ်ရင်း လက်ပြန်ကြိုးတုပ်ထားသောလက်ကို စိတ်ပျက်လက်ပျက် ကြည့်ရင်း ရွှေ့မှ တင်းကျပ်စွာတုပ်နှောင်၍ ကျစ်တင်ထမ်းစင်ပေါ်၌တင်ထားသော သူ့ဆရာ စုံထောက်ကြီးဦးဇင်ယော်နှင့်လူသူတော် သျှောင်တစောင်းတို့အား ကြည့်ကာ လိုက်ပါလျက်ရှိသည်။

ဗုံသံများသည် တဒုန်ဒုန်နှင့် တောကြီးမျက်မည်းထဲတွင် ဟိုသည် ရွှေ့လျားလျက်ရှိသည်။ မီးတုတ်များ၏အလင်းရောင်များသည်လည်း တောကြီးပင်တို့၏ သစ်ရွက်များထိအောင် လင်းလျက်ရှိသည်။

လူတန်းကြီး၏ နောက်ဆုံးပိတ် ဖြစ်သော ကြောင်နက်ကျောက်ဆစ်ရုပ်ပါ ဘီးဝိုင်းကြီးနှစ်ခုသည်လည်း သင်တိုင်းတော၏ သစ်ရွက်စများ ကြိတ်ချေလျက် တအိအိဖြင့် မှန်းဆရခက်ခဲသော အရပ်ဒေသ တစ်ခုဆီသို့ ရည်ညွှန်းလျက် လှိမ့်၍ လှိမ့်၍ သွားနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

ဇင်ကရာကျယ်

တိုင်းပြည်၌ လှပချောမွေ့သော အမျိုးသမီးများပေါများသည်ဟူ၍ ဂုဏ်သတင်းထွက်ခြင်းသည် ဂုဏ်ခမြောက်ဖွယ်သတင်းဖြစ်ပေရာ ပျိုခေတ်၊ ပျိုသားတို့သည် ဤသည်ဂုဏ်မျိုးကိုယူတတ်ကြလေရာ စားပွဲဝိုင်းရှင်မှ မိန်းမချောသည့် ထိုသတင်းစုံ ပြည့်ရပ်စွာ ပျိုအလှ သက်နှောနေသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

လှပသော ပျိုမင်းသမီး၏ ရုပ်သွင်အတ္တာန်ဆင်းဟန်မကိုင်ရ၊ စနေစိပန် ပြည့်လှသော ထိုမိန်းမပျိုသည် စားပွဲဝိုင်းပေါ်မှ မစ္စည်းအစုံကို ကြည့်လိုက်သည်။



စားပွဲပေါ်၌ကား သစ်သီးမွှေးစုံများ၊ ပန်းအိုးငယ်လေးများနှင့် နို့ခမ်းအိုးရည် နှစ်ကရား စသည် အသီးသီးရှိလျက်ကျက်ယာဘက်စွန်း၌ ငွေမောင်းလေး တွေ့ရပေသည်။ ဆင်စ်ကောင် နှာမောင်းဖျားဖြင့် ဆွဲတင်ထားပုံပင် ဖြစ်သည်။

ထိုဆင်နှစ်ကောင်ဘေးမှ ငွေကလပ်ပေါ်တွင် တင်ထားသော ဓားမှာ ပို၍ လှပလှပေသည်။ အရိုးနှစ်ဖက်တပ် ပန်းထားဆင်ထားသော ဓားရိုးနှစ်ဖက်မှာ လွန်စွာ နက်မှောင်သောချိုဖြင့် သေသပ်စွာ ထုလုပ်ထားသော ကြောင်နက်ရုပ် နှစ်ဖက်ကို တွေ့ရလေသည်။

ထိုလွန်စွာလှပ၍ လွန်စွာပြေပြစ် အဆင်းတင့်တယ်မှုရှိသော မိန်းမပျိုသည် မျက်နှာတင်းမာစွာဖြင့် တစ်စုံတစ်ရာကို စဉ်းစားမိသည့်အလား ရုတ်တရက် ထလျက် ငွေကလပ်ပေါ်မှ ဓားကို ဓားရိုးနှစ်ဖက်ကို ကိုင်လျက် ဓားအိမ်ကို ဖွင့်ထုတ်လိုက်သည်။ ထို့နောက် ဘယ်တစ်ဖက် ညာတစ်ဖက် ဖြစ်လျက်ရှိသော ဓားစ်လက်ကိုကိုင်ကာ ရုတ်တရက် နံရံဘက်ဆီသို့ ပစ်ပေါက်လိုက်း ကြောင်နက်နှစ်ကောင်တပ် ငွေရိုး ဓားနှစ်စင်းသည် ဝိုးခနဲသ်လျက် လက်ဆုပ်တစ်ပစ်ခန့် ဝေးသော နံရံ သစ်လုံးတိုင်၌တ်ဆွဲထားသော စက်ဝိုင်းရုပ် အလယ်ဘည့်တည့်၌ လွန်စွား၀င်လျက် ရှိသည်။

ထို့နောက် စိတ်မာန်ပါပါဖြင့် ဘဲဥပုံ စားပွဲဝိုင်း ရှေ့တည့်တည့်ရှိ ငွေမောင်းလေးအား အနီးရှိမောင်းရိုးလေးဖြင့် မောင်း ခပ်ပြင်းပြင်း ခပ်ဆောင့်ဆောင့် ရိုက်နှက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်းသံလေးသည် ကျယ်ဝန်းခမ်းနားလှသော ခန်းမကြီး အလယ်၌ မြည်ဟည်းထွက်သွားသည်။

ထို့နောက် မင်းတုပ် တံခါးချပ်များသည် ပွင့်ထွက်သွား လေပြီးလျှင် ဝတ်ရုံအနက်ကို ချပ်ရပ်စွာဝတ်ဆင်ပြီး ဦးခေါင်း၌ ရှုပ်ပန်းထည်ဟု ခေါ်ဆိုအပ်သော အနီပဝါကို ချိတ်စုကြီး ချည်ဖြင့် ချည်ထား၍ မျက်နှာ၌ မျက်လုံးပေါ်ရုံသာအပေါက် ချထားသော ဝတ်ရုံနက်ဝတ် လေးယောက်သည် လွန်စွာ လျင်မြန်လှသော အဟုန်ဖြင့် ဘဲဥပုံ ဆင်စွယ် စားပွဲဝိုင်းရှေ့သို့ လွန်စွာမတ်သော အနေအထားဖြင့် ရပ်လျက်ရှိပေသည်။ ၎င်းတို့၏ လက်ထဲ၌ လွန်စွာ နီရဲလှသော အနီရောင်တုတ် သို့မဟုတ် ဓားတစ်မျိုးမျိုးကို ကိုင်ဆောင်ထားပေသည်။

ဝတ်ရုံအနက်၏ ရင်ဘတ်ကိုယ်စီ၌ နံပါတ်စဉ်များ ထိုးထား လေ၏။ ၎င်းတို့၏ ရင်ဘတ်ပေါ်မှ ထိုးထားသော နံပါတ်များ သည် လုံးဝန်းသော အဖုအမောက်ပေါ်၌ တည်ရှိပေသော ကြောင့် ၎င်းတို့သည် ပုရိသ ယောကျ်ားမဟုတ်ဘဲ ဣတ္ထိယ မိန်းမများဖြစ်ကြောင်း ထင်ရှားလေသည်။

'ကဲ... ရှင်သူဇာတို့ အနည်း၊ စရည်းအရ ယမန်နေ့ညဉ့်က ပျူ မင်းသူရဲ၊ သူခက် ဝန်မင်းမှောင်သူတော် ကြည့်ကြပ်ဖမ်းဆီး ခဲ့တဲ့ သျှောင်တစောင်းနဲ့ စုံထောက်ကြီးထို့ကို ရှေ့တော် ခေါ် သွင်းစံ ခဲ့၊ အကျဉ်းအသိ အကြပ် အနှင် ပြည့်စုံစေ၊ မလုံ မလဲသော် သင်းရှို့ ရှင်သူဇာများ ဝန်မှတ်'



လုပသော မိန်းမပျိုသည် ခပ်တင်းတင်းထင်းထင်း ထီးသုံး ဆောက်သော စကားနှုန်းများဖြင့် ဖွဲ့စည်းထားသော အမိန့် တော်ရပ်ကို ချမှတ်လျက် ရှိပေသည်၊

'ဟုတ်ရဲ့... သခင်မလေး... ဗောင်းလှန်၍ဒေါင်းထန်ကြောင့် ပါ... သခင်မလေး'

အခါနက် ဝတ်ရုံးလေးယောက်ဖြစ်သော ကြောင်နက်ရှင် သူဇာ မြေအောက်လောကကိုး အဖွဲ့ဝင် အမှတ်တံဆိပ်ပါသော သူဇာလေးယောက်သည် အမိန့်ဆုံးသည်မှာ ရှေးထုံးစံ နန်း ကို အလေးပြုပုံစံအတိုင်း အလေးပြုလျက် လျင်မြန်စွာထွက် သွားလေသည်၊

နန်းစဉ် အလေးပြုပုံစံ ပျူခေတ် သရသရ အလေးပြုပုံစံ ဒူးတစ်ဖက်ထောက်၍ လက်တစ်ဖက်မြှောက်ကာ ဦးညွှတ် အလေးပြုခြင်းပင် ဖြစ်လေသည်၊

[ဗောင်းလှန်၍ ဒေါင်းထန်ကြောင်းဆိုသည်မှာ ရှေးဟောင်း ပျူသူရဲကောင်းစကားရပ်တစ်မျိုး ဖြစ်၏။ သူရဲကောင်းများသည် ဗောင်းတော် အဆောင်းကို ဝတ်ကာ အမိန့်နာခံပြီးလျှင် ဗောင်းတော်ကို လှန်ချွန်ပြီးလျှင် ဒေါင်းမြီး ကျက် 'ကာ ဒိုင်းကို မာန်တင်းချီမြှောက်ရခြင်း ကို ဆိုလိုပေသည်။]

မိန်းမပျိုသည် သူမ၏ လုပသော ဇာပဝါခြုံထည်ကို ပခုံး ထက်မှ လက်ဖြင့်သပ်ကာ ဒေါင်းမြီးကျက်သားထုဖြင့် ဖော်ကျူး လုပ်ထားသည့် လက်ရန်းရှည် ကုလားထိုင်မှထ၍ ခန်းမ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် လူးလား လျှော
ရှိပြီးလျှင် သက်ပြင်း မကြာခဏချလျက် ရှိပေသည်။

ဇာမ ဝါ ခြုံ ထည် လွလွ သည် ပါးထင်းလျက်ရှိပြီးလ
ခါးလယ်ဆီမှ အောက် သို့ ခပ် တင်း တင်း ဝတ်ထားသ
နန်းယဉ်သိမ်း ထဘီပျော့မှာလည်း ဘင်္ဂလားပြည်ဖြစ် ပိုး
အသားလွလွ ဖြစ်ခြင်းကြောင့် ပြည့်ဖြိုးစေ့တင်း၍ ဖြောင့်တ
သော ပေါင်တံအစုံသည် အဆောင်၏ညှင်သာလှသော ပြ
ဘက်မှ ဝင်ရောက်လာသော အလင်းဓာတ်ကြောင့် ထင်းထ
သားသား ပေါ်လွင်လျက်ရှိသည်။

လွန်စွာစိတ်လှုပ်ရှားဖွယ်သော မာယာအလှကို ပိုင်ဆိုင်ထ
သော မိန်းမလှ မိန်းမချောသာတည်း။

ခဏကြာလျှင် အခန်းဆောင် တိုက်တံခါး မကြီး သ
ဖွင့်သွားပြီးလျှင် အဝတ်ရုံနက် ဝတ်ထားသော ရှင်သူ
လေးယောက်အပြင် လွန်စွာ နီရဲသော ကမ္ဗလာဝတ်
တင်းကျပ်စွာ ဝတ်ဆင်ထားသော လွန်စွာတုတ်ခိုင်သန်မ
ရက်စက်ကြမ်းကြော ကြင်းကြုတ်ပုံ ရပေသော လူထွား
ခုနစ်ဦး၏ အလယ်၌ ကြိုးမျှင်တန်းလန်းဖြင့် နေရာမ
တုပ်နှောင်ထားကြသော လူသားအချို့ကို အလယ်၌ထ
လျှက် ၎င်းတို့၏လက်၌ လူသတ်လက်နက်မျိုးစုံကို ကိုင်တ
ထားကြလေသည်။

အနီရောင်ဝတ်စုံဝတ်သူ လူထွားကြီးများ၏လက်၌ သံယ
မကြီး နှစ်ချောင်းနှင့် လွန်စွာရှေးကျသော ပုံစံဖြစ်ပေသ
ပျူခေတ် ပုဆိန်နှစ်လက်ကို ကိုင်တွယ်ထားကြလေသ



၎င်းရှင်သူဇာ အမှတ်နှင့် လေးဦး၏ လက်၌ကား လွန်စွာလှပ
သော လေးအစုံနှင့် မြားတံများကို အသင့်ဆောင်ထားကြလေ
ရာ ၎င်းတို့အား ကြည့်ရသည်မှာ ရှေးမ ခေါမခေတ်မှ ဂလက်ဒီ
ယေးတားခေါ် ရောမ စစ်သူရဲကောင်းများသဖွယ် ဖြစ်ပေ၏။

လွန်စွာနက်ရှိုင်းလှသော ဤသင်တိုင်းတောကြီး အတွင်း၌
မည်သည့် မည်သို့သော အစွမ်းသတ္တိဖြင့် ဤကဲ့သို့သော ပုံစံ
မျိုးကို တည်ထားလေသည်ဟု သာမန် တွေးထင်၍ မရ
နိုင်ပေ။

ကြောင်နက်ရှင်သူဇာ၏ လက်တွင်း၌ ကျရောက်လျက်ရှိ
သော သျှောင်တစောင်းနှင့်အဖွဲ့မှာ လွန်စွာ သနားစဖွယ်ကို
ဆောင်လျက်ရှိပေ၏။

သျှောင်တစောင်း၏သျှောင်မှာ ပြေလျော့၍ ဖွာဆန်ကြဲ
လျက် ရှိပေ၏။ သျှောင်တစောင်း၏ မျက်နှာဖြူဖြူလွလွမှာ
လွန်စွာ နီရဲလျက်ရှိပေပြီးလျှင် ကြိုးများဖြင့် အထပ်ထပ် တင်း
ကျပ်စွာ ရစ်ပတ်တုပ်နှောင်ထားခြင်း ခံရလေသဖြင့် ၎င်း
ဝတ်ဆင်ထားသော ရှမ်းအင်္ကျီနှင့် ဘောင်းဘီစတို့မှာ ဖွာ
ဆန်ကြဲ စုတ်ပြတ်လျက်ရှိပေပြီးလျှင် ကြိုးမှ ပွန်းပဲ့ရာ ဆင်းရာ
များမှာ ဖြူဖွေးသော အသားအရေတွင် စင်းကြောင်းများ
ထင်လျက် ရှိပေသည်။

သို့သော် မြလက်စွပ်ကြီးမှာ ညာဘက်လက်တွင် အထင်း
သား ကျန်ရစ်လျက် ရှိပေသေးသည်။ သို့သော်လည်း သျှောင်
တစောင်း၏ ပုံစံမှာမူ မောဟိုက်နွမ်းနယ်ခြင်း အလျှင်းမရှိ
သည်မှာ ထူးခြားလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီး ဦးဇင်ယော်မှာလည်း မျက်နှာတွင် ကုတ်ခြစ်ရာများ ပြည့်လျက်ရှိပြီးလျှင် လက်ပြင်၌ အသားနီလန်လျက် ရှိသည်၊ ဦးထုပ်မပါသော ဘိုကေမှာ လန်၍ စုတ်ပွလျက်ရှိပြီးလျှင် လွန်စွာ စိတ်အိုက်နေပုံရပေသည်။

လက်နှစ်ဖက်စလုံးသည် လက်ပြန်ကြိုး ကုပ်ခံထားရပေသဖြင့် မူလက ဟန်ချက်များ ပျက်လျက် ရှိပေသောကြောင့် နွမ်းနယ်နေပုံရလေသည်။

စုံထောက် စသင်ဘူးမောင်မှာ မျက်နှာ၌ ဖူးရောင်လျက် ၎င်း၏မှေးသော မျက်လုံးမှာ ပို၍မှေးသယောင် ရှိနေပေ၏။ ဘာလိုက်ခြင်း၊ စဲတိုက်ခဲ့ခြင်း စသည့်ဒဏ်များကို ခံနိုင်သူ ဖြစ်သော်လည်း ခရီးရှည်စွာ တုပ်နှောင်ခြင်းနှင့်အထုအထောင်း ခံရခြင်းတို့ကြောင့် မျက်နှာမှာ မူလထက် နှစ်ဆမျှ အိုစာ ကျက် ရှိသည်။

၎င်းတို့ သုံးယောက်သားသည် ရှေ့နောက် တန်းစီလျက် ပွန်းစွာ ရှည်လျားသော ကြိုးတစ်ချောင်းဖြင့် အတုပ်အနှောင် ခံရပြီးလျှင် ထိုကြိုးစကိုမူ ရှင်သူဇာ နံပါတ်(၇)က တာဝန်ခံလျက် ကိုင်ဆောင်ထားလေသည်။

သျှောင်တစောင်းသည် ရှင်သူဇာ အချုပ်အမှူး ဖြစ်သည့် ဘိမိမယ်တမျှ လှပလှသော မိန်းမပျိုအား စူးစူးကြည့်ရှုလိုက် သည်။

ရှင်သူဇာသည် သျှောင်တစောင်းအား စူးစူးရဲရဲကြီး ကြည့်လျက် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးလျှင် ခန်းမ တင်အလယ်မှနေ၍ သူမ၏ ကုလားထိုင်ဘက်ဆီသို့ တစ်



မ်းချင်း လေးလေးတွဲ့တွဲ့ လှမ်းကာ ငွေမောင်းလေးရှိရာသို့ က်ရောက် သွားသည်။

ရှင်သူဇာ လှမ်းလျက်သွားလေတိုင်း သူမ၏ ပါးလွှာသော ရှ၏ ဝတ်စုံအောက်မှ မနုဿ ဣတ္ထိဝိဒ်၏ ကာယ ပသာဒ သွေး အသား အစုံတို့၏ လှုပ်ရှားမှုမှာ ထင်းလျက် ရှိပေရာ သင်ဘူးမောင်သည် ထိုအခြင်းအရာအတွက် တံတွေး ပျစ်ခနဲ ချလိုက်မိပေပြီးလျှင် ၎င်း၏ဆရာ စုံထောက်ကြီး ဦးဇင်ယော် အား လှမ်းကြည့်လိုက်သည်။ ဦးဇင်ယော်မှာ လွန်စွာငြိမ်သက် က် ရှိပေသည်။

ကြောင်နက်ရှင်သူဇာသည် ငွေမောင်း ဘုကဲလေး အဒွေး ဆင့်၍ ငါးချက်တိတိ ရိုက်လိုက်ရာ သူမ၏ ကုလားထိုင် ဘက်ဘက် ခန်းမကြီးသည် ပွင့်လျက်သွားပြီးလျှင် ထို မ၏ နောက်မှ ပို၍ ခန့်ညားလှပသော ခန်းကျယ်ကြီးကို ရလေသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် လွန်စွာအံ့အားသင့်လျက် ပေ၏။

ရွှေခရေး ရွှေခက်၊ ကနုတ်ပန်းချက်၊ ခြင်္သေ့ခုံထိုင်၊ ပျိုင်း ားမွေးနှင့် ဇာဖနီအောက်ချင်းငှက်တို့၏ အမွေးအတောင် ား ယှက်သမ်းလျက်ထားသည့် ရာဇပလ္လင် ခုံကြီး တစ်ခုကို ရလေသည်။

စင်မြင့်ထက်၌ ဖာင်ထားပြီးလျှင် ထိုစင်မြင့်ကြီးသည်လည်း စွာ ဆန်းပြားသော လက်ရာ ပန်းပု၊ ပန်းတဉ်း၊ ပန်းပွတ်၊ းမော့တို့ဖြင့် ထုလုပ်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို ထက် ထူးဆန်းသည်မှာ ရာဇပလ္လင်၏ ဘေး၌ လွန်
ကြီးထွား၍ လွန်စွာ အမွေးပြောင်နက်လှပေသော ကြောင်
ကြီး လေးကောင်သည် ပလ္လင်၏တစ်ဖက်တစ်ချက်စီ အေး
စွာ ထိုင်လျက်ရှိသည်။

ထိုခန်းမကြီး၏ အလယ်၌ လွန်စွာ ရှည်လျား
စားပွဲကြီး တစ်ခုကို ခင်းထားပြီးလျှင် ထိုစားပွဲကြီးပေ
ရွှေသားဖြင့် ပြီးသော ကရားအိုးကြီး သုံးလုံးကို တင်
ဝေသည်။

ခန်းမကြီး၏ ပတ်ပတ်လည်၌ကားပြူးကြောင်စွာ မှင်မေ
အပြည့်ဖြင့် မာန်ဖီလျက်ရှိသော ကြောင်နက်ရုပ်များက တ
လျက် ရှိကြသည်။

ထိုခန်းမကို ဇာဖြူရောင် ခန်းစီး တစ်ဖက် တစ်ချ
ကာရံထားပေ၏။ လွန်စွာ ခန့်ညား၍ လွန်စွာ ရှေးဆန်း
ပျူမင်းဆက်များ သုံးဟန်ရသော အဆောင်အယောင်မ
ပစ္စည်းများကိုလည်း တွေ့ရပေ၏။

ထိုအထဲတွင် အထူးခြားဆုံးကား ပဥ္စအင်္ဂါ ငါးပါး
သစ်ရွက်သဏ္ဍာန် လွာချုံကို ခြုံလျက် လက်၌ ကြာပွင့်
ကိုင်လျက် ရှိသော လွန်စွာ လှပသည့် လုံးတီးမကျ
သော မိန်းမပျို၏ ကျောက်ဆစ်ရုပ်တု ပုံတစ်ပုံပင် ဖြစ်
သည်။

ထိုရုပ်ပုံ၏အောက်၌ ပျူစာလက်ာများကို ရေးထွင်း
သော ကျောက်ဆစ်စာလုံးများကို တွေ့ရလေသည်။



(စာရေးသူသည် ထို ကျောက် ဆစ် ရုပ် တု နှင့်
ကျောက်ဆစ် စာလုံးများကို ဖော်ပြနိုင်ရန်
ကြိုးပမ်းရယူခဲ့ရာတွင် ကျောက်ဆစ် ရုပ်တုကိုမူ
မရရှိနိုင်ဘဲ ကျောက်ဆစ်စာလုံးပါ စာများကိုသာ
ကံအားလျော်စွာ ရရှိခဲ့ရာ အောက်တွင် ဖော်ပြ
အပ်ပါပေသည်။ ထို ကျောက်ဆစ် စာလုံးတို့ကို
လည်း အခက်အခဲ အမျိုးမျိုးမှ ရယူနိုင်ခဲ့ပေသည်။
စာရေးသူ)

လွန်စွာ ခန့်ညားတင့်တယ်မှုကို ပီပီပြင်ပြင် တွေ့ရသော
ရှေးဟောင်း ပျူးခေတ် အဆောင် နန်းတွင်းခန်းမဆောင်ကြီး
အလယ်သို့ လူစုလူဝေးများ ရောက်ရှိ၍ လာလေသည်။ ဘေး
တစ်ဖက်တစ်ချက်၌ ရှိပေသောတံခါးမကြီးများသည် ပွင့်ထွက်
သွားကြပြီးလျှင် ဝတ်ရုံနက် ဝတ်ဆင်ထားကြသော ကြောင်
နက်ရှင် မြေအောက်ဂိုဏ်းသားတို့ စုံညီစုဝေးစွာရောက်ရှိလာကြ
ပေသည်။

ရင်းတို့သည် စီတန်းကြပြီးလျှင် ညီညာတိတ်ဆိတ်စွာ ထိုင်
လျက် ရှိကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မျက်နှာ၌ အဝတ်နက်မျက်နှာဖုံးများကိုမူ ဦးခေါင်းလုန်၍ ဖွင့်ထားကြပေ၏၊ ပရိသတ်စုစုပေါင်း တစ်ရာကျော်မျှပင် ရှိပေ၏။

အားလုံးသည် တုတ်ခိုင် သန်မာ ထွား ကျိုင်း လှ သော ယောကျ်ားပျိုနှင့် လှပနုထွတ် အပြစ်ကင်းလွတ်၍ ချိုးဆစ်ပြေညက်သည့် မိန့်မရွယ် မိန်းမ လှ ချည်းပင် ဖြစ်ပေသည်။

သျှောင်တစ်စောင်း၊ စုံထောက်ကြီး ဦးဇင်ယော်နှင့် စာသင်ဘုးမောင်တို့ သုံးဦးသားသည် ခန်းမဆောင်ကြီးတစ်ခုလုံးအား အံ့အားသင့်စွာဖြင့် ကြည့်လိုက်ကြပေသည်။

ကြောင်နက်ရှင်သူဇာသည် ဘာစ်စုံတစ်ရာ ပြောဆိုခြင်းအမှုကိုမပြုဘဲ လွန်စွာညက်သော ခြေလှမ်းအစုံဖြင့် လမ်းတခုလျှောက်အေးငြိမ်းစွာ လျှောက်သွားလျက်ရှိသည်။

ဘေးဝဲယာနှစ်ဖက်ရှိ ဂိုဏ်းသားများသည် မိမိတို့၏ အရှင်မကို ထိုင်လျက် အနေအထားမှ လက်တစ်ဖက်မြှောက် လက်မောင်းတစ်ဖက်ကွေးကာ အနေအထားဖြင့် အလေးပြုသစ္စာခံမှုကို ပြုလိုက်သည်။

ထို့နောက် အသံများပြုလိုက်သည်။

ထိုအသံများမှာ....

'ဟေ....လုဝါ....ဂျိပ်ကြာတိ....ဟေး....ဟေး....ဟေး'

ဟူသော အသံများပင် ဖြစ်ပေသည်။

ကြောင်နက်ရှင်မှသည် သူမအတွက် သီးသန့်ထားဟန်ရှိသော ငင်မြင့်ထက်မှ ရွှေနန်းတွင်း ခင်းညီ မင်းသားထိုင်ဟန်ရှိသော ရာဇပလ္လင်ကုလားထိုင်ထက်တွင် ညင်သာစွာထိုင်လိုက်သည်။



ဝတ်ရုံရှည် ဖြူဖြူလွလွ၏ ရှေ့ပေါင်တံအနီးမှ ဝတ်ရုံစကို သူမ၏ဘယ်လက်ဖြင့် အသာဖယ်ပြီးလျှင် ပေါင်နှစ်လုံးထပ်ထိုင်လိုက်သည်။

မို့မောက်သော ရွှေရင်အုံအစုံသည် ပီတိကြောင့်လော၊ ဒေါသကြောင့်လော ဟူ၍ ခွဲခြားမှု မပြုနိုင်အပ်သော အနေအထားဖြင့် နိမ့်တုံမြင့်တုံလှုပ်လျက်ရှိသည်။

သူမ၏နောက်မှ ဇင်ကရာကျိုဖို....အလှနတ်ဘုရား ရုပ်တုကြီးသည် ထီးထီးမိုးလျက်ရှိသည်။

လှပသော အလှနတ်ဘုရား 'ကျိယက္က'နှင့် လွန်စွာလှပသော ကြောင်နက်ရှင်သူဇာ၏ အလှအပတို့သည် ဤသင်တိုင်းဘာနက်ကြီး၏ ခန့်ညားဘိသော 'ပျူ'သက်နွယ်ဝင် ရှေးစဉ်ဖွဲ့ဂိုဏ်း နယ်ခွဲ့ထားသော မြေအောက် လောကီ လျှို့ဝှက်ဂိုဏ်းကြီး၏ ခန်းဆောင်အလယ်၌ကွန့်မိုးအုပ်ချုပ်လွှမ်းခြုံလျက်သည်။

ကြောင်နက်ရှင်သူဇာသည် ညာလက်ကိုမြှောက်၍ သူမ၏ဝဲယာဘက် လက်ရန်းထိပ်တွင်ရှိ ကြောင်နက်ရုပ် ကလေးဆီသို့ လက်ဘင်လိုက်သောအခါ၌ ထူးဆန်းသော မောင်းအသံကြီးများသည် ကြားရပြီး ထပ်မံ၍ ပွင့်သွားပြီးလျှင် ခံ့စွာထူးဆန်းဟန်ရှိသော ပုဂ္ဂိုလ်ကြီးသုံးဦးသည် အသီးသီးထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမဆောင်ထဲရှိပရိသတ်သည်ရှင်းတို့သုံးဦးအားဦးခေါင်းငုံ့၍ အရိုအသေ ပေးလိုက်ကြသည်၊

ပထမဆုံး ထွက်လာသူမှာ လွန်စွာမှပိန်၍ လှပ်လှပ်မျှသာရှိသော ခန္ဓာကိုယ်အချိုးအဆစ်ကို မနိုင့်တနိုင် သယ်ဆောင်၍လာရပုံရလေသည်။

ရှင်းသည် အင်္ကျီမရှိ ပကာက မှိုင်းမှိုင်းကျလျက် အရိုးပဒေသာကို ဖော်ပြချက်ရှိသည်။

သို့သော် ရှင်းသည် လက်၌ခြေစိမ်းလေးများကို ပတ်လျက်ရှိသည်၊ ခြေထောက်၌ မြွေနှါအရေဖြင့် ချုပ်လုပ်ထားသောဒင်္ဂါးပုံဖိနပ်ဝိုင်းကို ကြိုးသိုင်းဖြင့် ချည်နှောင် ဝတ်ဆင်ထားသည်။

လည်ပင်း၊ ရင်ဘတ်နှင့် လက်မောင်းတို့၌ မျိုးစုံလှသော ဆေးမင်ရုပ်များ၊ ရှေး အက္ခရာများ ကို ထိုးထားသည်။

မျက်နှာသည် မျက်တွင်းဟောက်ပက် မျက်နှာဖြစ်သည်၊ ပြူးကျယ်သော မျက်လုံးအစုံသည် ပြူး ကျယ် စူး ရှ လွန်း ၍ မြွေဟောက်ဘာစ်ကောင်၏ မျက်လုံးအစုံ ပင် ဘေးနှစ်ဖက်သို့ မျက်နက်များက လှုပ်ရှားလျက်ရှိသ

အင်္ကျီ လုံးတီး ဖြစ်သော်လည်း ခါးအောက်ပိုင်းကိုမူ နက်မှောင်သော ဘောင်းဘီပွ တစ်မျိုးကို ဝတ် ဆင် ထားသည်။

ထိုပုဂ္ဂိုလ်သည် လွန်စွာနွေးကွေးသော ခြေလှမ်း အစုံဖြင့် လှမ်းလျက် ကြောင်နက်ရှင်သူဇာ၏ ဘေးဘက်၌ ရပ်လိုက်လေ



ည်၊ ရှင်းသည် ပါးစပ်များ လွန်စွာလှုပ်ရှားလျက် တစ်စုံခုကို မြုံ့လျက်ရှိဟန်တူသည်။

ထို့နောက် အလယ်တံခါးမှ လွန်စွာ ဝဖိုင့်ပေးသော အဘိုး တစ်ဦးသည် ထွက်လာလေသည်။ ရှုကားသောဗိုက်ကြီး အချိန်နှစ်ဆယ်ခန့်မျှပင် လေးနိုင်သည်ဟု ခန့်မှန်းရပေည်။

လွန်စွာကြီးမားသော လက်ဝါးကြီးများကို ဖြန့်လျက် းဆေးစွာ လျှောက်လျက်ရှိပေသည်။

မှေးစွေနေသော မျက်ပေါက် ကျဉ်းကျဉ်းလေးမှ အခန်းရှိ အားလုံးကိုကြည့်လျက် ကျေနပ်နေဟန်တူပေသည်၊ ခန်းမ ောင် ဒုတိယအဆင့်မှ ကြောင်နက်ရှင်ဂိုဏ်း လက်မရှိများ း၌ ကြိုးတန်းလန်းဖြင့် ငြိမ်သက်စွာရပ်နေသော သျှောင် စောင်းကို လှမ်း၍ကြည့်လိုက်ပြီးလျှင် ပြုံးလျက် ဦးခေါင်း တ်ပြလိုက်သည်၊

ပိုးဖဲ့ကတ္တီပါစသည့် ဝတ်ရုံကြီးကိုဝတ်လျက် ရှေးဟောင်း းသိုင်း ဖိနပ်တစ်မျိုးကို ဝတ်လျက်ရှိသည်။

နောက်ဆုံးတစ်ဦးမှာမူ၊ မကြို၊ မဆူ အနေတော်ကိုယ်လုံး ကျစ်လျစ်သန်မာ၍ မျက်နှာပေါက်၊ မျက်နှာကျ လွန်စွာ သားသော အသက်ရှစ်ဆယ်ကျော်ခန့်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် က်လာသေးသည်၊

မုတ်ဆိတ်မွေး ရှည်လျားလျားကို တည်ငြိမ် ခန့်ညားစွာထား တရုတ်ရှေးဟောင်း ပညာရှိကြီး ကွန်ဖြူးပီယပ် စသော ရုတ်ပညာရှိ ဝတ်စုံမျိုးကို သေသပ်ကျနစွာ ဝတ်ဆင်၍ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်း၏ လက်ယာဘက်၌သားမီးယပ်တစ်ခုကို ကိုင်လျ
ရှိသည်။

၎င်းတို့သုံးဦးသည် ကြောင်နက်ရှင် သူဇာ၏ ဘေးန
နောက် အသီးသီး ရပ်လိုက်သောအခါတွင် ပ ရိ သတ် သ
ထပ်မံ အလေးပြုလိုက်ကြပြီး အရိုအသေပေးလျက် ရှိသည

ထိုပုဂ္ဂိုလ်ကြီးသုံးဦးသည် ကြောင်နက်ရှင်သူဇာ လော
ယျ လျှို့ဝှက်မြေအောက်ဂိုဏ်းကြီး၏ ပညာရှင် အချုပ်ကြ
များ ဖြစ်ကြသည်။

လွန်စွာထူးဆန်းအံ့ဩဘနန်းမျှ ရှိဘိသော ပညာရပ်အသီ
သီးကို ပိုင်ဆိုင်ထားကြပြီးလျှင် ကြောင်နက်ရှင်သူဇာဂိုဏ်း
စွမ်းရည်များ တောက်ပြောင်ရေးအတွက် တာဝန်ယူ ဆော
ရွက် ပေးနေကြသော ပညာရှင်သုံးဦးဖြစ်သည်ဟု နောင်အ
တွင် သိရှိရလေသည်။

ထိုသုံးဦးသည် ကြောင်နက်ရှင်သူဇာ၏အနီးတွင် တည်ငြ
အေးဆေးစွာ ဆိုင်ရပ်လိုက်ပြီးသောအခါ အဝတ်ရုံအနီ
ဝတ်ဆင်ထားသော ဂိုဏ်းသားအချို့သည် ထိုဆရာကြီးသုံးဦ
အတွက် ထူးခြား ကောင်းမွန်လှပသော ကုလားထိုင်တို
နောက်မှ လာရောက် ချပေးလိုက်သည်။

ကြောင်နက်ရှင်သူဇာသည် ပေါင်နှစ်လုံးထပ်လျက် ထိုင်
မှ ပေါင်နှစ်ခုကို အသာစေ၍ထိုင်လိုက်ပြန်သည်။ ထိုအခိုက်တွ
ဝတ်ရုံအနက်ဝတ် ဂိုဏ်းသားတစ်ဦးသည် ကြောင်နက်ရှ



သူဇာရှေ့ ဒူးထောက်ကာ တစ်ရုံတစ်ခုကို ၎င်း၏ သခင်မကို
ဆျှောက်တင်လျက်ရှိသည်။

ကြောင်နက်ရှင်သူဇာသည် ခေါင်းညိတ်လိုက်ကာ တစ်စုံ
တစ်ရာကို အမိန့်ပေးလိုက်သည်။ ထိုသူသည် လွန်စွာကိုင်းရှိုင်း
အရိုသေပေးကာ ခန်းမဆောင်၏ဘေးတံခါးမကြီးမှထွက်သွား
လေသည်။

ကြောင်နက်ရှင်သူဇာသည် သူမ၏နူးညံ့သောလက်တစ်ဖက်
ကို မြှောက်လိုက်သောအခါ ငင်မြင့်အတွင်း တံခါးကျယ်မှ
မောင်းသံကြီးတစ်ချက် ပေါ်ထွက်လာသည်။ ထို့နှင့် တစ်ဆက်
တည်းပင် ဗရိသတ်အနီး တံခါးပေါက်တစ်ခုသည် ပွင့်လာပြီး
လျှင် ဝတ်ရုံနက်နှင့် ဝတ်ရုံအနီများ ဝတ်ဆင်ထားသော
ကြောင်နက်ရှင် ဂိုဏ်းသားတို့အလယ်၌ လွန်စွာ ပုညက်သော
လူပုကလေးတစ်ယောက်အား ကြိုးများဖြင့်တွဲကာ ခေါ်
ဆောင်၍ လာပေသည်။

အထက်ခြင်းရာများကို လှဲလာလျက် အကျဉ်းဘဝဖြင့်
ရောက်နေသော သျှောင်တစောင်းသည် မျက်နှာ ကွက်ခနဲ
ပျက်သွားလေ၏။ လူပုကလေးသည် သျှောင်တစောင်း၏
အိမ်ဘော်ပါ တပည့်ရင်းလေးများအနက် ဂွန်ရှိုင်းဟူ၍ ခေါ်
သော လူပုကလေးဖြစ်နေ၍ ဖြစ်ပေသည်။

ကရင်ကြီးဘိုးစံနှင့် လူပုကလေးတို့ လွတ်မြောက်သွားပြီဟု
မှတ်ယူထားရာမှ ရုတ်တရက် လူပုကလေးအား ကြောင်နက်ရှင်
တို့အလယ်၌ တွေ့ရသောအခါ သျှောင်တစောင်းမှာ ထိရှကာ
သက်၍ မျက်နှာပျက်သွားရခြင်း ဖြစ်လေ၏။ စုံထောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်ယော်နှင့် စသင်ဘူးမောင်တို့မှာလည်း တွေဝေလျက် ရှိကြသည်။

ကြောင်နက်ရှင် ဂိုဏ်းသားတို့သည် လူပုကလေးအား စိုင်းရှုန်းလျက်ရှိကြသည်၊ လူပုကလေးမှာ ငြိမ်သက်စွာဖြင့် ငေးလျက် ရှိသည်။

ကြောင်နက်ရှင်သူဇာနှင့် သူမ၏ ဝဲယာဘေးမှ ပုရောဟိတ် ဆရာကြီးများသည် လူပုကလေးအား သေလက်ကြည့်ရှုကြပြီး လျှင် ပြုံး၍ ရယ်လိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် လူပု ကလေးသည် ဇင်ကျန်သရီပိုက် မျိုးနွယ်ဝင် ဘုရင့်ကိုက်၏အချိုး အဆစ် မပြေပြစ်သော မျိုးနွယ်ဝင်ဖြစ်လျက်ရှိခြင်းကြောင့်ပင် ဖြစ်ပါပေသည်။

ပူလျက်ရှိသော ဗိုက်သည် လည်းကောင်း၊ ဖုထစ်လုံး ကြွလျက်ရှိသော မောင်းဆိုင်းသားနှင့် အသီးသီးများ ထလျက် ရှိသော လက်သီးလုံးများသည် လည်းကောင်း၊ ခွင်လျက်ရှိ သော ခြေသည် လည်းကောင်း၊ ပြလျက်ရှိသော ပါးစပ်၊ နှုတ်ခမ်းတို့သည်လည်းကောင်း၊ အဆင်ပြေ ညက်ညောမှုမရှိလှ ပေသဖြင့် လူရယ်စရာကဲ့သို့ ဖြစ်လျက်ရှိသည်။

ကြောင်နက်ရှင်သူဇာသည် လှန်စွာ မည်းနက်၍ မာန်ဖိ လျက်ရှိသော သူမ၏ လက်ယာဘက်မှ ကြောင်နက်ကြီး တစ် ကောင်ကို ယုယုယယ ပိုက်ထွေးလိုက်ပြီးလျှင် သူမ၏လက်ယာ လက်တန်းပေါ်သို့ လက်ကို အသာတင်ပြီးလျှင်....သာမန်လူတို့ နားလည်ခြင်း မပြုနိုင်သောစကားကိုပြောဆို၍ အမိန့်ပေးလိုက် လေသည်။



ဒုတိယခန်းမဆောင်မှ အဝတ်နက်ဝတ် ရှင်သူဇာ လေး ယောက်သည် လှုပ်ရှားလျက်ပထမခန်းမဆောင်တွင်းသို့ဝင်ရန် သျှောင်တစောင်းအား ယဉ်ကျေးစွာမြွက်ဆိုလိုက်ပေသည်။

"အလို....ရို....ရွေ့က ခန်းမဆောင်ထဲက သခင်မလေး ရှေ့တော်မှောက်သို့ သွားရို....ပ..."

သျှောင်တစောင်းသည် သူ့အား ချည်နှောင်ထားသော ကြိုးတစ်စကို လှုပ်ရှား၍ မရသဖြင့် ပြေကျလျက်ရှိသော သျှောင်အား ထုံးခြင်းမပြုနိုင်ဘဲ ပထမခန်းမဆောင်ကြီးထဲသို့ သုတ်လှမ်းချင်း ဝင်ရောက်သွားလေသည်။ စုံထောက်ကြီး ဦးဇင် ယော်နှင့် စသင်ဘူးမောင် တို့မှာလည်း သျှောင်တစောင်းနှင့် အတူတကွ လှမ်းရလျက်ရှိသည်။

နောက်မှ ကြောင်နက်ရှင်သူဇာ ဂိုဏ်းကြီး၏ ဗိုးလေးနှင့် လေးသည်တော်အဖွဲ့သည် ထက်ကြပ်ပါလာလေသည်။

သျှောင်တစောင်းနှင့် စုံထောက်ကြီး ဦးဇင်ယော်တို့သည် တစ်ဦးသား တစ်ဦးမျက်နှာတစ်ဦးကြည့်လျက် ခန်းမဆောင် ကြီးထဲသို့ ခပ်တည်တည် လှမ်းဝင်လိုက်လေသည်၊ သျှောင် တစောင်း ဝင်လာသည်ကို မြင်လိုက်သော လူပုကလေးမှာ သျှောင်တစောင်းကို လျှင်မြန်စွာ အရိုအသေပြုလိုက်သည်။

ကြောင်နက်ရှင်မ မသူဇာသည် သျှောင်တစောင်းအား တည့်တည့်မတ်မတ် စူးစူးဝါးဝါး ကြည့်လျက် ရှိသည်။ ကြောင်နက်ရှင်သူဇာဂိုဏ်း၏ ပညာရှိကြီး သုံးဦးသည်လည်း သျှောင်တစောင်းအား လေးနက်စူးစိုက်စွာကြည့်ရှုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သျှောင်တစောင်းသည် ကြောင်နက်ရှင်သူဇာ၏ ရာဇပလ္လင် ကုလားထိုင်အနီးသို့ ကပ်နိုင်သမျှသော နေရာသို့ ကပ်လျက် သွားသည်။ ထိုအခြင်းအရာကိုဝတ်ရုံအနီကို ဝတ်ဆင်ထားသော လွန်စွာ ထွားကျိုင်းသော ဂိုဏ်းသားတစ်ဦးသည် ရုတ်တရက် ထလာကာ သျှောင်တစောင်းအား ဟန့်တားလိုက်လေ၏၊ ကြောင်နက်ရှင်မသည် လက်ကာပြလိုက်သောအခါ ထိုဂိုဏ်း သားသည် သျှောင်တစောင်းအား မကျေမနပ်ဖြင့်ကြည့်ကာ ထွက်သွားလေသည်။

သျှောင်တစောင်းသည် ပြုံးပြလိုက်သည်၊ သျှောင်တစောင်း၏ တည်ငြိမ်ခန့်ညားလှသော အပြုံးသည် ခန်းမဆောင်ရှိ ကြောင်နက်ရှင်ဂိုဏ်းသားတို့အား အရစ်ဝဲဂယက်ရိုက်ခတ်သော ကျောက်ခဲဆောင့်များကဲ့သို့ပင် ဖြစ်နေတော့သည်။ စုံထောက်ကြီး ဦးဇင်ယော်သည် ကြောင်နက်ရှင်မ၏ နောက်ဘက်၌ ရှိသော အလှနတ်ဘုရား ရုပ်တုလက်ရာကို အေးဆေးစွာ ကြည့်ရှုလျက် ရှိသည်။

စာသင်ဘူးမောင်သည် ကြောင်နက်ရှင်သူဇာ၏ ဇာပဝါ ပါးလွှားလွှားလေးခြုံထားသော ဝတ်ရုံအလယ်မှဖောက်ထွင်း၍ မြင်ရလျက်ရှိသော ကြောင်နက်ရှင်၏ မနုဿသီဝရ အသွေး အစိုင်အခဲ ဣတ္ထိယပုံဟန်ကို ရှုလျက်ရှိသည်၊ ထိုစာသင်ကြီးသည် ပန်းပုဝါသနာရှင်တစ်ဦး ဖြစ်လေရာ လွန်စွာလှပ၍ အစိုင်အခဲ ပြည့်ဖြိုးပေသော ကြောင်နက်ရှင်သူဇာအား ပန်းပု ထုရန် စဉ်းစားခန်း ဝင်နေသည့်နှယ်ပင် ဖြစ်ပေသည်၊



ထိုလှူသိုက်သည်လည်း လောကီ မြေအောက် လျှို့ဝှက်ဂိုဏ်း သားတို့၏အလယ် လက်ခုပ်ထဲကရေကဲ့သို့ သွန်မှောက်နိုင်သည် ကို မေ့လျော့ကာ ဖြိတီသျှဟယ်မီလ်တန် ဈေးဟောင်း ရဲတိုက် ကြီး အတွင်းသို့ ရောက်ရှိနေကြသော ကမ္ဘာ့သုတေသီကြီးများ သဖွယ် မှတ်ယူထားရမည်နှင့် တူနေလေသည်၊

ကြောင်နက်ရှင် သူဇာသည် သူမ၏ ကော့ညွတ်သော မျက်တောင်ကော့ကြီးများဖြင့် လူသူတော်သျှောင်တစော လက် မျက်နှာတစ်ဝိုက်ကို စူးစူးဝါးဝါး ကြည့်လိုက်ပြန်၏။ သျှောင် တစောင်းသည်လည်း တုံ့ပြန်လျက် ကင်နင်ကုရီတတ်မုဆျက်လုံး သည် တောကြီးအလယ်၌ မျက်စိလည်၍လာသော ဒေဝဂဗ္ဘ သမင်ပျိုလေးအား ကြည့်ရှုအပ်သောအကြည့်မျိုးဖြင့် ကြည့် လိုက်သည်။

လှုပ်ရှားရိုက်ခတ်သွားသော ထိုအကြည့်နှစ်မျိုး၏ ယောန စည်းဟု ခေါ်ဆိုအပ်သော အငွေ့အကြည့်နှစ်ခုသည် ယှက်နွယ် မှု ရှိပေသည် ဟူသောအချက်ကို ကြောင်နက်ရှင်သူဇာဂိုဏ်း၏ ပညာရှိကြီး ဖြစ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် တွေ့ရှိသွား သည်၊

ထို့ကြောင့် လွန်စွာ ပြိုင်းကျနေသော အရှိုးပိုင်ရှင်ဖြစ်သော ထိုပုဂ္ဂိုလ်သည် ကြောင်နက်ရှင်သူဇာ၏ အနီးသို့ ရောက်လာ ပြီးလျှင်....

'ထုံးဝင်တည်းလာ၊ ဇရိကည-ပူညာအရ၊ ရာဇဝတ်သားကို ရွေးပျူမင်းထုံးတမ်းအရ သခင်းတော်အတွက် သူ့ကိုရွေးရပေ မယ် သခင်မလေး' ဟူ၍ သတိပေးလိုက်ပြီး သခင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အမည်ရသော ကြောင်နက်ရှင်သူဇာ၏ အနီးအပါး ရပ်လျက် သျှောင်တစောင်းအား ကြည့်လိုက်လေသည်။

သျှောင်တစောင်းသည်လည်း ထိုဆရာကြီးအား ပီဋ္ဋယ မှဆိုးသည့် ယမုနာတောတွင်း၌ ကလယမ္မ ရေအိုင်တွင်း ရေသောက်ဆင်းနေသည့် တောကြီးဝန်ပိုဝ်ကြ၏ လည်ချိုး တွင်းသို့ သူ၏ ဇေယျသုတ္တ လေးတော်ဖြင့် ပစ်ခွင်းမည့်အခါ သကြည့်သော အကြည့်မျိုးဖြင့် ကြည့်လိုက်လေသည်၊

ထွက် ထိုအကြည့်ကို ကြောင်နက်ရှင်သူဇာ လောကီမြေအောက် ဘုံးကြီး၏ ဆရာကြီး ဖြစ်ပေသော အရိုးပြိုင်းပြိုင်းနှင့် ပုဂ္ဂိုလ် ဇ်ကြီးသည် အေးမဆေးစွာခံယူ၍ အောက်ချင်း လင်းတာဝှက်သည် တောဇေပ်သုသာန်ဝ၌ လာချရပ်ဘိသော လွန်စွာဆူဖြိုးသော သူကြွယ်ပုဏ္ဏား၏အလောင်းကောင်အားကြည့်သောကြည့်ခြင်း မျိုးဖြင့် တုံ့ပြန်လိုက်ပြီး ကြည့်လိုက်သည်။

'ပညာရှင်တို့၊ နိုထုံယဟတ်၊ ကွန်ချာရပ်ကို၊ လက်ဆွဲကိုင် ထိုင်၍ကြည့်တုံ၊ သိနှင့်ကုန်၏' ဟူသော သေနင်္ဗျူဟာစကား ကျမ်းလာ ဆိုလောက်အရပင်လျှင် ရှေးဟောင်းပညာရှင်တို့ သည် နှုတ်ဖြင့် စကားပြောဆိုမှုမပြုဘဲ မျက်စိဖြင့် ကြည့်ကာ တစ်ဦး၏ပညာကို တစ်ဦးကြည့်ကာလေ သာသမှုပြု၍ အဆုံး အဖြတ် ပြုကြပေသည်။ ထိုနည်းတူစွာပင် လူသူတော် သျှောင် တစောင်းအမည်ခံ လျှို့ဝှက်ပုဂ္ဂိုလ်ကြီးနှင့် လူသတ်မှုအမျိုးမျိုး ပညာစဉ်အမျိုးမျိုးဖြင့် ကျူးလွန်လျက်ရှိကြသော မြေအောက် လောကီရာဇဝတ်ဂိုဏ်းကြီးမှပညာရှင်တို့သည် တစ်ဦးနှင့်တစ်ဦး



မျက်စိဖြင့်ပင် ပညာစစ်ဆေးမှု အကဲခတ်မှုများကို အတန်ကြာ ပြုလုပ်လျက် ရှိကြပေသည်။

ကြောင်နက်ရှင်သူဇာသည် သူမ၏ပေါင်ပေါ်၌မှိန်းလျက် ရှိသော ကြောင်နက်ကြီးကို ယုယုယယသပ်လိုက်ရင်း သူမ၏ ရတနာဝတ်စုံများ စီခြယ်ထားသော နယား၊ ရွှေကြုတ်၊ ဟသ်ာ ရုပ်ဆိုး၊ နားတောင်း တိမ်ပုံ၊ ဇော်ထည်ဇော်ရုပ်ဖြင့် ရှေးပုံ လက်ရာပြည့်လျက်ရှိသော ရတနာအပြည့်ဆင်ထားသော လက် ကို အသာဆောက်၍ ထိုလက်ပေါ်၌ မေးတင်လျက် သျှောင် တစောင်းအား ကိုယ်လုံးခြုံကာ ရွှန်းစားယစ်ဝေသောမျက်လုံး တို့ဖြင့် ကြည့်ရှုလျက် ရှိပေသည်။

ထို့နောက် ကြောင်နက်ရှင်မ၏ စင်မြင့်အနီးမှ အဓောက် တံခါးတစ်ခုသည် ပွင့်ထွက်လာပြီးလျှင် လွန်စွာလှပသောမိန်းမ ချောဘစ်ဦးသည် ဝတ်ရုံအနက်ကိုဝတ်လျက် လက်၌ အနီရောင် အလိပ်ကြီးတစ်ခုကိုင်ကာ ကြောင်နက်ရှင်သူဇာနှင့် ကြောင် နက်ရှင် ဂိုဏ်းကြီး၏ ပညာရှိကြီးသုံးဦး ထိုင်လျက်ရှိရာ ရှေ့ တည့်တည့်သို့ ရောက်လာပြီးလျှင် ကြောင်နက်ရှင်မ၏ ရှေ့၌ ဒူးတစ်ဖက်ထောက်လျက်ရှိပြီး ထိုအနီရောင် အဝတ်လိပ်ကြီးကို ဖြန့်လျက် ကြည်လင်ပြတ်သားလျက်ရှိသော လေသံဖြင့်....

'ရာဇဝတ်သားများကို ရှေ့မှောက်သွင်းခြင်း ကာလ လေးသည်တော်၏ အစီရင်ခံစာ' ဟူ၍ ဖတ်လိုက်လေသည်။

ခန်းမဆောင်ထဲရှိ ပရိသတ်ဂိုဏ်းသားအားလုံးသည် လွန်စွာ ငြိမ်သက်သွားလေသည်။ ပညာရှင်ဆရာကြီးသုံးဦးသည် အစီရင်

www.burmeseclassic.com

ခံစာဖတ်သူထံသို့ ကွာန္တြေဖြင့်ကြည့်ရှုလိုက်ပြီးလျှင် ရှေ့ဆက်ဖတ်မည့် အစီရင်ခံစာကို နားစွင့်လျက် ရှိကြပေ၏။

ကြောင်နက်ရှင်မသည် လက်ပေါ်မေးတင်လျက် သျှောင်တစောင်းကို ကြည့်နေရာမှ ခပ်မတ်မတ် ပြန်ထိုင်လိုက်ပြီးလျှင် အစီရင်ခံစာဖတ်သူ အမျိုးသမီးချောဆီသို့ မျက်လုံးကို ဝေ့ကစားလိုက်လေသည်။ အမျိုးသမီးသည် အဝတ်နီပေါ်၌ ရေးထားသော စာတို့ကို ဆက်လက်ဖတ်ပြ အစီရင်ခံပေသည်။

'လေးသည်တော် သူရဲ, သူဘက်, ဝန်ခင်း, မောင်သူတော်အစီရင်ခံအပ်၍စနင်း....သဘင်တင်လိုက်ပါသည်။ ပျူခင်းသက္ကရပ်ချရ၏ အနွယ်တော်၊ ငွေစစ်ငွေသားဖြင့် တိနှိပ် ကွမ်းစား၍ ပေးအပ် ထားရစ်ခံရပေ၍၊ ပျူမင်းသက္ကရပ်ချရ၏ အခင်းတော် သေခင်းစာ....ငွေပုရပိုက်အရ လောကီယပညာအရဖြင့် အစဉ်အဆက်အနွယ် အတွက် ဝန်ထမ်းတော် မှုပေသော ကြောင်နက်ရှင်မသူဇာ ဂိုဏ်းတော်၏ အကြီးအချုပ်သခင်မလေး ရှင်သူဇာ ဒေဝက္ကန္ဒာ မည်ရသော ဂိုဏ်းတော်ရှင် သခင်မလေးဘုရား'

'ကြောင်နက်ရှင်သူဇာဂိုဏ်း၏-ရန်သူတော် နံပါတ်တစ်ဖြစ်ပေသည့် ဗြိတိသျှ ဘုရင်မကြီး၏ ဘွဲ့တံဆိပ်တော် ရသည့် လူသူတော် သျှောင်တစောင်းဘွဲ့ခံ လူအမည် မောင်ဘဂျမ်းနှင့် ငွေမားလှယ်နှင့် ဆုကြေးငွေ၊ မြန်မာနိုင်ငံ၏ စုံထောက်ကျော်ကြီး ဦးဇင်ယော်၊တပည့်စာသင် ဘူးမောင်၊ သျှောင်တစောင်း၏ တပည့် လူပု



ကလေးဖြစ်သော မောင်းဂွတ် လူမျိုး မျိုးနွယ်ဝင် 'ဂွန်ရိုင်း'တို့အား ကြောင်နက်ရှင်သူဇာ ရှေ့မှောက်သို့ ဖမ်းလိုကစင်း၊ ချေလိုကချေ၊ ရာဇဝတ်သားတို့အား စီရင်အပ်သော ထုံးရဟတ်နိဗ္ဗေအတိုင်း ပြုနိုင်ရန် ဆက်သွင်းပါသည်။

'ကရင်သင်တိုင်း တောအတွင်း၌ လင့်စင်ထိုးကာ ကျေးတော်မျိုးတို့၏ လျှို့ဝှက်သမုဒယ မြေအောက်ဂိုဏ်း၏ လှုပ်ရှားမှုကိုလည်းကောင်း၊ သျှောင်တစောင်းနှင့် စုံထောက်ကြီး တို့သည် ထောက်လှမ်းနေစဉ် အံထောက်တော် ရှင်သူဇာ နံပါတ်(၄)၏ဖော်ထုတ်မှုအရ ကျေးတော်မျိုး ကိုယ်တိုင် မီးမောင်းဆင်၍ 'ပျူမင်း'တို့၏ တတ်အပ်သော လေးသည်တော်ပိစ္စည်းအတတ်ဖြင့် အရှင်လတ်လတ် ရအောင် ဖမ်းဆီးခဲ့ပါသည်။

'ကရင်မုဆိုးကြီး ဘိုးစံသည်ဖား ဘက်ပြေးလွတ်မြောက်သွားခဲ့ပါသည်။ ထို့ကြောင့် ကရင်အဘိုးကြီးဘိုးစံအား အောက်ပါ ကြောင်နက်ရှင်သူဇာ၏ လေးသည်တော်များက လိုက်လံလိုက်ကြလျက်ရှိပါသည်။

'စဉ်လာထုံးတမ်းအရ ကြောင်နက်ရှင်သူဇာ၏ရန်သူရန်သူတော်များအား နေကွယ်လျှင် ကားစင်တင်၍ ကျပ်ထိုး၊ ပုဘိုက် လည်သားမြိုက်ကို လှန်ပူနှင့်ဖောက်ပြီးလျှင် ဝမ်းအူသားနှင့် သည်းခြေရည်တို့ကို ဌက်

www.burmeseclassic.com



အောင် လင်းတ ဖို့မတို့အား ညစာကျွေးမြဲ ဖြစ်ပါ
သည်။

ဤကိစ္စ၌ ဖမ်းဆီးမိခဲ့သူ သျှောင်တစောင်းနှင့်
ထောက်ကြီးတို့သည် သာမန်မည်ကာမတ္တ ပုဂ္ဂိုလ်မျ
မဟုတ်မူဘဲ သူ့ရဲအဆင့်ဝင် အချွင်းအရည် နှလုံးသ
ပွတ် ပြည့်စုံသောသူများ ဖြစ်လျှင်းကြ၍ ငွေသ
ပုရပိုက်ရစ်ခွေစာ 'ပျူမင်း' သက္ကရမိချရ၏ မိန့်ထုံး
အရ တောကြီးစံဖို့နှင့် တိုက်သတ်စေကြောင်း
သည်တော် ဝန်ခင်း မောင်သူတော် အစီရင်ခံလျှ
ရန်သူတော်ကြီးအား သခင်မ ပဏ္ဏာဆက်ပါကြော

မောင်သူတော်

သင်ဘိုင်းတော

ကြောင်နက်ရှင်သူဇာ လက်မရှိသူ

ချောမွေ့သော မိန်းမချောလေးသည် ဝတ်ရုံနက်ကို
လျက် ပြတ်သားမာန်တင်းသော အစီရင်ခံစာကို ဖတ်ပြပြီးလျ
ဒူးထောက်အနေအထားမှ ရှက်ထည်လိပ်ကို ပြန်၍ လိပ်လို
ပြီးလျှင် ကြောင်နက်ရှင် သူဇာအား လွန်စွာ ရိုသေသော
အမူအရာဖြင့် အရိုအသေပေးကာ ခန်းမဆောင်မှ ပြန်လည်
အတွင်းဆောင် တံခါးထဲသို့ ပြန်လည် ဝင်ရောက်သွား
သည်။

မကြာမတင် မရှေးမနှောင်းပင် ရင်အုပ်ထွားထွား၊လ
မောင်းသား ကားကားကို ဝတ်ရုံအနီနှင့် ချုပ်ဝတ်အင်္ကျီရှ
ကတ္တီပါသား အနီရောင်ကို ဝတ်ဆင်ထားသော ခေါင်းပေါ



စကို တစ်ချောင်းချတည်ထိုးပေါင်း ပေါင်းထားသော ယောကျ်ားပျို
တစ်ဦးသည် ရင်ကိုကော့လျက် ဝင်ရောက်လာပြန်သည်။ ထို
ပုဂ္ဂိုလ်သည် သျှောင်တစောင်းနှင့် စုံထောက်ကြီးတို့အား တစ်
ခါက်မျှ စိုက်ကြည့်လိုက်ပြီးလျှင် ကြောင်နက်ရှင်မ ဘက်သို့
လှည့်၍ ကြည့်လိုက်ပြီးလျှင် ဒူးထောက် ဦးညွှတ်လျက်....

'ကျေးတော်မျိုး ဝန်ခင်းမောင်သူတော် ရွှေတော်မှောက်
သို့ ရောက်ရှိကြောင်းပါ သခင်မလေး၊ လေးသည်တော်ရဲ့
အစီရင်ခံစာတော်အရ သခင်မလေး၏ အဆုံးအဖြတ်ကို ဆောင်
ရွက် လုပ်ဆောင်ရန် အရန်အသင့် မှုခင်းတော်ဖွင့်ရန် 'အသင့်
ရှိကြောင်းပါ'ဟူ၍ လေးနက်သော ရိုသေသမှုဖြင့် အမိန့်နာခံ
လျက် ရှိပေသည်။

ကြောင်နက်ရှင်မသည် လက်ဖြင်းတစ်ချက် မသိမသာ ချ
လိုက်ပြီးလျှင် ကြွေးဟည်းလည်း ချည်နှောင်ထားသော လူသူ
တော် သျှောင်တစောင်းအား ကြည့်လိုက်သည်။

ကြည်လင်ရှန်းလဲ့ ရှန်းစားသော အကြည့်ကို သျှောင်
တစောင်း တွေ့လိုက်ရပေသည်။ ထို့နောက် ရှင်သူဇာသည်
သျှောင်တစောင်းအား စူးစူးရဲရဲကြည့်လိုက်ပြန်သည်။

'ရိုးမပြုန်ပညာရှင် လူသူတော် သျှောင်တစောင်း အတွက်
သင့်မြတ်သော သေခင်းဖွင့်၊ တိုက်ပွဲစဉ်ဖြစ်၍ လျှော်ကန်သော
အစီရင်ခံစာဖြစ်၍ လေးသည်တော် မောင်သူတော်အတွက်
ဆက်လက်ထမ်းဆောင်ခွင့်ပြုသင့်ပေတယ်၊ သခင်မလေး ထုံး
နည်း ထုံးတမ်း သက္ကပျူနှာ ဆိုဇာမခဲ့၊ ဂိုဏ်းတော်အတွက်
နှလုံးမငြဲ ဆုံးဖြတ်သင့်တဲ့အချက်ပေပဲ....သခင်မ။

www.burmeseclassic.com



'မောရဓါးကုန်းရဲ့ အသက်ဇီဝိန်ကို ခြွေယူလိုက်တဲ့ ဘရုဏ် ပညာရှိ ဆိုံးစိဟာ သူတို့အဖွဲ့နဲ့ ဆက်စပ်မှုရှိနေတယ်လို့ ယူဆ ပေတယ်၊ ဒီဟာကြောင့် မြန်မကြာ ဝက်ဝံဘွင်းသို့ ပို့သင့် ပေတယ်'

အရှိန်ပြိုင်းပြိုင်းထလျက် မျက်တွင်းဟောက်ပက်ဖြစ်လျက် သော မည်သို့သောပညာရှင်ဖြစ်သည်ဟုခန့်မှန်း၍မရနိုင်သော ထိုပညာရှင်သည် သျှောင်ကစောင်းအား လွန်စွာ စက်ဆုပ်စွာ ကြည့်လျက် သခင်မလေးအပါးသို့ရပ်လျက် နှုတ်တင်၊ လက် တင် အကြံပြုလျက်ရှိသည်၊

BURMESE CLASSIC

နှုတ်တင်လက်တင် ဆိုသည်မှာ ပညာရှင်ကြီးသည် အဦး အချုပ် သခင်မ၏ရာဇမုတ္တာခုံ၏ ညာလက်ရန်းကို ကိုင်လျက် လေးနက်စွာပြောဆိုခြင်းဖြစ်၏၊ ဤပြောဆိုချက်သည် ငြင်းပယ် ရန် မသင့်ဟူသော အကြံပြုချက်တစ်ရပ်ဖြစ်သည်ဟူသော ရှေး နန်းဘွင်း 'ပျူ'သက် ဓလေ့တစ်ခုပင်ဖြစ်သည်၊

ကြောင်နက်ရှင် သူဇာသည် မတ်တတ် ထ လိုက်ပေ၏ ဝါဝင်း နုညက်သော အသား အရေ ပေါ်မှ စိုင်ခဲ နုထွား ရပ်တင်ရစ်ခွင်းလျက်ရှိသော ကိုယ်ပသာဒတို့သည် ခြုံလွှာပါး ပါး အောက်မှ ရှန်းလုလု ထွက်တင်လျက်ရှိသည်၊

နုထွေးသော နှုတ်လွှာကို အသာပြင်လိုက်ပြီးလျှင် မတ်တတ် အနေအထားမှ ညာလက်ကို မြှောက်လိုက်သည်။

'မိန့်စဉ်အတိုင်း ဆောင်ရွက်ရန် သင့်လေးသည်တော်မှူး တာဝန်'



ကြောင်နက်ရှင်သူဇာသည် အမိန့်တစ်ခု မှတ်လိုက်ပြီးသည့် နောက် လေးတွဲ့စွာ သက်ပြင်းချလိုက်ပြီးလျှင် ထိုင်ခုံပေါ်သို့ ထိုင်လိုက်သည်။

ကြောင်နက်ရှင်သူဇာ၏ လက်ဖဲဘေးမှ ပညာရှိကြီး နှစ်ဦး တို့သည်လည်း ပြုံး၍ ခေါင်းညိတ်လိုက်ပေသည်။

လေးသည်ဝန် မောင်သူတော်သည် ကြောင်နက်ရှင်မ၏ အမိန့်ကို ဆောင်ရွက်ရန် ဒူးထောက်လျက်သားမှ မတ်ရပ်အနေ အထားသို့ ရပ်လိုက်သည်။

ကြောင်နက်ရှင်မသည် ရာဇမုတ္တာ ကုလားထိုင်ထက်မှ နေ၍ လေးသည်တော် မောင်သူတော်အား ဆက်လက် မိန့်ဆိုလိုက် သည်။

'ရှိ....တိုက်ပွဲသဘင်ကို နန်းရင်ပြင်ထဲမှာပဲ ကြည့်ချင်တယ် ကွယ်၊ တောကြီးဝံဖိုကို အထိန်းတော်တွေနဲ့ ဒီနန်းရင်ပြင်ထဲ မှာပဲ ခေါ်ဆောင်ခဲ့ပြီး တိုက် ပွဲ တာ အတွက် ပွဲထွက်စေ လိုက်'

'မှန်ပါ သခင်မ၊ အမိန့်အတိုင်း လေးသည်တော် ဆောင် ပါ့မယ်'

လေးသည်တော် မောင်သူတော် ထွက်ခွာသွားပြီးလျှင် နန်းမဆောင်ထဲမှ ဂိုဏ်သားတို့သည် လှုပ်လှုပ်ရွရွ ဖြစ်လျက် ရှိသွားကြပေသည်။ တစ်ဦးနှင့်တစ်ဦး တီးတိုးပြောဆိုလျက် ရှိကြသည်၊

သျှောင်တစောင်းနှင့် စုံထောက်ကြီးတို့အား လေးတော်၍ ဆောင့်ရလျက်ရှိသော ရှင်သူဇာတို့သည် လေး လက်နက်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



သျှောင်တစ္စောင်းတို့အား ချိန်ထားလျက်ရှိရာမှ အောက်သို့ ချလိုက်သည်။

ကြောင်နက်ရှင် ဂိုဏ်းသား လေးယောက်သည် လွန်စွာ ကြီးမား လေးလံဟန်တူသော ကော်ဇောနီကြီးကိုထမ်းလျက် ခန်းမကျယ်ကြီးအလယ်၌ ခင်းလျက်ရှိပေ၏။

ကြောင်နက်ရှင် ဂိုဏ်းသားတို့သည် သျှောင်တစောင်းနှင့် သောကြီးဝက်စံတို့ တိုက်ခိုက်ကြမည့် ပွဲကြီးပွဲကောင်းအား မျှော်လင့်စောင့်စားလျက် ရှိပေသည်။

ကော်ဇောကြီး၏ လေးဘက်လေးတန်၌ ဇရာမလျှော်ကြိုး ကြီးများကို ကြောင်နက်ရှင် ဂိုဏ်းသားတို့သည် ပါးပိုးတိုင် မဒမတိုင်များဖြင့် ပတ်လည်တုပ်နှောင်လျက်တိုက်ပွဲကွင်းအဖြစ် တမ်တုတ်ခြင်းပြင်ဆင်လျက်ရှိကြသည်။ ပန်းပွားစုံများကိုလည်း လေးဘက်လေးတန်၌ ဆွဲထားကြလသည်။

ထိုသို့ ခင်းကျင်းလျက် ရှိသည်ကို ကြောင်နက်ရှင် သူဇာ သည် သူမ၏ ရာဇမုဏ္ဍကုလားထိုင်ထက်မှနေ၍ ကြီးကြပ်လျက် ရှိသည်။

ကြောင်နက်ရှင် ဂိုဏ်း သား တို့ သည် ဤအမှုကိစ္စများ၌ များစွာ ဖျတ်လတ်ကျင်လည် ကျွမ်းကျင်မှု ရှိကြလေသည်။

သျှောင်တစောင်းသည် ပြေလျှော ဖွာလန်ကြဲလျက်ရှိသော သူ၏သျှောင်ကိုပြေစေရန် ခေါင်းကိုခါယမ်းလိုက်ပြီး ပြေလျှော နေသော သျှောင်သည် လုံးဝပြေလျှောကာ ဖားလျားကျသွား လေသည်။



ဖားလျားကျသော ဆံပင်ကိုအကာအကွယ်ပြုကာ သျှောင် ောင်းသည် ရင်း၏လက်၌ လွန်စွာခိုင်ကျည်စွာ တုပ်နှောင် းသော ကြိုးတို့ကို ဖြေလိုက်သည်။ ကြိုးထုံးအဆွင်အခွေ းသည် ရုတ်တရက် အောက်သို့ ပုံကျလျက်ရှိသည်။

သျှောင်တစောင်းသည် စုံထောက်ကြီးဦးဇင်ယော်နှင့် ပခုံး း ကပ်လိုက်ပြီးလျှင် ဦးဇင်ယော်၏လက်မှကြိုးများကို ဖြေ က်လေသည်။

ကြိုးဖြုတ်သော အချိန်ကာလမှာ လွန်စွာ မြန်ဆန် တောင်းခြင်း ရှိပေရာ ခန်းမဆောင်ထဲသို့ ဝင်လာသော ဝ အဖိုကြီးနှင့်ပါ ချိန်ကိုက်လျက်ရှိသော အချိန်ဖြစ်လျက် ခြင်းကြောင့် သျှောင်တစောင်း၏ ကြိုးဖြုတ်လိုက်ခြင်းကို ြောင်နက်ရှင်မှတစ်ပါး အခြားသူများ သိရှိခြင်း မရှိလိုက်

သျှောင်တစောင်းသည် ရုတ်တရက် လက်ခုပ်တစ်ချက် တီး လေ၏။ ထိုသောအခါမှသာလျှင် ပရိသတ် အား လုံး ှောင်တစောင်း ကြိုးဖြေလိုက်သည်ကို သိရပေ၏။

ပညာရှင်ကြီး သုံးဦးသားသည် သျှောင်တစောင်းကိုကြည့် လွန်စွာအံ့ဩသွားကြသည်။ လွန်စွာပိန်၍ လွန်စွာမျက်တွင်း ပြီးလျှင် ကိုယ်အထက်ပိုင်း ဗလာကျင်းလျက်ရှိသော ပညာ ကြီးသည် ရှေ့သို့ လှမ်းလာပေသည်။

အံ့ဩသွားသလား၊ ခင်ဗျားတို့ ကြောင် နက် ရှင် ရှေ့ သလောက်တော့... ဟဲ...ဟဲ....ဟဲ.... လူသူတော် သျှောင် စောင်းက မလေးသလိုပါပဲလေ၊ ရိုးမ ဆရာရော့ရှဲ မဏိ

www.burmeseclassic.com

www.burmeseclassic.com



ပေါက် လျှော်ထုံးကြိုးဖြေအတတ်ရဲ့ သဝတ်ကဗျာဇည်းနိ
လေးပေါ့ပဲ....ဟဲ....ဟဲ....ဟဲ....'

လူ့အူတော်သျှောင်တစောင်းသည် သျှောင်ကို သုံးဆင့်
ထုံးလျက် လက်ယာဘက်၌သျှောင်ကိုချလိုက်ပြီးလျှင် လက်
သုံးချက်ကို မြည်ဟည်းစွာ တီးလျက် ခန်းမဆောင်အလယ်
ကော်ဇောနီကြီး ခင်းလျက်ရှိသော ကြိုးဝိုင်းအတွင်းသို့ ခုန်
ဝင်လိုက်သည်။

ထို့နောက် အပေါ်လွှာ ရှမ်းဝတ်စုံကိုချွတ်၍ ပရိသတ်
သို့ လွှင့်ပစ်လိုက်လေသည်။

(မဏီပေါက် လျှော်ထုံး ကြိုးဖြေအတတ်သည်
ပုဂံသူရဲကောင်း အတတ်ပင် ဖြစ်၏။ အက
ရှိသောအတတ် ဖြစ်ပေသည်။ ယခုအခါ 'သို
စွမ်းရည်ပြပွဲ'၌ အချို့ပညာရှင်တို့သည် ထု
ဖော် ပြသလျက် ရှိပေရာ များစွာဝမ်းမြော
ဖွယ် ဖြစ်ကြောင်း မြန်မာနိုင်ငံ သိုင်းအဖွဲ့ချု
ကို လွန်စွာ ကျေးဇူးတင်စရာ ဖြစ်ပေကြောင်း
စာရေးသူ။)

## (၉)

## ဝက်ဝံဖိုနှင့် သျှောင်တစောင်း

သျှောင်တစ်စောင်း၏မို့မောက်သောရင်အုပ်သားမြောင်းကြီး
သည် လွန်စွာ ပေါ်လွင်လျက် လက်မောင်းကြွက်သား အဖု
အထစ်အလုံးအမြောင့်တို့သည်လှိုင်းထလျက်ရှိသည်။မြွေဟောက်
ကြောန် ခွေဆင်းလျက်ရှိသော ကျောပြင် ကြွက်သားမြောင်း
ကြီးသည် လည်းကောင်း၊ ဝမ်းဗိုက်မှ အရစ် အရစ် ခွေတက်
သွားဘိသော ဝမ်းမြောင်းသား ရစ်ထွေးထွေးများသည်လည်း
ကောင်း သျှောင်တစောင်း၏ ဖြူဖွေးနုးညံ့သောအသားအရေ
င် လွန်စွာ လိုက်ဖက်ညွတ်ပြေလျက်ရှိပြီးလျှင် ဝင်းလက်၍
သို့ ရည်ထလျက်ရှိသော ကသိုဏ်းရည်ပြည့် မျက်လုံးအစုံသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း လွန်စွာ ရဲရင့်လှဘိတော့ရာ ကြောင်နက်ရှင်သူဇာ မြေ အောက် ဂိုဏ်းသားကြီး၏ အရှင်သူဇာအဖွဲ့သည် ကြက်သေ သေ၍ ငေးကြောင်လျက် ရှိနေတော့သည်။

သို့သော် ကြောင်နက်ရှင်သူဇာ၏ လေးသည်တော် အဖွဲ့ သည် ဒူးလေးများကို သျှောင်တစောင်းရှိရာသို့ ချိန်မှန်းလိုက် လေသည်။ ထိုအချိန်တွင် လွန်စွာ ကြီးမားသော ဝက်ဝံဖိုကြီး သည် ဂိတ်တံခါးမှ ဖြတ်လျက် ကော်ဇောနီခင်းလျက်ရှိသော တိုက်ပွဲကွင်းဘက်သို့ လှမ်းလျက်ရှိတော့သည်။

ဝက်ဝံကြီး၏နောက်မှ ဝက်ဝံကြီးအား ချည်နှောင်ထား သော ကြိုးကို ကိုင်ပြီးလျှင် လှံနှင့် ကြိုးကြိမ်တို့ကို ကိုင်လျက် အမိန့်ပေး လိုက်ပါလျက်ရှိသော ဝံထိန်းအဖွဲ့လည်း ပါလာ လေ၏။ နောက်မှ ဦးပေါင်းအနီကို ပေါင်းလျက် ရင်ဘတ် ကြောင်နက်တံဆိပ်ကြီးထိုးလျက်ရှိသော ဝန်ခင်းမောင်သူတော် လိုက်ပါလျက် ရှိပေသည်။

ဝက်ဝံကြီးသည် စည်းဝိုင်းထားသော ကြိုးဝိုင်းအတွင်းသို့ ဖြည်းဖြည်းဝင်လျက်ရှိသည်။ နှုတ်မှလည်း ဂစ်....ဂဲ ဟူ၍ အော် မြည်လျက် ဝင်းဝင်းထသော မျက်လုံးအစုံဖြင့် ရင်းသတ်ဖြတ် ရမည့် လူသားကို ကြည့်လျက်ရှိပေသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် ထိုအခြင်းအရာကို ရ တထိတ်ထိတ်ဖြင့် ကြည့်လျက်ရှိပေ၏။ ဝက်ဝံသတ္တဝါ၏သတ္တ ထူးကိုလည်း တောလိုက်ဖူးသောစုံထောက်ကြီးသည် သိရှိထား ဖြစ်ပေရာ တောကြီးဝက်ဝံဟူသော လွန်စွာနက်မှောင်ရှ မျက်လုံးစိမ်းသော ဝက်ဝံဖိုတို့သည် အဆိုင် အပေါ်အကုတ်



လွန်စွာအားကြီးသောသတ္တဝါဖြစ်ခြင်းကြောင့် လွန်စွာ လျက် ရှိပေသည်။

တောကြီးဝက်ဝံကို သာမန်လူသားသည် မည်သို့မျှယှဉ်နိုင် မဟုတ်ပေရာ ကြောင်နက်ရှင်သူဇာဂိုဏ်း၏ ရက်စက်မှု င်းအတာသည် များစွာ ကြီးထွားလှသည်ဟု စုံထောက် သည် သျှောင်တစောင်းအား စိုးရိမ်မကင်း ကြည့်ရင်း ဝံကြီး၏ ခြေလှမ်းကို စောင့်ကြည့်လျက်ရှိပေသည်။

ဝက်ဝံကြီးသည် ကော်ဇောနီကြီးပေါ်မှာ လျှောက်လျက် နှင့်ဖက်ကိုမြှောက်ကာ စည်းအတွင်းဝင်လေ၏။ ကြောင် ရှင် ဂိုဏ်းသား ပရိသတ်တို့သည် ဟေး....ဟေး ဟူ၍ ယာစ်ကာ ဝက်ဝံကြီးအား ကောင်းချီးသြဘာပေးလျက် သည်။

BURMESE CLASSIC

ကြောင်နက်ရှင်သူဇာသည် ဘုမ၏ ရာဇမှတ္တ ကုလားထိုင် မှ တည်ငြိမ်စွာ ထိုင်လျက် အခင်းအရာ၊ အခြင်းအရာကို လျက် ရှိပေ၏၊ ကြောင်နက်ရှင်သူဇာဂိုဏ်းမှ ပညာရှင်ကြီး ဦးတို့သည် သျှောင်တစောင်းအားမခိုးမခန့်မလောက်လေး ကလေး၊ကလားပုံစံဖြင့်သနားစဖွယ်သတ္တဝါလေးသဖွယ် ထားလျက် ဝက်ဝံကြီး၏လက်ဘွင်း၌ လည်ညှစ်ခံရ အရေးကို တွေး၍ ကြည့်နူးဟန်ရှိကြလေသည်။

ဝက်ဝံကြီးသည် ဂစ်ဂစ် ဂဲဂဲ ဟူ၍ အော်ကာ သွားကို င်း သျှောင်တစောင်း စောင့်လျက်ရှိရာ ကြိုးဝိုင်း သို့ ဦးတည်လာလျက်ရှိပေ၏။ ဝက်ဝံကြီး ရင်းသို့ တည်လာလေလျှင် လူသူတော်သျှောင်တစောင်းသည် သူ၏

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ကို ဆန့်တန်းလျက် လက်နှစ်ဖက်ကို ဖြန့်က လှည့်လျက်ရှိပြီးလျှင်ဘယ်ခြေရှေ့ဖျားကိုထောက်၍ခန္ဓာကိုယ် ဖျော့လိုက်လေသည်။

ဝက်ဝံကြီးသည် လွန်စွာကြီးမားပေရာ သျှောင်တစောင် ထက် ခေါင်းတစ်လုံးသာသာမျှ မြင့်၍ သျှောင်တစောင် ကိုယ်၏ သုံးဆမျှထွားလေ၏။ လွန်စွာ မည်းမှောင်သေ အမွေးမှင်ကြီးများသည် ခန္ဓာကိုယ်ပေါ်မှ ငါးလက်မကျေ ကျော်မျှ ရှည်မည်ဟု ခန့်မှန်းရပြီးလျှင် လက်ဝါးကြီးနှ လက်သည်းများမှာမူ ဗာဒံရွက်တမျှ ကြီးမားသည်။

ဝက်ဝံကြီးသည် သျှောင်တစောင်းအား သွန်စွာနီးကပ်ေ ထိုးလျက် ဂစ်ဂစ် ဂဲဂဲဖြင့် ဝက်ဝံတို့၏ ဟောင်နည်းဖြ ဟောင်လိုက်ကာ လက်သည်းများဖြင့် ထိုးဆိတ်လိုက်ကြသည် ဝက်ဝံကြီးသည် လက်နှစ်ဖက်ဖြင့်လည်း ဆက်တိုက်ပုတ်လို လေသည်။

သျှောင်တစောင်းသည် ဝက်ဝံကြီး၏ ပုတ်သောလက် နှ ဖက်ကို နောက်သို့ ခြေနှစ်လှမ်းဖြင့် ဗျက္ကရဗျိုင်း၏ ဝက်မှ တောင်ပံခတ်ဟန်ဖြင့် ဆုတ်လိုက်၏၊ လေထဲ၌ ဝက်ဝံကြီး၏ လက်တံတို့ ယမ်းသွားလေသည်။ ဝက်ဝံကြီးသည် ညာဘက်သ လှည့်ကာမကျေမနပ်ဖြင့် တစ်ကွက်သာသာကပ်ဆုတ်သွားသေ သျှောင်တစောင်းအား လှမ်း၍ပုတ်လိုက်ပြန်သည်။ အင်အာ ဖရှိန်ကို အသုံးပြုပြီးလျှင် တိရစ္ဆာန်ပီပီ အတင်းဝင်ထိုးလျှ သွားလေ၏၊ သွားများကိုလည်း ဖြဲထားလေသည်။ သျှော တစောင်းသည် ဒုတိယအကွက်ဖြစ်သည့် ခြေကို ခုန်ဆုတ်



ညာခြေကို အပေါ်သို့မ တင်ပြီးလျှင် ဝက်ဝံကြီး၏ ပေါင် ကြားကို ခြေဖျားဖြင့် ခတ်တင်လိုက်၏၊ ဝက်ဝံကြီးသည် သျှောင်တစောင်း၏ခြေဖျားကို ဖမ်းဆုပ်လိုက်လေရာ သျှောင် တစောင်းရှမ်းဘောင်းဘီ စသည် ပေါင်လယ်မှနေ၍ စုတ်၍ သွားလေ၏။ ပေါင်၌ သွေးခြေများဥသွားသယောင် နီရဲ သွားလေသည်။

ကြောင်နယ်ရှင်ဂိုဏ်းသားတို့သည် ဟားဟားဟေးဟေးနှင့် အော် ဟစ်ကြလေ၏၊ သျှောင်တစောင်းသည် ဆုပ်ဖမ်းလိုက်သော ဝက်ဝံလက်ကြောင့် ယိုင်သွားသော်လည်းဘယ်ခြေကို အကာ ဆုံခတ်နည်းဖြင့် ခတ်လိုက်ပြီးလျှင် ဝက်ဝံ၏ ဒူးနှင်းသော အားသို့ ခတ်တင်ပြီးလျှင် ညာလက်ဖြင့် ဝက်ဝံ၏ နှာနုရိုးကို ပေါက်လိုက်လေ၏။ ဝက်ဝံကြီးသည် လွန်စွာ နာကျင်သွား သည့်အလား လက်နှစ်ဖက်ကိုလွှတ်ကာ သူ၏နှုတ်သီးကို လက် ဖြင့် ပွတ်လိုက်လေသည်။

လှပဆန်းကြယ်သော နီလိဂံဟိက္ကသင်္ဂဇဗျက္ကရဗျိုင်း သိုင်း ကွက်ကို ကြောင်နက်ရှင်သူဇာ၏ လက်အောက်ဂိုဏ်းသားတို့ သည် မျက်ဝါးထင်ထင် တွေ့လိုက်ရပေ၏၊ ဝက်ဝံကြီး ခေတ္တ ငြိမ်သွားသည်အထိ လျှပ်တစ်ပြက် ခဲမစ်သလောက် တိုက်ခိုက် လိုက်သည် မည်မျှပြင်းထန်ကြောင်း ရိပ်စားမိလိုက်ကြပေသည်။

သျှောင်တစောင်းသည် ဗျက္ကရဗျိုင်း၏ ကလင်္ဂမှုခိခြေလိမ် အကွက်၊ ဂပိနင်းတောင်းရိုက်ကွက်၊ သက်ယောသန ငါး ခေါင့်ကွက်၊ လယ်ယုံလိဒ္ဓ နှုတ်သီးထိုးအတိုက်ကွက်တို့ကို ကျင့် သည် ကျွမ်းကျင်စွာ လှုပ်ရှားသွားရင်း နီလိဂံရဟိက္ကသင်္ဂဇ

www.burmeseclassic.com

www.burmeseclassic.com



ဗျက္ကရဗျိုင်း၏ ငါးဖမ်းကွက်ဖြစ်သော မ်လယ်ယုဂ္ဂ အကွက်
ခင်း၍ ဝက်ဝံကြီး၏ တိုက်ကွက်ကို စောင့်လျက်ရှိပေသည်
ကြောင်နက်ရှင် ဂိုဏ်းသားတို့သည် ငြိမ်သက်လျက် ရှိ
သည်။ ဝက်ဝံသည် ဗျိုင်းကိုနိုင်ရိုးထုံးစံ မရှိပေ။ ဝက်ဝံ
ဗျိုင်း တွေ့ကြပေလျှင် ဝက်ဝံသည်သာ အရှုံးပေးရမြဲ ဖြစ်
သည်။

ဤကား တောကြီးရာဇာ သမိုင်း၏ အပြေမှန် အလို
တည်း။

ဗျိုင်းသိုင်းပညာကို ပေးလိုက်သော ဆရာ ရှသေ့သည်
နိလိဂ်ရဟိက္ကရသဂ်ဃ ဗျက္ကရ ဗျိုင်းပေမှုဖြင့် သင်ကြားပေးစဉ်
ပညာစဉ်ပြောကြားခဲ့သော စကားရပ်ဖြစ်ပေသည်။

လွန်စွာရှုပ်ထွေးနက်နဲဆန်းကြယ်၊ ဆန်းပြားလှသော သိုင်း
ပုန္နရာကျမ်းရင်းကြီးမှ အဖျားအနား ဖြစ်သည့် ဤဗျက္က
ဗျိုင်းသိုင်း၏ ပင်မရေသောက်ကွက်များကို သျှောင်တစော
သည် ခင်းရေးခင်းရာ 'ရိုပင်အရ' တိုက်ကွက်ချလျက် ရှိပေ
ကြောင်နက်ရှင် ဂိုဏ်းကြီး တစ်ဂိုဏ်းလုံးသည် လှပခန့်ညာ
ယောကျ်ားပီသရဲရင့်သော ဖြိုတိသျှအစိုးရ၏ တံဆိပ်တော်
မြန်မာပညာရှိ လူသူတော်သျှောင်တစောင်းအား ရှိသေ လေး
စားလိုသော စိတ်များ ပေါ်ပေါက်လျက်ရှိလာသည်။

ကြောင်နက်ရှင်သူဇာ၏ ပညာရှိကြီး သုံးဦးသည်လည်း
လွန်စွာ တည်ငြိမ် က္လာန္ဒြေရရ တိုက်ပွဲကို ကြည့်လျက်ရှိသည်
ကြောင်နက်ရှင်သူဇာသည် သျှောင်တစောင်းအား ပြုံးစိစိဖြင့်
ကြည့်ရှုလျက်ရှိသည်။



ဝက်ဝံကြီးသည် ဇွင်း၌ ထိခိုက်နာကျင်သွားသည့်ကြောင့်
တရကြမ်းပင် သျှောင်တစောင်းအား လိုက်လျက် ရှိသည်။
သျှောင်တစောင်းသည် ကော်ဇော်နီ ကြိုးဝိုင်းလယ်၌ ဗျိုင်း
တောင်ပံခတ်သည့်နှယ် ရှောင်တိမ်းရင်း ခုန်ပျံ တက်လျက် ရှိ
သည်။

ဝက်ဝံနှင့် သျှောင်တစောင်းတို့၏ တိုက်ပွဲမှာ ပို၍ ပြင်း
ထန် မာန်ဝင်လျက် ရှိကြသည်။ သျှောင်တစောင်း သည်
ဝက်ဝံကြီး၏ နှုတ်သီးအား နှစ်ကြိမ် ထိုးဆိတ်ခဲ့ပြီးဖြစ်သည်။
ဝက်ဝံကြီးသည် သျှောင်တစောင်းအား အသွယ်တကူ
သတ်ဖြတ်၍ မရသဖြင့် လွန်စွာ စိတ်တိုလျက်ရှိသည်။ သွား
များကို ဖြဲကာ လွန်စွာ ကြောက်မက်ဖွယ် ရိုက်ပုတ်တိုက်ခိုက်
လျက် ရှိသည်။

သျှောင်တစောင်းသည် ညွှတ်ပျောင်း သိန်သွဲ့ လီမ်ယှက်
ထိုး နှုတ်သီးဖြင့် တောင်ပံ ပုတ်လေစဲဇတ် စသည်ဖြင့် အကွယ်
အကာ အလိမ်အပတ် နည်းတို့ဖြင့် လွန်စွာ လျှို့ဝှက် နက်နဲ
လှသည့် နိလိဂ်ရဟိသဂ်ဃ ဗျက္ကရဗျိုင်း သိုင်းပညာကို ပညာ
နှစ်ပါးပါးဖြင့် ထုတ်ဖော်လျက် တောကြီးဝက်ဝံဖို၏သတ်ထိုး
မှု ကွက်များကို အချက်ပါပါ အသုံးပြုလျက်ရှိကြောင်း တော
ကြီးဝက်ဝံသည် သျှောင်တစောင်းအား မျှားစွာဒုက္ခမပေး
နိုင် ရှိလေသည်။

တောကြီးဝက်ဝံသည် ရိုက်လိုက် ပုတ်လိုက်လျှင် တွေ့
ရှောင်လိမ်ပတ်လျက် ရှောင်တိမ်းနေသော လူသားပညာရှင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို လွန်စွာမှပင် စိတ်မရှည်ပေတော့ရကား မီးကုန်ယမ်းကုန် သတ်ဖြတ်ရန် ကြိုးစားလိုက်လေတော့သည်။

တောဝက်ဝံ တို့၏သဘာဝမှာ လွန်စွာအားကြီး၍ အသတ်အပုတ်အားကောင်းပေရာ ဝက်ဝံနပန်းဟူ၍ပင် ဝက်ဝံတို့၏ သတ်နည်းကိုယူ၍ နပန်းပညာထည့်သွင်းခံရသည့် တောကောင်ဖြစ်သည်။

ဝက်ဝံမျိုး များစွာရှိသည့်အနက် တောကြီးဝက်ဝံ ဟူသော မက္ကဝိသနီမျိုး ပေါက်ဝက်ဝံမှာ လွန်စွာ လက်သည်းဆိပ်ကြမ်းသောမျိုးဖြစ်ပေရာ ကြောင်နက်ရှင်ဂိုဏ်းတို့သည် ဤသို့သော ဝက်ဝံမျိုးကို ကျောက်ကမူကြား၌ ညွတ်ကြိုးဖြင့် မျှောလိုက် ထားပြီးလျှင် ကြွင်းထောင်ချောက်ဖြင့် ပိတ်ဆီး ထား၍ အစာကို တစ်ရက်ကျွေး တစ်ရက် အငတ်ထားပြီးလျှင် ကြောင်နက်ရှင်ဂိုဏ်း၏ အသူရာသုတ်သင်ပွဲဟု ခေါ်ဆိုအပ်သော ကြောင်နက်ရှင်ဂိုဏ်း၏ ရန်သူတော်များကို သုတ်သင်မှု၌ အရေးတင်ထားသမှု ပြုလေ့ရှိပေသည်။

ဝက်ဝံကြီးသည် သွားများကို အစွမ်းကုန်ဖြဲကာ လက်နှစ်ဖက်ကို ကားပြီးလျှင် စိန်းစိန်းရဲရဲဖြင့် သျှောင်တစောင်းကို ကြည့်ကာ ကြိုးဝိုင်း ဝိုင်းထားသည့်ဘက်သို့ ရှောင်တိမ်း ဆုတ်ခွာလျက် လိုက်သံပေးလျက်ရှိသော သျှောင်တစောင်း၏ သည်ပင်းကို ကုတ်ညှစ်ရန် အတင်းဝင်လျက် ရှိသည်။

ဆံထုံးသုံးဆစ်ကို ထုံးလျက် တွဲလောင်းချလျက် ရှိသော သျှောင်တစောင်း၏ ခန္ဓာကိုယ် အထက်ပိုင်းသည် ဝက်ဝံ၏



ဆိုးဆိတ်လိုက်ပြီးလျှင် ကြောင်နက်ရှင် ဂိုဏ်းသားတို့အား ခေါ်၍ ပြောလိုက်သည်။

ဝက်ဝံကြီးသည် စီးကျလျက်ရှိသော သူ၏ သွေးများကို နှုတ်ဖြင့်လျက်ကာ ချာလပတ်လည်လျက် ခွေလဲ ကျသွားလေတော့သည်။

ဘောကြီး ဝက်ဝံနှင့် နိုလိဂ်ဟိက္ကသဂ်ပဗျက္ကရ ဗျိုင်းတို့၏ သတ်ဖြတ်ခြင်းမှာ ပြီးစီးခြင်းသို့ ရောက်ရှိသွားလေသည်။

ဝက်ဝံကြီး လဲကျခြင်းသို့ ရောက်ရှိသွားလေလျှင် ကြောင်နက်ရှင် လေးသည်တော်အဖွဲ့သည် ဆတ်ခနဲ ဒူးထောက်ကာ ၎င်းတို့၏ လက်သုံး ဒူးလေးများဖြင့် သျှောင်တစောင်း၏ ပတ်ပတ်လည်၌ ချိန်ရွယ်လိုက်ကြ၍ ဒူးလေး၏လေးညို့ကြိုး တို့အား တင်လိုက်ကြသည်။

လေးသည်တော်ဝန်ခင်း မောင်သူတော်သည် ကြောင်နက်ရှင်အား လှည့်ကြည့်လျက် အမိန့်ကိုစောင့်လိုက်သည်။

ကြောင်နက်ရှင်မသည် မတ်တတ်ရပ်လျက် လက်ကာပြလိုက်ပြီးလျှင်....

'ဥဩလာထုံးဖွဲ့ ငွေသားသိုဝ်ရ ပုရပိုက်စဉ်ကို အားလုံး လေးမားကြ၊ ဝန်ခင်းသူတော်၊ ဝဖို့အလောင်းကိုကောက်ပြီး သင့်ရာသို့ပို့...သင်းရို့ အားလုံးအဆောင်တိုက်သို့ခွာကြ၊ သတ်ရဲ ညီလာပြီးဆုံးပြီ၊ အသူတို့အားသင့်ရာအဆောင်သို့မှန်ရာကောက် အခင်းခွန်တို့က ပျူငှာစွာဆောင်ရွက်၍ ငါ၏ အမိန့် တစ်စုံ တစ်ရာ မရမချင်း အကျဉ်းခတ်မှု မရှိစေရ'

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နက်ရှင်သူဇာသည် အေးဆေးငြိမ်သက် ညင်းသန့်သော လေပြည်ဖြင့် ကြောင်နက်ရှင်ဂိုဏ်းသားတို့အား အမိန့်ပေးမှုပြုလိုက်ပြီးလျှင်လျင်စွာထလျက် သူမ၏ရာဇမိုတ္တာ ကုလားထိုင် အနီး၌ရှိသော ခန်းဆီးနီနှင့် ငွေဘော်ရောင် တံခါးချပ်ရှိလေသော အတွင်းဆောင်သို့ ဝင်ရောက်သွားလေတော့သည်။

ကြောင်နက်ရှင် လေးသည်တော်တို့သည် လေးကိုင်းကို အောက်သို့ချကာ ဦးညွှတ်၍ အမိန့်နာခံလိုက်ပေ၏။ ဝန်ခင်းမောင်သူတော်သည် သူ၏ ကြောင်နက်ရှင် ဝတ်ရုံကြီးကို ပတ်လျက်တင်လိုက်ပြီးလျှင် သျှောင်တစောင်းအား ဝေ့၍ ကြည့်လိုက်ပေ၏။ သျှောင်တစောင်းသည် သူ၏ကျယ်ပြန့်သော ပခုံးကို တွန့်ပြလိုက်လေသည်။

ကြောင်နက်ရှင် သူဇာ၏ ပညာရှိကြီးများအနက် အရိုးပြိုင်းပြိုင်းထလျက်ရှိသော ပညာရှိကြီးသည် သျှောင်တစောင်းအား၎ကြည့်လျက် ပြုံးတုံ့တုံ့ လုပ်လျက် ရှိပေသည်။

လူသူတော် သျှောင် တစောင်း သည် လည်း အားလုံးကို ကြည့်ကာ ပြုံးလိုက်သည်။ အရိုးပြိုင်းပြိုင်းနှင့် ပညာရှိကြီးကို ကြည့်မိသောအခါ ပြုံးရာမှ ရယ်လိုက်ပေသည်၊ အသံများပင် ထွက်သွားလေသည်။

(၁၀)

## ကွန်ကရားနှင့် သျှောင်တစောင်းဗေဒင်

လင်းထိန်ဝင်းဝါလျက်ရှိသောမီးတောက်ကြီးငယ်အသွယ်သွယ်တို့သည် ကရင်သင်တိုင်း တောအုပ်ကြီး၏အမြစ်အခြေကျသော အဒုပ် ကမ္ဘုက္ကမူ ဟူသော စွယ်တောအုပ်အလယ်၌ လင်းလင်းထိန်လျက် ရှိပေသည်။

မီးတိုင်စင်ကြီးပေါင်းများစွာမှာ ဝါးပိုးဝါး တိုင်ရှည်ကြီးများပေါ်တွင် လက်ထုတ်ခေါက်များ ပင်းသယ်မွှေးခေါက်များ၊ စန္ဒကူးသားများ ရောယှက် ထွန်းထားသိသောကြောင့် မွှေးနံ့များလည်း သင်းဖြာလျက် ရှိပေသည်။

မှောင်ပိန်းလျက် ညဥ့်နက်ယံ၏ အမှောင်ထုအားလုံးသည် ဝါးပိုးဝါးမှ နံ့သာမီးတောက်များကြောင့် လင်းဖြာလျက်

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ချုံနွယ်ချုံပုတ်စပ်တို့သည်နီနီဝါဝါရောင်မြမြသမ်းလျက် ရှိပေပြီးလျှင် တစ်စုံတစ်ရာသော ထူးခြားလှသည့် တူရိယာအသံ တို့သည်လည်း ဖြည်းညင်းပူဇော်စွာဖြင့် သာမတာမောင်းမောင်း မြည်သံသာလျက် ရှိ၏၊ ဗုံတောက်သံနှင့် ရှေးခေတ်ပျူဇာမင်း သက်တို့ လက်ထက် မှုတ်ကညင်ပြုသော ဝါးပျဉ်းလှပြောင်း ပန်းလှသံသာတို့သည် ကျူးရင့်လျက်ရှိသည်။

လှသူတော်သျှောင်တစောင်းသည် ကြောင်နက်ရှင်သူဇာ၏ သားမှ ရှင်းအတွက် နေရာချထားပေးသော အဋ္ဌမုတ်ပလ္လင်ခုံ ကုလားထိုင်အက်တွင် အဖြူရောင်ဝတ်စုံကို သပ်ရပ်ခန့်ညားစွာ ဝတ်ဆင်၍ ပိုးဖြူပဝါဖြင့် ကျလျက်ရှိသော သျှောင်ကို ခွေ၍ တင်ကာ နှဖူးကို ပတ်လျက် စူဠာမဏိကုလားများ ပေါင်းသည့် ခေါင်းပေါင်းပုံပေါင်းထားသဖြင့် လွန်စွာအရောင်ထွက်လျက် ရှိပေ၏။

ကြောင်နက်ရှင်သူဇာ၏ အထူးအခွင့်အရေး တစ်ရပ်အနေ ဖြင့် လှသူတော်သျှောင်တစောင်းတို့ ကြောင်နက်ရှင်သူဇာ၏ နန်းခမ်းပွဲတော်သို့ တက်ရောက်ခွင့်ရခြင်းဖြစ်လေသည်။ ကြောင် နက်ရှင်သူဇာအား လက်ထပ်လျှင် ဂိုဏ်းသို့ဝင်ခွင့်ရ၍ ပြင်းပယ် လျှင် သေတွင်းပေါက်သို့ပို့ရမည်ဟု ကြောင်နက်ရှင်သူဇာဂိုဏ်း ၏ အမိန့်ကိုရလျက် နောက်ဆုံး အထူးအခွင့်အရေး အဖြစ် သျှောင်တစောင်းအား ကြောင်နက်ရှင်မက ပေးခြင်းဖြစ်လေ သည်။

ကြာဇည်းကြိုးနီကို စလွယ် ဆိုင်းပတ်ကာ ပန်းမွှားနီကို လက်ယာဘက်သို့ တွဲလောင်းချထားပြီးလျှင် ရှေးပျူမင်းသား



ကိုင်ဆောင်ရဘိသော တနုကဟာ ကျာပွတ်ကို ကိုင်ဆောင် ထားရလျက် ရှိပေသည်။ သျှောင်တစောင်း၏ လက်ယာဘက် ၌ကား စုံထောက်ကြီးဦးဇင်ယော်သည် သူ၏မက်ဖော့စတား ဦးထုပ်ကြီးကိုခဲလျက် အနောက်တိုင်းဝတ်စုံကိုခန့်ညားသပ်ရပ် စွာ ဝတ်စားထားသည်။

ထို့နှင့် တစ်ဆက်တည်းတွင်ကား လူပုကလေးနှင့် အင်းစိန် အိုင်ဒီမှ စာသင်ဘုန်းမောင်သည် ငြိမ်သက်စွာ ထိုင်လျက်ရှိကြ သည်။

ကြောင်နက်ရှင်ဂိုဏ်းသားအားလုံးသည် တောအုပ်ကြီး၏ ညီးမှောင်လှသော ချုံနွယ်ပိတ်ပေါင်းဝင်း ချုံများအတွင်း ၌ ကြောင်နက်အဝတ်များကိုဝတ်၍ လုံခြုံစွာစောင့်ရှောက် လျက်ရှိကြပေ၏။ အဝတ်နီဝတ်သော ကြောင်နက်ရှင်ဂိုဏ်း သားတို့သည် ကြောင်နက်ရှင်မနှင့် ပတ်စန်းကျင်၌ လွန်စွာ ဆက်မြက်သော လူသတ်လက်နက်များကို ကိုင်ဆောင်ထား ကြပြီးလျှင် ဝိုင်းထိုင်လျက် ရှိကြပေသည်။

အရပ်မြင့်မြင့် အဝတ်ဖြူဝတ်ပုဂ္ဂိုလ်သည် ရှင်သူဇာ၏ခွင့်ပြု ချက်အရ ရှည်လျားလှသော စာရွက်လိပ်ကြီးကို ဖြန့်လျက် အနီးရှိ အဝတ်ဖြူပတ် လေးယောက်ခြံရံလျက် ရှည်လျားသော နန်းခမ်းပွဲ နိတကသာကို ဖတ်ရန် ပြင်ဆင်လျက် ရှိသည်။ ထို ပုဂ္ဂိုလ်၏အသံသည် လွန်စွာအောင်မြင်လျက်ရှိပေရာ နက်ရှိုင်း သော တောအုပ်၏ ညဉ့်လယ်ယံကို လွန်ကျူးစွာထွင်းဖောက် လျက် ကြောင်နက်ရှင်ဂိုဏ်းပရိသတ်ကြီးကို စိုးမိုးလျက် ရှိချေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်း၏ မြွက်ဆိုသံမှာ....

'ပျူမင်းတို့၏ အဆက်အနွယ်ဖြစ်သော ရှင်သူဇာသည် ပျူမင်းသက္ကရ ပိချရ၏ ထားရစ်သော ငွေပုရပိုက်အရ ပျူမင်းနွယ်ဆက်မပျက်ပြုန်းရေးနှင့်ဗေဒင်အရာ ပါမောက္ခဖြစ်ပေသောဗေဒင်ကွန်းကရား၏အမိန့်ပြန်တမ်းအရ ကြောင်နက်ရှင်၏ အမှူးအချုပ်အဖြစ် ဆောင်ရွက်လျက် ယခုနှစ် ပျူ-ကောဇာ-သကရ-မင်ဝိလုကာ ဂြိုဟ်သက်ရှိယျ မွန်-ပ်-ညွန်းအချိန် အရ ပျူမင်းတို့ထုံးစံ နို့မေ်းပွဲတော် ကျင်းပအပ်ပေသည်....'

ရှင်းနိဒါန်းပျိုးလိုက်သည့်အခါ ကြောင်နက်ရှင်မြဲသတ်သည် လက်ခုပ်သြဘာ ရိုက်ကြွေးလိုက်သည်။ ဗုံထောက်ဝိုင်းမှလည်း ဗုံများကို လက်တွက်လိုက်ပေ၏။ ထို့နောက် ထိုပုဂ္ဂိုလ်သည် ဆက်လက်၍ ဖတ်ပြန်လေသည်။

'ကျွန်ုပ်တို့ ရှင်သူဇာ ကြောင်နက် ဂိုဏ်းကြီးသည် အစဉ်အလာအရ ပျူမင်းများ ပျံနှံ့ရာ ဒေသတစ်ပိုက် ဖြစ်၊ သီရိခေတ္တရာ၊ ကေတုမတီ၊ကျောက်ပန်းတောင်း၊ ယိုးတောင်း၊ ပဏ္ဍရာ-ရနှင့် ပျူမင်း သက္ကရ ပိချရ၏ လေးသည်တော်ကြီးဝမ်းပုန်း တောလိုက်ရာ ဤကရင်သင်တိုင်းအရပ်တို့၌ နှစ်လည်လျှင် နို့မေ်းပွဲပြုလုပ်လျက်ရှိရာ ယနေ့ညခါ-တီ-လုံ (ကရင်အချိန်)၌ နို့မေ်းပွဲ အောင်မြင်စွာ သွန်းလောင်းပြီးဖြစ်ပေသည်။

'ဤနှစ်တွင် ကျွန်ုပ်တို့အဖွဲ့ဘွင် ကြောင်နက်ရှင်မ၏ ထူးခြားစွမ်းရည်ကြောင့် ဗြိတိန်အစိုးရ၏ ဘွဲ့ရလူကြီး



မင်း လူသူတော်သျှောင်တစောင်းနှင့်အတူ ဗိုလ်ထောက်ကြီး ဦးဇင်ယော်တို့ကိုပါ လက်ရဖမ်းမိ၍ ရှင်းတို့အား မတွပ်သတ်ခင်၌ အစစ်အဆေးပြု၍ ကြောင်နက်ရှင်မ ကိုယ်တိုင် သျှောင်တစောင်းအား အစစ်အမေးပြုရာ ထိုပုဂ္ဂိုလ်သည် ကြောင်နက်ရှင်မအား လွန်စွာ စွဲမက်လျက် အလုပ်အကျွေးပြုရန် ဝန်ခံလိုက်ပေသည်။

'လူသူတော် သျှောင်တစောင်းသည် ရိုးမဆရာရသေ့ကြီး၏ လက်ရုံးတော်ရ တပည့်ကြီး ဖြစ်၍ ဝက်ပုံဖိုနှင့် ညှော်ခံ ရာ အနိုင်ရ ပေသော ကြောင့် လက်ရုံးမြောက်သည်နှင့် အညီ တို့....အချုပ် အမှူး ဖြစ်သည့် ကြောင်နက်ရှင်မ၏ အမိန့်တော် အရ ရှင်းအားခြင်း၍ ကျန်ပုဂ္ဂိုလ်များအား ကရင်သင်တိုင်းတော၌ ဝါးမျှစ်တိုင်၌ချည်၍ ကျားစာကျွေးရန် ဖြစ်ပေသည်။

'ဗေဒင်ပါမောက္ခရ ကွန်ကရား၏ဗေဒပြန်တမ်းအရ ပါလယုဒိယ၊ သင်းကျီရ-ပါဏာဘူမိက္ခရ ဇောတိရသဲရဝေဒကျမ်းကြီးကို အကိုးပြု၍ အာတ္တာပွနခဗင်ကျမ်းရင်း ကိုးခေါက်ကို ရွက်ဆိုပြုနိုင်သူ ပညာရှင်မှန်ပါက ရှင်ခွေးထောင်လူ၊ နတ်ဘဖြုလ်သူဖြစ်၍ အရာပြုထိုက်လှသည် ဟူသော ဗေဒင်တင်သွင်းဆက်သွင်းရာ ပျူမင်း သက္ကရပိချရက ဦးညိတ်ခဲ့သည်ကိုအထောက်အကူပြု၍ လူသူတော်သျှောင်တစောင်းအား ကြောင်နက်ရှင် သူဇာဂိုဏ်းမှ ဝိဇ္ဇာဝက်ပုဏ္ဏား အရာရသည် ပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က ပညာရှင် စစ်ရိုးစစ်တမ်း ထုတ်ဆောင်၍ ကျေ
နပ်မှု ရခဲ့သော် ရှင်သူဇာနှင့် လက်ဆက်ခွင့်ပေး၍ တို
ကြောင်နက်ရှင်မကို အလုပ်အကျွေးပြု မောင်တော်
အဖြစ် သတ်မှတ်မည် ဖြစ်ပေကြောင်း....’

အဲ့ဝတ်ဖြူဝတ်ပုဂ္ဂိုလ်သည် ပြန်တမ်းကို ဖတ်သော် ကြ
အပိုဒ်တွင် ကြောင်နက်ရှင် ပရိသတ်သည် ဟားဟားဟားဖြစ်
ဝိုင်း၍ အော်ကြပေ၏။ ဗုံးမောင်းသံများသည်လည်း ပို၍
လှုပ်ရှားကြသည်။ ဝတ်ရုံလွှာ ကာခြေသည်အချို့သည် လှုပ်လှု
ရှရှ ဖြစ်ကြပြန်သည်။

ကြောင်နက်ရှင်သူဇာသည် သူမ၏ ကုလားထိုင်ထက်မှ
သျှောင်တစောင်းရှိရာဘက်ဆီသို့ တစ်ချက်မျှ မျက်စိဝေ့ကြည့်
လိုက်သည်။ သျှောင်တစောင်းသည် ကြောင်နက်ရှင်မကိုကြည့်
ကာ ပခုံးတစ်ချက် တွန့်လိုက်လေသည်။

ရှင်သူဇာသည် သျှောင်တစောင်း၏ အမူအရာကို လွန်စွာ
သဘောကျသွားသည့်ဟန်ဖြင့် သွားတက်ပေါ်အောင်ပြုံးလိုက်
လေသည်။ သျှောင်တစောင်းသည်လည်း စပ်လျှားလျှား ပြုံးပြ
လိုက်သည်။

ထိုသို့ပြုံးလိုက်ခြင်းမှာ နိုင်တုန်းလုပ်ထားသော ဟူသော
သဘောမျိုးဖြစ်ပေသည်။ စုံထောက်ကြီးသည်သျှောင်တစောင်း
အား လက်ကုတ်လိုက်ပြီးလျှင်တိုးတိုးပြောဆိုလိုက်သေးသည်။
သျှောင်တစောင်းသည် လက်ကာပြလိုက်ကာ ၎င်း၏ အကျႌ
ကြယ်သီးကို စေ့အောင် သေချာစွာ စေ့လိုက်သည်။



ကြောင်နက်ရှင်ဂိုဏ်း၏ ဗုံသံများသည် ပြန်၍ထွက်ပေါ်
သည်။ နီ့ခမ်းသွန်း အပျိုတော်အဖွဲ့သည် အသီးသီး
ာက်ကွယ်သွားကြသည်။ လွန်စွာ လှပသော၊ အချိုးအဆစ်
နသော အလှနတ်သမီး ကျောက်ရုပ်တုကို တွန်း၍ ဝါးကျင်း
းပေါက်ဝါးနှင့် ကသစ်နီဖြင့်ပြုလုပ်ထားသော အဆောင်
ခုအတွင်းသို့ အောက်ခံကျောက်ဘီးလှည်းကို တွန်း၍ ယူ
ာင်သွားလေသည်။

မီးဖိုမီးတောက်ကြီးမှာ တဖြည်းဖြည်း အရောင်လျော့လာ
သည်။ အပျိုတော်တို့သည်အပျိုဆောင်များသို့သွားပြီးလျှင်
ာက်သွားကြလေသည်။ ကြောင်နက်ရှင်သူဇာ ဂိုဏ်းကြီးမှ
ုတယာမွမ်းမြှုံထားသော ကြောင်နက်ကြီးကိုးကောင်သည်
သူဇာအား ခြံရံလျက်ရှိပြီးလျှင် ကြောင်နက်ရှင်သူဇာဂိုဏ်း
သတ်၊ သင်း၊ သတ်အဖွဲ့မှ လက်မရွံ့ ဝတ်ရုံနီများနှင့် ပညာ
အဖွဲ့သာလျှင် ကြောင်နက်ရှင်သူဇာ၏ပတ်လည်၌ကျန်ရစ်
တော့သည်။

လုသူတော် သျှောင်တစောင်းသည် ညင်သာညက်ညောစွာ
ိုက်ပြီးလျှင် ခန့်ညားစွာ လှမ်းလျှောက်လိုက်သည်။ ၎င်း၏
ားတုတ်ခိုင်သော အသွေးအမျှင်တို့ဖြင့်တည်ဆောက်ထား
ာ ကိုယ်လုံးကိုယ်ထည်ပေါ်မှာရှိပေသော ရှမ်းစော်ဘွား
ံစုံသည် ချပ်ချပ်ရပ်ရပ် ရှိလျက်ရှိသည်။

သျှောင်တစောင်းသည် တစ်လှမ်းချင်းလှမ်းလျက် ကြောင်
ရှင် သူဇာ အနီးသို့ ကပ်လာလေသည်။ ထို့နောက် ပျူ
ာ်နွှောသော ဘာသာစကားတစ်ခုကို ရွတ်ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်အဖွဲ့သည် ဧသျှောင်တစောင်းအား ကြည့်၍ မှင်သ
သွားပေ၏၊ အံ့ဩသွားလေ၏။
'ဝေဒင်....ကွန်းကရားရဲ့ဆရာ၊ ဆရာရသေ့ ဝိကုန္ဒေက
တိဓရရဲ့အလို့အတိုင်းပြောရရင်တော့ ရှင်သူဇာ....မင်းတို့ဂိုဏ်း
သက်တမ်းအရ ပုဇရုပ်....မွန်း....ထိ...ယု....စုံ....ဝင်... နေ
အချိန် ကရင်သင်တိုင်းတော အနောက်ဂေါယာစွန်း မှတ်
ဟာ....ယန်းမ....လဂ်....ယုံ....စင်....မှ ရာဟုထောင့် ထွက်
ကြောင်နက်က မင်္ဂသ....စန်းမှ လာယွန်းက ပြုလို့ နေ
ချိန် ဖြစ်နေပြီ၊ ဒီတော့ မရကစန်းဖြိုတ်မှ....တိ....လေ
မကာင်ဘဲ....ဖြုဗန်ဟာ....ဆ....လော အရသာ ထွက်ချိန်ထာ
မင်းတို့ဂိုဏ်းရဲ့ ဝေဒင် ပညာရှင်ကြီးက တွက်သားမှာ
လိ...ယု...စုံဝင်...ချိန်မှာ နို့ မမ်းပွဲ လုပ်လို့ ဇက်ထိတ်သ
နှစ်၊ မီးပေါက် အမြောက်ဝမှာ ရောက်နေတယ်၊ မကြ
မင်းတို့ဂိုဏ်း ပြိုကွဲတော့မယ် ရှင်သူဇာ၊ဒါက မင်းတို့ ကြေ
နက်ရှင် ဂိုဏ်းက လူသူတော် သျှောင်တစောင်းကို ဗေဒင်
မယ် ဆိုလို့ အမေးမရခင် အဖြေတွက်လိုက်တာပဲ၊ ကျုပ်
လိုက်တဲ့ ဝေဒင်ကွန်းကရားရဲ့ဆရာ ဝိကုန္ဒေက ဘိဓရရဲ့ ပုရပိုက်
မှုအရ ဟောပြလိုက်တာပဲ၊ ယနေ့ ဗေဒင်ဆရာ ဝေဒဆရာ
ရဲ့ ဘိုးအေကြီး ဖြစ်တဲ့ ဝိကုန္ဒေ ဘိဓရ ဆရာရသေ့ပဲ၊ က
ကရားဟာ အတ္တပ္ပနလို ထက်ဝက်ကျော်ပဲ ပေါက်ပါတ
'ဗေဒင်လေးပုံမှ သုံးပုံတောင် မတတ်ပြီပါဘူး၊ ဗေ
လေးပုံမှာ အတ္တပ္ပနဝေဒဟာ ဘယ်ရောက်သွားပြီဆိုတာ ဗေ
ကွန်းကရား အဆုံးမပြုနိုင်ခဲ့ပါဘူး၊ ထို့အတူပဲ မင်းတို



ဘွာ်ကိန်းရော့ ဇော်ဖြဒ....ပြစ်ဆိုတာလိုပဲ....ရေပုရပိုက်ပေါ
သာကို တကယ်မပေါက်မြောက်ဘဲ တွက်ရိုးမစစ်နိုင် ဝေဒင်
နိုင် ဆိုတာလို တောက်မည့်မီးခဲ သားထစ်ဖင်စို ဆိုတာလို
မီးခဲကို သားထစ်ဖင်ထဲ စိုအောင်ရဲ နေသလို ပြုနေလေတော့
တာတိပြုယုဂ်က သက်သေပြုမှာပါပဲ။
'ဆရာရသေ့ ဝိကုန္ဒေက ဘိဓရရဲ့ အလိုအရ မင်းတို့နို့ မမ်းပွဲ
ပြုတဲ့ ယနေ့ လက္ခယ်နေ့ည သန်းခေါင်ကျော်လွန်မှာပဲ
ပြုပွဲခ ကောင်းကင်မှာ စနေပတ်လမ်းမှ ရာဟုကြောင်းဟာ
ခေသံ့စီးပြီး ထွက်ပါတယ်၊ မိုက်ဆာရာဟုမှ ကုတာဂ်မဲကြောင်း
ချိန်မှာ ဆန်းရာဟု ရွေးသင့်ပေမယ့် သောကြာမယ်ဆိုလို့ အဂ်ါ
ပြန် ထွင်းထားတာကြောင့် နက္ခတ်မညီလို့ ဇင္ဃပြင် အပူကြိမ်း
နေတယ် ပညာရှိရို....ဟဲ....ဟဲ....ဟဲ။
'မင်းတို့ဟာ သနားစရာတွေပါပဲလား၊ အယူသီးလိုက်တဲ့
တာတွေပါပဲ၊ ရှေးဟောင်းပညာရပ်တွေကို အခုလိုရာဇဝတ်မှု
ပြုတဲ့နေရာတွေမှာ အသုံးမပြုသင့်ဘူး၊ နက္ခတ်ဗေဒင်ပညာတွေ
နဲ့ အချိန်ကိုက်ပြီး အစိုးရမင်းကို ထိခိုက်လို့မရဘူး။ အစိုးရ
ဆိုတာဟာ ရာဇဂြိုဟ်မှာပဂ်ဖလ မူတိကအိမ် တွယ်မှီမှ အစိုးရ
ဖြစ်တာ၊ ပညာမကျေဘဲ ရှေးဟောင်း တန္တြယာနဲ့ မန္တရာနဲ့
ခတ္တိယဘူမိကဝါဒ အရည်းထေရက ဘုတ်ကြမ်းဝါဒနဲ့ ဇပ္ပန
ကာရက ယောဂပိရက ဝါဒတွေရောစွက်ပြီး ရာဇဝတ်မှုခင်း
ပြုတာဟာ အလွန် လွဲမှားပါတယ်.... ရှင်သူဇာ၊ ဒီတော့
လူသူတော် သျှောင်တစောင်းကို ဝေဒင်ပုစ္ဆာ အမေးထုတ်ပြီး
စုံထောက်ကြီးကိုကျားစာကျွေးနေမယ့်အစား အစိုးရရဲ့ မှင်း

www.burmeseclassic.com

www.burmeseclassic.com

ကင်းလွတ်ရာကို အားထုတ်ပြီးမှ ဗြိတိန်ရှင် ခေါ်တဲ့ အစိုး
အလိုမရှိလဲ လူထုအင်အားနဲ့ သင့်တော်တဲ့ နည်းလမ်း
ဗြိတိသျှဆန့်ကျင်ရေးလုပ်ဖို့ လိုအပ်ပေတယ် ရှင်သူဇာ'

ကြောင်နက်ရှင် သူဇာသည် လူသူတော်ဘျောင်တစော
အားစေ့စေ့ကြည့်ပြီးလျှင်ရေးရေးပြုံးလိုက်လေသည်။ သို့သေ
ကြောင်နက်ရှင်သူဇာဂိုဏ်း၏ ပညာရှင်အဖွဲ့သည် ရုတ်တ
မုန်တိုင်း ရိုက်သွားသည်။

လွန်စွာအဆီတက်၍ ဝဖြိုးသော ပညာရှိကြီးသည် ဘျော
တစောင်းအား မဲ့ရွဲ့၍ ကြည့်လိုက်ပြီးလျှင် အင်္ကျီကိုယ်
ဗလာနတ္ထိဖြစ်လျက်ရှိသော ပညာရှိကြီးသည် ရုတ်တရက်
ရပ်လိုက်ကာ....

'သခင်လေး....သခင်မလေးရဲ့ ပျော့ညံ့ချက်တွေက ရန်
အားပေးဖြစ်ကုန်ပြီ သခင်မလေးရဲ့ ဇချစ်ကိစ္စမှာ ဒီမှာ တ
ခန်းရပ်ပြီး ဒီ ဘျောင်တစောင်းကို ကျုပ်တို့ ဆုံးမလိုတ
အရည်းပညာရပ်တွေနဲ့ ကျုပ်တို့အဖွဲ့ကို လာပြီး စော်ကား
တယ် သခင်မလေး၊ မျှမင်းသက္ကရပ်ချရရဲ့ ဝေဒင်ပုဏ္ဏားတေ
ကွန်းကရားကိုဘောင် ဝေဒင်လေးပုံမကျေဘူး ပြောဆိုနေ
ဒီဘျောင်တစောင်းဟာ ကျုပ် တပည့်ကြီး မောရခါးကုန်
ကြီးကိုသတ်တဲ့ စဏ္ဍာလလုံစိန့် တစ်ဖွဲ့တည်းပဲဖြစ်ရမယ်....သ
မလေး၊ ဒီတော့ သခင်မလေး သူ့ကိုနှစ်သက်ပေမယ့် ကျုပ်
အဖွဲ့အစည်းရဲ့ ခလုတ်ကန်သင်းဖြစ်လို့ ကျုပ် တတ်ထား
ရှေးဟောင်း တွင်းပေါက်မျှော်စင်သိုင်းပညာနဲ့ပဲ သူ့ကို အင
သတ်ခွင့်ပြုပါ'



(တွင်းပေါက်မျှော်စင် သိုင်း ဆိုသည်မှာ မြေကြီးထဲသို့ကိုးတောင်တူး၍၊ မြေကြီးထဲတွင် တွင်းအောင်း၍ နံရံတွင်အက္ခရာများရေးခြစ်၍ ကျင့်ရသော သိုင်းပညာဖြစ်သည်။ ထိုပညာရပ်ကို အသေးစိတ် သိလိုသော ဝါသနာရှင်များ ရှိက စာရေး၍ မေးမြန်းနိုင်ပါသည်။ ပုရပိုက်ပါ မူရင်းအတိုင်းဖော်ပြပါမည်။ ရာဇဂဏ)

ကြောင်နက်ရှင်သူဇာသည် ၎င်း၏ရင်ခွင်ထဲမှ ကြောင်နက်ကြီး၏ကျောကို ညင်သာစွာသပ်လိုက်ရင်း ပညာရှင်ကြီးအား လက်ကာပြလိုက်ပေ၏။

'ဦးရှီးတော်....ဒေါသမကြီးပါနဲ့လေ၊ ရှင်သူဇာ နားလည်ပါတယ်'

ကြောင်နက်ရှင်သူဇာက ခပ်လေးလေးပြောဆိုလိုက်သည်။ လူသူတော်ဘျောင်တစောင်းသည် ခါးထောက်လျက် ခပ်ဖြုံးဖြုံး ရယ်လိုက်သည်။

'ရှီးမပြန် ဘျောင်တစောင်းဟာ လောကီမြေအောက်ဂိုဏ်းကြီးတွေကို ဖြိုခွင်းနေတဲ့ လူသူတော် တစ်ယောက်ပဲ၊ လူမိုက်ကြီး မောရခါးကုန်းကြီးဟာ မြေလိမ်ရှင် ယောဂီကြီးအတတ်နဲ့ ယှဉ်ပြိုင်တာမှာ အရေးနိမ့်သွားတာ ဖြစ်မှာပါ၊ ပညာသူတော် တာယာဆင်ဝင်း တွင်းမှာကိုးမှော် ဗေဒင်မှာ ပုဏ္ဏား၊ ကညာမှာ မာဒန္တီ၊ စုံထောက်မှာ ဇင်ယော်ငှက်တဲ့....ကြားဖူးနားဝမှတ်သားကြလျှစ် ကောင်းမွန်တည့်တည့်နဲ့ ပညာရှိတို့....ကိုယ့်အမှားတွေ ဝန်ချကြလျှင် ကျုပ်က အရှိုးရရှေ့

www.burmeseclassic.com

မှာ ဖြေရှင်းပေးပါမယ်၊ ဒါကြောင့် ကျုပ်ပြောတာတွေ ဆန်းစစ်ပြီး ခင်ဗျားတို့ရဲ့ ရုပ်ညစ်ရုပ်ထေး ရာဇဝတ်ဘေးတွေ ကို သင့်ရာမှခဝါချပြီး လူမှန်သရုပ်မှန် ပညာဌာနက အောင် ကျုပ်က အကျိုးပြုခေါ်ဆောင်နေခြင်းပါပဲ ပညာရှင်ကြီး'

သျှောင်တစောင်းသည် ခပ်တည်တည် ခပ်သွက်သွက် ဆက်လက်ပြောလိုက်သောအခါတွင် တွင်းပေါက်ပညာရှင်ကြီး သည် ရုတ်တရက် ထခုန်ထွက်လိုက်လေသည်။

ထို့နောက် လက်ညှိုးနှစ်ချောင်းကိုထောင်လျက် အက္ခရာ နှိုက်ရန် ပြင်ဆင်လိုက်လေသည်၊

(အက္ခရာနှိုက်သည်....ဟူသည်မှာ တွင်းပေါက် မှော်ဝင်သိုင်းပညာ၏ တိုက်ကွက်ယန္တရားဆင်မှု တစ်မျိုးဖြစ်၏။)

လူသူတော် သျှောင်တစောင်းနှင့် ကြောင်နက်ရှင်သူဇာ ဂိုဏ်း၏ ပညာရှင်ကြီးတို့ အခြေအနေ လွန်စွာတင်းမာနေခြင်း ကြောင့် ကြောင်နက်ရှင် သူဇာသည် သက်ပြင်းရှည်ကြီးတစ်ခု ကို ချလိုက်ပြီးနောက် မတ်တတ်ရပ်လိုက်လေသည်။

ထို့နောက် လက်ညှိုးတစ်ချက်ထိုးလိုက်သည်၊ ကြောင်နက် ရှင် လက်မရှ အဖွဲ့သည် ရုတ်တရက် လျှင်မြန်စွာ ဝိုင်းလိုက် ပြီးလျှင် လူသူတော် သျှောင်တစောင်းနှင့် စုံထောက်ကြီး ဦးဇင်ဇယော်တို့အား ရုတ်တရက်ဆီးတားလိုက်သည်၊ ထို့နောက် ဝိုင်းကြီးချုပ်စနစ်ကို ကျင့်သုံး၍ ဝိုင်းကြီးချုပ်လိုက်တော့သည်။

ကြောင်နက်ရှင်သူဇာသည် လူသူတော် သျှောင်တစောင်း ဘက်သို့ ခပ်ညိုးညိုး မျက်နှာထားဖြင့် ကြည့်လိုက်ကာ...



'ကဲ...ဆရာရှင် ဦးရီးတို့ သဘောတော်ကျသလို ရိုးမဖြန့် သျှောင်တစောင်း ကိုဘဂျမ်းနှင့်အဖွဲ့ကို စီရင်ဆုံးမသမျှ ပြုကြ ပါတော့'

ဟူ၍ ခပ်ဆတ်ဆတ်ပြောပြီးလျှင် ကွက်လပ်ပြင်မှ ယာယီ အဆောင်တိုက်ထဲသို့ ဝင်ရောက်သွားတော့သည်။

တွင်းပေါက်ပညာရှင် ဆရာကြီးသည် အက္ခရာစဉ်နှိုက်ရန် ယ်ထားသော လက်ကိုရုပ်၍ ကျေနပ်စွာ ခေါင်းညိတ်လိုက် သည်။

www.burmeseclassic.com

## ( ၁၁ )

## မြီးကောက်ကျားနှင့် သေတွင်းပေါက်

တောလေသည် တဟူးဟူးတိုက်လျက် ရှိသည်၊ ဝါးရုံတော
မှ သစ်ရွက်သံနှင့် ဝင်းကောက်ပိုး တစ်မျိုး၏ စူးရဲသံသည
ကရင် သင်တိုင်းတော၏ ညဉ့်သံကို လွန်မင်းစွာ ချောက်ချာ
စေသည်။

သစ်နီကြီးပင်ဟူ၍ ခေါ်ဆိုအပ်သော သရင်သစ်မင်းကြီး
ပင်မှ သစ်ရွက်တို့သည် တောသေ၏ တိုးခွင်းထိုးရိုက်မှုကြော
တဖြုတ်ဖြုတ် ကြွေကျလျက်ရှိသည်၊

ဝါးရုံပင်ရင်းမှ မဆစ်ချောတိုင်နှင့် ချည်နှောင်ထားသော
လူတစ်စုသည် ဝါးရုံခြောက်သံနှင့်အတူ တောကြီး ယင်မည်



တစ်သိုက်၏ စိုင်းအုံခြင်းကို ခံရလျက် ရှိစေသဖြင့် ဒုက္ခ ဒုက္ခ
ဖြစ်လျက်ရှိသည်၊

လက်ပြန်ကြိုးကို သေချာစွာ ချည်ဝင်၍ ရစ်ချည်ထားခြင်း
ကြောင့် လက်တို့သည် ပွန်းရှလျက်ရှိသည်။

'ကျွန်တော်တို့တော့ ဒီတစ်ခါ တကယ်သေတော့မယ် ထင်
တယ် ဆရာကြီး'

စာသင်ဘုန်းမောင်သည် မမြင်ရသော ဝါးရုံတောထဲသို့လှမ်း
ကြည့်ကာ အနီးအပါး၌ ရင်းနှင့် ကပ်လျက် ချည်နှောင်ထား
သော ရင်း၏ဆရာကြီး စုံထောက်ကြီး ဦးဇင်ယော်ကို လှမ်း၍
ပြောလိုက်သည်။

မှောင်နှင့်မည်းမည်း၌ တစ်ဦးကိုတစ်ဦး မြင်ရခြင်း မရှိပေ
သောကြောင့် လေသံကိုသာ နာခံလျက် ပြော ဆို ရ လျက်
ရှိသည်၊

'တို့ကံကြမ္မာက ကြောင်နက်ရှင်မထက် ညံ့နေတယ်ဆိုရင်
တော့ ခံကြရမှာပဲ၊ စာသင်ဘုန်းမောင်'

စုံထောက်ကြီး၏ အသံအဆုံးတွင် အေးဆေးတည်ငြိမ်လှ
သော အသံတစ်သံက ပေါ်လာပြန်သည်။

'သေခြင်းတရားကို ရင်ဆိုင်နေရတဲ့ အချိန်မှာ သေခြင်း
တရား အကြောင်းကို မတွေးတောခြင်းဟာ သေခြင်းတရားကို
ရင်ဆိုင်ရန် အကောင်းဆုံးနည်းပါပဲ ကိုဘုန်းမောင်၊ အနန္တသူရိယ
အမတ်ကြီးကဲ့သို့ ကျင့်သုံးဖို့ လိုအပ်လှပါတယ်'

'အင်း....ကောင်းပဗျား'

www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲမှာ အချီအချ တီးတိုးပြောသံများ မဆုံးခင်ပင် မြက်ခြောက်သလို လျှောက်ကို တိုးသံကြားရသည်။ လွန်စွာ မှောင်မိုက်မည်းသော ဝါးရုံတော၏ ကွက်လပ်ထဲမှ ငုတ်ဘိုင်များဆီသို့ ဝင်းလက်သော မျက်လုံးအစုံသည် နီးကပ်လျက် မာန်ဖီလျက် လာနေပေသည်။

ညှီစို့စို့ အနံ့အသက် တစ်ခုသည်လည်း ထွက်ပေါ်လာသည်။

ကျားညှီနံ့နှင့်အတူ ကျားဟိန်းသံတစ်ခုသည်လည်း ထွက်ပေါ်လာတော့သည်။ လူသားစားကျား၏ ဟိန်းသံသည် တောယံထက်သို့ တက်လျက်ရှိသည်၊

ကျားကြီးမြီးပုတ်သံသည် ကရင်သင်တိုင်းတော၏ သစ်ရာကြီး ပင်စည်အောက်ခြေမှ တဖုတ်ဖုတ်ဖြင့် ထွက်ပေါ်လာရကာ ဤကျားသည် လွန်စွာ ကြီးမားသော ကျားတစ်ကောင်ဖြစ်၍ ကိုးတောင်ပြည့် ကျားဟူသည်ပင် ဖြစ်သည်။

ကိုးတောင်ပြည့် ကျားကြီးသည် အမြီးနံ့ကာ သားနံ့ကိုခံရင်း ရှေ့သို့ စူးစူးဝါးဝါး ရောက်လာသည်။

ရှည်းလျားလှသော အမြီးထိပ်သည် ကောက်လျက် ရှိသည်။

စာသင်ဘုန်းမောင်သည် ကျားကြီး နီးကပ်လာသည့်အတွက် အထူးပင်မြို့လှုပ်ရှားကာ လက်ဖြန့်ကြိုးကို ပွတ်ချေလျက်ရှိသည်။ လျှော်ဝါကြိုးဖြင့် ပွတ်ဘိုင်တွင် ကမုတ်လယ် ချည်နည်းဖြင့် ချည်ထားခြင်းကြောင့် ကြိုးထုံးသည် လုံးဝ လှုပ်ရှားခြင်းမရှိချေ။



လည်စည်းအနက်၊ ဘောင်းဘီအကျပ်အနက် ဝတ်ဆင်ထားသော စာသင်ဘုန်းမောင်အား ကျားကြီးသည် ပို၍မျက်စိစူးကာ ငါးကိုက်အကွာမှနေ၍ ခုန်အုပ်လိုက်သည်။

'ဂရှိုး'ဟူသော အသံကြီးသည် တစ်တောလုံး ဟိန်းထွက်သွားကာ ကျားကြီးသည် စာသင်ဘုန်းမောင်၏အပေါ်သို့ ထပ်လျက် ကျနေပေသည်။

ကြိုင်းကြီး၏ တစ်ကိုယ်လုံးသည် လှုပ်ရှားမှု ကင်းမဲ့လျက် ထို ကျားကြီး၏ လည်ပင်းမှ ထွက်သော သွေး တို့သည် စာသင်ဘုန်းမောင်၏ ကိုယ်ပေါ်သို့ စီးကျလျက်ရှိပေသည်။

ကျားကြီး၏ ကိုယ်ပေါ်တွင် ရှည်လျားသော မြားတံနှစ်ချောင်းသည် စူးနှစ်ဝင်လျက် ရှိပေသည်။

မြားတစ်ချောင်းမှာ ကျား၏ လည်ဇလုတ် တည့်တည့်ကို ဖောက်ထွင်းလျက် ကျန် မြားတံတစ်ချောင်းသည် ရင်အုံပိုင်းသို့ စိုက်ဝင်လျက် ရှိပေသည်။

စာသင်ဘုန်းမောင်သည် မူလက ခရစ်ယာန်ဘာသာဝင်ဖြစ်လျက် ရှိခြင်းကြောင့် ၎င်း၏နှုတ်မှ.....

'ဟောလ်...မေရီ...ဖူးအော့ ဂရေ(စ်)'

ဟူ၍ ခေါ်ဆိုအပ်သော ကောင်းကင် ဘုရားစာကို ရွတ်ဆိုလျက် ရှိမေ၏။

ကျားမျိုးများစွာ ရှိသည့်အနက် ကိုးတောင်ကျားဟူသော ကျားမှာ တောလိုက် မုဆိုးများ လွန်စွာ သတိထားရသော ကျား ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တည်းဖြင့် သေလေ့မရှိသောကြောင့်ဖြစ်ပေသည်ဟု သိရပေသည်။

လွန်စွာ မှောင်မိုက်သော ညအချိန်ဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး မမြင်ရသော်လည်း ကျားကြီး၏ လှုပ်ရှားမှု မရှိဘဲ ငြိမ်သက်စွာ လဲလျောင်း၍ သွားပေခြင်းကြောင့် စုံထောက်ကြီး ဦးဇင်ယော်သည် သက်ပြင်းလုံးကြီးကို မသိမသာ ချလိုက်ရင်း အံ့သြသင့်လျက် ရှိ၍ နေစဉ် မီးတိုင်များကို ကိုင်ထားသော လူလေးငါးယောက်ကို တွေ့ကြရလေသည်။

ထိုလူစုသည် ဦးဇင်ယော်နှင့် သျှောင်တစောင်းတို့ ဆယ်ကိုက်ခန့် အကွာမှ နေ၍ လာနေသည်။

'ဝေ ....တို့ ရောက်လာတယ် ဝေ ....ဆရာတို့ အားလုံး....ကံ သိပ်ကောင်းတယ်'

အသံသြသြဖြင့် ကရင်သံကြီးတစ်သံသည် အနီးကပ်၍ ထွက်ပေါ်လာပြီးလျှင် ထွားကျိုင်းသန်မာလှသော ကရင်ကြီးဘိုးစံသည် သူ၏ ကြီးမားသော ဒူးလေးကို သူ့ တပည့် တစ်ဦးကို ပေးလိုက်ပြီးလျှင် ကျားသေကြီးကို ပက်လက်လှန်ကာ စာသင်ဘူးမောင်ကို ဆွဲထုတ်လိုက်သည်။

ကျားကြီး ခန္ဓာကိုယ်ဖြင့် ဖိထားခြင်း ခံရသဖြင့် စာသင်ဘူးမောင်သည် သတိလစ်တစ်ချက် မလစ်တစ်ချက် ဖြစ်သည်။

'ဗိုး....ကြောင်နက်ရှင်မက တော်တော် ဆိုး တယ် ပဲ....ဗိုး....တောကြောင်ဖတာကျား.... အားလုံး ကောင်းကောင်း အသုံးချတတ်တယ်'



ကရင်ကြီးသည် နှုတ်မှ ပြောဆိုရင်း ဗုတ်တိုင်မှ ကြိုးများကို ဖြေပေးလျက် ရှိသည်။

သျှောင်တစောင်းရှေ့သို့ ရောက်သောအခါတွင် ကရင်ကြီးသည် ပို၍ အံ့သြသွားရပေသည်။

မီးတုတ်မှ မီးရောင်ကြောင့် မြင်ကွင်း အားလုံးမှာ ပို၍ ပြင် လာပေတော့ရာ သျှောင်တစောင်းအား အားလုံး က မြင်တွေ့ရပေသည်။

သျှောင်တစောင်းသည် သူ၏ လက်ရှည်အင်္ကျီ အိတ်တွင်းမှ မြားဘူးကိုထုတ်၍ စုံထောက်ကြီးကို ပေးလိုက်ပေသည်။ မြားဘူးမှာ သုံးဆစ်ချိုး ဆက်၍ ရသော ဘူးတိုလေးပင် ဖြစ်ပေသည်။

လက်ထွက် ပစ်မြား ဘူးတိုလေး ဖြစ်၍နေပေရာ စုံထောက်ကြီး ဦးဇင်ယော်သည် လွန်စွာ အံ့သြ၍ စကားပင် မပြောနိုင်ဖြစ်ရပေ၏။

'ပညာအကျိုး၊ ဆည်ပိုးထည်ဆောက်၊ သိဒ္ဓိ
မြောက်သည်၊ လွဲရအောင်လဲ၊ မရှိရာ....

တဲ့ စုံထောက်ကြီး....ရိုးမ ပညာပါပဲ....'

စုံထောက်ကြီးသည် ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်သည်။

ကရင်ကြီး ဘိုးစံသည် စုံထောက်ကြီးလက်မှ မြားဘူးလေးအား ယူငင်လျက် ၎င်း၏ ပလိုင်းထဲသို့ တရိုတသေသည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လက်ပြန်ကြိုးတုပ်....မထုတ်ခဲ့ရာ ခက်ဆစ်ရာကို၊ ကြိုလှာပြန်သော်၊ မဏိခေါ်၍၊ ထိပ်စကွင်းထိုး၊ လက်ညှိုးနှင့်ဖွင်း၊ အကြွင်းအဝ၊ လက်နချ၍၊ သုံးမျှောင့်လျောထုံး၊ ပင်လုံး ခက်လည်း မကျွတ်လွတ်ရာ၊ မရှိပါဘူး.... မှန်စွာ ကြိုးဖြေအတတ်တည်း....

လို့အဆိုရှိတဲ့ ကြိုးထုံး....ကြိုးဖြေလက်ာပေါက်ဆရာထယ်ရဲ့နည်းအချက်ကွင်းထိုးနည်းဖြင့်လက်ပြန်ကြိုးကိုဖြေထုတ်လိုက်ပြီး ကျုပ်ခါးကြားမှာ နောက်ဆုံးအကြိမ်အသက်လုဖို့ဆောင်ထားတဲ့ရိုးမဆရာရသေ့ရဲ့လက်ထွက် မြားအူးကို အသုံးချလိုက်တယ် ကျားရဲ့ လည်ဇလုတ်မှာ စိုက်နေတဲ့ မြားက ကျုပ်ရဲ့ မြားမဲ စုံထောက်ကြီး....ရင်အုံမှာ စိုက်ဝင်နေတဲ့မြားကတော့ မုဆိုးကျော် ကရင်ကြီးဘိုးစံရဲ့မြား.... ဒူးလေးမြားချက်ပါပဲ'

'အင်း....ရိုးမပြွန် သျှောင်တစောင်းဆိုတဲ့ နာမည်နဲ့တော့ လိုက်ပါပေ့ဗျာ'

(ရှေး ပုဂံ ခန်းတွင်း သူရဲကောင်း ကြိုးဖြေနည်း အတတ်မှာ မျှားပြားလှပါ၍ အမြွက် မျှသာ ဖော်ပြနိုင် အပ်ပါပေသည်။)

စုံထောက်ကြီးသည် လွန်စွာ သဘောကျလျက် ဦးခေါင်းတညိတ်ညိတ်ဖြင့် လွန်စွာ နက်ရှိုင်း မှောင်းပိန်းလျက်ရှိသော ကရင် သင်တိုင်းတောကြီး အတွင်း၌ ပီတိဖြစ်လျက် ရှိပါပေသည်၊



ကရင်ကြီးဘိုးစံသည် ဝါးကျည်တောက်ဘူးထဲမှ ရေများကို လှသူတော် သျှောင်တစောင်းနှင့်အဖွဲ့အား လက်ဆင့်ကမ်းပေးလိုက်သည်၊

သျှောင်တစောင်းသည် အာစွတ်ရုံမျှ စုပ်ယူလိုက်ပြီးလျှင် သတိ မဲ့တစ်ချက် ရတစ်ချက် ဖြစ်လျက် ရှိသော စာသင်ဘူးမောင်၏ မျက်နှာပေါ်သို့ ရေစက်များ ချကာ လက်ဖြင့် တောက်လိုက်ပေသည်။

စာသင်ဘူးမောင်သည် မျက်လုံးများကို ပြူးကျယ်စွာ ဖွင့်လျက် သတိရလာလေသည်၊ ကရင်ကြီးသည် ၎င်းနောက်မှ တပည့်နှစ်ဦးကို မျက်ရိပ် ပြလိုက်ရာ တပည့် ကရင်မုဆိုး နှစ်ယောက်သည် ကျားသေကြီးကို မ၍သပ်လျှိုကာ ထမ်းလိုက်ကြသည်၊

ရှေ့မှ မီးတိုင်ကိုင်သောသူသည် လွယ်အိတ်ထဲမှ ကညင်ဆီကို မီးတိုင်၌ ထပ်၍ ဆွတ်လိုက်ပြီးလျှင် မီးတုတ်ကို ပို၍ ကြီးထွားအောင် ပြုလိုက်ပေသည်။

မျက်လုံးနှစ်ဖက် ပြူးထွက်လျက် လည်ဇလုတ်နှင့် ရင်အုပ်မှ စီးကျလျက်ရှိသော သွေးစတို့သည် သေလျက်ရှိသော ကျားသေကြီးကိုကြည့်ကာ စာသင်ဘူးမောင်သည် ထိတ်လန့်မှုမပြေဖြေသေးဘဲ ရှိပေတော့ရာ စုံထောက်ကြီး ဦးဇင်ယော်သည် စာသင်ဘူးမောင်၏ ပခုံးကို ပုတ်လိုက်ကာ အင်္ဂလိပ်လို တစ်စုံတစ်ရာ ပြောဆို၍ နှစ်သိမ့်လိုက်ရပေသည်၊

'ကဲ...ဆရာတို့ သွားကြစို့ဝေ၊ ဒီနေရာက စိတ်မချရ သေးဘူး၊ ကျားရဲပေါတဲ့ နေရာပဲ'

www.burmeseclassic.com



လူသူတော် သျှောင်တစောင်းသည် ဦးခေါင်းညိတ်၍ သဘောတူလိုက်ပေသည်။

'ဘိုးစံကြီးကို ကျေးဇူးတင်တယ် ဟေ့၊ တို့အသက်ကို လာကယ်တာ'

သျှောင်တစောင်းသည် ထိုသို့ ပြောဆိုလိုက်ပြီးလျှင် ရှေ့မှ ဦးဆောင် ထွက်ခွာလာလေသည်။

+ + +

လူသူတော် သျှောင်တစောင်းသည် ဆရာဖြစ်သော ရှိုးမဆရာရသေ့ကြီးနှင့် ပဿမလက်ဦးဆရာဖြစ်သူ ရှမ်းဘိုးလူ၏ ရှိုးမတောကြီး ပညာရပ်များကို ပြန်လည် စားမြုံ့ပြန်ရင်း မိမိ၏ ရှမ်းတဘက်ကို လက်ယာရစ်ဝှေ့ယမ်းလျက် သွက်လက်စွာ လှမ်းခဲ့လေတော့သည်။

ကရင်ကြီး ဘိုးစံသည် ရှေ့မှသွားလျက်ရှိသော လူသူတော် သျှောင်တစောင်း အနားသို့ အမှီလိုက်ရာ ခရီးအတူယှဉ်လျက် လူသိုက်ကို ဦးဆောင်၍ လျှောက်နေပေသည်၊

ရှေ့အတာခရီး၌ ချုံနွယ်စပ်တို့သည် ပို၍ ရှုပ်ထွေးလာပေ၏။ နွယ်လိမ်နွယ်ယှက်တို့သည် တဖြည်းဖြည်း ထူထပ်လျက်



ပင်ခေါက်အကျားကွက်တို့သည် ပိုမိုများပြားလာပေသည်။ လူသူတော် သျှောင်တစောင်းသည် ၎င်းနောက်နားမှကပ်လျက် မှန်မှန် လိုက်ပါလျက်ရှိသော စုံထောက်ကြီး ဦးဇင်ယော်အား လှည့်ကြည့်ရင်း....

'လင်းပေါက်ပင်ဆိုတဲ့ အပင်တွေ ပေါ့ဗျ၊ စုံထောက်ကြီး' ဟူ၍ သစ်ပင်ခေါက် ပြောက်ပြောက်ကျားကျားများကို လက်သိုးထိုး၍ ပြောလိုက်ရာ စုံထောက်ကြီး ဦးဇင်ယော်သည် အသက်ရှူမှား၍ သွားလေတော့သည်။ တောလိုက်ဖူးသော အတွေ့အကြုံ ရှိသော်လည်း ကျမ်းမျှ နက်သော တောတွင်း အတွေ့အကြုံကိုမူ စုံထောက်ကြီးသည် တွေ့ကြုံခဲ့ရခြင်း မရှိသည့်အတွက် စိတ်လှုပ်ရှားလျက် လူသူတော် သျှောင်တစောင်း ၏ ထူးဆန်း ထက်မြက်သော ပညာ ဗဟုသုတများကို လွန်စွာ အံ့သြလျက် ရှိပေတော့သည်။

'ရှိုးမတောကြီးထဲမှာ သုံးနှစ် သုံးမိုး ပညာသင်ခဲ့ရတဲ့ အကျိုးတွေပဲ စုံထောက်ကြီး၊ ကျုပ်တို့ လောကဓာတ်ကျောင်းတွေမှာ သင်လို့ မရတဲ့ ပညာကြီးတွေပဲ'

စုံထောက်ကြီးသည် ကိုတ်ဆိတ်နေခြင်းအားဖြင့် ဝန်ခံမှု ပြုလိုက်ပေသည်။ စာသင်ဘူးမောင်၏ ခြေနာခြင်းကိုပါ သတိပြုမိ၍ ခေါ်နေရသဖြင့် ခရီးသည် အတန်ငယ် ဖင့်နွှေးနေသယောင် ထင်မှတ်ရလေသည်။

တောခွေးအချို့၏ အူဟောင်သံကို ခပ်ဝေးဝေးမှ ကြားနေရပေသည်။ ထို့ပြင် တဝေါဝေါနှင့် ရေစီးသံတို့ကိုလည်း တိုးသွားအုပ်စု ကြား၍ လာရပေသည်။ လူသူတော် သျှောင်

www.burmeseclassic.com



တစောင်းတို့ အုပ်စုသည် မြေနက်မြေပံသုတ့်ကို နှင်းရင်း တော၏ရှေ့ကို ဖောက်ထွက် ခရီးနှင်လျက်ရှိရာ ညဦးစပ်သို့ ပင် ရောက်ရှိ၍ လာပေသည်။

မှုန်ရီဝါးပါးဖြစ်၍ လာလေရကား တစ်နေကုန် အနား မရှိ ခရီးပန်းထားသည့် အရှိန်ကြောင့် တောအုပ်စု လူသားတို့ အနေဖြင့် ခြေကုန်လက်ပန်းကျ၍ လာလေသည်။ တစ်ည တစ်ဂထောက် နားခိုရန် သျှောင်းတစောင်းသည် ကိုယ်တိုင် ကြီးကြပ်ရပေတော့သည်၊ အေးစိမ့်သော တော၏ ရာသီဥတု သည်လည်း ရုတ်တရက် ဝင်ရောက် လာလေသည်။

လူသူတော် သျှောင်တစောင်းနှင့် ကရင်ကြီး ဘိုးစံတို့သည် အိပ်နားရန် နေရာသတ်မှု ပြုလုပ်ကြမေသည်။ မြေရှင်းခြင်းအမှု ကို မပြုမီတွင် ကရင်ကြီးသည် ဝဲယာသို့ ကြည့်၍ ဝါးရုံခက် အတွင်းမှ ဝါးတိုင်များကို ခုတ်လှဲ၍ ဘေးပတ်လည်၌ ဝါး တိုင်များ စိုက်ထိုးပြီး ဝါးဝိုင်းကာခြင်း အမှုကို ပြုလုပ်ရန် သျှောင်တစောင်းသည် ညွှန်ကြားသမှု ပြုလေသည်။

'လှေကြီးသစ်ဆိပ်....ဝါးရိပ်တောကောင်း၊
ဘုံဆောင်းဘုံမွှဲ၊ တောကြီး ဒလှဲ.... ဟူသည်၊
ဝါးပုံ၊ ရိပ်သာ၊ ကျွန်း ခန်း သာ ဆောက်....
ရမယ်လို့ အညွှန်းရှိတယ်'

ဟူ၍ လူသူတော် သျှောင်တစောင်းသည် ဝါးပတ်လည် စိုက်သော တောရိပ်ခင်း အိပ်ခင်းများကို ခဏချင်းဆောက်ပြီး လျှင် ဘေးပတ်လည်၌ မီးကိုင်ဝါးများ ညှိကြလေသည်၊ တော ရိပ်ခင်း အိပ်ခင်းဝါးများ ပတ်လည်စိုက်ပြီးသော အခါတွင်



ကရင် ကောက်ညှင်းကင်များကို ကျည်တွေ့ဆက်ရေများဖြင့် ဝမ်းဖြည့်ကြရလေသည်၊

စာသင်ဘူးမောင်သည် ဝါးရိပ်ခင်း အိပ်ခင်းပေါ်တွင် လွန်စွာ မြန်ဆန်စွာ အိပ်မောကျလျက်ရှိသည်၊ လူပုကလေး သည် စာသင်ဘူးမောင်၏အနီး၌ ကပ်လျက် အိပ်ရန် ပြင်ဆင် သမှု ပြုလေသည်။ သင်တိုင်းဘောကြီး၏ ဒုတိယ ညစခန်း အတွက် အေးချမ်းစွာ အိပ်မောကျရန် စီစဉ်သမှု ပြုရလေ သည်။

မြေနက်များဖြစ်၍ ဝါးခင်းစင်များကို ကရင်မှုဆိုးကျော် နှစ်ယောက်သည် လွန်စွာလျင်မြန်စွာ တည်ဆောက် ပြီးစီးလေ သည်။

ကရင်ကြီး ဘိုးစံသည် ဝါးခင်းကွပ်၊ ဝါးခေါင်းစွပ် တိုင်တည့်ဘည့်တွင်လိုင်ကာ သင်တိုင်းတောကြီး မျက်မည်းမှ သစ်ခက်များကြားတွင် ကျိုးကဲ့ ကျရောက်လာသော လရိပ် လရောင်လေးကိုကြည့်ကာ မုဆိုးဘဝတေးကို ရင့်ကျူးသမှု ပြုလေသည်။

စုံထောက်ကြီး ဦးဇင်ယော်သည် တစ်ဆုံတည်း ကျန်တော့ သော ဆေးဆုံကိုဖြည့်၍ နောက်ဆုံးပိတ် ဖွာရှိုက်လျက်ရှိမေ သည်။

စမ်းရေစီးသံလိုလို၊ ကောင်ကျရေသံလိုလို ရေသံများသည် တဝေါဝေါဖြင့် ဝါးခင်းစင်ပေါ်မှ လူသားတို့အား တော နက်ကြီး၏ ညဥ့်တွန်သံ ပေးလျက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးထောက်ကြီး ဦးဇင်ယော်အားမှ လူသူတော် သျှော
တစောင်းသည် နဖူးပေါ်လက်တင် စဉ်းစားသမှုပြုရင်း
စားခန်း ဝင်နေလိုက်ပေသည်။ ထူးဆန်းသော ရေကျွံသ
ပေါ်၍လာပြန်လေသည်။

'ဒီတောက တော်တော်ဆန်းတဲ့ တောပဲ စိုးအောက်ကြ
ကျုပ်ဘို့မှာ ဘေးမကင်းသေးဘူး'

စိုးထောက်ကြီးသည် ဆေးတစ်ဆုံကိုဖွာရှိုက်ရင်း မေး
ရာမှ ခေါင်းထောင်၍ လာပေသည်၊

'တောဆိုတာ မာယာရှိတယ်လို့ ဆရာရသေ့ကြီးက ပြေ
ဖူးတယ်ဗျ'

'မာယာ တစ်ခြော၊ ရှင်တော ရှင်ထွက်၊
တောပို့ ခါးပန်း၊ တောယမ်း ခေါင်ထွန်း…
သေမင်းလွှတ်'

လို့ ပြောတယ်၊ တောင်ပို့ကြီးတဲ့ တောအရပ်ရဲ့ ခေါင်ယ
ပန်းတောင်ဟာ မာယာများလို့ သေမင်းက လွှတ်အေ
ကြိုးစားယူရတယ်တဲ့ဗျ'

လူသူတော် သျှောင်တစောင်းအဆိုတို့ကို စိုးထောက်ကြ
ဦးဇင်ယော် ဦးခေါင်းညိတ်၍ နားထောင်နေသည်။

'ကျုပ်တော့ ဒါတွေ သိပ် နားမလည်ဘူး၊ တော
တောရာ သိပ်မကျွမ်းလှဘူး၊ တောပစ်ထွက်ရင် တောပိုင်
ပသတဲ့ အစဉ်အလာမှဆိုးတော့ပဲ တွေ့ဖူးတာ'

'ကျုပ် ရေကျွံကို သိပ်မသင်္ကာဘူး စိုးထောက်ကြီး'

'တောခြောက်တာများလား'



သျှောင်တစောင်းနှင့် စိုးထောက်ကြီး အချီအချစကားပြော
နေရာသို့ ကရင်ကြီးဘိုးစံ ရောက်လာလေသည်။

'ဝေ့…အရင်က ဒီလမ်းတွေကို မရောက်ဖူးဘူးဆရာကြီး၊
ကရင်ကြီးတို့ တောလိုက်တာ အရှေ့ဘက်တစ်ဝိုက်မှာ၊ဒီဘက်
က လူသူ အရောက်ပေါက် အလွန်နည်းတာပဲ၊ ဒီလမ်းကို
ရောက်သူတွေဟာ ပြန်လမ်းမရှိဘူးလို့ ဆိုတာပဲ'

သျှောင်တစောင်းသည် ကရင်ကြီးအား စေ့စေ့ကြည့်
လိုက်၏။

'စောစောက ဘာလို့ မပြောလဲ ကရင်ကြီး'

'စောစောက လမ်းက အမှန်ပဲ ဝေ့၊ ကျောက်တောင်
ပေါ် တက်ပြီးမှ လမ်းစ ပျောက်တာပဲ'

'အင်း…ကြောင်နက်ရှင်မက ကျုပ်တို့ကို မသတ်ဘဲ ကျုပ်
တို့ကို တောကပဲ သတ်မလား'

စိုးထောက်ကြီးသည် ခပ်ညည်းညည်းလေး ပြောလိုက်လေရာ
သျှောင်တစောင်းသည် ခေါင်းယမ်းလိုက်ပေသည်။

ထိုစဉ် ရေစီးသံသည် ပို၍ကျယ်လောင်သယောင် ထင်မှတ်
ရလေပြီးလျှင် ဝါးခင်းစင်သည်လည်း လှုပ်ယမ်း၍ လာလေ
သည်။

တဂွတ်ဂွတ်နှင့် ထိပ်ဖက် သစ်တိုခေါင်မှ တောလင်းယုန်
ကြီးသည် ထ၍ အော်ပြီးလျှင် ခင်ပုပ်ငှက်သံ စူးစူးလေးသည်
တတီတီဖြင့် အော်လေသည်။

ဝါးခင်းစင်သည် ပို၍ လှုပ်ယမ်းလာသည်ထက် လှုပ်ယမ်း၍
လာပြီးလျှင် တဝေါဝေါနှင့် ရေသံတို့သည် ပို၍ ကျယ်လောင်

www.burmeseclassic.com

လာလေသည်။ ဝါးခင်းစင်တိုင်တို့သည် တဖျစ်ဖျစ်နှင့် မြည်၍ လာပေသည်။ မှောင်မိုက်သော တောကြီးည၌ ဝါးခင်းစင်ပေါ်မှ ကရင်မှုဆိုးတစ်သိုက်နှင့် လူသူတော်သျှောင်တစောင်းတို့သည် စိုးရိမ်တကြီး လှုပ်ရှားရလေတော့သည်။

စာသင်ဘုန်းမောင်သည် ခြေသောက်ကိုနိုပ်ရင်း ... ကလူးဆန်ပြာ ညည်းညူ၍နေပေသည်။ ဝါးခင်းပြင် စိုက်ထူထားရာ မြေကြီးသည် လှုပ်ယမ်း၍လာလေသည်။

ပျားအုပ်တစ်အုပ်သည် တဝီဝီအော်မြည်ကာ ဦးခေါင်းထက်မှ ဘာပ်မကြီးချိကာ အရှေ့ဘက်ဆီသို့ပျံ သန်းသွားကြပေသည်။ သျှောင်တစောင်းသည် ဝါးတိုင်ကို သတိကြီးစွာ ကိုင်ထားကြရန် ပြောဆိုပြီးလျှင် စိုးရိမ်ထိတ်လန့်မှု မလွှမ်းကဲကြရန်သတိပေးလျက် ရှိပေ၏။

အောက်ခြေ မြေသားများသည် ကွဲအက်၍ လာပေ၏။ သစ်ပင်အချို့သည် လဲပြိုကျသံကို ကြားရပြီးလျှင် သတ္တဝါအချို့သည် အော်မြည်လျက် ပြေးလွှားသွားကြလေသည်။

'နွှံတော ရွှေ့နေပြီ....နွှံတောရွှေ့နေပြီ၊ အားလုံးငြိမ်ငြိမ်နေပြီး ဝါးတိုင်တွေကိုင်ထား'

'ကုန်းမြေမာကို နင်းထားကြ'

ဝါးခင်းတိုင်များ လဲပြိုကျလျက် ရှိခြင်းကြောင့် လူသူတော်သျှောင်တစောင်းသည် အော်ဟစ် သတိပေးလျက် ရှိပေ၏။ ထိုအချိန်တွင် လေသည်လည်း တဈွီးဈွီး တိုက်ခတ်လာလေ၏။ ဝါးတိုင်များကို ကိုင်စွဲရင်း သျှောင်တစောင်း တို့လူစုသည် ကုန်းမြေမာများကို ခို၍ ကုတ်ဖွဲ့ တွယ်ထားကြပေသည်။



အောက်ခြေ မြေသားထုကြီးသည် ရေစီးကြောင်းကဲ့သို့ ဖြည်းဖြည်း လှုပ်ရှားလျားသား ရှိနေပေသည်။ မြေကြီးများသည် ကွဲအက်သည်ထက် ကွဲအက်၍ လာကြပြီးလျှင် သစ်လုံးများသည်လည်း မျော၍မျော၍ လာကြပေ၏။ လျှင်လှုပ်ကဲ့သို့ လှုပ်ရှားပြီးလျှင် မြေသားစတို့သည် ရွှေ့စီးကြောင်းအတိုင်း မျောကြလေသည်။

(ထိုကရင်သင်တိုင်းတော နွံတော ရွှေ့မှုမှာ တစ်နှစ်လျှင် နှစ်ကြိမ်ကျ ဖြစ်တတ်ပေ၏ဟု နောင်အခါတွင် သိရပေ၏။)

မြေကြီးများသည် ပွဲ၍ပွဲ၍ ထွက်လာပြီးလျှင် အောက်ခြေများမှာ ရွှေ့လျားလျက် ရှိကြပေ၏။ စုံထောက်ကြီးနှင့်ဦးဇင်ယော်သည် ဝါးလုံးများကို စုကိုင်ထားကြပြီးလျှင် အနီးသို့ရောက်လာသော သစ်လုံးကြီးတစ်လုံးကိုဆွဲ၍ ခွထားကြသည်။ ကရင်ကြီးဘိုးစံ၏ ကရင်ဘာသာ 'အာ' ခေါ်သံနှင့် မြန်မာစကား မရေမပတ်သံသည် အော်ဟစ်ကာ ကြားနေရပေ၏။

ဘောင်ကျရေစီးသံကြီးသည် တဝေါဝေါနှင့် ပို၍ ကြားရပြီးလျှင် နွံတို့သည် ထိုရေစီးကြောင်းနှင့်အတူ စီး၍လာပြီးလျှင် အားလုံးကို တိုက်စားချလိုက်ပေသည်။

တဝေါဝေါနှင့် စီးကျသော ရေစီးသံနှင့် သစ်ခေါင်းဆိုး စီးဆင်းမှုသည် ညဥ့်မှောင်တစ်ခုလုံးအား ဖုံးလွှမ်းသွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

## ပင်လယ်ဓားပြ

'ဂယ်ပ' ကရင်ရွာကလေးမှာနံနက်အရုဏ်ကျင်းအချိန်အရုဏ် ကြက်တွန်စအချိန်၌ လှုပ်လှုပ်ရွရွဖြစ်လျက် ရှိကြပေသည်။ ရွ ထိပ်ရှိ ချောင်းကမ်းပါး၌ ကရင်လှေကြီးတစ်စင်းသည် ဆ လျက် ရှိပေသည်။

လှေပေါ်၌ ကရင်ကြီးများသည် ရွာထဲသို့ အချက်ပေ ပြုလိုက်ပေခြင်းကြောင့် ထိုရွာလေးမှ အိမ်ခြေများသ လှုပ်လှုပ်ရွရွဖြစ်ကြလျက် တစ်အိမ်လျှင်တစ်ဦးကျ ထွက်ပေ လာကြပြီးလျှင် ကမ်းနဖူး၌ စိုင်းအုံလျက် ရှိကြပေသည်။

တုတ်ထွားဟန်ရှိကြပေသောကရင်ကြီးတစ်စုသည် လှေပေ မှ လူများကို သယ်ချလာလေသည်။ ကရင်မကြီးမှာ အာ



ဖြူ့ခင်းထားသော ဝါးကပ်များကိုင်လျက် လှေပေါ်မှလူများ ကို ကူညီပေးရင်း ကရင်ဘာသာဖြင့် စုရုံးစွာ ပြောဆိုလျက် တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်ပုံ ရကြလေ၏။

'ဝေ....တို့ဆရာကြီးဘိုးစံ ပါလာတယ်ဝေ့၊ ဆွေသည်တွေလဲ ဒုက္ခဖြစ်လာကြပါလား၊ အားလုံး....ကူ....အားလုံးကူ....'

ကရင် 'ဂယ်ပ' တံငါရွာ၏ သူကြီးဖြစ်ဟန်သူသော ကရင် အဘိုးကြီးတစ်ဦးသည် လူအုပ်ကြားထဲသို့ တိုးဝှေ့ကာ ရွာသား များကို အလေးစိုက် ပြုစုကြရန် ညွှန်မှုပြုလေသည်။

အဝတ်ဖြူခင်းထားသော ဝါးကပ်စင်ပေါ်တွင် ကရင်ကြီး ဘိုးစံသည် မျက်လုံးဖွင့်လျက် သိုက်ပါလာလေသည်၊ ကရင် ကြီးသည် လွန်စွာ သတိကောင်းပုံရလေသည်၊ ခေါင်းပေါင်းပင် ပြုတ်ခြင်းမရှိပေ။

သို့သော် ခြေထောက်တွင် ပွန်းပဲ့လျက် အသားတစ်များ ထွက်လျက် ရှိပေသည်။ စုတ်ပြဲလျက်ရှိသော ရှမ်းဝတ်စုံတစ်ပိုင်း သာပါလျက် သျှောင်ထုံးစောင်းတွဲကျလျက်ရှိသောပုဂ္ဂိုလ်သည် မျက်စိမှိတ်လျက် သတိရခြင်းမရခြင်း သေခြင်းရှင်ခြင်းကို ခွဲခြား ၍ မရသော အနေအထားဖြင့် ဝါးကပ်ပေါ်တွင် ပက်လက် စန့်စန့် တောင့်တောင့်ကြီးဖြစ်လျက် ရှိပေ၏၊အသက်ရှူမှု ရှိပုံး မရပေ။

'ဝေ....ဘောပြီလားဝေ....ကြည့်ပါဦး'

ကရင်လူကြီးတို့သည် ဝိုင်းအုံ၍ကြည့်ရှုကြပြီးလျှင် သဘောမ်း ခြင်းများ ပြုကြပေသည်။ ကရင်လူကြီးတို့သည် ခေါင်းယမ်း၍ ကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှောက်ခုံကြီးဖြစ်လျက်ရှိကြသော လူပုကလေးနှင့် မျက်နှာ တစ်ခုလုံးရောင်လျက်ရှိသောစုံထောက်ကြီးတို့အား ဝါးကွပ်ပျစ် ပေါ်တွင်တင်လျက် အားလုံးအား ကရင် 'ဂယ်ပ' ရွာသူ ရွာသားတို့သည် ရွာထဲသို့ ထမ်းယူလာခဲ့ကြပေ၏။

ကလေး လူကြီး ကရင်ရွာသားအုပ်သည် ရှုတ်ဆိုဆူတောင်း ရင်း လိုက်ပါလာလေသည်။

'ဝေ....တို့ဆရာကြီးတွေ နှံ့တောရွှေ့တာ မျှောပါသွားကြ တာ သံလွင်မြစ်ထဲပါလာတယ်၊ တို့ ငါးဖမ်းလှေတွေနဲ့ တွေ့ကြ တယ်'

ရွာထဲရှိ လူကြီးအချို့သည် ကရင်လှေသူကြီးများကို ဝိုင်း ဝန်းမေးမြန်းကြ စုံစမ်းကြလေရာ ကရင်လှေသူကြီးများသည် စိတ်မကောင်းစွာဖြင့် ပြန်လှန်ပြောဆိုခြင်းအမှုကို ပြုကြပြီးလျှင် ရွာဝိုင်း၏အလယ် ကရင်ခေါ်ပစ်ဇရပ်၌ လူနာများကို ထားကြ လေသည်။

ကရင် ဆေးဆရာကြီးဖြစ်ဟန်တူသော အသက် ရှစ်ဆယ် အရွယ်ခန့် ပါးမြိုင်းကျလျက်ရှိသော ကရင်အဘိုးကြီးသည် ဝါးကျည်တောက်ဘူးများကို ယူဆောင်လာပြီးလျှင် ဖြူဖြူ ဆေးမှုန့်များကို ကရင်ကြီးဘိုးစံနှင့်အတူ အခြားပုဂ္ဂိုလ်များ၏ မျက်နှာကို သုတ်ပေးလိုက်ပေသည်၊

သတိမရတစ်ချက်ရတစ်ချက်ဖြစ်လျက်ရှိ၍ မျက်လုံးပွင့်လျက် ရှိသော ကရင်ကြီးသည် တခွီးခွီးချေ၍ ပြန်လည်သတိမူ၍ လာပေသည်။

'လုံဂေါက်ဝေ့....လုံဂေါက်ဂဟာ'



ဟူ၍ ဆိုပြီးလျှင် နာနေသောခြေထောက်ကိုဖိကာ ငုတ်တုတ် ထိုင်လိုက်လေ၏။

ကရင်ကြီးဘိုးစံသည် ရွာသူကြီးနှင့် ရွာခေါင်းကြီးတို့အား လူနာများကိုပြုစုကြရန် ပြောဆိုပြီးလျှင် ကွပ်ပျစ်အောက်သို့ ဆင်းလိုက်ပေသည်။ ရွာသူရွာသားတို့သည် 'ဂယ်ပ' ရွာ၏ ခေါ်ပစ်စင်၌တင်ထားသောလူနာများနှင့် မလှုပ်မယှက် အသက် ကွာဘိသကဲ့သို့ရှိနေသောသျှောင်တစောင်းအား ဝိုင်းအုံကြည့်ရှု တတ်သပ်လျက် နှိပ်နယ်ပေးလျက်ရှိပြီးလျှင် ရှေးကရင်ဓလေ့ ထုံးစံအရ ရေနစ်သူများကို ပြုစုပေးသကဲ့သို့ ပြုစုကြပေ၏။ ပါးစပ်ထဲသို့ နနွင်းမှုန့်များကို ခံ့ထည့်ပြီးလျှင် စအိုဝပေါက် များကို လင်းနေရှက် ကပ်ပေးကြပေသည်။ ထိုမှ ဦးခေါင်းရင်း ပုံတိုများတီးပြီးလျှင် ဝမ်းဗိုက်များကို နှိပ်နယ်ပေး၍ မှောက် ထားကာ ရေများအန်စေသည်။

ဝမ်းဗိုက်ဝကိုအရိုးဖုကစ်မျိုးဖြင့် ထိုးကြကာ လူကြီးတစ်ဦး သည် နားနားသို့ကုန်း၍ ကရင်ဘာသာဖြင့် တအားအော်ဟစ် လေသည်။

(ဤကဲ့သို့ ပြုလုပ်၍မျှ အသက် ပြန် လည် ဝင် ၍ လှုပ်ရှားမှုမရှိလျှင် သေပြီ....ဟု ဖာလာရွာများက သတ်မှတ်ကြပေ၏။ သူ့ဓလေ့၊ သူ့ရိုးရာအလိုက် ထူးခြားမှုများ ရှိလေ၏။)

လူပုကလေးသည် လှုပ်ရှား၍လာလေသည်။ စူကားလျက် ရှိသော ဗိုက်ကို ကရင်အမျိုးသားတစ်စုက ဝိုင်း၍ နှိပ်နင်း ခြင်းကြောင့် ပါးစပ်မှ ရေတို့ အန်ထွက်ပြီးလျှင် မျက်လုံးများ

www.burmeseclassic.com



နီရဲလျက် သွေးကြောများ ပြန်လည် လှုပ်ရှားသမှု ရှိလေရာ အားလုံးသည် ဝမ်းသာဝမ်းလဲဖြင့် ကရင်ဘာသာဖြင့် ဆူညံစွာ အြော်ဘာပေးကြပေသည်။

ကရင် သမားတော်ကြီး ဖြစ်ဟန်တူသော အဘိုးကြီးသည် ဝါးပလိုင်း အတွင်းမှ ဆေးရွက်လေးများကို 'ဇင်ကျုန် သရိုက်' မျိုးနွယ်ဆက်ဖြစ်သော လူပုကလေးအား ကျွေးလိုက်လေ၏။

ထို့နောက် နှာချေခြင်းအမှုကို ပြုကြပေသည်။

ကရင် မုဆိုးနှစ်ယောက်သည်လည်း ကရင်ဆေးဝါးများဖြင့် ပြုစုပေးခြင်းအားဖြင့် ပြန်လည်၍ သတိရရှိလာကြပေသည်။

သို့သော် လူသူတော်သျှောင်တစောင်းကား စန့်စန့်ကြီးပင် ဖြစ်လျက်ရှိပေသေးသည်။

ဝိုင်းဝန်း၍နှိပ်နှင်းသောကရင်အမျိုးသားကြီးတို့သည်လက်အံသော၍သွားကြပြီးလျှင်ရေအန်ခြင်းပျို့ခြင်းအလျှင်းမရှိသည့်အပြင် တောင့်တောင့် ခန့်ခန့်ကြီးပင် ဖြစ်လေရာ ကရင်ရွာသားတို့သည် စိတ်မကောင်း ဖြစ်သွားကြပေသည်။

ကရင် 'ဂယ်ပ' ရွာဝိုင်းလေး၏အသယ် ကရင်ခေါပစ် ဇရပ်ဆောင်ကား နေ့အရုဏ်မကျင်းမီပင် လှုပ်ရှားလျက် ရှိပေခြင်းကြောင့် တံငါနှင့် မုဆိုးများမှာ လုပ်ငန်းတွင်းသို့မဝင်နိုင်ဘဲ ရှိရလေသည်။



ကရင်သမားကြီးသည် လူသူတော် သျှောင်တစောင်းအား ...လုံးများနှင့် ပါးစပ်များကို ဖြကြည့်ပြီးလျှင် စအိုဝကို ...ဖြင့် စမ်းသပ်လေ လာကြည့်ပေသည်။

'ဂမဝါလာ ...ဂသော့ချင်ဂွေး.... ဝေါ်.... လတောင် (ငါ ...ရှိနေပါတယ်)'

လူသူတော်သျှောင်တစောင်းသည် ကရင်ဘာသာ စကား ...မျိုးဖြင့် ပြောဆိုလိုက်ရာ ကရင် သမားတော်ကြီးနှင့် ... ရွာသားတို့သည် ရုတ်တရက် ဝမ်းမြောက်သွားကြလေ ...သည်။

ကရင်ကြီး ဘိုးစံသည် ကရင်နှာမှုတ်ဆေးကြီး ဘိုထား ...ားရပေသဖြင့် တချီးချီးဖြင့် ချေလျက် ရှိတော့သည်။

ထိုစဉ် ရွာခေါင်းကြီး၏အိမ်ဘက်မှ အရပ် ထောင်ထောင် ...င်းမောင်းနှင့် အဝတ်စုံနက်ကို ဝတ်ထားသော ပုဂ္ဂိုလ် ...ယောက်သည် ထွက်၍လာပေ၏။

၎င်း၏ ဦးထုပ်သည်ကား စီအိုင်ဒီတံဆိပ်တပ် ဦးထုပ်ဖြစ်၍ ...ကိုက်ကို မင်းသား ခင်မောင်ရင် ဂိုက်ဖြင့် ပါးစောင်တွင် ...ားပေသည်။

လည်ပင်း၌ မာဖလာစကို သေသပ်စွာ စည်းနှောင်၍ထား ...သည်။

ထိုပုဂ္ဂိုလ်သည် စုံထောက်ကြီး ဦးဇင်ယော်အား ပြုစုနေ ...သာ ခေါပစ် ခုတင်နားသို့ သွားရောက်ကာ စုံထောက်ကြီး ...င်ယော်အား စစ်ဆေးသမှု ပြုလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီး၏ အသက်ရှူသံ ပြင်းပြင်းကို ကြားရလျှ[illegible] ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်ပေသည်။

'ကဲ... ကရင်ကြီး၊ ကျုပ်တို့ဆရာကြီးတွေကို ရန်ကုန်ပြန်[illegible] သယ်သွားမယ်၊ သတိရရင် တော်ပြီ'

ရွာမှူးကြီးသည် ခေါင်းညိတ်လိုက်ပြီး ကရင်ဘာသာဖြ[illegible] သမားတော်ကြီးအား ပြောဆိုသမှု ပြုလိုက်ပေသည်။

ရွာသားနှင့် ရွာခေါင်းကြီးကိုသည် အင်းစိန် စီအိုင်ဒီမှ[illegible] ခင်မောင်ရင်ဟု နာမည်ရသော စုံထောက်ကိုကိုကြီး၏ စကား[illegible] ကို ချက်ချင်း အရေးယူ ဆောင်ရွက်သမှု ပြုကြလေသည်။

ကရင်ကြီး ဘိုးစံအပါအဝင် လူသူတော်ကြီး၊ စုံထောက်[illegible] ကြီးနှင့် လူပုကလေးတို့အား ဝါးပုခက် ဖြင့် ထမ်းလျက်[illegible] ဝတ်စုံနက်ကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော စီအိုင်ဒီမှ[illegible] ပုဂ္ဂိုလ်ကြီး၏ နောက်သို့ လိုက်ပို့ကြပေသည်။ ကရင် မုဆိုး[illegible] ကျော် သုံးယောက်လည်း ဝါးပုခက်ထမ်းတွင် ပါဝင်ကြပေ[illegible] သည်။

ကမ်းစပ်တွင်ကား မီးခိုးရောင် မော်တော် တစ်စင်းသည်[illegible] ကမ်းသို့ ရပ်လျက်ရှိပေသည်၊ လက်နက်ကိုင် ပုလိပ်တို့သည်[illegible] အသင့်စောင့်လျက် ရှိပေသည်။ စာသင့်ဘူးမောင်ကား ပါလာ[illegible] ခြင်း မရှိပေ။



[illegible]ထိုမော်တော်ပေါ်သို့ ဝါးပုခက်များကို တင်ဆောင်လျက် [illegible]မော်တော်သည် ကမ်းမှ လျင်မြန်စွာခွာလေသည်။ ထိုမော်တော်[illegible] အမည်မှာ 'ပင်လယ်ခေါင်းပြု' ဟူ၍ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

### ဗမာ မမြင်ဖူးနဲ့

ရန်ကုန်မြို့သို့ စီအိုင်ဒီမှ 'ပင်လယ်ဓားပြ' မော်တော်ဖြင့်ပြန်ရောက်ပြီးနောက် လူသူတော် သျှောင်တစောင်းမှာ ပျောက်ချက်သွား ကောင်း၍နေပေသည်။ စုံထောက်ကြီး ဦးဇင်ယော်မှာ စီအိုင်ဒီရုံးချုပ်သို့ သွားရောက်ပြီးလျှင် ကရင်သင်တိုင်းတောမှ ကြောင်နက်ရှင်မ လောကီမြေအောက်ဂိုဏ်းကြီး၏အကြောင်းကို အသေးစိတ် အစီရင်ခံလေသည်။

စုံထောက်မင်းကြီးသည် လူသူတော်သျှောင်တစောင်းအား မေးမြန်းသော်လည်း ဦးဇင်ယော်မှာ ဖြေကြားသမှု မပြုဘဲ ကြောင်နက်ရှင်ဂိုဏ်း ဖြိုခွင်းရေးမှာ မရေမရာဖြစ်၍နေသဖြင့်



ထောက်အဖွဲ့ကြီးနှင့် ဦးဇင်ယော်မှာ မျှားစွာ ခေါင်းကိုက်ကျက် ရှိပေသည်။

ကရင်ကြီးအိုးစံနှင့် ကရင်မုဆိုးကျော် အဖွဲ့မှာမူ စုံထောက်ကြီး ဦးဇင်ယော်၏အိမ်၌ သောင်တင်လျက် ရှိပေခြင်းကြောင့် သျှောင်တစောင်း၏ နှီးနွယ်မည့်တစ်ဦးဖြစ်ခဲ့ဖူးသူ ကရင်ကြီးအိုးစံမှာလည်း ယောင်ချာလည်လျက် ကရင်ဆေးတစ်ပိုကိုအားမှန်ခဲလျက်ရှိပေသည်။

ဤအတောအတွင်း၌ စုံထောက်ကြီး ဦးဇင်ယော်သည် ထောက်မင်းကြီးက တည်ခင်းသော ဥာရုတ်တာန်း အိုက်အင်၌ စားသောက်နေစဉ် သေနတ်သမားသုံးဦးသည် အထက်ပ် စုံထောက်မင်းကြီးရှိရာသို့ လာရောက်ပြီး ဦးဇင်ယော်နှင့်ထောက်မင်းကြီးတို့အား လုပ်ကြံမစ်ခတ်လေသည်။ ဤတွင်ရုတ်စားပွဲထိုးအဘိုးကြီးတစ်ဦးသည်လေကဲ၌ ခြေနှစ်ချောင်းပစ်ခတ်စဲလိုက်ပြီး သေနတ်သမားလက်ကို ခတ်ထုတ်လိုက် သေနတ်သမား၏ ကျည်ဆံများသည် နံရံ၌သာစူးဝင်၍ထောက်မင်းကြီးနှင့် ဦးဇင်ယော်တို့အား သက်သာစေခဲ့လေသည်။

ထိုတရုတ်အဘိုးကြီးမှာ စားပွဲထိုးလုံစီဖြစ်ကြောင်းဟိုကယ်ရှင်ထံမှ သိရှိခဲ့ရပေ၏။ စဏ္ဍာလအလုပ် မကောင်းသဖြင့်စားပွဲထိုး ဝင်လုပ်ကြောင်းကို ပုလိပ်မင်းကြီးနှင့် စုံထောက်ကြီး ဦးဇင်ယော်တို့အား စားပွဲထိုးကြီးက အစီရင်ခံလေသည်။

ဦးဇင်ယော်သည် ထိုအဖြစ်အပျက် ဖြစ်ပျက် ပြီးနောက် ဘ်ပျက်လက်ပျက်ဖြင့် ဘောက်ထော်ရှိအိမ်၌ တံခါးပိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်လက်ပျက်ဖြင့် ဆေးတံအိုးကိုဆွဲကာ တံခါးဝအနီး၌ မှိန်းလျက်ရှိနေစဉ် တံခါးခေါက်သံသည် ကျယ်လောင်စွာ ပေါ်လာလေသည်။

အနီးရှိ ကရင်ကြီးဘိုးစံသည် တံခါးချက်ကို မ၍ ဖွင့်လိုက်ရာ....

'အာ...ဆရာကြီး သျှောင်တစောင်းပါလား'

စုံထောက်ကြီး ဦးဇင်ယော်သည် ကရင်ကြီး ဘိုးစံစကား ကြောင့်ပြုံးရယ်လိုက်ပြီးလျှင် လူသူတော်သျှောင်တစောင်းအား လက်ဟန်ဖြင့် ထိုင်ရန် ပြလိုက်လေသည်။ ရှမ်းစော်ဘွား ကဲ့သို့ ဝတ်ဆင်ထားသော လုပ ခန့်ညားလျက်ရှိသည့် လူသူတော် သျှောင်တစောင်းသည် ရွှေနှံ့သာစီးကရက်ကို ပါးစောင်တွင် ခဲလျက်ရှိပေသည်။

ကရင်ကြီး၏စကားကို ပြုံးဖြီးဖြီးနှင့် လက်ခံလိုက်ပြီးလျှင် ရွှေနှံ့သာ စီးကရက်ပြာလေးကို လက်ဖြင့်သပ်၍ခြွေလိုက်ရင်း....

'မပြီးခင် ဗမာမမြင်စေနဲ့တဲ့၊ မသီးခင် အညှာမဲ့ကြွေစေနဲ့တဲ့၊ အညှာမကြွေခင် မြန်မာပြည်ရဲ့ ရာဇဝတ်မှုခင်းဆန်းကြယ်လေးတွေရဲ့ ထူးခြားတဲ့ လျှို့ဝှက်ချက်လေးတွေကို လေ့လာနေလို့ပဲ'

စုံထောက်ကြီးဦးဇင်ယော်သည်လူသူတော်သျှောင်တစောင်းအား စေ့စေ့ကြည့်ပြီးလျှင် သူ့တပည့်လေးအား ဘင်္ဂလားနွားနို့ကို ယူလာစေ၏။

'ကျုပ်တို့တော့ကံကောင်းလို့မသေတာဘဲ လူသူတော်ကြီး၊ စဏ္ဍာလလုံစိ ကယ်ပေလို့ပေါ့ဗျ'



လူသူတော်ကြီးသည် ရှုပ်ထွေးသွားဟန်ဖြင့်....

'ဘယ်လို စဏ္ဍာလလုံစိ၊ ဘယ်လိုလဲဗျ၊ ခင်ဗျားက သန်းချိုင်းသွားလို့လား' ဟု မေးလိုက်ရာ စုံထောက်ကြီးဦးဇင်ယော်သည် ဘင်္ဂလားနွားနို့ခွက်ကို တစ်ကျိုက်မျှသောက်လိုက်ရင်း....

'ဒီလိုဗျ....တာမွေသင်္ချိုင်းက စဏ္ဍာလ တရုတ်အဘိုးကြီး လုံစိဒလဗျာ၊ ကြောင်နက်ရှင်ဂိုဏ်း မောရခါးကုန်းသေရတာ သူ့လက်ခံဂိုဏ်းက ပဲထင်လို့ ခေါ်ပြီးစစ်ဆေးခဲ့သေးတာ၊ လူသူတော်ကြီး မှတ်မိမှာပေါ့'

'အင်း....ဆိုပါဦး၊ မှတ်မိပါတယ်၊ အဲဒီ ဘုန်းတော်ကြီးတွေရဲ့ ပညာတတ်တယ်လို့ သိထားရတဲ့ တရုတ် စဏ္ဍာလကြီး မဟုတ်လား'

'အေးဗျာ....အဲဒီစဏ္ဍာလကြီးက စဏ္ဍာလအလုပ်မကောင်းလို့ စားပွဲထိုး ဝင်လုပ်နေတယ်တဲ့ဗျာ၊ အဲဒီ စဏ္ဍာလကြီးကပဲ ကျုပ်နဲ့မင်းကြီးကို ဝင်ကယ်လိုက်တယ်ဗျာ'

လူသူတော်သျှောင်တစောင်းသည် ပြုံးလိုက်လေ၏။

ထိုအပြုံး၌ ထူးထူးခြားခြား နိုင်လှသည်ကို ... စနှားသို့ ကပ်လျက် တစ်စုံ သည် ... တိထားမိခြင်း မရှိပါပေ။

... ယသည်။

သည် ဘင်္ဂလားနွား... ... ဦးသည် ဦးခေါင်း တညိတ်ညိတ်ဖြင့် နားထောင်လျက်လိုက်ရင်း....

'သော...။

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်သျှောင်တစောင်းသည် နွားနို့တစ်ဆစ်မျှငုံလိုက်ပြီး ပြောလိုက်၏။

'အင်း....ကျုပ်က ဘက်လားနွားနို့အော့ သိပ်မကြိုက်ဘူးဗျ၊ ဒလ လက်ဖက်ရည် သွားသောက်မလို့ လာခေါ်တာဗျ'

'ဘယ့်နှယ် ဒလ လက်ဖက်ရည် ရယ်လို့ဗျ၊ လူသူတော်ကြီးရဲ့ ရန်ကုန်မှာ နာမည်ကြီးပေ ဆိုတဲ့ လက်ဖက်ရည် ... ပေါ်မပါချာ'

'အင်း....လူတစ်ကိုယ်အကြိုက်တစ်မျိုးပေါ့ဗျ၊ စုံထောက်ကြီး အိုးတစ်လုံး ခေါင်းတစ်လုံးရှက်၊ နှစ်သက်ရာ ပြည်တန်ဖိုးတာ ကိုယ့်ဗိုက်ပဲဆိုသမှုတ်သလားဗျ။ ဒလ လက်ဖက်ရည် အကြောင်း ရေနွေးကြမ်းမတောင်းခင် သိမယ်တဲ့ဗျ'

'ညွှန်းလှချည်လားဗျ'

'ညွှန်းဆို တစ်ခွက်ဆိုတစ်ခွက်သောက်မိရင် မလာမိရင်မနေ ချိုင့်တွေဆွဲလို့ ထိုင်ထိုင်စောင့်ရတယ် ဆိုပဲဗျ'

'စိတ်ဝင်စားရင် နက်ဖြန်နံနက် နေခြည်တက်ချိန် ... နေဗျာ၊ ကျုပ် လာခေါ်မယ်'

'အင်း.... မြည်းစမ်းရအောင် စောင့်နေပါမယ်ဗျာ၊ ... နွားနို့ကို ယူလာကြောင်နက်ရှင်သူဇာရဲ့ သေကွင်းသတ်ကွင်း...

'ကျုပ်တို့တော့ကံကောင်းလို့ လူသူတော်ကြီးရဲ့ ... အကျအရာက်ခြင်း စက္ကူလာလုံစိ ကာယ်မှေလို့ပေါ့ဗျ'



'ဒီလိုလေဗျာ...အရေးပါအရာရောက်သူတွေဟာအန္တရာယ် တစ်ခု သို့မဟုတ် ပြဿနာတစ်ခုကို အမြဲရင်ဆိုင်ရတဲ့လူမျိုးဗျ၊ အရေးပါသူဖြစ်လေလေ ပြဿနာနဲ့အန္တရာယ် များလေလေ ပေါ့ဗျ၊ ဒါကသဘောနိယာမ (Truth) တစ်ခုပဲဗျ၊ ဒါကြောင့် အရေးပါသူဖြစ်ချင်ရင် ပြဿနာနိုင်သူ ဖြစ်ရမယ်လို့ 'အီမာဆင်' လို့ခေါ်တဲ့ သဘောတရား ပညာရှင်ကြီးတစ်ဦးဆိုခဲ့တာပဲဗျ'

'ကောင်းပါဗျာ...အဖိုးတန်တဲ့ စကားချုပ်ပဗျာ'

လူသူတော်သျှောင်တစောင်းသည် စကားချပ်ကို ဆက်၍ မဆိုတော့ဘဲ ဘက်လားနွားနို့ခွက်ကို စားပွဲပေါ်သို့ တင်ပြီးလျှင်....

'ကျုပ်တို့တွေတော့ မင်းကြီးကို ပြောမပြနဲ့ဦးဗျာ၊ ကြောင်နက်ရှင်မကို မိုက်ထဲထည့်ပြီးမှပဲ ကျုပ် အင်တွဲခံတော့မယ်ဗျာ'

●

'ကောင်းပြီ...လူသူတော်ကြီး၊ စောင့်ဆိုင်းရမှာပေါ့ဗျာ'

လူသူတော်သျှောင်တစောင်းသည် ရွှေနှံသာစီး ... ကလေး တစ်လိပ်ကိုထုတ်၍ပါးစပ်တွင် ဟန်ပါပါခဲလိုက်ရင်း မီးညှိလိုက်ပေသည်။ ထို့နောက် ကာရင်ကြီးဘိုးစံနားသို့ ကပ်လျက် တစ်ပုံ တစ်ခုကို အမှာပြုလိုက်ပေသည်။

ကာရင်ကြီးသည် ဦးခေါင်း တညိတ်ညိတ်ဖြင့် နားခံလျက် ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်ကြီးသည် ကရင်ကြီးအား တီးတိုး အမှာပြုပြီးလျှင် စုံထောက်ကြီးသည် ဦးဇင်ယော်၏ ကျောက်လှေကားမှ ဖြည်းဖြည်းချင်း ဆင်းသက်သွားပေ၏၊

လူသူတော်ကြီး သျှောင်တစောင်း၏ ရှမ်းစော်ဘွား ဝတ်စုံအင်္ကျီအောက်မှ ဗျိုင်းတောင်စူးချွန်နှင့် လက်မောင်းရင်း နှစ်ဖက် အင်္ကျီ၏အကြား၌ အိတ်ဖြင့် ထည့်ထားသော ပစ်ခွား နှစ်လက်ကို အိမ်တွင်းမှ မီးရောင်ဖြန့် စုံထောက်ကြီး ဦးဇင်ယော်သည် တွေ့လိုက်ရပေသည်။

ထို့ကြောင့် စုံထောက်ကြီးသည် လူသူတော် သျှောင်တစောင်း၏ ကျောပြင်ကိုကြည့်၍ ဦးခေါင်း ညိတ်လိုက်ပေသည်။

လူသူတော်ကြီးသည် ဘေ့ကက်ထော် တစ်ဝိုက်ရှိ ကုက္ကိုပင်ရိပ် အောက်များတွင် ပျောက်ကွယ်သွားလေသည်။

## ( ၁၄ )

### ဒလ လက်ဖက်ရည်ဆိုင်

နံနက်ခင်း နေခြည်၏ နွေးဖြာမှု အောက်၌ ပန်းဆိုးတန်း ဒလ သမ္ဗန် ကူးတို့ ဆိပ်သည် လူသူ အနည်းငယ်မျှ ရှင်းလင်းလျက် ရှိပေသည်။

သမ္ဗန်ဆိပ်၌ကုလားကူးတို့သမ္ဗန် သုံးစင်းမျှသာ ရှိလေသည်၊ ကုလားသုံးဦးသည် ကမ်းပေါ်၌ ရပ်လျက်ရှိသော လူငယ်အိတ် တစ်လုံး၊ ပလိုင်းတစ်လုံး၊ စာရွက်ထပ်များနှင့် ပိုးဘုန်းကောက်နှင့် အယ်လ်ပတ်ကား ရင်ဖုံးအင်္ကျီဝတ်ဆင်၍ ယောဘက်သို့ ခပ်ရွဲ့ရွဲ့ ကျလျက်ရှိသော သျှောင်ထုံးကိုဆီဖြင့် ဇောသပ်မှာ ထုံးဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ထား၍ မျက်လုံး ကောင်းကောင်း၊ နှာတံစင်းစင်းနှင့်ပုဂ္ဂိုလ် ကြည့်လျက် ရှင်းဘောင်း၌ မန္တလေး မြောက်ပြင်ပသေကပ် နေတာ ရွှေကိုင်းမျက်မှန်နှင့် လက်ကဲတွင် ရိုးကုမ္ပဏီမှ ရောင် သော သရေဇက်ဖာ..သားရေအိတ် ကိုင်ထားသော အသ မြောက်ဆယ်ခန့်ရှိ ရုပ်ရည် သားသားနားနား လူတစ်ယော တို့အား ကြည့်ပြီးလျှင်....

'ဒလကို ဒလကို သမ္ဗန်ခ တစ်မူး'

ဟူ၍ အော်ဟစ် ခရီးဦးကြိုလျက် ရှိပေသည်

ပင်လယ်ကူး သင်္ဘောကြီးများသည်ကုန်တင်ကုန်ချလုပ် ဖြင့် အလွန်အလုပ်ရှုပ်လျက်ရှိပေပြီးလျှင် ပန်းဆိုးတန်း ဆိ ကမ်း ဗောတံတားသည်ကား လူသူ အနည်းငယ် ရှုပ်လျက်ရှိ သည်။

ဧတီးဘရားသားကုမ္ပဏီလုပ်သားများနှင့်ဧရာဝတီထရေ မှ လုပ်သားများသည် ဗောတံတားကုန်းအနီး၌ ကြေပစ်လျ ရှိကြပေသည်။

ထိုသားသားနားနားပုဂ္ဂိုလ်နှစ်ယောက်တို့သည် ကမ်းနာ ဆိပ်သို့ ဆင်း၍လာလေသည်၊

ပိုးတန်ကောက်ပုဆိုးနှင့် အယ်လ်ပတ်ကား ရင်ဖုံးအကျႌဝ ပုဂ္ဂိုလ်သည် သမ္ဗာန် သုံးစင်း အနက်အလယ်မှ ကုလားသမ္ဗ ဦးပေါ်သို့ တက်လိုက်ပြီးလျှင်....

'မီကျွဲခိုးလိုး....ဒလ ဘီကရိုး'

ဟူ၍ ကုလားလို ပြောလိုက်လျှင် သမ္ဗန်ခနှစ်မူးကိုပေးလိုက် လေသည်။



ထိုပုဂ္ဂိုလ်သည် သမ္ဗန်ဝမ်းထဲဝင်ပြီးလျှင် လေး ကလေး တချွန်ချွန်နှင့် ရှိလေသည်၊

ရှင်းဘောင်းမှ ရွှေကိုင်းမျက်မှန်နှင့် ပုဂ္ဂိုလ်သည် သမ္ဗန်ဝမ်းထဲ ရောက်သောအခါ သူ၏ ဆေးတံကြီးကိုထုတ်၍ ဆေးဆိုကို ဖြည့်လေသည်။

သမ္ဗန်ကုလားလည်း အခြားခရီးသည်များကို မမြင်သည်နှင့် သမ္ဗန်ကို ထွက်လေ၏။

သမ္ဗန်ကုလားသည် ဗောတံတားများကို ကျော်ပတ်ရှင်း မြစ်လယ်ဆီသို့ ထွက်ခဲ့လေသည်။

မြစ်ကမ်းသို့ သင်္ဘောများ ကပ်လာရာ လှိုင်းလုံးလေးများ ပေါ်တွင် သမ္ဗန်သည် လှိမ့်၍ လိမ့်၍ သွားလေသည်။

'ဆရာတို့....ဒလ ဘယ်အရပ်ကို ခပ်ရမလဲ ဆပ်'

သမ္ဗန်ကုလားသည် မြစ်လယ်သို့ရောက်ခါနီး တွင် မြစ်ကြော အတိုင်း လမ်းကြောင်းရွေးရမည်ဖြစ်ရာ သွားရမည့် အရပ်ကို မေးမြန်းလေသည်။

'သကုန်း အရပ်ဒလကွာ၊ ဈေးကြီးဘက် သွားမလို့၊ တို့....ဒလ လက်ဖက်ရည် လာသောက်တာ'

ကုလားသည် ထိုစကားကို ကြားလျှင် ဝမ်းမြောက်သွား သည့်ကဲ့သို့ ဖြစ်ပြီးလျှင်...

'ဒလား လက်ဖက်ရည်နော် အား ကြီး ကောင်း ဟယ်.... ဆရာ၊ ဈေးကြီးပေါ်က လက်ဖက်ရည်နော်....လူအားကြီး စိုင်းတယ်၊ ဆရာတို့ လူကုန်တန်းတွေ လာသောက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်ဝိုင်းနှင့် ဆေးတံကြီးကို ခဲလျက်ရှိသော ပုဂ္ဂိုလ်သည် ပြုံးလျက်ရှိပေသည်။

၎င်း၏စိတ်၌လည်း ဤကုလားသည်လည်း ဒလသား တစ်ယောက် ဖြစ်မည်ဟု ထင်လေသည်။

ဘန်ကောက်ပုဆိုးနှင့်ပုဂ္ဂိုလ်သည်သမ္ဗန်ကုလားနှင့်စကားစပြတ်သွားသောအခါ သူ၏လွယ်အိတ်ထဲကိုလက်နှိုက်ကာ ဂျာမန်လင့် (စ်) မှန်ပြောင်းတစ်ခုကို ထုတ်ယူ၍ ထိုမှန်ပြောင်းဖြင့် ဒလဘက်သို့ ကြည့်လေ၏။ မျက်မှောင်ဝိုင်းနှင့်လူလည်း ဒလဘက်သို့ မျှော်ကြည့်လေသည်။ ဘန်ကောက်နှင့်လူသည် မျက်မှန်ဝိုင်းနှင့်လူအား သူ၏ ဂျာမန် မှန်ပြောင်းကြီးအား ပေးပြီးလျှင်....

'ဒလမြို့ဟာလဲ ထူးထူးဆန်းဆန်းတွေရှိတယ်လို့ ဆိုတယ်ဗျ။ တွေ့လားဗျို့. ထုံးဖြူဖြူဘုရားနဲ့ ကုလားပလီတွေဗျ၊ ဒါနဲ့ သေနတ်ကောပါရဲ့လားဗျ စုံထောက်ကြီး'

ဂျာမန်မှန်ပြောင်းဖြင့် ဒလမြို့ ကမ်းရိုးတန်းတစ်လျှောက်ကို လှမ်းကြည့်နေသော မျက်မှန်ဝိုင်းနှင့် ပုဂ္ဂိုလ်သည် အင်္ကျီအတွင်းအိတ်ကို လက်ဖြင့်ပုတ်ပြပြီး...

'ပါပါတယ်ဗျ၊ ကျုပ်ကြည့်နေတာ ဒလသူ ချောချောလေးတွေပါ တွေ့နေလို့ဗျို့'

'ဟဲ....ဟဲ....ဟဲ.... ဒါကြောင့်ပဲ ဖင်ယော်ဟာ လူပျိုကြီးဖြစ်နေတာ၊ ချောတာကြည့်နေတော့ မောတာပဲ ရှိနေမှာပေါ့ လူရဲ့၊ ကိုင်ကြည့်မှ စတိုင်နဲ့ ငြိတယ်လို့၊ ကျုပ်တို့ရွာက လူမျိုးသိုး ကိုဘိုးထွင်ကြီး ပြောဖူးပါတယ်'



ဘန်ကောက်လုံချည်နှင့်လူက အချက်ကျကျ ပြောဆိုလိုက်သဖြင့် မျက်မှန်နှင့်လူသည် ဂျာမန်မှန်ဘီလူးကို ပြပေးလိုက်ပြီးလျှင်....

'ဒလသူတွေက ညိုညိုချောချောတွေပဲဗျ၊ ဒဂုန်သူတွေလို ဖောင်းဖောင်းပွပွတွေ မဟုတ်ဘူး' ဟူ၍ ပြောဆိုပြန်လေရာ ၎င်းတို့နှစ်ဦး၏ စကားကို နားစိုက်၍ သမ္ဗန်ကုလားသည်....

'ညိုချောကောင်းတယ် ဆရာတို့၊ ကြာကြာ အကြည့်ခံတယ်ဆပ်၊ သပြေသီးရောင် ပေါလစ်လိုပဲ ဆရာ၊ ကြာကြာထားလေ ကောင်းလေပဲ၊ ချွန်တော့မိန်းမလဲ ညိုညိုပဲ ဆရာ' ဟူ၍ အသောဖောက်လိုက်ရာ ထိုသူနှစ်ဦးသည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်လျက် ပြုံးလိုက်လေသည်။

သမ္ဗန်ကုလားသည် မိနစ်အစိတ်မျှ ခတ်ရလေသည်။

သမ္ဗန်ကုလားသည် ကမ်းသို့ နီးလာပြီဖြစ်သဖြင့် ခတ်ရှိန်ကို လျှော့လျက် ခတ်တက်ကို စီးလိုက်ပေသည်၊ ထို့နောက် ချောင်းရိုးလေးဘက်သို့ဝင်၍ ဒလ သင်္ကန်းဆိပ် သမ္ဗန်ကူးတို့သို့ သမ္ဗန်ဦးထိုးလိုက်ပြီးလျှင်ဂယ်နုံးပေါ်သို့ သမ္ဗန်ကို တက်၍ ရပ်လိုက်ပေသည်။

'ရောက်ပြီ ဆရာ၊ အပြန်လဲ ချွန်တော့ သမ္ဗန်ကိုစီး ဆရာ'

'အေး....ချတ်ကရားစောင့်နေ၊ ငါတို့ လာခဲ့မယ်'

မျက်မှန်နှင့်ပုဂ္ဂိုလ်သည် သောက်လက်စ ဆေးတံအိုးကို အပေါ်အင်္ကျီတွင်းသို့ ထည့်ပြီးနောက် သမ္ဗန်ပေါ်မှ ဆင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘန်ကောက်လုံချည်နှင့်ပုဂ္ဂိုလ်လည်း တစ်ပါတည်း လိုက်ပါလေသည်၊

'လူသူတော်ကြီး ညွှန်းလို့သာ လိုက်လာရတာ၊ ပင်တော့ ပင်ပန်းသားဗျ'

မျက်မှန်နှင့်လူသည် ဘန်ကောက်လုံချည် အယ်လ်ပက်ကား အင်္ကျီဖြင့် ပန်းရှုးဖိနပ်တို့ဖြင့် သေသပ်စွာ ဝတ်ဆင်ပြီးလျှင် ဘန်ကောက်သံ တရှမ်းရှမ်းဖြစ်လျက် ရှိသော ပုဂ္ဂိုလ်အား ပြော လိုက်လေ၏။

'အကောင်းစားချင်ရင် အလိုက်ပေးရတယ်ဗျ၊ တောင်းစား ချင်ရင် အရိုပ်ပေးရတယ် ဆိုတယ်ဗျ'

ဘန်ကောက်ပုဆိုးနှင့်ပုဂ္ဂိုလ်သည်ရှာတောင်ဘက် ကမူကမ်း တွင်းသို့ဝင်၍ မြို့ အိမ်ခြေများကို ကျော်ဖြတ်ကာ လက်ယာ ဘက်သို့ ချိုးကွေ့ လိုက်ပေ၏။ လက်ယာဘက်ကို ချိုးလိုက် လျှင် ဒေသဈေးကြီးကို တွေ့ရလေ၏။

လူများ စည်ကားသည့် ဈေးချိန်ဖြစ်လျက်ရှိပေရာ ဈေး ထဲ၌ ဆိုင်ကန္နား တော်တော်များများကို တွေ့ရလေသည်။ ဈေး၏မြောက်ဘ ၌ သော့ကက်ရေကန်ကြီးတစ်ခုကိုလည်းတွေ့ရ ပေသည်။

'လာဗျို့...ဒီဘက်က ဝင်ရအောင်'

ဘန်ကောက်ပုဆိုးနှင့်ပုဂ္ဂိုလ်သည် ဈေးဝယ်သူများ ရှုပ်ထွေး ၍ ဈေးပေါက်လမ်း ပိတ်ဆို့လျက်ရှိပေသဖြင့် ဒုတ်ခုံဘားမှ နေ၍ ပတ်ကာ သောက်ရေကန်ကြီးဘက်မှ ပတ်၍တက်လိုက် ပေသည်။



ဈေးကြီးထောင့်၌ လွန်စွာစည်ကားသော လက်ဖက်ရည် ဆိုင်ကြီးကို တွေ့ရလေ၏။

ချိုင့်ဆဲ့များသည်လည်း တန်းစီလျက် လက်ဖက်ရည်ကို ...င့်လျက်ရှိကြပေသည်။ ကလေး၊ လူကြီးနှင့် ဗျာပါဆံနှင့် ...ချစ်ဂိုင်းနှင့် အမောက်ကိုထောင်ထားကြသော ပျို့မေတို့ကို ...သည်း တွေ့ရပေသည်။ လက်ဖက်ရည်ဆိုင်ထဲ၌ ခင်မှုမောင်ရင်နှင့် ...တင့်ကြီးတို့ဂိုက်ဆိုက် ဖမ်းလျက်ရှိသော သူတို့သည်လည်း ...တိုင်တင်းတင်းနှင့် တွေ့ရပြန်သည်။

သို့သော် ထိုသူတို့သည် ရွာခံမြို့ခံများ မဟုတ်ကြသော ...န်ကောက်ပုဆိုးနှင့်ရွှေကိုင်းမျက်မှန်နှင့် ပုဂ္ဂိုလ်တို့အား အကဲ ...တ်လျက် ရှိကြပေ၏။

လက်ဖက်ရည်ချိုင့်များ တန်းစီလျက် ဖျော်သူမှာ လက် ...လည်နိုင်အောင် ရှိလေသည်။ ဆိုင်ခုံများမှာလည်း ပြည့်လျက် ...ပြီးလျှင် ခွေးတံဆိပ်ခေါ်ပြားအသံ ဖြစ်သော မေသန်း၏ ...ချစ်ပန်း' သီချင်းသည် ဖွင့်လျက်ရှိပေရာ ကာလသားတစ် ...ိက်မှာ ဈေးထဲမှ မဒီတစ်သိုက်အား ကြူလျက်ရှိလေ၏။ ...လဈေးမှာ ...မြို့နှင့်သူ့ဈေး လိုက်သည်ဟုဆိုနိုင်ပေသည်။

'လာဗျို့ ဝင်ထိုင်ရအောင်' ဟု၍ ခဲခဲယဉ်းယဉ်း လစ်လပ် ...ားသော ခုံနှစ်နေရာတွင် ဘန်ကောက်ပုဆိုးနှင့် ပုဂ္ဂိုလ်သည် ...င်ထိုင်ပြီးလျှင် ရွှေကိုင်းမျက်မှန်စိုင်းနှင့် ပုဂ္ဂိုလ်သည်နောက်မှ ...ိုက်ဝင်၍ ထိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဆိုင်းဘုတ်လဲ မတွေ့ပါလား ဗျ၊ လူသူစော်ကြီးရဲ့ နာမည်ကြီးလက်ဖက်ရည်ဆိုင်ဆိုပြီး ဆိုင်းဘုတ်တောင် မတွေ့ပါလား'

'ဆိုင်းဘုတ် မရှိဘူးလေဗျာ၊ အရပ်သတင်း၊ ပါးစပ်သတင်း၊ မတ်တတ်သောက်ရင်း နာမည်ကြီးတဲ့ဆိုင်တဲ့၊ ဒီလိုဗျ ဒီက လက်ဖက်ရည်က တစ်ခါသောက်မိရင် နောက်တစ်ခါ မသောက်ဘဲ မနေနိုင်ဘူးဆိုပြီး နာမည်ကြီးတာ'

'အင်း....စမ်းကြည့်ရတာပေါ့'

ထိုသို့ အချီအချပြောနေစဉ် လက်ဖက်ရည်ကို ဗျာပါဆံ ဆံတောက်ဖြင့် ပြေပြစ်သော အဆင်းရှိသော အမျိုးသမီးလေး တစ်ဦးသည် လက်ဖက်ရည်နှစ်ခွက်ကိုလာရောက် ချပေးလေ၏၊

'ကဲ....သောက်ဗျို့...ဦးဇင်ယော်'

မျက်မှန်ဝိုင်းနှင့်လူသည် လက်ဖက်ရည်ခွက်ကို ကိုင်ကာ တစ်ချက်မျှ အားပါးတရ သောက်လိုက်သည်၊ ၎င်းသည် နှုတ်ခမ်းကို လက်ဖြင့် အသာပွတ်သပ်လိုက်ပြီးလျှင် ဦးခေါင်း ညိတ်လိုက်ပြီး နောက်ထပ်တစ်ကျိုက်တည်းဖြင့်လက်ဖက်ရည်ကို အကုန်မော့လိုက်ပေသည်။

'သယ်နှယ် ကောင်းရဲ့လားဗျ'

'ကောင်းပါဗျာ....အကြောအခြင်တွေ ဇိမ့်သွားသလိုပဲ'

ဘန်ကောက်ပုဆိုးနှင့် ပုဂ္ဂိုလ်သည် တဟဲဟဲရယ်လေသည်၊

'ဒီလိုဗျ ဦးဇင်ယော်ရဲ့၊ ဒီဆိုင်က လက်ဖက်ရည် စတင် ပေါ်ပေါက်ခဲ့တဲ့ အမိကနည်းအတိုင်း ဖျော်ခဲ့တယ်လို့ဆိုတယ် ဗျ'



မျက်မှန်ဝိုင်းနှင့် ပုဂ္ဂိုလ်သည် အကြမ်းကရားကို ငှဲ၊ အကြမ်းပန်းကန်ထဲသို့ထည့်လိုက်ပြီးလျှင် ဆေးတံအိုးကို ဆေးဖြည့်လေသည်၊

'ဆိုပါဦးဗျာ'

'ဒီလိုဗလ....လက်ဖက်ရည်က တရုတ်ပြည် 'တန်' မင်း လက်ထက်မှာ စတင် ပေါ်ပေါက်ခဲ့တယ်လို့ဆိုတယ်ဗျ၊ အာရှတိုက်မှာပဲဗျ၊ ဘီစီ ၁၆–ရာစု လောက်ကပဲ၊ အင်္ဂလိပ်တွေ မရောက်ခင် ဒပ်ချ်နဲ့ ပေါ်တူဂီလူမျိုး ကုန်သည်ကြီးတစ်စုကို 'တန်' မင်းက ဂုဏ်ပြုတဲ့ပွဲမှာ စတင်ညှော်ခံခဲ့တယ်လို့ ဆိုတယ်၊ အဲဒီမှာ လက်ဖက်ရည်ဖျော်တဲ့အရာရှိတွေ ခန့်ထားတယ်လို့ ဆိုတယ်၊ လက်ဖက်ခြောက်ကို 'နှပ်'တဲ့အခါမှာလဲ 'လောပီး' လို့ခေါ်တဲ့ တရုတ်ကြွေးနီအိုးနဲ့ နှပ်တယ်ဗျ၊ အဲဒီနှပ်တဲ့အိုးက ကြွေးနီအိုးနဲ့နှပ်မှ လက်ဖက်ရည်ဟာ ပိုပြီး အရသာတက်တယ်လို့ ဆိုတယ်ဗျ'

'အင်း....စိတ်ဝင်စားစရာတစ်မျိုးပဲဗျ'

'ဒီမှာလဲ လက်ဖက်ရည်မှာ အနှပ်ကောင်းလို့ ကောင်းတာဗျို့'

'ဟုတ်တယ်ဗျို့.... ကျုပ်ဖြင့် ကုလား ကာကာဆိုင်က လက်ဖက်ရည်တွေကိုဖြင့် တယ် ခံတွင်းမတွေ့လှဘူး'

'လက်ဖက်ရည်က အနှပ်၊ လက်ဖက်သုပ်ကအသုပ် တဲ့ဗျ လက်ဖက်ခြောက် နှပ်ပုံနဲ့ လက်ဖက်သား ကျ ကျ အဆီတက်အောင် နှပ်ထားနိုင်မှ ကောင်းတယ်ဗျ၊ အင်္ဂလိပ်မြို့က လက်ဖက်ရည်တွေက ခုတည် ခုကျို ခု ဖျော်ဆိုတော့ အနှပ်

www.burmeseclassic.com

www.burmeseclassic.com



မတင်းလို့ သက်ပြင်းချလောက်အောင် မကောင်းလှဘူးပေါ့ဗျာ'

'အင်းဗျာ၊ လက်ဖက်ရည်က ချိုဆိမ့်လေးပဲဗျ၊ လည်ချောင်းမှာလဲ အာရှင်းသွားတယ်၊ နောက်တစ်ခွက်တောင်ထပ်ပြီး နှပ်ချင်သေးသလိုပဲ...ဟဲ....ဟဲ....ဟဲ'

'ရပါတယ်ဗျာ၊ မှာလိုက်မယ်လေ'

'တော်ပါပြီ၊ စကားအရာရအောင် ပြောရတာလေ'

ထိုသို့ လက်ဖက်ရည်ကောင်းကြောင်း ပြောနေစဉ် လူဝဝခန့်ခန့်တစ်ဦးသည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာလေသည်။ ၎င်းသည် အင်္ကျီဝတ်ထားခြင်းမရှိပေ၊ လည်ပင်းတွင်မူ မွေးပွတဘက်တစ်ထည်ကိုချလျက် လုံချည်တိုတို ဝတ်ဆင်၍ထားပေသည်။

ဆံပင်များမှာ ယောင်ထုံး ထုံးထားလေသည်။ သို့သော်ထိုယောင်ထုံးမှာ နောက်စေ့တည့်တည့်၌ ထုံးထားလေသည်။ ထိုပုဂ္ဂိုလ်သည် ဘန်ကောက်လုံချည်၊ အယ်လ်ပကာအင်္ကျီနှင့် လူသူကော်သျှောင်တစောင်းကိုမြင်လျှင် အားရဝမ်းသာမှန်ရည်စွာ ဆက်ဆံလေသည်။ ထိုနှမှာ စကားပြောလျှင်ကျွယ်လောင်စွာ ပြောဆိုပုံမှုပြီးလျှင် ရှေးမြန်မာကြီးများ၏ဂိုက်ဆိုက်ဟန်ပန် ပေါ်လေသည်။

'ဆရာတို့ ရောက်တာ ကြာပလား၊ ညက အိပ်ရေးပျက်တာနဲ့ တစ်ရေးလောက် နှပ်နေတာ၊ ခုမှ အိပ်ရာထရတယ်'

'လက်ဖက်ရည် တစ်ခွက် ကုန်ပြီဆိုပါတော့ဗျာ၊ ဒီကကျုပ်ရဲ့ မိတ်ဆွေကြီးကို ဒလ လက်ဖက်ရည်လာတိုက်တာဒလ



ရဲ့ နာမည်အကြီးဆုံး လက်ဖက်ရည်ကို တစ်ခါလောက်သောက်ဖူးအောင်လို့'

ထိုလူကြီးသည် မျက်မှန်ဝိုင်းနှင့်ပုဂ္ဂိုလ်အား ပြုံး၍ နှုတ်ဆက်လိုက်ပေ၏။

'ဦးဇင်ယော်....ဆိုင်ပိုင်ရှင်ဗျာ သူပေါ့ဗျ၊ တစ်ချိန်ကတော့ ရာဇဝတ်မှုစ်ရိုး အစုန်အဆန် ဆင်းတဲ့သူပေါ့။ အခုတော့ လက်ဖက်ရည်ဆိုင်နဲ့ အသိုင်ကျနေလေရဲ့'

ဦးဇင်ယော်သည် ခေါင်းညိတ်၍ အသိအမှတ် ပြုလိုက်၏၊ သွားကျိုး၍ အင်အားပြည့်လှသော ကိုယ်ခန္ဓာ အချိုးအဆစ်ကို ဦးဇင်ယော်သည် သေချာစွာကြည့်လျက် သဘောကျပုံရနေလေသည်။

ဗျာပါခံ ဆံတောက်နှင့် မိန်းမပျိုလေးတစ်ဦးသည် လက်ဖက်ရည်ခွက်များကို လာရောက် သိမ်းဆည်းသွားလေသည်။ လက်ဖက်ရည်ဆိုင်ထဲရှိ လူ့ရိပ်ကမှာ ကျဲသွားလိုက်၊ သဲလာလိုက်ဖြင့် အဂင်အထွက်များလျက်ရှိပေသည်။

'ဒါနဲ့ ကျုပ်ပြောသွားတဲ့ကိစ္စလေး စီစဉ်ထားပြီ မဟုတ်လား'

'ပြောပြီးပါပြီ လူသူတော်ကြီး၊ လူသူတော်ကြီး မှာတဲ့အတိုင်းပဲ'

'မောင်ချိုကိုးကွက်၊ ပုဆိုန်ခက်၊
ခက်ဝယ်ပန်းချည်၊ လွန်းပျံတည်....
တစ်ညီဘည်းထိုး၊ ပွတ်စူးကြီး....

www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး ချိန်းခဲ့ပါတယ်၊ သူက ရွှေစာရံ မျက်နှာပြင်ကတုံးပေါ်မှာ လဝန်းရေးပြီးရွှေရေးပုဂံတက်မည်လို့ဆိုပါတယ်'

'အင်း...ကောင်းသဗျာ၊ အားကိုးရပါသဗျာ၊ ဇီလက်ဖက်ရည်ဆိုင်မှာ စတည်းချရတာ ချမ်းမြေ့ ကြည်လင် ပကတိပင်စည်ခက်ဝေလို့ အခက်အခဲတွေ ပြေပါတယ်ဗျ'

'ဟဲ...ဟဲ...ဟဲ....လူသူတော်ကြီးရဲ့ လက္ခဏာအတတ်ကိုလဲ ဘယ်လွှတ်ထားလို့ ဖြစ်မလဲဗျ'

'အင်း....ဆိုရေးရှိလို့ ဆိုအုပ်ရတာပေပဲ့ဗျ'

ရွှေကိုင်းမျက်မှန်ဝိုင်းနှင့် ဦးဇင်ယော်သည် အရာရာ၌ နှံ့စပ်သေချာလှန်းသော လူသူတော်သျှောင်တစောင်းကို ကြည့်ရင်းရေနွေးအကြမ်း တစ်ပန်းကန်ငှဲ့၍ သောက်လေသည်။

လူသူတော်ကြီးနှင့် မလှမ်းမကမ်းစားပွဲတွင် ခရုံးကပ်ခေါင်းတုံးဆံတောက်နှင့်ဘုန်းကြီးလူထွက်လိုလို လူတစ်ယောက်သည် လူသူတော်သျှောင်တစောင်းပြောဆိုသော စကားတို့ကို နားစိုက်ထောင်လျက် ရှိပေသည်။

'ဆိုပါဦး....လူသူတော်ကြီးရဲ့'

လက်ဖက်ရည်ဆိုင်ပိုင်ရှင် လူထွားကြီးသည် သူ၏ခန့်ညားသော မျက်နှာကို လည်ပင်း၌ ပွတ်ဆွဲထားသော မျက်နှာသုတ်ပဝါနှင့် ပွတ်လိုက်ရင်း 'ကရင်ဗင်အော' ခေါ် ကြောင်နက်စီးကရက်တစ်လိပ်ကို သံဗူးထဲမှထုတ်၍ ပါးစောင်တွင်ခဲကာ ဟန်ပါပါနှင့် ညှိလိုက်သည်။

[ယခုသော် ဤ စီးကရက်သံဘူးများ ရှားပါးသွားလှပြီဖြစ်သည်။]



'ဒီလိုဗျ....လက်ဝါးပြင်မှာ ကြောင်ရုပ် ပုံသဏ္ဌာန်ပါတဲ့ လက္ခဏာရှိတဲ့ပုဂ္ဂိုလ်အကြောင်း ကျုပ်ပြောခဲ့ဖူးတယ်လေဗျာ၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ ခတ္တမန္တကျမ်းအလိုအရ ညဘက်တွေမှာ ဒီလူကို ရုတ်တရက် မမြင်ရဘူးလို့ ဆိုဘယ်ဗျ၊နောက်ပြီးလူဆိုးလူမိုက်များနဲ့ ပေါင်းသင်းနေထိုင်လေ့ရှိပြီး ထိုပုဂ္ဂိုလ်မျိုးကအခါပေး ပြုလုပ်တတ်ဘယ်လို့ သဏ္ဍာပဒေသသက္ကတဟိန္ဒီကျမ်းရင်းကြီးက ဆိုထားတယ်'

ထိုစဉ် လူသူတော် သျှောင်တစောင်း၏ စားပွဲဝိုင်းအား၌ ထိုစကားဝိုင်းကို ကပ်၍နားစိုက်ထောင်လျက်ရှိသော ခေါင်းတုံးဆံတောက်နှင့် ပုဂ္ဂိုလ်သည် စားပွဲဘင်းသို့ ချဉ်းကပ်ကာ လွတ်သော ခုံဘစ်ခုတွင် ဝင်ရောက်ထိုင်လိုက်ပြီးလျှင်....

'လူသူတော် သျှောင်တစောင်း ဆိုတာ ခင်ဗျားလား' ဟူ၍ ခပ်တည်တည် မုန်မုန်ဖြင့် အသံတွင်းသံဓါပါဖြင့် ပြောဆိုလေ၏။ လူသူတော် သျှောင်တစောင်းသည် ထိုပုဂ္ဂိုလ်၏ နှာယောင်တည့်တည့် စိုက်ကြည့်လျက် အင်းမလှုပ် အဲမလှုပ် ခပ်တည်တည်ငြင် လုပ်လျက်ရှိပေ၏၊ ထိုအခါတွင် ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးသည်....

'ဩော်....လူသူတော်ကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ဒလမြို့က ဗေဒပဏ္ဍိတ် ဆရာဟိဘ် ဆိုတာပါပဲ၊ ဗေဒင်လက္ခဏာ ခေတ်ရိုက် ခေတ်ဆင် ကဝိဘစ်ဆူပါပဲ' ဟူ၍ အားတုံ့အားနာ ဟန်ဖြင့် လူသူတော် သျှောင်တစောင်းအား မိတ်ဆက်ခြင်းပြုလေသည်။ လူသူတော်ကြီးသည် ဦးခေါင်းညိတ်ရုံမျှသာစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



အခြားအသိအမှတ်ပြုခြင်းကို လေးနက်စွာ ပြုလုပ်ခြင်း မလုပ်ပေ။

'ကျုပ်က လူသူတော် သျှောင်တစောင်းဆိုလို့ အသက်ငါးဆယ်ကျော်လောက် မှတ်တယ်၊ လူတွေ့တော့ လက်ငင်း လက်ပျဉ်းကောင်းတုန်း အရွယ်လေးပါလား၊ လူပုံချောချောလေးမို့ ပညာမာန်တော်တော်တက်နေပုံရတယ်'

ထိုသူသည် အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိ၍ မျက်နှာ၌ ကျောက်ပေါက်မသဲမသဲနှင့် အသံမျှင်မျှင်ကြောင်ကြောင်ဖြင့် သေးနုပ်ဟန် ရှိလေ၏။ စုံထောက်ကြီး ဦးဇင်ယော်သည် ဆေးတံကြီးခဲလျက် ထိုသူအား စေ့စေ့အကဲခတ်လျက်ရှိပေ၏။

'ကျုပ် တမင်လာပြီး စောင့်နေတာဗျ၊ ဒီမြို့က ကာလသားတွေကို လက္ခဏာမှိုင်းတိုက်လိုက်တာ၊ ယုန်ထင်ကြောင်ထင် ဖြစ်ကုန်လို့ ဆွေးနွေးရအောင် ကျုပ် လာစောင့်တာ'

လူသူတော် သျှောင်တစောင်းသည် ထိုသူ၏ ပြောဆိုချက်ကို မည်သို့မျှ ပြန်လှန်ပြောကြားခြင်း မပြုဘဲ တကျိဘာဝေ ပြုလျက် ရှိပေ၏။ ထိုဘုန်း...းလူထွက်သည် ပို၍ လေသံမာလာပြီးလျှင်...

'ဒီမြို့မှာ ဗေဒင်ကြိုက် ဆရာဟိတ်တဲ့၊ နှစ်ပေါင်းနှစ်ဆယ် အပေါ်ထွက်ထားပြီပြီ၊ လက္ခဏာဆိုတာလဲ ဆရာကြီး ကီရိုရဲ့ နည်းမဖေသာကို အကုန်အစီရပြီးသား၊ ခင်ဗျားဟောတာတွေဟာ ကီရိုနည်းနဲ့ ဆန့်ကျင်ဘက်တွေချည်းမဲဗျ၊ ဒီက ကလေးတွေက ကျုပ်ကို ပြန်ပြောတယ်၊ ကျုပ်က ပညာမစုံသေးဘဲ ဆရာဝင်လုပ်သူတွေကို ခပ်ချဉ်ချဉ်ပဲဗျ၊ ခင်ဗျားဗေဒင်လက္ခဏာဆရာ လုပ်ချင်ရင်တော့ ဒီလောက် လာမလုပ်နဲ့ဗျ၊ အမဲသားဆိုးနဲ့ ကောက်ရိုးပိုး တွေ့သွားမယ်' ဟု ခပ်တင်းတင်း ခပ်ထန်ထန် ရာဇမာန်ပြလျက်ရှိပေရာ ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးသည် လူသူတော်ကြီးအား များစွာအားတုံ့အားနာ ဖြစ်ဟန်ရှိလေသည်။

ဤအခွင့်မှ လူသူတော် မသျှောင်တစောင်းသည် လွန်စွာ အေးဆေးသော အမူအရာနှင့် ၎င်း၏ပလိုင်းထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်လေ၏။ ထိုအရာလေးမှာ ကြေးချောင်းဖြင့် ပြုလုပ်ထား၍ ထိပ်ဘက်တွင် ခက်ရင်းခွသုံးခု ပါလေသည်။ ထိုကြေးချောင်းလေးကို သျှောင်တစောင်းသည် ဘုန်းကြီးလူထွက်အား ထောင်ပြလိုက်လေ၏။ ထိပ်ပိုင်းမှ သုံးခွဖြစ်ပြီးလျှင် အောက်ခြေမှာ လွန်စွာချွန်ထက်သော မှန်စူးအပ် ဖြစ်လေသည်။

'ဒါ တြိဘောနော ခေါ်တယ်၊ တွေ့ဖူးလား ကိုရင်ကြီး၊ လက္ခဏာအစ ဒါကပဲ၊ တြိဘောနောဆိုတာဟာ ကမ္ဘာကြီးစာတည်တဲ့ နိမိတ်ပဲလို့ ကျမ်းရင်းကြီးတွေက ဆိုတယ်ဗျ၊ လက္ခဏာ ဆိုတာဟာလဲ လူစဖြစ်ကတည်းက လူရဲ့ ဝိညာဉ်က မာတ်သက်ရဲ့ ရုပ်ကြွင်း အရေးအကြောင်းကို ခေါ်တာပါပဲ'

(တြိဘောနောသည် ယောဂီများ ကိုင်ဆောင်သော ခက်ရင်းခွကြီးဖြစ်ပေသည်။ ထိုအကြောင်းရပ်မှာ လွန်စွာ ကျယ်လွန်းလှပေရာ ကျမ်းတစ်ဆူတစ်မိုး ရှိပေသည်။

www.burmeseclassic.com

'ကီရိုဟာ....ခရစ္စနဂွပ်ပတားရဲ့တပည့် လက္ခဏာမီမယ်တော်ရဲ့သား ဂျစ်ဆီ သူမျိုးတွေရဲ့ အနွယ်တော်တစ်ဦးဖြစ်ပြီး ငယ်စဉ်က ဂျစ်ဆီမကြီးက (Crystar) လို့ ခေါ်တဲ့ ကျောက်တုံးလေး လက်ဆောင်ပေးဖူးတာရော ကြားဖူးလား၊ ကီရို ရေးတဲ့ ဟောတဲ့ လက္ခဏာမှာ လက္ခဏာ အရေးအကြောင်းတို့ရဲ့ ဖြစ်စဉ် သဘောတရားနဲ့ လက္ခဏာလမ်းကြောင်းမှာ ဘာကြောင့် ဖြစ်ရတယ်ဆိုတဲ့ သဘောတရား အခြေခံပေါ်မှာ မူတည်ပြီး လူတစ်ယောက်ရဲ့ ဂြိုဟ်အိမ်တွေကို မနုဿမံသ မျက်စိအမြင်၊ ဒေဝဓရစက္ခုပါ ရောထည့်ပြီးမှ ကွန်ပါတ်ကို လက်မနဲ့ထောက်ပြီး လက္ခဏာရှင်တွေပေါ်မှာ လက်သန်းနဲ့ရစ်ပြီးမှ ဟောတယ်ဆိုတာကော ကြားဖူးရဲ့လား၊ ဆရာကြီး ကီရိုဟာ မိန်းမနဲ့ယောကျ်ား ဟောဖို့နေရာ တစ်နေရာစီထားတာကော သိရဲ့လား၊ နောက်ပြီးတော့ ကန့်လန့်ကာ ကာထားတဲ့ လက္ခဏာရှင်ကို လက်ကောက်ဝတ်ကို ကိုင်ပြီးမှ ဟောတာ တွေကော သိရဲ့လား၊ ဆရာကြီး ကီရိုဟာ လက္ခဏာဟောကာနီး လက်ကို သုံးကြိမ် ဆေးပြီး သူဝတ်တဲ့ အဝတ်အစားဟာ လွန်စွာမှိုင်းဆိုးတဲ့ အဝတ်ကို ဝတ်ပြီးမှ ဟောတာကော သိရဲ့လား ဟဲ....ဟဲ....'

'နောက်ဆုံး ဆရာကြီးကီရိုဟာ မထင်မရှား နိုင်ငံမြစ်နားမှာ ဆင်းရဲစွာနဲ့ သေဆုံးရတဲ့ [illegible]ကြောင်းကိုကော လေ့လာပြီးပြီလား၊ ကဲ....ဒါပါပဲ၊ မိတ်ဆွေကြီး ဆရာဟိတ်'

'ပဏ္ဍိတဆရာဟိတ်ဟာ ကညာလေးတွေ ချိတ်ပြီးနေတာကြောင့် ပညာပိတ်ပြီး လာဘ်တိတ်နေတာတော့ ကျုပ်ကို မရဲ



[illegible]ရှိနဲ့ လာချဲ့တာတော့ ဘာပွဲမှမတက်တဲ့ ပညာသည်မို့.... [illegible] မချဲ့တော့ပါဘူးဗျာ၊ ကဲ....ဘာသိချင်သေးလဲ ဆရာ[illegible]တ်၊ လက္ခဏာအကြောင်း ပြောစရာတွေ အများကြီးပဗျာ၊ [illegible]ရင်းက ဒီဒလ လက်ဖက်ရည်လေး လွှဲပြီ၊ ရွှေရှိဘက်[illegible]ည့်မလိုဟာ ဘုန်းကြီးလူထွက်ဟာ ငါးပိမချက်ဘဲနဲ့ ကျုပ်[illegible] ဘယ့်နှယ် တို့စရာနဲ့ချည့် နှက်လွှတ်နေတာတုန်း ကိုရင်၊ အမဲသားဆိုးနဲ့ ကောက်ရိုးပိုး ဆိုတာ ချဉ်ပေါင်ခတက်နဲ့ [illegible]းတို့ကြောင့်က နှာင်ရင် အစာသိပ် အစာသွပ်ပဲဗျ၊ ဟဲ....ဟဲ....[illegible]ဲ....'

(အမဲသားဆိုးနဲ့ ကောက်ရိုးပိုး ဆိုသည်မှာ ခံသွားရမည်ဟူလို.... ချဉ်ပေါင်ခတက်နဲ့ မီးတို ကြောင် ဆိုသည်မှာလည်း မလောက်လေး မလောက်စားပါပဲ ဟူလို...ရှေးအညာ စကားဖုံး စကားပိတ်တစ်ရပ် ဖြစ်ပေသည်။)

လူသူတော် သျှောင်တစောင်းသည် ထိုဘုန်းကြီးလူထွက်၏ [illegible]ရောင်တည့်တည့်ကို စိုက်ကြည့်ကာ ကရားရေလွှတ် မေးခွန်း[illegible]တွေ ထုတ်ပြီး ပြောလေရာ ထိုသူသည် ဦးခေါင်းငိုက်စိုက်[illegible]ပြီးလျှင် ရင်း၏နံငယ်ပိုင်းကို ပြန်ဝတ်ကာ ထိုလက်ဖက်ရည်[illegible]င်းမှ တချိုးတည်း လစ်လေတော့သည်။

ထိုအခါ စုံထောက်ကြီးဦးဇင်ယော်သည် တဟဲဟဲ ရယ်မော[illegible]လေ၏။

'ဒါ....ကျုပ်က ကီရိုအကြောင်း အများကြီး ချီပြီးပြော[illegible]သေးတာဗျ'

www.burmeseclassic.com

www.burmeseclassic.com



(လွန်စွာထူးဆန်းသော လက္ခဏာ ပညာရပ်ကြ
အကြောင်းကို ကျွန်ုပ်ရေးသော 'ဆူတော်ဖိုး
ဝတ္ထုတွင် စောင့်မျှော်ကြပါကုန်။)

ထိုအခိုက်တွင် လက်ဖက်ရည်ဆိုင်ထဲသို့ ကိုရင်ကြီးတစ်ပ
ရောက်၍လာပေ၏။

ထိုကိုရင်ကြီးသည်သက်နှီးပိုသီပက်သီဖြင့် အူယား ဖားယ
ရောက်လာပုံရလေသည်။

ထိုနောက် လက်ဖက်ရည်ဆိုင်ရှင် ပုဂ္ဂိုလ်ကြီးအနီးသို့ သွ
ပြီးလျှင် တစ်စုံတစ်ရာကို ပြောဆိုလိုက်လေသည်။

စုံထောက်ကြီးဦးဇင်ယော်သည် ထိုအချက်ကို စိတ်ဝင်
စားလျက် ရှိပေသည်။

လက်ဖက်ရည်ဆိုင်ရှင်ကြီးသည်လူသူတော်သျှောင်တစေ
နှင့် များစွာ ရင်းနှီးကျွမ်းဝင်ဟန်ရှိပြီးလျှင် သျှောင်တစော
အား အနီးသို့ကပ်ကာ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်ပြီးလျှ

'အချိန်သင့်ပြီဆရာ၊ ရွှေစာရံ မျက်နှာပြင်မှာ ရွှေ
ပုဂ္ဂ တက်ဖို့အချိန်ရောက်ပြီလို့ ဆိုတယ် ဆရာ'

လူသူတော်သျှောင်တစောင်းသည်သူ၏ပလိုင်းကိုလွယ်လို
ပြီးလျှင်....

'ကဲဗျို့ ဦးဇင်ယော်၊ ပွတ်စူးထိုး...ပြီး... ကြီး ညှ
အချိန် ရောက်ပြီဗျာ၊ စစ်ပြိုင်ဘက် မျှော်နေပါသော်လည်
ပြိုင်တော်သွက်ခဲ၊ ကြာမြင့်မြဲ၏၊ စေ်ပွဲမရှည်၊ တွေ့တော့မ
ဗျို့၊ နန္ဒိသေန အမတ်ကဲ့သို့ပဲ ကျုပ်တို့ ကျင့်သုံးရလိမ့်မ
ဦးဇင်ယော်'

(ပွတ်စူးထိုး...ကြီးညှပ်...ဆိုသည်မှာ မှုလိုးစကား
ဖြစ်၏၊ တောကြောင်များ ဖမ်းရာတွင် လုပ်ထုံး
လုပ်နည်းတစ်ရပ် ဖြစ်၏။)

ဦးဇင်ယော်သည် ရေနွေးကြမ်းအားပွန်ကို ခွက်ကျန်အနည်း
ငယ် ရှင်းလိုက်ပြီးလျှင် သူ၏ အခေါင်အကျီအောက်သို့ စမ်း
လိုက်ပြီးလျှင်....

'ရယ်ဒီ ဖော်ဆိုး ဝှယ်ယူဂိုး.... (Ready For Sol
Where You Go) ပဲဗျို့၊ ကျုပ်ကတော့ စကောတာလ
ယာဗ်ပြန်ဆိုတော့ နန္ဒိသေနဗျို့ကို မရလို့ မဆုံနိုင်ပေဘူးဗျ
ဘိုလိုပဲ ပြောတတ်သဗျာ'

'ဘိုလိုဆိုရင်လဲ (Trap By Trap) ထရက်ဘိုင်ထရက်
ပဲ ပေါ့ဗျာ'

'ကောင်းသဗျို့.... စုံထောက်ပညာမှာ ထရက်ဘိုင်ထရက်
ဆိုတာဟာထိတ်ထိတ်ကြဲစုံထောက်အကျော်အမော်တွေကျင့်သုံး
တဲ့ နည်းပဲဗျ၊ လူသူတော်ကြီးရဲ့ စုံထောက် ဘာဒးတိုက်တွေမှာ
ဒီနည်းတွေကို ကမ္ဘာကျော် စုံထောက်ကြီးတွေက သွန်သင်
ပေးရတဲ့နည်းဗျ'

'ဟဲ...ဟဲ....ဟဲ....ကျုပ်က စုံထောက်တော့ မဟုတ်ဘူးဗျ
အကျိုးဆောင်ပါဗျ'

'မဟုတ်ပါဘူးဗျာ၊ ဒီ မယ်ရီကယ်သျှောင်တစောင်း'

'ဆိုချင်လဲ ဆိုနိုင်ပါတယ်ဗျာ၊ ကိစ္စ ပြီးစီးအောင်မြင်ခြင်း
အတွက် ရှက်ဆောင်နိုင်ခြင်းရဲ့ ဝိသေသ ဝိသောဒနီသာ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတာပဲဗျ၊ ဒါနဲ့ ကျုပ်တို့ လက်ဖက်ရည်ဖိုးလေး ပေးဦးမှဗျို့’

ဘန်ကောက်ပုဆိုးနှင့် ပလိုင်း လွယ်ထားသော သျှောင်တစောင်းသည် အိတ်ကပ်ဆီသို့ နှိုက်လိုက်လေသည်။

‘နေပါစေ... ကျုပ်ပေးပါမယ်ဗျ၊ ဒလက ချိုဆိမ့်မွှေး လက်ဖက်ရည်ချိုချိုလေးနဲ့ မိတ်ဆက်ပေးတဲ့အတွက် ကျုပ်ကပဲ ဒကာခံပါရစေဗျာ’

ရှေ့ကိုင်း နေကာမျက်မှန်တပ်ထားသော ဦးဇင်ယော်သည် ရင်း၏ ရိုးကုမ္ပဏီမှ ဝယ်ယူထားသော ဇက်ဖာ ပိုက်ဆံအိတ်ထဲမှ တစ်ဆယ်တန်တစ်ရွက်ကို ထုတ်၍ စားပွဲထိုးလေး တစ်ဦးအား ပေးလိုက်သည်။

‘နေပါစေ လူသူတော်ကြီး ခင်ဗျား၊ ဒလ လက်ဖက်ရည်အတွက် ညှော်ကြိုလာတာပဲ ကျေးဇူးပ ဗျာ၊ တစ်ခါတစ်ရံ ညှော်ဝတ်ပြုပါရစေ’

စားပွဲထိုးလေးသည် ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးက ပြောဆိုလိုက်သဖြင့် ထို လက်ဖက်ရည်ဖိုးကို ယူငင်ခြင်း မရှိဘဲ ထွက်သွားလေ၏။ ဆိုင်ထဲသို့ လက်ဖက်ရည်ချိုင့်ဆွဲ တစ်သုတ်နှင့် ဆိုင်သောက် လူတော်တော်များများ ထပ်၍ရောက်လာပေသည်။

‘ကဲ...သွားပြီဗျို့ ဆရာချစ်၊ အားကောင်း၍ မောင်းတင်ချင်လျှင် ဒလ လက်ဖက်ရည်ဆိုင်ဝင် ဆိုတဲ့အတိုင်း ဝင်ပြီးပြီလေဗျာ၊ ကျုပ်တို့ ခရီးဆက်ပြီး ပွတ်စူးထိုးလိုက်ဦးမယ်’

‘ကောင်းပါပြီ လူသူတော်ကြီးခင်ဗျား၊ လူသူတော်ကြီးမှာတဲ့အတိုင်း အားလုံး အသင့် စီမံထားပါတယ်’



(လူသူတော်သျှောင်တစောင်းနှင့်စုံထောက်ကြီး ဦးဇင်ယော်တို့ကိုယ်တိုင် သောက်သော လက်ဖက်ရည်ဆိုင်မှာ ဒလ ဈေးကြီးထဲ၌ ယခုတိုင် ရှိပေသည်။ဒလဈေးကြီး မျက်နှာစာတန်းဘက်၌ ရှိပေသည်။ အညွှန်းအတိုင်း ဟုတ်မဟုတ် လက်ဖက်ရည် ဝါသနာအိုးတို့ သွားရောက်ပြီး မြည်းစမ်းနိုင်ကြပေသည်။)

လူသူတော် သျှောင်တစောင်း၊ စုံထောက်ကြီးဦးဇင်ယော်နှင့် ကိုရင်ကြီးတို့သည် ဈေးကြီးမှနေ၍ မြို့လယ်လမ်းမြ ာများကို ...တ်ပြီးလျှင် ရွှေစာရံဘုရားဘက်သို့ တက်သုတ်နှင်ကြပေ၏။

နေခင်းနေခြည်သည်လွန်စွာပူပြင်း၍သစ်ရိပ်များ၏ပြောက် ...ျားရိပ်များကို ခိုနားလျက် ခြသေ့နှစ်ကောင် ဝင်းခတ်ထားသော ရွှေစာရံဘုရားကြီးဘက်သို့ ဝင်ရောက် ကြလေသည်။ ...ခြသေ့နှစ်ကောင်မှနေ၍ ဘုရားကြီး၏ နတ်လမ်းတစ်လျှောက် ...ပ်ညင်ညင် လျှောက်ကြပေသည်၊

ကိုရင်ကြီးသည် ခရု ဆောင်ကာ သွက်သွက်လှမ်းလျက်ရှိပေ...။ ရွှေစာရံဘုရားဝင်းကား ကြီးပေါင်းပင်နှင့် သစ်တိုပင်၊ ...ကိုပင်များဖြင့် ရိပ်ထိုးလျက် ကေမုခ်ဝင်းပြန့်၊ ဝင်းခင်း ...ပြင်ကျယ်လှသော ဘုရားဝင်းကြီး ဖြစ်ပေသည်။

‘ကျုပ်တာဝန်ကတော့ ဒကာကြီးတို့ကို ရဟန္တာဂူ ပြပြီး ...င် ပြီးရော...နော့၊ ကျုပ်ကို ကျောင်းထိုင်ကြီးက နှစ်နေရာပဲ လို့ပြောတယ်’

www.burmeseclassic.com

www.burmeseclassic.com



'တင်ပါ့ ကိုရင်ကြီးဘုရား၊ တပည့်တော်တို့လုပ်ငန်း တပည့်တော်တို့ ဆက်လုပ်ပါ့မယ်'

ကိုရင်ကြီးသည် နတ်လမ်းကိုကွေ့ကောက်ပြီးလျှင် ထုံးဖြူဖြူနှင့် ရွှေပေါင်းဝတ်ထီး ငှက်မြွက်နားနှင့် သပ္ပာယ်လျက်ရှိသော ရွှေစာရံစေတီကြီးဘက်သို့ ဦးတည်ချိုးကွေ့လိုက်လေပြီး လျှင် အရံအတား အုတ်တံတိုင်းလေးများကို ကျော်လွှား၍ ပြာသာဒ်ဆောင် မုခ်တစ်ခုရှိရာဘက်သို့ ဦးတည်သွားပြီးလျှင် ကိုရင်ကြီးသည် ပြာသာဒ်တန်ဆောင်း ဘာဂျာတံခါးကို သော့ဖွင့်ဖွင့်လေ၏။

ဘာဂျာတံခါး ပွင့်လေလျှင် မှန်ပြာသာဒ်၊ မှန်ခေါင်းဖြင့် ထည့်ထားသော ရဟန္တာကြီး၏ ရုပ်ကလာပ်ပုံကို ဖူးတွေ့ရပေသည်။

'ရှေးနှစ်ပေါင်းနှစ်ရာကျော်လောက်က မပုပ်မသိုးဘဲမြေဂူထဲမှာ ထည့်ထားတဲ့ ရဟန္တာကြီးရဲ့ဥတုဇရုပ်ကလာပ်ပဲ ဒကာကြီး၊ ဒီရဟန္တာကြီး ရုပ်ကလာပ်ပေါ်တုန်းက အနီးအနားရွာနီးချုပ်စပ်က လူတွေဟာ အိပ်မက်အရ လာပြီးဖူးကြတာ၊ သမ္ဗန်ဆိပ်၊ သင်္ဘောဆိပ်တွေမှာ ကျပ်ခဲနေတာပဲ၊ ဝါးနဲ့ ကျပ်စည်းပြီး ကြေးခေါင်းကြီးနဲ့ ထည့်ပြီးမြှုပ်ထားတာ'

(ဗဟုသုတ လိုလားသူများနှင့် အထူးအဆန်းများ လေ့လာလိုသူသုတေသီတို့သည် ယနေ့တိုင်ရှိသေးသော ထိုရဟန္တာရုပ်ကလာပ်ကို ဒလမြို့ ရွှေစာရံ ဘုရားဝင်းအတွင်းသို့ သွားရောက်လေ့လာနိုင်ပါသည်။)



လူသူတော်သျှောင်တစောင်းနှင့် စုံထောက်ကြီးဦးဇင်ယော်သည် ရဟန္တာကြီးအား ဦးတိုက်လိုက်လေ၏။

'အံ့ဩစရာပဗျာ၊ ရှေးနှစ်ပေါင်းနှစ်ရာက ယနေ့ထိ မပုပ်မသိုးဘဲ ရှိနေတယ်ဆိုတာ ဆေးစိမ်တဲ့ဆေးဝှော့ကပဲ စွမ်းလို့လား၊ ပုဂ္ဂိုလ်ရဲ့ အဓိဋ္ဌာန်အာနိသင်ကပဲ စွမ်းလို့လား'

စုံထောက်ကြီး၏ အမေးကို လူသူတော် သျှောင်တစောင်း ဖြေကြားလိုက်ပေသည်။

'ကျုပ်တို့မြန်မာမည်မှာ ရဟန္တာရယ်လို့ နာမည်ကြီးပြီးတဲ့ ရိယာပုဂ္ဂိုလ်တွေရဲ့ ဥတုဇရုပ်ကလာပ်တွေဟာ သာသနာ ဘော်ကျွင်းမှာ ကျင့်ကြံအားထုတ်တဲ့ ကြီးမားတဲ့ အဘိညာဉ် ကြောင့် မပုပ်မသိုးဘဲ ရှိပါတယ်ဗျာ၊ စွန်းလွန်းဆရာတော်ကြီး မင်းဒမတောင်က ရဟန္တာလို့ ကျော်ကြားခဲ့တဲ့ ဦးသီလတို့ ရုပ်တွေ ဒီအတိုင်း မပုပ်မသိုး ကျန်ခဲ့ပါတယ်၊ အဓိဋ္ဌာန သလနဲ့ နိရောဓဖလ-သမာပတ်ရဲ့ အစွမ်းသတ္တိတွေကြောင့် ပဲ'

စုံထောက်ကြီး ဦးဇင်ယော်သည် ဦးခေါင်းညိတ်ကာ ာက်ခံသမှု ပြုလိုက်ပေ၏။

'အဲ...တကာကြီးတို့ ဟောဒီပုလင်းထဲက အရည်တွေက န္တာကြီး ရုပ်ကလာပ်ကို တူးဖော်တုန်းကရတဲ့အရည်တွေပဲ း တဲ့ကြိုးစတွေနဲ့ အသားထဲကထွက်တဲ့ အရည်တွေ၊ တော့ အိမ်ယူပြီးတော့ သိမ်းဆည်းကြတယ်၊ ဆေး ဘယ် းတယ်လို့ အဆိုရှိလေရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ၊ မပုပ်မသိုးဘဲ ကာလရှည်ကြာစွာ မြေတိုက်ဂူ မှာရှိတဲ့ ရဟန္တာကြီးရဲ့ ရုပ်ကလာပ်ကို ဖူးမြော်ရတာမဲ ကျေးဇူး တင်ပါတယ် ကိုရင်ကြီး၊ လိုက်ပြနိုင်းတဲ့ ဆရာတော်ကြီး အထူးပဲ ကျေးဇူးတင်ကြောင်း မပြောပြပေးပါ၊ အင်း....ကျန် ထူးခြားတဲ့ အဓိကရ ဘူမိတရ ရုပ်စုံခန်းဝင်တွေလဲ ပြပါ ဘုရား'

ကိုရင်ကြီးအား လူသူတော်ကြီးက လျှောက်တင်လိုက်ပေ ပြီးလျှင် လက်မှ လက်ပတ်နာရီကို ကြည့်လိုက်ပေ၏။ ချိန်းထား သော အချိန် လိုပေသေးသည်၊ မိနစ်ပေါင်း လေးဆယ် လိုပေသေးသည်။

'လာ....တကာကြီး၊ ဒီဘက်က ဘုရားခြေတော်ရာကို ဖူး အောင်'

ကိုရင်ကြီးသည် သျှောင်တစောင်းတို့အား ရဟန္တာဂူပေါ် မှ ဆင်းစေကာ ထိုဂူနှင့် ဆယ်ကိုက်သာသာမျှ ကွာဝေးမည်ဟု ခန့်မှန်းရသော ခြေတော်ရာတိုက်သို့ တက်သွားလေ၏။

ခြေတော်ရာနှင့် ရဟန္တာဂူအကြား ရွှေစာရံတန်ဆောင်း အတွင်း လူတစ်စုသည် ဝိုင်းထိုင်လျက် မျက်နှာကိုမူ နတ်လမ်း ဘက်သို့ ငေးလျက်ရှိပေသည်။ ထိုလူစုသည် လူသူတော် သျှောင် တစောင်းနှင့် စုံထောက်ကြီးတို့အား စူးစမ်းသောအကြည့်ဖြင့် ကြည့်လျက်ရှိပေ၏။

လူသူတော် သျှောင်တစောင်းသည် ထိုတန်ဆောင်းထဲသို့ ငဲ့စောင်းကြည့်လိုက်ကာ စုံထောက်ကြီးအား လက်ကုတ်၍ ပြလိုက်ပြီးလျှင် တီးတိုးပြောဆိုလိုက်ပေ၏။



ထို့နောက် ကိုရင်ကြီးတက်သွားရာ ခြေတော်ရာတိုက်ပေါ် သို့ ခုန်၍တက်လိုက်ပေ၏၊ စက်လက္ခဏာတော် တစ်ရာ့ရှစ်ကွက် ဖြစ်တော်စဉ်ပေါင်းကို ပြသထားသော ခြေတော်ရာကွက်မှာ သပ်ရပ်သပ္ပာယ်လှပေ၏။ ခြေတော်ရာရှိ ဗုဒ္ဓ၏ ဖြစ်တော်စဉ် များကို သီးသန့်ထိုး၍ ပုဆိုးထက် ပျဉ်ပြား၌ ပုံဖော်၍ညွှန်းဆို သမှု ပြုထားပြန်လေရာ ထိုရွှေစာရံအတွင်းရှိ ခြေတော်ရာတိုက် မှာ အခြားခြားသော ခြေတော်ရာတိုက်များထက် ဝိသေသ သုနဇပ္ပ ပို၍ ပြည့်စုံသည်ဟု မှတ်ယူအပ်မေသည်။

ထိုစဉ် ရင်ပြင်တော်ထဲသို့ မျက်လုံးမှေးမှေး အသားမည်း မည်း ဂင်တိုတိုနှင့် လူတစ်ယောက်သည် စိပ်ပုတီးကို ညာ စလွယ်သိုင်းပြီးလျှင်၊ အဝတ်ဖြူပိတ်စကို လုံချည်အဖြစ်ခပ်တိုတို ဝတ်ထားကာ သွက်လက်သော ခြေလှမ်းဖြင့် လျှောက်လာ နေသည်။

၎င်းနောက် တုတ်တုတ်ခိုင်ခိုင်နှစ်ဦးလည်း လိုက်ပါပြီးလျှင် ရွှေစာရံ တန်ဆောင်းထဲသို့ ဝင်သွားကြသည်။

ဘုရားဖူး လာကြဟန် တူသော အမျိုးသမီးပျို တစ်အုပ် လည်း ရွှေစာရံဘုရားဝင်းနတ်လမ်းတစ်လျှောက်း လာကြပေ သည်။

ထိုအမျိုးသမီးတစ်အုပ်နှင့်အတူ မျက်လုံးပြူးပြူး ဆံရှည် ရှည်နှင့် အသားအရေ သင့်တော်ကောင်းမွန်၍ မြာကျသည့် ရုပ် ဟူ၍ ခေါ်ဆိုနိုင်သော ယောကျ်ားတစ်ဦးလည်း လိုက်ပါ လာလေသည်။

www.burmeseclassic.com



အမျိုးသမီးတစ်သိုက်သည် ထိုသူပြောသည့် စကားကို သဘောကျဟန်ဖြင့် တသောသော ရယ်မောလျက် ရှိပေသည်။

အမျိုးသမီးတစ်သိုက်သည် ရုပ်ရှင်မင်းသမီး တင်တင်မူ၏ဟန်ဖြင့် အမောက်များ ထောင်လျက် ရှိကြပေသည်။

'ကိုရင်ကြီးကျောင်းကိုတပည့်တော်ကိုယ်တိုင်လာပြီး ကိုရင်ကြီးရဲ့ လက္ခဏာကို ဟောစာတမ်းတစ်စောင် ဖွဲ့ပေးပါမယ်၊ ကိုရင်ကြီး ပေဒင်ပါ ကြည့်ချင်တယ်ဆိုရင်လဲ ကိုရင်ကြီးရဲ့ လက်ရိုးချိန်သီး၊ ဂွင်ညာ-စန်းလာဘ်ပါ တွက်ပေးပါမယ်၊ အခုတော့ တပည့်တော် လုပ်ငန်းလေး ဝင်စရာရှိလို့ ခွင့်ပြုပါဦး ဘုရား....ဟုတ်လား ကိုရင်ကြီး ကျေနပ်နော်'

လူသူတော် သျှောင်တစောင်းသည် လှုပ်ရှား၍ လာသောအခြေအနေအရိပ်အကဲကိုသုံးသပ်ရင်း ကိုရင်ကြီးအားလက္ခဏာကြည့်ခြင်းမှ တောင်းပန်သမှု ပြုလိုက်လေ၏။

ကိုရင်ကြီးသည် ခေါင်းညိတ်လိုက်ပြီးလျှင်....

'ဒကာကြီး ကတိအတိုင်းနော်၊ ကျုပ်က ကဖါတည်မှ ကိုက်တာ၊ ကဲ....ကျုပ်လဲ နေရာပြုပြီးပြီ သွားလိုက်ဦးမယ်ဗျာ'

ကိုရင်ကြီးသည် ပြောပြောဆိုဆိုပင် ခြေတော်ရာတိုက်ပေါ် ၊ ခုန်ချကာ နတ်လမ်းအတိုင်း ဘုန်းကြီးကျောင်းဝိုင်းဆီသို့ ဆွတ်လက်စွာ လှမ်းသွားလေသည်။



လေပြည်လေညင်း တိုက်ခတ်မှုလေးများကြောင့် ရွှေစာရံ အုံးများမှ ရွှေဆည်းလည်းလေးများ၏ မြည်သံသည် ပျံ့လွင့်လာလေသည်။

လူသူတော် သျှောင်တစောင်းသည် သူ၏ နာရီလေးကို ကြည့်လိုက်လေသည်။

'ငါးမိနစ်ပဲ လိုတော့တယ်ဗျို့....ဦးဇင်ယော်၊ ခင်ဗျားသေနတ် ကျည်ဆိုးထားပြီလား'

'စကတည်းက မောင်းတင်ပြီးသားပဲ လူသူတော်ကြီးရဲ့'

'ဒီအချိန်က လူသူတော်ရဲ့ အချိန် မဟုတ်တော့ဘူးဗျို့၊ ဦးမပြန်သျှောင်တစောင်းရဲ့ အချိန်ရောက်ပြီဗျို့'

'အင်း....ကျုပ်လဲခင်ဗျားနဲ့ပေါင်းရတာဆက်ရက်သိုက်မြေ ထိုက် မြေမြို့ ပရွက်ဆိတ်ကိုက် ဆိုတာလိုပါပဲလားဗျ'

'လိုသေးတယ်ဗျ၊ သရက်ပင်ခွကြား မင်းနဲ့ငါ ဆိုတာလိုလေးလဲ ပါမယ်ထင်ရဲ့'

'အင်း....ဟုတ်တုတ်တုတ်....ဟုတ်တုတ်တုတ်ပဲ....ဗျို့'

'ကဲ....သွားစို့၊ အချိန်စေ့ရောက်ပြီဗျ'

လူသူတော် သျှောင်တစောင်းနှင့် ဦးဇင်ယော်တို့သည် ခြေတော်ရာတိုက်နေမှနေ၍ လက်ဝဲရစ်ချိုးကာ ရွှေဆံတော်ဘုရားကြီး၏ အင်္ဂတေ ရင်ပြင်တော် နေပူကျဲကျဲ၌ အနောက်မုခ်မှ နေပတ်လိုက်လေ၏။

ရွှေစာရံ တန်ဆောင်း အတွင်း၌ကား လူအုပ်တစ်စုသည် ကျက်ကျက်အုတ်အုတ် ဖြစ်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှေးမှေး၊ အသားမည်းမည်း၊ ပုက္ကကွနှင့် လူသည် ကျောက်သင်ပုန်းကြီး တစ်ချပ်ပေါ်တွင် လဝန်းရုပ်လို ရေးလျက် ရှိပေသည်။

ထိုပုဂ္ဂိုလ်သည် တောက်တစ်ချက် ခေါက်လိုက်လေသည်။ ထို့နောက် သူ့လူစုဘက်သို့ လှည့်၍ ပြောလိုက်လေတော့သည်။

'ငါတော့ သိပ် မသက်ာဘူး၊ ဒီ သူကြီးစုတ်ကြောင့်သာ လာရတာ၊ ဒီ ရွှေစာရံဘုရားဆိုတာ နာမည်ကြီးပဲကွ၊ ရွှေစာရံမှာ ရွှေရေးပုဂံ တက်တယ်ဆိုတာ လွယ်တဲ့ အလုပ် မဟုတ်ဘူး၊ မင်းတို့လဲ သတိနဲ့နေကြ၊ တစ်စုံတစ်ရာ ထူးထူးခြားခြားဖြစ်ရင် အသေသာလုပ် ကြားလား'

'ဟုတ်ကဲ့ ဆရာကြီး'

ထိုဆရာကြီးဆိုသော မျက်စိမှေးမှေး၊ အသားမည်းမည်း ပုက္ကကွနှင့် ပုဂ္ဂိုလ်သည် သူ၏ လက်မှ နာရီကို ကြည့်လိုက်သည်။

'အင်း....အချိန်တော့စေ့ပြီကွ'

'အချိန်စေ့တော့လဲ ရောက်ပြီပေါ့ မိတ်ဆွေ'

မျက်စိမှေးမှေး၊ အသားမည်းမည်းနှင့်ပုဂ္ဂိုလ်သည် ရွှေစာရံဘုရား၏ တစ်ဝဂ္ဂဘက်သို့လှည့်၍ ပြောဆိုနေရာမှ နေ၍ အသံလာရာဘက်သို့ မျက်နှာမူလိုက်ပေ၏။ ထို့နောက် အံ့သြတကြီး ကြည့်လိုက်ပေ၏။

အသံရှင်သည် ပုတ်စူးကြီးကို လက်မှကိုင်၍ လက်တစ်ဖက်မှ ရစ်လုံးချည်ကို ကိုင်ထားပေ၏။ ညာဘက်မှနေ၍ဘယ်ဘက်သို့



ဘချင်ပလိုင်းတောင်းကို လွယ်ထားပေ၏။ အယ်လ်ပတ်ကားပိုးတိုက်ပုံအင်္ကျီနှင့် ခါးပုံစကို တည့်တည့် ထောင်၍ ဝတ်ထားလေသည်။

အောက်ပုဆိုးဟွင် သားမင်းတံဆိပ် ခါးပတ်ကို စနစ်တကျပတ်ထားလေသည်။ ညာလက်၌ လက်တစ်ဝါးခန့် ရှည်သော ပုတ်စူးထည်ကို ကိုင်ထားပြီးလျှင် ဘယ်လက်၌ ပိုးချော်ရစ်ချည်ကို ကိုင်ထားပေ၏။ ထိုပုဂ္ဂိုလ်၏ နောက်မှ ရွှေကိုင်းမျက်မှန်နက်နှင့် အင်္ကျီ လုံချည်ကို ခပ်တိုတိုစည်း၍ ချည်ထားသော ပုဂ္ဂိုလ်သည် မတ်တတ်ရပ်လျက် ၎င်း၏ ညာလက်၌ ပွိုင့် ၂၂ ရီဗော်ဗာ ဒန်ချောင်ပြောင်းတိုသေနတ်ကိုကိုင်လျက် ခန့်ညားစွာ ရပ်လျက်ရှိပေသည်။

မျက်စိမှေးမှေး၊ အသားမည်းမည်း၊ ဂင်တိုတိုနှင့် လူသည် လွန်စွာ အံ့သြတကြီး မျက်နှာဖြင့်....

'ခင်....ခင်....ခင်ဗျားတို့....ဘယ်သူတွေတုံး'

ဟူ၍ အလန့်တကြီး ပြောလိုက်လေ၏။

'ဟား....ဟား....ဟား....ဘဂျမ်းလေ.... သျှောင်တစောင်း ဘဂျမ်း၊ ဒီထက်ပြည့်ပြည့်စုံစုံပြောရရင်တော့ ရိုးမပြန် လူဆိုးတော် သျှောင်တစောင်း'

'ဟိုက်'

အသားမည်းမည်း၊ ဂင်တိုတိုလူသည် ၎င်း၏ဘေး၌ရှိသော လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်ပေ၏။

'မလှုပ်နဲ့လေ၊ ပွိုင့်ရီဗော်ဗာ သေနတ်ဆိုတာ အသည်းနှလုံး ကျောက်ကပ်နဲ့ အူသိမ် အူမတွေကို အပြင်ဘက်ကို

www.burmeseclassic.com



ထွက်ကျပြီး သင်္ချိုင်းကုန်းကို ဖျာလိပ်နဲ့ ရောက်စေတတ်တယ် ဆိုတာကို သဘောပေါက်စေချင်တယ် ကိုယ့်လူတို့'

လူဆိုးဖမ်းရာ၌ ဝါရင့်၊ သဘာရင့်၊ ပညာရင့်လူပြီ ဖြစ်သော ရွှေကိုင်းမျက်မှန်နှင့် ပုဂ္ဂိုလ်သည် ဒန်ရောင် ခြောက်လုံးပြူး သေနတ်မှ ကျည်ဆန်အိမ်ကို လက်မဖြင့် တစ်ပတ်လှည့်လိုက်ပြီး အေးဆေးစွာ ပြောလိုက်၏။

'ကဲ....အေးအေးဆေးဆေး အဖမ်းခံပါ၊ ကြောင်နက်ရှင်းဂိုဏ်း ဖြိုခွင်းရေး အစီအစဉ်(၁)အနေနဲ့ ကြောင်နက် ခြေသည်း လက်သည်းဖြစ်တဲ့ ဆရာဆိတ်၊ ဟား....ဟား....ဟား...ယောမြန် သိုက်ဆရာ ဆရာဆိတ်၊ ဂိုဏ်းဝင် အမှတ် (၄) ပျူနွယ်ဆက် ကြောင်နက်ရှင်မလေးရဲ့ လက်ရွေးသတ် အဖွဲ့ခေါင်းဆောင် အမှတ်(၃) ပုဂ္ဂိုလ်ကြီး လဒ္ဒ'

မျက်စိမှေးမှေး၊ အသားမည်းမည်းနှင့်ပုဂ္ဂိုလ်သည် တင်ပျဉ်ချိတ်၍ထိုင်လျက် အနေအထားမှနေ၍ ဆတ်ခနဲထကာ လွယ်အိတ်ထဲမှ တစ်စုံတစ်ရာကိုနှိုက်ယူလိုက်ပြီးလျှင်သျှောင်တစောင်း၏ ရင်ဝသို့ ထိုးထည့်လိုက်လေသည်။

သျှောင်တစောင်းသည် တည့်တည့်ဝင်လာသော လက်ကို ဘယ်လက်ဝါးဖြင့် ဆတ်ခနဲ ရိုက်လိုက်ပြီးလျှင် လက်ကို ကြိုးဖြင့်ပတ်ကာ ကြက်ခြေချိတ် ချလိုက်ပြီးလျှင် ညာလက်မ ပွတ်စူးဖြင့်ထိုးပြီး ထိုသူ၏တံတောင်ခွက်ကို အသားဆတ်ကန် ထည့်လိုက်လေသည်။

ထိုသူသည် အောက်သို့ ခွေလျက် ကျသွားလေသော် ပိုးချည်ကြိုးတို့သည် လည်ပင်းတစ်ဖိုက်၊ ချိုင်းကြားတစ်ဖိုက်



နှင့် ပေါင်တစ်ဖိုက်အို့ပတ်ပြီးဖြစ်လျက် နောက်ဆုံး၌ ကြိုးများပတ်လျက် ရှိလေသည်။ သျှောင်တစောင်း၏ ညာဘက်လက်သည် လျှပ်လက်သလိုပြေးသွားတိုင်း ကြိုးတို့သည် ဖတ်လျက် ရှိပြီးနောက် ပွတ်စူးဖြင့် လည်မျိုကို ထောက်လျက်သား ရှိပေသည်။

ကျန်သော ပုဂ္ဂိုလ်တို့သည် လှုပ်ရှားမည်ပြုကြရာစုံထောက်ကြီး ဦးဇင်ယော်အသည် အနီးဆုံးပုဂ္ဂိုလ်၏နားထင်ဝကိုသေနတ်ဖြင့် တေ့လျက် လည်မင်းကို ကြိုးသိုင်းချပ် ချုပ်လိုက်လေသည်။

ဆရာဆိတ် အမည်ခံ မျက်စိမှေးမှေး၊ ပုကွကွနှင့် လူ၏ လက်မှ ချွန်ထက်သော ဓားမြှောင်သည် အောက်သို့ပြုတ်ကျလျက် သျှောင်တစ်စောင်းသည် ထိုဓားကို ညာခြေဖြင့် ကုတ်လျက် ခတ်တင်လိုက်ရာသျှောင်တစောင်း၏ပလိုင်းထဲသို့ ရောက်သွားလေသည်။

အားလုံးသည် လူသူတော်သျှောင်တစောင်းအား အံ့အားသင့်စွာ ကြည့်လျက်ရှိကြပေသည်။

'သွေးမထွက်အောင် ထိုက်နိုင်တဲ့ သတ်ပုတ်နည်းဘစ်ရာ အကြောင်း မကြားဖူးသေးဘူးထင်တယ် ဆရာဆိတ်၊ရွှေစာရံဘုရားဆိုတာ ချစ်သူတွေပေါင်းဖက်ဖို့ ဆုတောင်းရတဲ့ ဘုရားဖြစ်လို့ သွေးထွက်သံယို မဖြစ်လိုဘူး၊ ပွတ်စူးကြိုး ထိုးတဲ့အတတ်ဟာ ရှေးမြန်မာဘုရင်တွေလက်ထက်က ရာဇဝတ်သားတွေကို အသက်ရှင်လျက် ဖမ်းဆီးနိုင်လျှင် သူရဲဗိုလ်၊ သူရဲအုပ်တို့ရဲ့အတတ် ငရမန်ကန်းနဲ့ ဇာဂရသိုက်စာမှာပါတဲ့ ပိုးချည်

www.burmeseclassic.com



ကြောင်ရဲ့ချည်ဖြင့် သိုက်ဝန်းကိုပတ်ပြီး သိုက်တူးဖို့ ဆက်ထား တာ မဟုတ်ဘူး၊ ဟား....ဟား....အယူလွဲငရဲမိစ္ဆာတွေကို သူ့ရဲ့ ကောင်းပညာနှင့်နှိပ်ကွပ်ခဲ့မယ်ဆိုတဲ့ရိုးမပြန် သျှောင်တစောင်း ရဲ့ ပွတ်စူးကြိုးထိုး ပညာနဲ့ ရွှေစာရံဘုံရား မျက်နှာပြင်မှာ ကမ္ဗည်းထိုးဖို့ လာခဲ့တာ....ပ’

လူသူတော်သျှောင်တစောင်းသည် ဆရာဆိုတ်၏လည်မျိုကို ပွတ်စူးဖြင့် ထောက်ထားပြီးလျှင် ကြိုးများကို ရစ်ဆွဲလိုက်ရာ ထိုပုဂ္ဂိုလ်၏လက်များသည် လုံးဝလှုပ်ရှား၍မရဘဲ ခန္ဓာကိုယ် နှင့် ကပ်၍ သွားပေတော့သည်။ ဆို့နောက် ပွတ်စူးနှင့် ကြိုး ထုံးကို လူသူတော်သျှောင်တစောင်းသည်ကိုင်ကာ....

‘ကဲ....ရာဇဝတ်သားတို့.... အေးအေးသက်သာ ဇင်ယော် နောက်ကို လိုက်သွားကြဗျာ’

ရွှေစာရံ၏ တန်ဆောင်းဝတွင်ကား ပလိုင်းနှစ်လုံးကို လွယ်လျက် မုဆိုးကျော်သုံးယောက်နှင့်အတူ ကြိုးခွေများနှင့် သင်တိုင်းရှည်ကြီးကို ဝတ်လျက် ခေါင်းတွင် ကရင်ပိုးစကို ကျပ်စည်းပေါင်းထားသော လေးထောင့်မျက်နှာနှင့် လွန်စွာ ကြမ်းတမ်းလှသော လက်အစုံပိုင်ရှင် ပုဂ္ဂိုလ်ကြီးသည် စောင့် လျက်ရှိလေသည်။

‘အတော်ပဲ....အချိန်ကိုက်ပဲ ကရင်ကြီးစံယွန်း ၁-ပဓလို.... ခမှောက်ဆောင်းချိန်ပဲ’

ထိုကရင်ကြီးသည် လူသူတော် သျှောင်တစောင်း၏ ပြောဆိုချက်ကို ဦးခေါင်းညိတ်လိုက်ပြီးလျှင် တန်ဆောင်းဝ၌



စုပေါင်း လူငါးဦးအား ကရင် ‘ငါးဦးထုပ် ကြိုးချည်းနည်း’ ဖြင့် ချည်လျက်ရှိလေသည်။

‘ကဲ....စုံထောက်ကြီး ခင်ဗျားတာဝန်ပဲပဗျာ၊ ကျုပ်တာဝန် တော့ တစ်တန် ကြေးထုံးပြီဗျာ’

‘တစ်ခါတည်းမလိုက်ဘူးလားဗျာ၊ ကျုပ် ဒီကောင်တွေကို ဝန်းပဲတန်းဂါတ်ဝင်ပို့ပြီးရင် တရုတ်တန်းက အိုက်ကင်းမှာ တဲပေါင်းဆီချက်လေး လွေးရအောင်’

‘မလိုက်သေးဘူးဗျာ၊ ကျုပ်ရွှေစာရံဘုရားမှာ ဆုတောင်း ခန်း ဝင်လိုက်ဦးမယ်’

‘ဘာလဲဗျ....ကြောင်နက်ရှင်မလေးနဲ့ ထပ်တွေ့ဖို့လား’

‘မဟုတ်ဘူးဗျို၊ ကျုပ်လဲ စစ်ကိုင်းထောင်သင်း၊ စလင်း လက်ယာ၊ ပြည်မှာ နဝဒေး....ဆိုတဲ့ စာဆိုရှင် နဝဒေးကြီးလို ဒလ ရွှေစာရံ....ဘုရားတိုင်ရတုခရေးပြီး.... ညအခါ လသာသာ မှာ၊ ဒလက သမ္ဗန်လေးစီးပြီး....ဒလ သူလေး....လွမ်းချင်းနဲ့ ပြန်လာခဲ့မလို့ဗျ’

‘လွမ်းရှိသာ လွမ်းဗျို့၊ ပွန်းတော့မပါစေနဲ့’

‘သတိချပ်ရမှာပဗျာ’

ရွှေကိုင်းမျက်မှန်တပ် ပုဂ္ဂိုလ်နှင့် ကရင်ကြပ်သင်းပေါင်း၊ ပေါင်းချထားသော လူထွားကြီးတစ်သိုက်သည် ကြိုးများ တုပ်ထားသော လူစုငါးယောက်နှင့်အတူ ရွှေစာရံ တံတိုင်း အပြင်ဘက်သို့ ရောဝတီလမ်းမကြီးတစ်လျှောက် သမ္ဗန်ဆိပ်သို့ နင်လျက်ရှိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွတ်စူးကြီး၊ ထိုးပညာရပ်မှာ ယခုခေတ်တွင်ပညာ ရှင်များ ရှားပါးသွားပြီ ဖြစ်မေပြီ။ လူငေ များ မကြားဘူးသလောက်ပင် ရှိချေပြီ။ ခေ နန်းတွင်းပညာရပ်ကြီး ဖြစ်ပေသည်။ ပွဲကျော ဆရာတော်ကြီး သင်ကြားပေးသော ပညာ ဖြစ်ပေသည်။)

( ၁၅ )

### စုံထောက် လုံစိ

စုံထောက်မင်းကြီး၏ ကျယ်ဝန်းလှသော ရုံးခန်းအတွင်း ၌ စုံထောက်မင်းကြီးသည် ပြုံးလျက် ဆေးတံကြီးကို ဖွာရှိုက် လျက်ရှိပေသည်။

သို့သော် ၎င်းရှေ့ရှိ စုံထောက် အင်စပက်တော်ကြီးများနှင့် စုံထောက် အင်စပက်တော်လေးများမှာမူ မှိုင်လျက် ရှိကြပေ သည်။

မေဂျာဒါနန်း၏ စစ်ဗိုလ်ကလေးများသည် ကုပ်ငြိမ်လျက် ၎င်းတို့၏ အထက်လူကြီးများ၏ ပြောဆိုသံကို နားစွင့်လျက် ရှိကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ကြီး ဦးဇင်ယော်သည် ဝင်း၏ဆေးတံကို လက်ဖြင့် ခါလိုက်ရင်း ဆေးတစ်ဆုံ သိပ်ထည့်လိုက်ပြီးလျှင် ကြက်တံဆိပ် ဘိုကားခေါ် ခတ်ဆံ မီးခြစ်ကလေးဖြင့် ညှိလိုက်သည်။

အင်စပက်တော်ကြီးနှစ်ဦးသည်လည်း ခေါင်းငိုက်စိုက်ကျလျက် ရှိပေ၏။

'မောင်မင်းတို့ အားလုံးညံ့တယ်၊ နေရာတွေ့တယ်၊ လူမရကြဘူး၊ မောင်မင်းတို့ ပရိယာယ်မတတ်ကြဘူး၊ စုံထောက်ဟာ ပရိယာယ်မတတ်ရင် အလကားပဲ၊ မောင်မင်းတို့ စုံထောက်လုပ်စားဖို့မကောင်းတော့ဘူး၊ ကားဒရိုင်ဘာပဲ လုပ်စားကြဖို့ကောင်းတယ်၊ သိုးသားနဲ့ ပေါင်မုန့်အစား ကြက်ခြေထောက်ရေမဲ့ သောက်ဖို့ကောင်းတယ်'

'မင်းကြီးတို့ဆီကရတဲ့ မြေပုံအတိုင်း လိုက်တာပဲ မင်းကြီး၊ ကရစ် သင်တိုင်းတောထဲမှာ ကျောက်ဘီးလှည်းရာပဲရှိတယ်၊ အားလုံးမရှိတော့ဘူး၊ ကြောင်နက်ရှင်မဟာ အလွန်စွမ်းပါတယ် မင်းကြီး'

'ရှပ်....တယ်'

အင်စပက်တော်တစ်ဦးက စုံထောက်မင်းကြီးအား တင်ပြရာ စုံထောက်မင်းကြီးသည် ဆီး၍ဟောက်လိုက်ရာ ပါးစပ်ပိတ်သွားပေ၏။

'မောင်မင်းတို့ မစ္စတာ သျှောင်တစောင်းနဲ့ မစ္စတာ ဇင်ယော်တို့ကို အထင်သေးတယ်၊ ဘာကောင်းသလဲ၊ အခု မစ္စတာ သျှောင်တစောင်းကို ရှာလို့ မတွေ့တော့ဘူး၊ တရား



ကျင့်သွားပြီလို့ သတင်းရတယ်၊ ကြောင်နက်ရှင်မကို ဘယ်လိုမိမ်းမလဲ၊ မောင်မင်းတို့ရတဲ့ သတင်းကိုတော့ မိအောင်မလုပ်နိုင်ဘူး၊ ဒန်းဖူးလ်ပဲ'

ထိုစဉ် အခန်းထဲသို့ အရပ် ထောင်ထောင်မောင်းမောင်းနှင့် စီးကရက် ပါးစောင်၌ခဲကာ ဗိုလ်အောင်ဒင်ဂိုက် ဖမ်းထားသော အသက်သုံးဆယ်ကျော်ခန့်ရှိ သပ်ရပ် ခန့်ညားသော အင်စပက်တော် တစ်ယောက်သည် စားပွဲတွင် ထိုင်လျက်ရှိသော စုံထောက်မင်းကြီးအား အရိုအသေပေးရင်း ဝင်ရောက်လာလေသည်။

'ဘာအရေးကိစ္စရှိလဲ မစ္စတာကိုကိုကြီး'

မင်းကြီး၏ အမေးကို ကိုကိုကြီးသည် ဆလုပ်(ရ်)ရိုက်ရင်း ဖြေလိုက်၏။

'အရေးကိစ္စကြီးပါတယ် မင်းကြီး၊ မနေ့က စုံထောက်ကြီး ဦးဇင်ယော် ဒလက ဖမ်းဆီးလာတဲ့ ဆရာဆိတ်ခေါ် လဒ္ဒ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အချုပ်ခန်းထဲမှာ သေဆုံးနေပါတယ်'

'ဘာဖြစ်လို့ သေဆုံးနေတာလဲ မစ္စတာကိုကိုကြီး၊ မောင်မင်း ရိုက်နှက်လို့လား'

'မဟုတ်ပါဘူး မင်းကြီး၊ ဒီ ကြောင်ရုပ်လေးထဲက အဆိပ်သင့်ပြီး သေပါတယ်'

မောင်းထောင်း ကိုကိုကြီးသည် ကြောင်ရုပ်ကလေးအား စားပွဲပေါ်သို့ တင်လိုက်ပေသည်။

အားလုံးသည် ကြောင်ရုပ်ကလေးအား ကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အိုး....ဂေါ်... ဓနဏလေးဘမု အသတ်ခံရတာလဲ ဒီကြောင် ရှုပ်ပဲ၊ ရွှေနေကြီး အသတ်ခံရတာလဲ ဒီကြောင်ရှုပ်ပဲ၊ ဘုရား သခင် ကယ်ဖို့ အချိန်ရောက်ပါပြီ မစ္စတာကိုကြီး၊ သူ့ဆီက သတင်း မရဘူးလား၊ သူမှာ ကြောင်နက်ရှင် သူဇာရဲ့ ခေါင်းဆောင် နံပါတ်သုံးဆိုတယ် လူကလေး၊ စုံထောက်ကြီး မစ္စတာဇင်ယော်ကိုယ်တိုင် ကြိုးနဲ့တုပ်ပြီး ဖမ်းလာတာ'

'မှန်ပါတယ် မင်းကြီး၊ ဒါ့ကြောင့် သူတို့ဂိုဏ်း ခေါင်း ဆောင်တွေရှိနေရာတွေပြဖို့ ကျွန်တော်ကိုယ်တိုင် စစ်ပါတယ်၊ ဒါပေမယ့် ညက အဲဒီ ကြောင်ရုပ် ဘယ်က ရောက်လာတယ် မသိပါဘူး၊ အဲဒီ ကြောင်ရုပ်ရဲ့ အဆိပ်အပ်ဖျားမှာ သေတာ ပါပဲ'

စုံထောက်မင်းကြီး အက် (စ်) စတီးဝပ်သည် မျှားစွာ ဦးနှောက်ခြောက်သွားသော ပုံသဏ္ဌာန်ဖြင့် ပြတင်းပေါက် ဘက်ကို ငေးလျက် ရှိသည်။

ထိုစဉ် ပြာတာလေး တစ်ယောက်သည် အခန်းထဲသို့ ဝင် ရောက်လာကာ မင်းကြီးအား အရိုအသေ ပေးပြီးနောက် ဧည့်သည်တစ်ယောက်က တွေ့ချင်ကြောင်းကို ပြောလေသည်။ မင်းကြီးသည် စိတ်တိုစွာဖြင့် ပြာတာလေးအား....

'မင်းကြီးတို့ အလုပ် သိပ်များတယ်၊ ခွေးလိုကောင်လေး ဧည့်သည်မလိုချင်ဘူးလို့ ပြောလိုက်ပါ'

ဟူ၍ အော်ပြောလိုက်လေသည်။ သို့သော် ဆင်နှာရွက် တံခါး တွန်းဖွင့်လျက် ဝင်လာသော အဘိုးအိုကို တွေ့ရလေ သည်။



ၿငင်းအဘိုးအိုသည် ခြေလှမ်းစိပ်စွာ လှမ်းလျက် ဒယီးဒယိုင် ...ကာ အင်္ကျီများ ဖွာလန်ကြဲ၍ တရုတ်အင်္ကျီရှည်နှင့် အဝတ် ...ရုတ်ဘောင်းဘီနှင့် အဝတ်ဖိနပ်ဖောင်း ဝတ်ထားပြီးလျှင် ...ခေါင်းတွင် တရုတ်လူမျိုးများ ဆောင်းသော 'စီလံ' ဟူ၍ ...ခေါ်သော ဦးထုပ်ကို ပေါင်းထားလေသည်။

စုံထောက်မင်းကြီးနှင့်တကွ စုံထောက် အရာရှိကြီးများ ...သည် တရုတ်အဘိုးကြီးအား မိုင်း၍ ကြည့်ရှု ကြလေသည်။ ...ဇင်စပက်တော် ဘာတုတ် ခေါ်သော ပုဂ္ဂိုလ်သည် အခွင့်မပြုမီ ...ရာရှိကြီး၏ ရုံးခန်းထဲသို့ ဝင်ရောက်လာသော တရုတ် ...းစားနှင့် သဏ္ဌာန်တူသော တရုတ်အဘိုးကြီးအား ဆတ်ခနဲ ...ရောက်၍ လည်ပင်း အင်္ကျီကော်လာစကိုဆွဲ၍ အခန်းထဲမှ ...ထုတ်ရန် ကြိုးစားလေသည်။ အင်စပက်တော် ဘာတုတ်က ...ခင့်၍တွန်းထုတ်လိုက်သဖြင့် တရုတ်အဘိုးကြီးသည် ဖင်ဆိုင် ...တ် လဲလေ၏။

စုံထောက်မင်းကြီးသည် အင်စပက်တော် ဘာတုတ်အား ...ကယာ လက်ကာ ပြပြီးလျှင် 'လူကလေး မလုပ်နဲ့၊ လူ ...လေး သူက ကျုပ် မိတ်ဆွေ' ဟူ၍ လှမ်း၍ဟန့်တားသမှု ပြု ...ရာ အင်စပက်တော်ဘာတုတ်သည် အဖော် လက်ယားဟန် ...ၿငင်း၏ တင်ပါးသို့ လက်နှစ်ဖက်ကို သုတ်လေသည်။

တရုတ် အဘိုးကြီးသည် လဲနေရာ လူးလဲ ထလာပြီးလျှင် ...ထောက်မင်းကြီးနှင့် ဦးဇင်ယော်ဘက်ကို ကြည့်ပြီး....

'မင်းတို့ စုံထောက်တွေ ရှင်းလယ်....ဓ ကို ဒီလိုနှင့်ဖို့ ...ကောင်းဘူး' ဟူ၍ ပြောလေသည်။ တရုတ်ကြီး၏ ဇမာလို

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသံမှာ တရုတ်သံများနေသဖြင့် စုံထောက်ကြီး ဦးဇင်ယော်သည် တရုတ်အဘိုးကြီးနှင့် စကားပြောဆိုရလေသည်။

'အဘိုးကြီး....ဒီကို ဘာလာလုပ်တာလဲ၊ ဒီနေရာဟာ အဘိုးနဲ့ မဆိုင်ဘူး၊ ဘာလိုချင်လို့လဲပြော' ဟု စုံထောက်ကြီး ဦးဇင်ယော်က ပြောဆိုလိုက်လေရာ တရုတ် အဘိုးကြီးသည် ဦးဇင်ယော်နှင့် စုံထောက်မင်းကြီးတို့နားကို ရောက်လာကာ....

'ဝ လုံစိလေ....ဝကို မမှတ်မိဘူးလား၊ စဏ္ဍာလ လုံစိလေ စားပွဲထိုး လုံစိလေ' ဟူ၍ ပြောဆိုလေ၏။

စုံထောက် မင်းကြီးသည် တရုတ် လုံစိအား ခင်မင်သော အမူအရာနှင့် လာရင်း အကြောင်းကို ဦးဇင်ယော်မှ တစ်ဆင့် ပြောကြားစေလေ၏။

'ဝ အလုပ် ပြုတ်သွားပြီ၊ စဏ္ဍာလ အလုပ် လုပ်တယ် သင်္ချိုင်းမှာ လုပ်ငန်းမကောင်းလို့ ဝ စားပွဲထိုး ဝင်လုပ်တယ် ဟိုတယ်မှာလဲ မစားသာဘူး၊ ဝ သူဌေးက ဝ ကို မောင်းထုတ်တယ်၊ ဝ အလုပ်မဆိတော့ဘူး'

စုံထောက်ကြီးသည် ဦးခေါင်းညိတ်လိုက်၍ အိတ်ထဲမှ ဂျော့ဘုရင် တံဆိပ်ခေါင်းပါသော ရာတန်တစ်ရွက်ကို ထုတ်ယူလိုက်လေ၏။ ထို့နောက် တရုတ်အဘိုး၏ လက်ထဲကို ထည့်လိုက်၏။ တရုတ် အဘိုးကြီးသည် ထိုရာတန်ကို မယူဘဲ ရှေ့နားရှိ စားပွဲပေါ်သို့ တင်လိုက်လေသည်။

'ဝ ဒီကိုလာတာ နှစ်ခေါက်ရှိပြီ၊ ပထမ တီခေါက်က ဒီက အစောင့်တို့ မောင်းထုတ်လယ်၊ ဝ ကို ထိုးလွှတ်လယ်၊ အခု ဒုတိယ တီခေါက်လာလယ်'



စားပွဲဝိုင်းရှိ စုံထောက် အရာရှိကြီးများသည် တရုတ် အဘိုးကြီးအား ကြည့်ရှုလျက် ရှိကြ၏။ မေဂျာဒါနန်းသည် တရုတ် အဘိုးကြီးအား မျက်မှောင်ကုတ်လျက် ကြည့်လေ၏။

'အဘိုးကြီး လာရင်းကိုပြော....ပိုက်ဆံ မရှိရင် ယူသွားဖို့ ပေးပြီးပြီ သွားတော့'

စုံထောက်ကြီး ဦးဇင်ယော်သည် တရုတ်အဘိုးအို လုံစိအား တိုတိုနှင့် ပြီးပြတ်သွားစေရန် လောဆော်သမှု ပြု၍ ပိုက်ဆံကို ကောက်ပေးလိုက်၏။ တရုတ် အဘိုးကြီးသည် ပိုက်ဆံကို ယူငင်ခြင်း မပြုသေးဘဲ....

'ဒီကိုလာတာ အလုပ် လာလျှောက်တာ၊ ဝ ကို အီလုပ် ပေးပါ'

အားလုံးသည် ပြုံးဖြဲဖြဲ ဖြစ်သွား ကြပေ၏။ တရုတ် အဘိုးကြီး၏ ဦးနှောက် ပုံမှန် မရဟူ၍ သနားသွားကြပြီးလျှင် ပြုံးကြလေသည်။

'ဘာအလုပ်လဲ အဘိုးကြီး၊ အဘိုးကြီးနဲ့ သင့်တော်တာ မရှိဘူး၊ ဒရဝမ်လုပ်မလို့လား' ဦးဇင်ယော်က ဆက်မေးလေလျှင်

'ဝ စုံထောက်လုပ်မလို့ စုံထောက်အလုပ် လာလျှောက်တာ၊ ဝ အဘိုးတွေက 'မင်' မင်းဆက်က တရုတ်ပြည်မှာ အကောင်ကြီးကြီးနဲ့ စုံထောက် လုပ်ဖူးလယ်၊ ဝ လဲ တရုတ် စုံထောက် ပညာ ကောင်းကောင်း တတ်လယ်၊ ဝ အလုပ်မရှိဘူး၊ ဝ့ စုံထောက်အလုပ်ပေးရင် ဝ ကောင်းကောင်း လုပ်မယ်'

စားပွဲဝိုင်းတွင် ထိုင်နေသူ အားလုံးသည် ဝါးလုံးကွဲ ရယ်မောကြပေသည်။ အင်စပက်တော် ဘတုတ်သည် ခွက်ထိုး

www.burmeseclassic.com

ခွက်လန် ရယ်လေသည်။ စုံထောက်မင်းကြီးသည် ဆေးတံကြီး ပါးစပ်တွင် ကိုက်လျက် ပြုံးလျက် ရှိပေသည်။ တရုတ် အဘိုး ကြီးသည် ရယ်မောနေကြသူတော့ အားလုံးအား ခပ်တည်တည် မျက်မှောင်းအပြည့်ဖြင့် စိုက်ကြည့်လိုက်ပေသည်။ ထိုအကြည့် မှာ လွန်စွာ စူးရှထက်မြက်သော ကြည့်ခြင်းတစ်မျိုး ဖြစ်ပေ ရာ ရယ်မောနေကြသူများသည် အရယ် ရပ်သွားလေသည်။

'ဝ ကို အထင်သေးသလား၊ ဝ တရုတ်ပြည် အရှေ့မြောက် က ဂူအိုးဖားမှာ တရုတ်စုံထောက်ပညာ သင်လာတယ်၊ တရုတ် ပြည်က လူဆိုးတွေ ဝ နာမည်ကြားရင် အားလုံး ပြေးလယ်၊ ဝ ကို စမ်းချင်လို့လား....ရပါလယ်၊ ဝ နည်းနည်းပြမယ်'

တရုတ် အဘိုးကြီးသည် ခန္ဓာကိုယ်ကို တစ်ပတ် လှည့်လိုက် ပေသည်၊ ထိုသို့ လှည့်ခြင်းမှာ ခြေတစ်ချောင်းထဲကို သပွတ် ကိုင် လှည့်သလိုလှည့်လိုက်ခြင်းဖြစ်ပေသည်၊ ထိုစဉ် ရှိ း....ရှိ း' ဟူသော အသံကြီးသည် ပေါ်လာပြီးလျှင် လေထဲ၌ တစ်စုံ တစ်ရာတို့သည် ပြင်းထန်စွာ ဖြတ်သန်းသွားကြဟန်ရှိပြီးလျှင် စုံထောက်မင်းကြီး စားပွဲပေါ်၌ မောင်းထောင်းကိုကိုကြီး ထင်ထားသော ကြောင်နက်ရုပ်ကလေး၏ မျက်လုံးနှစ်လုံးထဲ သို့ ပြေးဝင်စိုက်လျက် ရှိပေသည်၊ ထိုအရာမှာ သေးငယ်သော အပ်ကလေး နှစ်ချောင်း ဖြစ်ပြီးလျှင် ထိုအပ်ကလေးများသည် ကြောင်နက်ရုပ်၏ သူငယ်အိမ် တည့်တည့်သို့ နစ်မြုပ်လျက် ရှိ သည်။ အားလုံးသည် တရုတ် အဘိုးကြီးအား ကြည့်လိုက် ထိုတရုတ်အဘိုးကြီးသည် စုံထောက်မင်းကြီးနှင့် စုံထောက်



ား ဦးဇင်ယော်တို့အား ခါးကိုင်းညွှတ်လျက် အရိုအသေပြု က် ရှိပေသည်။

ထိုသို့ပြုလုပ်လိုက်ခြင်းသည်ကာလအားဖြင့်စက္ကန့်လေးဆယ် ာသာမျှသာရှိသည်ဟု ဦးဇင်ယော်သည် အိတ်ဆောင်နာရီ ား ကို ကြည့်ရင်း မှတ်တမ်းပြုလိုက်ပေ၏။

တရုတ်အဘိုးကြီးအား ဝိုင်းရယ်ကြသော ပရိသတ်သည် န်စွာ ထိတ်လန့်လျက် သွားကြပေသည်၊ ဦးလုံစိ၏ ပညာ ည် အံ့ဖွယ်သူရဲ ထူးခြားလှသည်ဟု စိတ်တွင်း၌ ကျိတ်၍ တ်တမ်းပြုလိုက်ကြပေသည်၊ ထိုသို့ ပညာစမ်းပြလိုက်ခြင်းသည် င်အခါတွင် မှတ်တမ်းတစ်ခု ဖြစ်ကျန်ရစ်ခဲ့လေသည်။

အင်စပက်တော် ဘတုတ်သည် တရုတ် အဘိုးကြီးအား ည်ကာ မျက်လွှာအောက်ချ ကုပ်သွားပေတော့၏၊ တရုတ် ဘိုးကြီးသည် ၎င်း၏ စုတ်ဖွာကြဲလျက်ရှိသော အင်္ကျီချိုင်း ကြီးနေရာမှ လက်နှိုက်လိုက်ပြီးလျှင် အဖာအထေးများနှင့် ရာမြွမ်းလျက်ရှိသော အင်္ကျီအိတ်ရှည်ကြီးထဲမှ ပစ္စည်းများ တ်လိုက်လေ၏၊

တရုတ်ကြီး၏အိတ်ထဲမှ ထွက်လာသော အရာများမှာ....

သောက်စာလုံး ကိုးလုံး....

သစ်ရွက်ခြောက် လေးခု....

အပ်ချုပ်အပ်ဘူးလေးတစ်ခု....

ပေရွက်ဟူ၍ ယူဆရသော အပြားချပ်တစ်ခု....

ကြောင်နက်ရုပ်လေးနှစ်ခုနှင့် ခြင်များ လိပ်ပြာများ ဖမ်း သာ ပိုက်ကွန်လေးတစ်ခု ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(ထိုပစ္စည်းများမှာ တရုတ် မညာရှင် လုံစိ
အမီကရ ပစ္စည်းများဖြစ်ကြောင်းကို မညာရှ
လုံစိ၏မှတ်တမ်းတစ်ခုတွင်တွေ့ရဖူးပါကြောင်း)

တရုတ်အဘိုးကြီးသည် ထိုမစ္စည်းများကို ထုတ်ယူပြီးလျှ ကြော၀်နက်ရုပ်ကလေး နှစ်ရုပ်နှင့်ပိုက်ကလေးတစ်ခုကို ယူပြီ လျှင် တရုတ်စာများရေးထားသော စာရွက်တစ်ခုကိုစုံထောက် မင်းကြီး၏ စားပွဲပေါ်သို့တင်လျက် ကျန်ပစ္စည်းများကို အိတ် အတွင်းသို့ ပြန်ထည့်လိုက်ပေ၏။

ထို့နောက် ထိုပစ္စည်းနှစ်ခုကို ကိုင်ပြီးလျှင်....

'၀ မြန်မာပြည်မှာ အလှန်ဒုက္ခပေးနေတဲ့ ကြောင်နီရှင်မ ဒီန္နေညသန်းခေါင်ကျော် တရုတ်နက္ခတ်လှိုဏ်မ်း ဖမ်းပေးမယ် ၀ ဖမ်းပေးလို့ စုံထောက်လုံစီလက်မှတ်နဲ့ ၀ ပစ်ဖို့ ပွဲ ိင့် ၂၂ အော်တီမစ်တစ်သီနတ်တစ်လက်ပါ ပေးပါ၊ ၀ကို မြန်မ စံတော်ချိန် သန်းခေါင်ကျော် နှစ်မိနစ်မှာ စုံထောက်မင်း ကြီးရဲ့ကားနဲ့ ၀ ပေးတဲ့လိပ်စာအတိုင်း လိုက်ပို့ပေးမါ၊ ၀ တာဝန်ယူပါတယ်၊ ၀ ဖမ်းမပေးနိုင်ရင် ၀ ကို အနှစ်နှစ်ထ ထောင်ချပါ'

စုံထောက်မင်းကြီး အက်(စ်)ဇတီးဝပ်သည် စုံထောက်ကြီး ဦးဇင်ယော်နှင့် မေဂျာဒါနန်းတို့အား ကြည့်လိုက်၏။ လွန်စွာ ခက်ခဲသည့်ဆုံးဖြတ်ချက်ကြီးတစ်ခုကို အဖြေထုတ်ရမည် ဖြစ်ပေ ခြင်းကြောင့် အကြံဉာဏ်ရယူသည့်မျက်နှာကပင် ဖြစ်ပေ၏။

မေဂျာဒါနန် သည်ဦးလုံစီအားမမှိတ်မသုန်စိုက်ကြည့်လျှ ရှတ်တရက် ၎င်း၏ခါးကြား၌ပတ်ထားသော ပစ္စကိုသေနတ်က



ဘတ်ခနဲဆွဲ၍ထုတ်လိုက်ပြီးလျှင် တရုတ်အဘိုးကြီးအားတိုးချိန် လိုက်လေရာ ထို တရုတ်အဘိုးကြီးသည်....

'ဇွံ...ဇမ်း' ဟူ၍ ရုတ်ဆိုအော်ဟစ်ပြီးလျှင် ထခုန်လိုက်လေ ၏၊ မေဂျာဒါနန်း၏ လက်ကောက်ဝတ်များသို့လောက်စာလုံး နှစ်လုံးသည် တည့်တည့်လာ၍ ကိမ့်ခံလေရာ၊ သေနတ်သည် အောက်သို့ပြုတ်ကျသွားလေသည်။ တရုတ်အဘိုး၏ ခန္ဓာကိုယ် သည် မူလနေရာနှင့် နှစ်ကိုက် သာသာခန့် ရွေ့သွားပြီးလျှင် လက်ထဲ၌ နောက်ထပ်လောက်စာလုံးများကို ကိုင်ထားပေ၏၊ ၎င်းကိုင်ထားသော လောက်စာလုံးများမှာ လက်ချောင်းများ ကြားတွင် ဖြစ်ပေသည်။

(ဇွံ....ဇမ်း....မှာ တရုတ်မန္တန်တစ်ခုပင် ဖြစ်ပေ
သည်။ ကုံဖူးခေါ် ပညာတစ်ခု၏ အသုံးမန္တန်
ဟူ၍ စာ၌ ပါရှိပေသည်)

မေဂျာဒါနန်းသည် ပြုတ်၍ ကျသွားသော ပစ္စတိုခေါ် သေနတ်ကို ကောက်ယူပြီးလျှင် လွန်စွာ ကျေနပ်သွားဟန်ဖြင့် စုံထောက်မင်းကြီး၏ စားပွဲပေါ်ရှိစာရွက်ဖြူတစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးလိုက်လေ၏။

I recommand Mr. Lung Si to be as C.I.D. agent member.

Maj. Da Nan
C. O.
No. (....) Command
Indian Rifle Brigade.

www.burmeseclassic.com

www.burmeseclassic.com



မီးအိုင်ဒီမှ အာရုရှိကြီးများသည် တရုတ်အဘိုးကြီး ဦးလ… အား လွန်စွာအံ့ဩဟန်ဖြင့် ငေးမောကြည့်ကြလေ၏။

စုံထောက်ကြီးဦးဇင်ယော်သည် ဤနေရာမျိုးတွင် လူ… တော် သျှောင်တစောင်းရှိလျှင် ကောင်းစွ ဟူ၍ ဒသမြို့တ… ရွှေစာရံဘုရားတိုင်ရတုဒရေးပြီး ဒလသူလွမ်းချင်းရွတ်မည် ဟူ… နေခဲ့လေသော နာဂသမန်း မျိုးနွယ်ဆက်၊ ရိုးမပြန် သျှော… တစောင်းအား အမှတ်ရလျက်ရှိသည်။

စုံထောက်ကြီးသည် ဆေးတံကြီးကို ဖြုတ်လိုက်ကာ စား… ပေါ်ရှိ ကလောင်တံကို ပက်ခေါ်ခုံလေးပေါ်မှ ဖြုတ်ယူ… တစ်စုံတစ်ခုကို ရေးပေးလိုက်သည်၊

တရုတ်ကြီးလုံစိသည် ခါးကိုကိုင်းလျက် စုံထောက်မင်းကြီး… တို့အား အရိုအသေပြုပြီးလျှင် ကြောင်နက်ရုပ်လေးအားလေ… သို့မြှောက်ကာ ကိုယ်ကို တစ်ပတ်လှည့်လျက် ပိုက်တံလေးဖြ… လေထဲသို့ ဝေ့လိုက်ရာ ကြောင်နက်ရုပ်ကလေးသည်ပိုက်ထဲ… လျှစ်မြန်စွာ ရောက်သွားလေသည်။

(တရုတ် ကွန်ဖူး သီုင်း အတတ်ပညာရှင်မျာ…
သုံးသော တကယ့် ပညာရှင်များ ဖြစ်သည်…
လက်နက်ပုန်းအတတ်ဟူ၍ ဖြစ်ပါသည်)

မျှားမကြာမီပင် သပ်ရပ်ခန့်ညားသော တရုတ်အဘိုးကြီး… တစ်ဦးသည် တရုတ်စီလုံဦးထုပ်ကိုပေါင်းလျက် စီအိုင်ဒီဝင်… အတွင်းမှ ထွက်၍လာပေ၏။ ထိုအဘိုးကြီး၏ဘေးမှသားရေကြ…



ဖြင့် ချုပ်ဆွဲထားသော သေနတ်အိတ်တစ်ခုနှင့် လွန်စွာသစ်ဟန် ရှိသော ပွိုင့် ၂၂ ပြောင်းတိုသေနတ်တစ်လက်ပါ၍လာခဲ့လေ သည်။

ထိုအဘိုးကြီးကား စုံထောက်လုံစိ ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၆ )

## ဦးဇင်ယော် ဒေါသထွက်ခြင်း

စုံထောက်ကြီး ဦးဇင်ယော်သည် အင်းစိန်စီအိုင်ဒီဌာနအတွင်းမှ နေ၍ ၎င်း၏ အော်စတင် ကားအနက်ကလေးဖြင့်ထွက်လာခဲ့ပေသည်။ အင်းစိန် လမ်းမကြီးမှ ကြို့ကုန်း ကွေ့ဘက်သို့ ကားကို ဦးတည်လိုက်ပြီးလျှင် အင်းလျားဘက်သို့ဖြတ်၍မောင်းနှင်၍ လာပေ၏။

အချိန်ကာလမှာ ညနေစောင်း နေဝင်ရီးတရီ ဖြစ်ပေသဖြင့် မြင်းရထား၊ ရထားလုံးများနှင့် မြင်းလှည်းတို့သည် မရမ်းကုန်းဈေးနှင့် အင်းလျားဘက်၌ ရှုပ်ထွေးလျက်ရှိပေ၏၊



ထိုစဉ် ရှေ့တူရူရှိ မြင်းရထားလုံးစိမ်းကြီးသည် ရှေ့မှ ကန့်လန့်ခံလျက်ရှိပေရာ ရုတ်တရက် ကျော်တက်၍မရပေသဖြင့် ကားဟွန်းပေး၍ လီဗာကိုဆောင့်၍နင်းလိုက်ပေ၏။ ထို့နောက် ဂီယာကို နံပါတ်နှစ်သို့ ပြောင်းကာ ရထားလုံးနှင့်ယှဉ်လျက် တက်လိုက်ပေသည်၊

ရထားလုံးသည် အနည်းငယ်ဘေးသို့ကပ်ပေးပေ၏။ ရထားလုံးသည် ဘေးကပ်သဖြင့် ကားကိုကျော်လိုက်ရာ ရထားလုံးပေါက်ဝမှ လှန်စွာလှပသော မိန်းမပျိုတစ်ဦး၏ မျက်နှာသည် ရုတ်တရက်ပေါ်လာပြီးလျှင် အားရရွှင်လန်းသော အမူအရာနှင့် ဦးဇင်ယော်အား လက်ပြပြီးလျှင် ထိုအမျိုးသမီး၏ နုနယ်သော လက်လေးထဲမှ ကားထဲသို့ တစ်စုံတစ်ခုကို ပစ်သွင်းလိုက်ပေ၏။

ကားသည် အရှိန်ဖြင့်သွားနေစဉ်ဖြစ်သဖြင့် ဦးဇင်ယော်၏ စတီယာရင်ကိုထိမှန်ကာ ကားကူရှင်ပေါ်သို့ တင်လျက်ရှိပေ၏။ ဦးဇင်ယော်သည် ရထားလုံးကိုကျော်ပြီးသျှင် ထိုအရာကို ကူရှင်ပေါ်မှ ကောက်ယူလိုက်ရာ စာရွက်ခေါက်လေးဖြစ်၍ နေပေသည်၊

ဦးဇင်ယော်သည် ကားကို အင်းလျားသစ်ပင်ရိပ်အောက် တစ်ခုတွင် ထိုးရပ်လိုက်ကာ စာရွက်ခေါက်လေးကို ဖြန့်ကြည့်လိုက်ရာ....

စုံထောက်ကြီး....

အေးအေးလေးနေပါ၊ တရက်လုံးစိ အရှုပ်

အရှင်းတွေ ဝင်၍မပါပါနှင့်၊ သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



နလဘက်ကူးပြီး အလွမ်းရတုဓရးတုန်း တရုတ် လုံစိ တစ်စခန်းထပြီး အရှူးလက်ထဲသို့ သေနတ် ထည့်လိုက်တယ်၊ ဒလ-ရွှေစာရံက အဖြစ်က လည်း မမေ့နိုင်သေးပါ။

ရှင်လျက် မသေချင်လျှင် ဘဝင်အေးအောင် ကြိုးစားပါ၊ ဘုရားဥပုသ်နပ်တိုက်ဖောက်သူတွေ ပါ ဘီလူးလက်နဲ့ တွေ့စမြဲပဲ၊ ထို့အတူပါပဲ ဆိုတာ စဉ်းစားပါ။

တရုတ်လုံစိရှင်းလင်းရေးအ
ကြောင်နက်ရှင်သူဇ
မြေအောက်လျှို့ဝှက်ဂိုဏ်း

ဟူ၍ ဖြစ်လေ၏။

စုံထောက်ကြီး ဦးဇင်ယော်သည် စာရွက်လိပ်ကလေးအား ကပျာကယာလိပ်၍ ကားကိုဂီယာထိုးပြီးလျှင် ရထားလုံးစိမ်း ကြီးနောက် လိုက်လေသည်။ ရထားလုံးစိမ်းကြီးသည် ခပ်မှန်မှန် ဖြင့် အင်းလျားလမ်းတစ်လျှောက်မှ ကုက္ကိုင်းဘက်သို့ ချိုးကွေ့ လျက် ရှိပေ၏။ ဦးဇင်ယော်သည် ၎င်း၏ ဘေးဘယ်ဘက်အိတ်ထဲ သေနတ်ကိုစမ်းရင်း ရထားလုံးကြီးအား မီစေရန် တစ်နာရီလျှင် သုံးဆယ်နှုန်းခန့်ရှိသော ကားအမြန်နှုန်းကိုတင်၍ စတီယာရင်ကို သတိဖြင့်ကိုင်ကာ အမီလိုက်လျက် ရှိပေသည်။

ကုက္ကိုင်းဘက်ချိုးသော ချင်းချောင်းရိပ်သာဘက်၌ ရထား လုံးကြီးသည် ရပ်လိုက်လေသည်၊ ရထားလုံးပေါ်မှ ရထား ထိန်းသည် ကျာပွတ်တံကိုကိုင်ကာ အိတ်ထဲမှစီးကရက်တစ်လိပ်



ကို ထုတ်ကာ မီးညှိဖွာရှိုက်နေလေသည်။ ဦးဇင်ယော်သည် ရထားလုံးကြီးနှင့် ဘေးဘက်ရွှေတည့်တည့်ကို သူ၏အော်စတင် ကားနက်ကလေးကို ထိုးရပ်လိုက်ပြီးလျှင် သူ၏ ညာဘက်အိတ်မှ ဒန်ရှောင်ခြောက်လုံးပြူးသေနတ်ကို ထုတ်ပြီးလျှင် ကားပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် ရထားလုံးကြီးနားသို့ ကပ်သွားပြီးလျှင် ရထားလုံးတံခါးကို ဆောင့်၍ဆွဲဖွင့်လိုက်ပေသည်။

'ဆရာကြီး ဘာရှားလဲ့ ကျွန်တော့ကို ပြောပါ'

ရထားထိန်း ကုလားသည် ဦးဇင်ယော်အား ပြောဆိုပြီး လျှင် မီးခြစ်ဆံစကို အောက်သို့ပစ်ချလိုက်၏။ ရထားလုံးတွင် ဘာမှမရှိဘဲ ဗလာသက်သက်ပင် ဖြစ်သည်။

'ကျွန်တော့ လူးမရသေးဘူး အားရားကြီး၊ လိုက်မလိုလား၊ ဗဟန်းကို ငါးကျပ်ကျမယ်'

ကုလားသည် စိတ်မွန်ထူလျက်ရှိလေသော စုံထောက်ကြီး အား မေးခွန်းတွေထုတ်၍ စကားတွေ ပြောဆိုနေပေသဖြင့် စုံထောက်ကြီးသည် သေနတ်ကိုပြ၍ ကုလားအား အောက်သို့ ဆင်းခိုင်းလိုက်သည်။

'ဒီအထဲက ကောင်မလေး ဘယ်ရောက်သွားသလဲ'

ရထားထိန်း ကုလားသည် သေနတ်ကိုမြင်လျှင် လန့်ဖျပ်၍ သွားကာ....

'အားရှိုးရှိုး....ကျွန်တော့မှာ ဘာအပြစ်ရှိလို့လဲ'

ဟူ၍ ပြောလေရာ စုံထောက်ကြီးသည် ကုလားအား ဇက်ပိုး တစ်ချက်အုပ်လိုက်ပြီးလျှင်....

www.burmeseclassic.com

www.burmeseclassic.com



'မေးတာ ပြော၊ စကားရှည်မနေနဲ့၊ ကောင်မလေး ဘယ်ရောက်သွားလဲ' ဟူ၍ မေးပြန်ရာ ကုလား ရထားထိန်းသည်....

'ချွန်နေ့ာ်....လူးမရသေးဘူး ဆရာ၊ အခုမှ လူးရှာနေတယ်၊ ချွန်တော့ အုံနာဆီက အခုမှယူလာတာ' ဟူ၍ ဖြေလေ၏။

စုံထောက်ကြီး ဦးဇင်ယော်သည် စိတ်မရှည်တော့ဘဲ ရထားထိန်း ကုလားအား ဇက်ပိုးကို သုံးလေးချက်မျှ အုပ်ထည့်ပြီးလျှင် ကားပေါ်တက်ကာ ကားကို ဆောင့်အောင့်၍ မောင်းထွက်လိုက်လေ၏။

ကုလားသည် 'အားရိုးရိုး....အားရိုးရိုး' ဟူ၍ အော်ရင်း ကျန်ရစ်ခဲ့ပေတော့၏။

( ၁၇ )

စနေည—၉း

စုံထောက်ကြီးဦးဇင်ယော်၏ကား အော်စတင်ကားလေးမှာ ဘောက်ထော်မှောရုံလမ်းရှိ အိမ်ဝိုင်းထဲသို့ ကွေ့ဝင်လိုက်ပြီးလျှင် ကားကို ကားဂိုဒေါင်ထဲသို့ တစ်ရှိန်ထိုး မောင်းသွင်းလိုက်ပေသည်။ ထို့နောက် ကားဂိုဒေါင်သော့ကို ယူပြီးလျှင် အိမ်အုတ်လှေကားကို တက်လိုက်ပေသည်။

အိမ်၏မျက်နှာစာဘက်သို့ မျက်နှာမူကာ ဦးဇင်ယော်၏ ရှေးဟောင်းကုလားထိုင်ကြီး၌ အခန့်သား ထိုင်လျက်ရှိသော ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရလျှင် ဦးဇင်ယော်သည် တင်းခနဲ သတ်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်လေရာ ပုဂ္ဂိုလ်ကြီးက....

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုတွေဖြစ်လာကြတာတုန်း ဦးဇင်ယော်ရဲ့'

ဟူ၍ ဝိဒါရစကား ခွန်းဆိုလိုက်ပေ၏။

'လူသူတော်ကြီးကတော့ ဒီမှာ စမတ်ကျနေတာပဲဗျာ၊ ကျုပ်ဖြင့် ဖတ်ဖတ်မောပြီး အူချာလည်နေတော့တယ်ဗျို့'

'ဆိုပါဦး၊ အနို့....ကရင်ကြီး ပြောတော့ စီအိုင်ဒီဘက် အစည်းအဝေးသွားတယ်ဆို'

'ဟုတ်တယ်လေဗျာ၊ အဲဒါ...အဲ့ဒီ စီအိုင်ဒီထဲမှာပဲ၊ တရုတ် ဝက္ကဝလလုံစိကို ကျုပ်တို့က စုံထောက်လုံစိဆိုပြီး စက္ကူလကို စုံထောက်ခန့်လိုက်ရတယ်'

'အကြောင်းခြင်းရာလေးကကောဗျာ'

စုံထောက်ကြီးဦးဇင်ယော်သည် အင်းစိန် စီအိုင်ဒီ ထဲ၌ ဖြစ်ပျက်သမျှကို အကျဉ်းရုံး၍ ပြောပြလိုက်ပြီးနောက်....

'လူသူတော်ကြီးကလဲ လိုက်ခဲ့တာ မဟုတ်ဘူးဗျာ၊ နို့ပြီး ခင်းကြီးကလဲ လူသူတော်ကြီးကို တွေ့ချင်နေတယ်' ဟူ၍ ပြောလေ၏။

'ဟုတ်တော့လဲ ဟုတ်တယ်လေဗျာ၊ နို့ပေမယ့် ကျုပ် ကလဲ အစိုးရ လခစား စုံထောက်တစ်ယောက် မဟုတ်တော့ အချိန်တန် သူတို့ဆီ အစီရင်ခံတဲ့ လုပ်ငန်းမျိုးကိုစက်ဆုပ်တယ် ဗျာ၊ ကျုပ်ကတော့ စေတနာ့ဝန်ထမ်း ဥပသကာအလုပ်မျိုး ပဲ သဘောကျတာမျိုးလေဗျာ'

'နို့ပေနဲ့....ဓာဝနိုယူထားတဲ့ လုပ်ငန်းကြီးတစ်ရပ်မဟုတ် လားဗျာ၊ အခု စက္ကူလ လုံစိဏ စုံထောက် လုံစိလုပ်ပြီး



ကြောင်နက်ရှင်မကို ဖမ်းပေးမလို့ အားခဘန္တေ ခံသွားတော့ ကျုပ်တို့ သိက္ခာမကျဘူးလားဗျ'

'ကိစ္စပြီးစီး အောင်မြင်ပြီးတာသာ လိုရင်းပဗျာ၊ အခိုက် လည့် မသင့်သေးရင် ကိုယ့်စွမ်းအင်ဟာ မပေါ်သေးဘူး ဘုရားလောင်း ဇနက္ကမင်းသား ပြောသလို မကြံဘဲနဲ့လဲ ဖြစ်တတ်တယ်၊ ကြံစည်လျက်လဲ ပျက်တတ်တယ် ဆိုတာမျိုး သိက္ခာတို့၊ ဂုဏ်တို့၊ ဒြပ်တို့ ဆိုတာလဲ ကိုင်တွယ်လို့ရတဲ့ ပည်းတွေမှ မဟုတ်တာပဲ၊ အကောင်းဆုံးကတော့အကြောင်း ပေါ်မှာ မှန်ကန်သော နှလုံးသွင်းခြင်းဟာ အရေးကြီးဆုံး ဟုတ်လားဗျ'

'ဘာလဲဗျ....အနိစ္စတရားလို့ ဆိုချင်သေးလို့လား၊ အနိစ္စ တရား မရောက်သေးခင် နိစ္စတရားဟာလဲ အရေးကြီးတယ်လို့ ကျုပ်တော့ ဆိုချင်သေးသဗျို့....လူသူတော်ကြီးရဲ့'

'ဒါက လောကီသမ္မာဇဉ် မကုန်သေးတဲ့ လောကီညာဉ် ဝင်စုံပါပဲ ဦးဇင်ယော်၊ လောကုတ္တရာ၊ စေတုကာသတိသမ္မာ ဂကတော့ အားလုံးဟာ အနိစ္စချည်းပဲဗျ'

'အရေးထဲ တရားဟောခနေပြန်ပါပြီဗျာ'

'ဟဲ....ဟဲ....ဟဲ...စုံထောက်ကြီးကလဲ တရားဆိုတာ လက် တွေ့ တတွက်အတွင်းတိုင်းမှာ အရေးကြီးတာကိုးဗျ'

'ဟုတ်ပါတယ်....ဟုတ်ပါတယ် လူသူတော်ကြီး၊ နို့ပေ မဲ့ ကျုပ်ကတော့ ကျုပ်တို့ ကိုယ်တိုင် ကြောင်နက်ရှင်မ ကြီးကို အချုပ်ခန်းထဲထည့်ပြီးမှပဲ တရားရိပ်သာ တစ်ခု ချင်တယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟား....ဟား....ဟား....စုံထောက်ကြီးကလဲ စုံထောက် မာန်တွေ တယ်ဝင်တာကိုးဗျ၊ လူဟာ မာန်ဝင်လာရင် အ မထင် တရားမမြင်ဘူးဗျ၊ တရားဆိုတာဟာမှာ အကြောင် တရား၊ သဘောတရား၊ နိယာမတရား၊ ယထာဘူတတရား သတိသမ္ပဇဉ်တရား၊ မေတ္တာတရား၊ သစ္စာတရားဆိုတဲ့ တရား တွေမှာ အရာမထင်တော့ဘူးဗျ၊ ဒါကြောင့် စိတ်နည်းနည် လျော့ပြီး အာနာပါနလေး ရှုလိုက်ဦးဗျာ'

ထိုစဉ် ဦးဇင်ယော်တပည့်လေးသည် ဘက်လား နွားနို့ နှစ်ခွက်ကို ယူဆောင်၍လာပေ၏။ ထိုနွားနို့ခွက်များမှာအငွေ့ တထောင်းထောင်းထလျက် ရှိပေ၏။

စုံထောက်ကြီးသည် အဆုတ်တွင်းသို့ လေကို တအားရှိုက် သွင်းလိုက်ပြီးလျှင် ဘက်လား နွားနို့ခွက်ကို လှမ်းယူက တရှူးရှူးနှင့် ငုံ့သောက်လိုက်၏။ ထို့နောက်....

'အင်း....အခုမှပဲ စိတ်နည်းနည်း ငြိမ်သွားတယ်ဗျာ'

ဦးဇင်ယော်တို့အိမ်၌ ခေတ္တတည်းခိုနေထိုင်လျက် ရှိသေ ကရင်ကြီးဘိုးစံသည် အတွင်းခန်းမှ ထ၍လာကာ....

'ဝေ....ဆရာကြီး....ကရင်ကြီးတို့ ကြောင်နက် ဘယ်တော ဖမ်းရမလဲဝေ၊ ကြောင်နက်မဖမ်းရလဲ ရွာပြန်ပြီး တောမျော လိုက်ထော့မယ်ဝေ၊ ဒီကြောင်နက်မကို မမိသေးရင် က ကြီးလဲ ရွာမြန်မြန်ပြန်မှ ကောင်းမယ်ဝေ၊ အိမ်က ကဲ့ရ ကြီးလဲ လွမ်းရော့မယ် ထင်တယ်'



လူသူတော် သျှောင်တစောင်းသည် ကရင်ကြီး စကား ကြားလျှင် ပြုံးလိုက်လေ၏။ ထို့နောက် သူ၏ ရှမ်းတိုက်ပုံ အင်္ကျီအိတ်ထဲမှ ရွှေနှံ့သာရောင် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိဖွာရှိုက်လိုက်ပေ၏။

ဦးဇင်ယော်သည် ဘက်လား နွားနို့ခွက်ကို အကုန်မော့ချ လိုက်ပြီးလျှင် သူ၏ အိတ်ကပ်အတွင်းမှ ကပ္ပတန် ဆေးတံ သောက်ဆေးကို ထုတ်၍ ဆေးတစ်ဆုံ ဖြည့်လိုက်ပေ၏။

'လူသူတော်ကြီးက ကြောင်နက်ရှင်မလေးကို သနားပြီး မဖမ်းလိုတော့ဘူး ထင်တယ်ဗျ၊ တစ်သက်မမေ့နိုင်ဘူး ထင် တယ်'

'မဟုတ်ဘူးဗျို့၊ ကြောင်နက်ရှင်မက အကွေ့ အလိမ် အကောက် အပြင် သင်းတို့အဖွဲ့က လျှို့ဝှက်ဂမ္ဘီရပညာသက် တချို့နဲ့လဲ တည်ဆောက်ထားတော့ စုံထောက် ဦးဗျည်းလို အစုန်ဆင်း၍ ရှည်လျားစွာ စောင့်ဆိုင်း သုံးသပ်ခြင်းခေါ်တဲ့ တိသအရ ယောမနည်း စက်ဝိုင်းသဏ္ဌာန် ပုံစံ လှည့်ပတ်၍ စုံထောက်ခြင်းခေါ်တဲ့ မနီသက္ကပူညာဏ်နည်း၊ အာဏာဖြင့် ထွင်းဖောက်စုံထောက်ခြင်းခေါ်တဲ့ ရာဇဒေါသုန္ဒနည်း၊ မသိ မသာ ကွယ်ဝှက် စုံစမ်းခြင်းဆိုတဲ့ မင်္ဂလစီတာစိန္တာနည်းပါ ထည့်ပြီး ကျင့်သုံးလိုက်ရလို့ ဆရာရသေ့ကြီးက မကျေမနပ် ဖြစ်ပုံရတယ်ဗျို့၊ ဒါကြောင့် ကျုပ်က အတန့်တန် စဉ်းစားပြီး အတန်တန် အကွယ်အကာပြုနေရတာပဲ'

'အင်း... ဒါကြောင့် စက္ကူသလုံစိက တစ်ကွက်ရှေ့သွား ပြီ ထင်တယ် လူသူတော်ကြီး၊ ဒါပေမယ့် ဗိုလ်ရုတ်ကြီးက

www.burmeseclassic.com



အတော် တော်တဲ့ တရုတ်ကြီးပဲဗျို့....လူသူတော်ကြီးရဲ့ သူ့ ပညာကလဲ အတော်အံ့မခန်းတဲ၊ ဘဲဖွဲလောက်တယ်လို့ ဆိုနိုင် တယ်ဗျ၊ အဲဒီအချိန်က ကျုပ် လူသူတော်ကြီးကို သိပ် သတိရ တယ်'

'ဂမ္ဘီရ ပညာပါပဲ စုံထောက်ကြီး၊ တရုတ် လုံစိဟာ တိဗက်က ယောဂီကြီးတစ်ယောက်ပဲ၊ တောထဲမှာ သင်လာ တဲ့ ပညာရပ်တွေပါပဲ'

'ဆိုပါဦးဗျ၊ ကျုပ်က ဒီအကြောင်း ဗဟုသုတ သိပ်ပြည့်စုံတာ မဟုတ်ဘူးလေဗျာ၊ ကျုပ်က သေနတ်ပဲ ပစ်တာ မင့်ပဲ၊ ဓားပစ် လေ့ကျင့်ထားတာတောင် မကြာလှသေးဘူး'

ကရင်ကြီးသည် ဦးဇင်ယော်နှင့် လူသူတော် သျှောင် တစောင်းတို့ စားပွဲအနီး၌ထိုင်ကာ နားစိုက်ထောင်လျက်ရှိပေ သည်။

ကရင်မုဆိုး သုံးယောက်သည် ကြွေပစ် ကစားလျက်ရှိပေ သည်။

'ဓိလိုလေဗျာ....ဂမ္ဘီရ ပညာဆိုတာ အင်္ဂါရသ အထူးထူး သော အတတ်မျိုးကို ဖွင့်ဆိုခြင်းလို့ ဆိုတယ်ဗျာ....

အထူးထူးသော အတတ်ကြီး တစ်ဆယ့်ရှစ်ရပ်
အတတ်ငယ် ခြောက်ဆယ့်လေး၊ အထက်နဝင်း
ပညာရှစ်၊ အလယ်နဝင်းပညာ သုံးဆယ့်ငါး၊
အောက်နဝင်းပညာ ခြောက်ဆယ့်လေး....



လို့ ဆိုတယ်ဗျ၊ အတတ်ပညာ တက်စဉ် တစ်ပါးပါးစီရှိတဲ့ အနက် အတတ်ပညာတိုင်း၌ ကမ်းခတ် ပြီးဆုံးအောင် တတ် မြောက်သူဟာ ဂမ္ဘီရပညာရှင်ပါပဲဗျ'

'ကျယ်ဝန်းလှချည်လား ဗျို့'

'အင်း....ကျယ်ဝန်းဆို နောက်ဆုံး ရှင်ပျံ ရသေ့ပညာလို့ ဆိုတာ ရှင့်ပဲဟာ၊ လုံစိ ပြသွားတာဟာ နိဒါန်း အစသာအောက် လောက်ပါပဲ၊ အောက်နဝင်း ခြောက်ဆယ့်လေး ပညာရှင်ပဲ ဖြစ်နိုင်ပါတယ်'

'ကျုပ်တောင် လိုက်စားချင်လာတယ်ဗျာ'

'လိုက်စားချင်ရင် ပညာဝင်၊ ပညာသင်ရတယ်ဗျ....

အောက်နဝင်း၊ ကိတ်နစင်း၊ တြင်းကိုးချ
ကွန်ချာရအောင် သမထ.... အထပ်ထပ်တိုင်
ဗုတ်းကို ကိုင်၊ စလွယ်သိုင်းပြီး၊ ကသိုဏ်း ဝင်၊
ဂြိုဟ်ဟိတ်ခြေ၊ ဇနေကိုခြုံ ပဓါပြုပြီး၊ ဆောင်
ဓားချင်၊ ဗိုလ်ခြေထု၊ အာကာသေါ်ပြီး၊ လိပ်
ဆင်းသေ၊ ရေစင်သောက်ပြီး ဥပုသ်စင်ရင်....
ပညာခွင်... ပွဲရလို့ မလွဲမှုချ ဂမ္ဘီရ....
ရမယ်လို့ ဆိုတယ်ဗျ....'

'ရှုပ်ထွေးကုန်ပြီဗျို့၊ နားလည်ခက်တဲ့ ပညာတွေပါလား ဗျ....'

'နားလည်ခက်မှုပဲ ပညာထက်တာကိုးဗျ၊ ပညာ ဆ ရာ ဆရာတစ်ဆူ ငါမှုလိုလျှင် ပွဲဝင်၍ကျင်းပ၊ အရာကျမှီပိုလျှင်လဲ ပညာဆင်ရောဗျို့'

www.burmeseclassic.com

www.burmeseclassic.com



'သိပ် နားမလည်နိုင်ဘူးဗျို့၊ ကျုပ်တို့က ဒီလိုပညာတွေမှာတော့ နောဖစ်တွေပဲ'
'ဒီလိုလေဗျာ ဒီ ဂမ္ဘီရပညာ ဆိုတာက ရှုတ်တရက် သဘောမပေါက်တန်ရာဘူးဗျ'

'ဘယ်လို ထူးခြားလဲဗျ'

'ဒီလိုဗျ.... စိတ်ဖြင့် ထင်မြင်နိုင်အောင် ရှုခြင်း' ဆိုတဲ့ သဘောတရားပဲ၊ တိုတိုနဲ့ နားလည်လွယ်အောင် ပြောရမယ် ဆိုရင်တော့ သမထပေါက်အောင် ကျင့်ခြင်းပေါ့'

'သမထပေါက်တယ်ဆိုတာ ဘယ်လိုဟာလဲဗျ'

'မည်သည့်အရာကိုစူမဆို မနောဒွါရကိုးလွှာမှာ ထင်မြင်သိကျွမ်း သဘောပေါက်လာခြင်းကို သမထ ပေါက်တယ်လို့ ခေါ်တာပဗျာ၊ ဒါပေမယ့် ယောဂီ တော်တော်များများနဲ့ ဒီ ဂမ္ဘီရပညာလိုက်စားသူမှာ ပေါက်သ တော်တော်နည်းပါတယ်၊ အချုပ်ပြောရမှင်တော့ စိတ်မှုန်ပြောင်း ရခြင်း တစ်မျိုးပါပဲ'

'အင်း....စိတ်ဝင်စားစရာပဲဗျ'
'စိတ်ဝင်စားစရာပေါ့ဗျာ၊ ဒီကိစ္စအရာအတွက် ကျုပ်တို့ ရှင်တော်ဂေါတမ မြတ်စွာဘုရားက ကမ္မဋ္ဌာန်း လေးဆယ် ထားခဲ့တာဗျ'
'တိတိကျကျလေး ပြောပြစမ်းပါဦးဗျာ'



"ဒီလိုလေဗျာ....မြတ်စွာဘုရားဟာ

အတုလံ၊ အတုမရှိ၊ တန်ခိုးတော် အနန္တ၊ ပညာတော်အနန္တ၊ အားတော်အနန္တနှင့် ဆရာမကူ သယမ္ဘူဉာဏ်နှင့် နောက်ဆုံး ဒီလောကကြီးဟာ ဝဋ်ဒုက္ခကြီးပါလား.... သတ္တဝါတွေဟာ ဖြစ်ပျက် ပြုပြင် ပြောင်းလဲခြင်း ခေါ်တဲ့ သင်္ခါရတရားကြီးမှာ ဝဲလှည့်နေရတာ ဒုက္ခကြီးပါလား....

ဆိုပြီး သိမြင် သဘောပေါက်ခဲ့တာဟာလဲ ဒီ ကမ္မဋ္ဌာန်းကြောင့် မဲပေါ့ ဗျ ...သဗ္ဗညုတ ရွှေဉာဏ်တော်မှ ကုန်စင်ပြီး

မသိတာ၊ မဟုတ်တာ မရှိ၊ အလိုကို သိမြင်တော် မူပေတယ်....

လို့ ဆိုထားတယ် မဟုတ်လား....'

'အင်း....ဟုတ်ပါတယ်ဗျာ....ဆိုပါဦး'

'အဲဒါ ကမ္မဋ္ဌာန်းကို ပိုင်နိုင်အောင် ကျင့်မြောက်ခဲ့ပြီးလို့ သိမြင်တဲ့ အရာပဲဗျ၊ မြတ်စွာဘုရားကတော့ အတုလ၊ အတုမရှိတဲ့ ပါရမီရှင်ကြီးမို့ သူ့ရဲ့အရာကတော့ ပု၊ ဒီ၊ အာ ဖြစ်တော်မူတယ်ဗျ၊ ဒါကို တော်တော်များများ ဗုဒ္ဓဘာသာတွေ သဘောပေါက်ကြပါတယ်၊ အင်း အဲဒီလို မြတ်စွာဘုရားဟာကြွားခဲ့တဲ့ ကမ္မဋ္ဌာန်းလေးဆယ်ကို ဘပည့်သာဝကအစဦး

www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ လိုက်ပါ ကြိုးစားပြီး အားထုတ် ပေါက်မြောက်တဲ့ အခါမှာတော့ဘုရားလောက်မမြင့်ပေမယ့်အရာထင်တဲ့သတ္တိထူး တွေရတယ်ဗျ၊ အဲဒါကို သမထပိုင်တယ်လို့ ခေါ်တယ်'

'နားထောင်လို့ အရသာတစ်မျိုးပဲဗျို့....ဆက်ပါဦး'

'အဲဒီလို သမထ အောင်လာတဲ့ အခါမှာ အဘိဥာဉ်ပညာ အသိပညာ အမျိုးမျိုးကိုလည်း တတ်မြောက် လာတယ်ဗျ ဥပမာဗျာ ဗောဓိဓမ္မ ခေါ်တဲ့ ဘုန်းတော်ကြီးဟာ သမထ အောင်လာတဲ့ အခါမှာ၊ ခန္ဓာကိုယ်ရဲ့အနေအထား လှုပ်ရှားမှု တွေနဲ့ တောထဲမှာဘုန်း တော်ကြီးတွေအတွက် ကိုက်လက်လှုပ် ရှား လေ့ကျင့်ခန်းတွေကို ပုရပိုက်မှာ ဖော်ကြူးခဲ့တယ်ဗျ အဲဒီ ကိုယ်လက် လှုပ်ရှားမှုဟာ ရှောင်လင်ဇူးလို့ ခေါ်တယ် တရုတ်ဘုန်းတော်ကြီးတွေ သင်ကြားရတယ်၊ အဲဒီ ပညာဟာ တရုတ်ကုံဖူးသိုင်းအတတ်ပဲ၊ အဲဒီတော့ ကုံဖူး သိုင်းရဲ့ဖခင်ကြီး ဟာ သမထယောဂီတရုတ်ဘုန်းတော်ကြီး မဟာဗောဓိဓမ္မပဲ၊ အဲဒီ ပုဂ္ဂိုလ်ကြီးဟာ သမထထိုင်နေစဉ်မှာ ဗုဒ္ဓက်ဆိတ်တွေနဲ့ အော်သံကိုတောင် ကြားရတယ်လို့ အဆိုရှိခဲ့တယ်'

(ယခုအခါတွင် ကုံဖူး (Kung Fu) ခေါ် ပညာမှာ ကမ္ဘာကျော် ကိုယ်ခံ ပညာရပ်ကြီး ဖြစ်လျက် ရှိပေသည်)

'အင်း....နည်းနည်း သဘောပေါက်လာပြီဗျို့'



'ဦးဇင်ယော်ပြောတဲ့ တရုတ်လုံစိ ပြသွားပြီး၊ စီအိုင်ဒီက မင်းကြီးတွေ သဘောကျသွားတဲ့ အပ်နဲ့ပစ်ကာတို့၊လောက်စာ လုံးနဲ့ ပစ်တာတို့ဟာ ကုံဖူး ပညာရဲ့ အငွေ့အသက်ပဲ၊ နို့ပေ မယ့် ဒီပညာဟာဂမ္ဘီရ ပညာရဲ့အခက်ကလေး တစ်ပုဒ်ပဲဗျာ၊ နောက်ပြီး သမထထိုင်ခြင်း၊ တရားကျင့်ခြင်းနဲ့ တရားကျင့်တဲ့ နေရာမှာလဲ ပေါက်မြောက်အောင် မကျင့်နိုင်တဲ့လူတွေက ဒီလို သမထရဲ့ အကျိုးဆက်နောက်တွဲ ဂမ္ဘီရ ပညာတွေကိုအရမ်း ကာရော ရုတ်တမ်းတွေ၊ ဒဏ္ဍာရီတွေမှတ်နေကြတယ်၊ တကယ့် အရာတွေပဲဗျ၊ ဒါပေမယ့် ဒီအရာတွေကို ကျုပ်တို့ ရှင်တော် ဂေါတမ ပစ်ပယ်ထားတော်မူတယ်မျ၊ ဘာကြောင့်လဲဆိုတော့ ဒီအရာတွေဟာ အတ္တကိုလွန်ကဲစေတဲ့ ပညာတွေပဲဗျ'

'ဟုတ်တာပေါ့ဗျ၊ ပညာရပ်တိုင်းမှာ မာန်ရှိ နေတာပဲ ကိုးဗျ'

'ဒါကြောင့် သိ၍ ကျင့်နိုင်လျှင် ဂမ္ဘီရပညာ ရတာပါပဲဗျ၊ ကျင့်လျှင်လဲ သိနိုင်အောင် ကြိုးစား ကျင့်ဖို့ လိုပါတယ် ဗျ'

'ကျုပ်တော့ လူသူတော်ကြီးကို သဘောကျသွားပြီဗျို့.... သဘောတရားကော လက်တွေ့ကော ထင်ဟပ်နိုင်တဲ့အတွက် ချီးကျူးပဗျာ၊ ဒါကြောင့် စီအိုင်ဒီမှာ တရုတ်လုံစိ ပညာပြ တုန်းက ကျုပ် လူသူတော်ကြီးကို သတိရတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com

'နိဒါန်းလောက်ပဲ ရှိပါသေးတယ်ဗျာ၊ ကျုပ်ရဲ့ ရိုးမဆရာရသေ့ကြီးကို ဖူးတွေ့ရလျှင် ဦးဇင်ယော်တစ်ယောက် ဝတ်ကြောင်တောင် စွန့်လိမ့်မယ် ထင်တယ်ဗျ'

'ကျင့်နည်းလေး စွန့်ခဲ့ပါလားဗျာ'

'ဟား ဟား ဟား၊ ကျုပ်ကတော့ ဆရာရသေ့ဆီမှာ သုံးနှစ် သုံး မိုး ကျင့်ခဲ့ရတာဗျ၊ လွယ်လွယ်တော့ ဘယ်ရမလဲ၊ ကွမ်းတစ်ယာ ရေတစ်မှုတ်သောက်ပြီး သစ္စာထမ်း၊ ခေါ်စမ်း ကျင့်ခဲ့ရတာဗျ'

'အမြည်းသဘော နည်းနည်းပေါ့ဗျာ'

'ဟား ဟား ဟား၊ ပထမ ကျင့်စဉ်တော့ ကျုပ်မိတ်ဆွေကြီး ဦးသိမ်းမောင်ကို ကျုပ် ကဿဖ တောထဲကနေ ပေးလိုက်တယ်ဗျာ၊ ဒုတိယ ကျင့်စဉ်ပိုင်းတော့ ကြောင်နက်ရှင်သူဇာကို ကျုပ်ရဲ့ ပလိုင်းထဲထည့်ပြီးမှပဲ ပေးတော့မယ်ဗျာ....'

(ပထမကျင့်စဉ် ဖြစ်သော အရဟံ ဂါယနသိဒ္ဓိသနကျင့်စဉ်ကို ကျွန်ုပ်ရေးသောလူသူတော်သျှောင်တစောင်း ဝတ္ထုတွင် ပါပြီး ဖြစ်ပေသည်။ စာရေးသူ)

'တရုတ်လုံစိက အာမဘာနွေခံပြီးသားဗျ၊ စုံထောက်ကြီးကို ဘုံစိက ကိုယ်တိုင်ခေါ်ပြီး အဲဒီ (.......) နေရာမှာ ချိန်းထားတယ်ဗျ၊ မင်းကြီးကလဲ ကျုပ်လို အဲဒီ (.......) မှာ တပ်ဖွဲ့



အားလုံးနဲ့ စောင့်နေတယ်၊ လုံစိရဲ့သတင်းက အတော်တိကျတယ်ဗျ'

'ဒါဖြင့်လဲ ကျုပ်နဲ့ ဦးဇင်ယော်လဲ အဲဒီ ( )နေရာကို သွားကြမယ်ဗျာ....ချိန်းထားတာ ဘယ်နေ့လဲဗျ'

'မနက်ဖြန်ည ၉ နာရီဗျ'

'မနက်ဖြန် ဘာနေ့လဲဗျ'

'စနေနေ့လေဗျာ....လူသူတော်ကြီးကလဲ'

'ဟဲ....ဟဲ....ဟဲ....မေ့တတ်လိုပါဗျို့၊ စနေည ၉ နာရီဆိုတော့ စနေနဂါး ပွန်သွားပွန်ထွက်၊ လက်ဦးမသိမ်း၊ အငွေ့မတက်၊ စိတ်မာန်ခက်ရျ၊ အိပ်ခန်း၊ ပုလင်း အင်္ဂါပြတ်၏၊ ငှဲမာန်ရှိ၍ နက္ခတ်အလို၊ တြိကင်းထိုရ်မှ....လိုရာဖယ်ရ....အောင်၏တည်းတဲ့၊ တြိကင်း....ထိုရ်....ရမယ် ဆိုတော့ အချိန်က ကိုးမောင်း....ပဲခူးခေါင်းက ထိုတည်င်မှာ ကပိုကရို မြင်ရကိန်းဆိုတယ်၊

'တြိဘင်္ဂသြစဇ....ဆန်း၏ အလိုအရ ပြောရရင် တော့ ရင်လှိုက်သည်းဖို ကြုံတွေ့ပြီး ဗယောက်ဗယက်တွေနဲ့ ကြုံရမယ့်ကိန်းပဲဗျို့၊ စိတ်ဝင်စားစရာ ကောင်းလှတယ်ဗျ။

'နက္ခတ် ချိန်လိုက်တော့လဲ ထပ်သွား နက္ခတ်ဗျ၊ ဒီတော့ ထီးနိုင်မှ ထိမယ့်သဘော ရှိတယ်ဗျ'

www.burmeseclassic.com

'လုံစိန့် သျှောင်တစောင်း မညာပွိုင့်ပွဲကြီးများ ဖြစ်... မလားဗျ'

'ကြောင်နက်ရှင် သူဇာမှလဲ လျှော့မတွက်နဲ့လေဗျာ... ပျူမင်းသက္ကရာဇ်ချ ငွေသားပုရပိုက်အရ လှုပ်ရှားနေတဲ့ ဗေဒ... အကျော် ကွန်းကရားနဲ့ ပျူမင်းလက်ရဲ့သတ်ပညာတွေက... အခန့်သား အထည်သားဗျာ'

'ကျုပ်တော့ သေနတ် ထုတ်စရာ လိုပါမလား မသိဘူး ဗျာ'

'စုံထောက် ပညာဟာ ဂမ္ဘီရ ပညာသည်တွေကြားမှာ မပေါ်ပါလားဗျာ'

'စုံစမ်း ထောက်လှမ်းခြင်း ဆိုတာ နိရောသသေဗျူဂ္ဂဗျ... စုံထောက်ဉာဏ် ဆိုတာလဲ နိရောသသေဗျူဂ္ဂဉာဏ်ပဲဗျ၊ ရှေး... ဂမ္ဘီရ ပညာရှင်ကြီးတွေရဲ့ အတတ်မှာ နိရောသသေဗျူဂ္ဂ ... သော အကြောင်းကိစ္စ၏ ဆက်နွယ်ယှက်လိမ်မှုကို ဖြို့ခွဲခြင်း အတတ်ဟူ၍ ပါပါတယ်ဗျာ၊ ဒါကြောင့် 'အသင့်' ရှိခြင်း ဟာ 'အဆင့်' ရှိခြင်းပဲပေါ့ ဦးဇင်ယော်....မဟုတ်ဘူးလား ဗျာ'

'အင်း....ကျုပ်တော့ လူသူတော် သျှောင်တစောင်းဟာ ဆာဘွဲ့နဲ့ ထိုက်တန်တဲ့သူ တစ်ယောက်ဆိုတာ ပိုပြီး သဘော ပေါက်တယ်'



'ဘာကြောင့်တုံးဗျ'

'ဗြိတိသျှ လူမျိုးတွေက သူတို့လူမျိုးတွေကိုသာ ပေးတဲ့ ဘွဲ့ထူးကြီး၊ ကျုပ်တို့ လူမျိုးထဲက ရတယ်ဆိုတော့ ကျုပ်တို့ မြန်မာ့ ပညာ အလေးအနက် ရှိလှတယ်ဆိုတဲ့ သဘောပေါ့ ဗျာ၊ ဒါကြောင့် အခုပွဲလဲ လူသူတော်ကြီးရဲ့ပွဲပဲ ဖြစ်စေချင် တယ်ဗျာ၊ လုံစိ တစ်မှု ကျော သွား တာ မျိုး မလိုလားဘူး ဗျာ'

'တစ်မတ်ကြေးတမ်း လောင်းမယ်လေဗျာ.... ကရင်ကြီး ဘိုးစံက ဒိုင်လုပ်ပေါ့'

ကရင်ကြီးသည် ဦးခေါင်းညိတ်လိုက်သည်။

'လူသူတော်ကြီးဘက်ကလား....သျှောင်တစောင်း ဘက်က လား'

'ဒီကိစ္စက [လူသူတော်၊ သျှောင်တစောင်း] ဆိုမှ ဖြစ်မှာ ဗျ'

'မရှင်းလှဘူးဗျာ....'

'စုံထောက်ကြီးနဲ့ ဒီတစ်ကြိမ်မှ ကျုပ်က ပေါင်းရတာ ကိုးဗျ၊ ကျုပ်အကြောင်း ဘယ်သိဦးမလဲ'

'လူသူတော်က အကျင့်လေဗျာ....သျှောင်တစောင်း ဆို တာက ပညာဗျ၊ ပင်တိုင်ဗိုလ်ကတော့ ဘာဂျမ်းပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

‘လျှို့ဝှက်ခြင်း၊ ထူးဆန်းခြင်း ပြည့်ဝပါပေ့ဗျာ

‘‘လျှို့ဝှက်’ မှလဲ ‘သိပ်သည်း’ တယ်ဗျ၊ ‘သိပ်သည်း’ မှလဲ ‘ပြည့်’ တယ်၊ ‘ပြည့်’ မှလဲ ‘ဝ’ တယ်၊ ‘ဝ’ မှလဲ အားလုံး ‘ပြီး’ တယ်ဗျ၊ အားလုံးခြုံလိုက်ရင်တော့ ‘ဝ’ တစ်လုံးပေါ့ဗျာ’

‘စကား မဆက်တော့ဘူးဗျာ.... စကား ဆက်သိုက်တိုင်း လူသူတော်ကြီးက ပညာတွေ ထွက်ထွက် လာနေတယ်၊ ကျုပ်တောင် လန့်လာပြီဗျို့’

‘မလန့်ပါနဲ့ဗျို့၊ ဝ ပညာဆန့်ပြီး အတောင်ဖြန့်ဖို့ပါပဲဗျ၊ ဟဲ့...ဟဲ...ဟဲ....၊ ကဲ....သွားပြီဗျို့ စုံထောက်ကြီး၊ စနေခန့်ည ၉ နာရီသာ မှတ်ထားဗျို့’

အချိန်မှာ ညဉ့်နက်လှပြီဖြစ်ရာ ဘောက်ဆော်ရှိ စုံထောက်ကြီး အိမ်ဝသို့ စတူဒီဘေကာ ကားကြီးက ထိုးရပ်လိုက်ပေ၏။

ရှမ်းတလုံစခေါင်းပေါင်းနှင့် ရှမ်းစော်ဘွားဝတ်စုံအပြည့် ဝတ်ဆင်ထားသော ထိုပုဂ္ဂိုလ်သည် စတူဒီဘေကာ ကားနက်ကြီး၏ နောက်ပိုင်းခုံပေါ်သို့ ဘက်သွား လေတော့သည်။

ထို့နောက်မှ စုံထောက်ကြီးသည် ‘ဟူး....’ ဟူ၍ သက်ပြင်း ရှည်လျားလျားကြီး တစ်ခုကို ချသည် ကရင်ကြီး တစ်သိုက် ကြားအောင်ပင် ချလိုက်ပေတော့၏။



မှတ်ချက်။ ။တလုံစခေါင်းပေါင်းဆိုသည်မှာ ခေါင်းပေါင်းစကို နောက်တွင် ထောင်၍ ခေါင်းပေါင်းပေါင်းထားခြင်းကို ဆိုပါသည်။ စာရေးသူ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

## ကျည်ရာများပေါက်ထွင်းသွားခြင်း

မဟော်ဂနီရောင် ဖိတ်ဖိတ်ထလျက်ရှိသော ကြက်ဥပုံစားပွဲကြီး၏ထိပ်တွင် လွန်စွာလှပသော မိန်းမပျိုလေးသည် ထိုင်လျက်ရှိပေ၏။ သူ၏ ကြက်မောက်ပန်းသဏ္ဍာန် ထုံးခွေမှနေ၍ ဆံမြိတ်စသည့် နားရွက်လယ်မှတစ်ဆင့် လည်သို့တိုင် စုဝေးကျလျက်ရှိပေသည်။

ဖြူဖွေးနူးညံ့သော အသားအရေပေါ်တွင် မိတ်ကပ်ဟူ၍ ခေါ်သော အလှပစ္စည်းစုကို အနည်းငယ်ပွတ်၍ ထားပေးခြင်းကြောင့် နုဂိုနီရဲသော ပန်းသွေးရောင် ပါးပြင်သည် အနည်းငယ်ပို၍ နီရဲလျက် ရှိပေ၏။ အရည်လဲ့လျက်ရှိသော မျက်လုံး



တွင် တောက်ပြောင်ရှည်လျားသော မျက်တောင်ကော့ကြီးများသည် ပို၍ အရည်လဲ့လျက် ရှိသည်။ စေ့စပ်တင်းကျပ်သော နှုတ်ခမ်းအစုံသည် အထဲ၌ရှိသော ပုလဲသွယ်သွား၏ ဖိကျပ်တင်းကျပ်စွာ ရှိပေခြင်းကြောင့် ပို၍ ပါး ချပ် သွား သည်ဟု ထင်ရလေသည်။ ဇာပဝါပါးကို ရှေးသင်တိုင်းအင်္ကျီပုံ လက်ရှည်းဝတ်ထား၍ လက်ထိပ်တွင် ပန်းပွင့်သဏ္ဍာန် ဖော်ဆောင်ထား၍ရှိခြင်းကြောင့် နုငယ်မှုပို၍ ပီပြင်လျက် ရှိလေသည်။

သူမ၏ နူးညံ့သော အိထွေးသော လက်သွေး လက်ဆယ်၌မှုည်းနက်ပြောင်လက်လျက်ရှိဘိသော မော်ဇာ လူဝစ် ပစ္စတိုသေနတ်တစ်လက်ကိုင်လျက် ထားပေသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဂျာမန်လုပ် ပစ္စတိုသေနတ်ကို ကိုင်ဆောင်၍ ထားပေသည်။ ထို့ပြင် လက်ဝဲလက်၌ ဓာတ်ဖန်လုံးတစ်ခုကို ကိုင်ဆောင်ထားပေသည်။

စားပွဲဝိုင်း၌ထိုင်လျက်ရှိနေသော အခြားသူများမှာ အားလုံးသည် အဝတ်နက်များကို တစ်ကိုယ်လုံးခြုံ၍ ဝတ်ဆင်ထားပေသည်။ ခါးတွင် ကြိုးစည်းအဖြူကိုစည်းထားကြကာ ဦးခေါင်းနှင့် မျက်နှာကိုလည်း အဝတ်နက်များ ဖုံးအုပ်ထားကြလေသည်။ မျက်လုံးနေရာများ၌သာလျှင် အပေါက်ငယ်များ ဖောက်ထားကြပေသည်။

အားလုံး စားပွဲဝိုင်းတွင် ထိုင်နေသူများမှာ စားပွဲထိပ်တွင် ထိုင်နေသူမှအပ ဆယ့်နှစ်ယောက်တိတိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥပုံ ဒဟောဘ်ဂနီစားပွဲ၏ စားပွဲစဉ်၌ နံပါတ်ကြီးငယ် စဉ်များကို ဆေးအဖြူဖြင့် အမှတ်အသားပြုထားကြပေသည်။ ထိုနံပါတ်စဉ်၌ လက်နက်များ အစီအရီတင်၍ ထားကြပေ သည်။

အားလုံးသည် ဒန်ရောင် ခြောက်လုံးပြူး သေနတ်နှင့် အနက်ရောင် ပစ္စတိုသေနတ်များပင် ဖြစ်လေသည်။

အခန်းကြီး တစ်ခုလုံးသည် တိတ်ဆိတ်လျက် ရှိပေ၏။ အီတလီနှင့် ဂရိတ္ထုရိယာအစုံနှင့် မြန်မာ စောင်းတော်ကြီးသည် သာ ဧည့်ခန်း ခန်းမကျယ်ကြီး၏ ဘေးတွင် တင်ထားပေ သည်။

ခန်းမထိပ်တွင်ကား အဲမှောင်းကြီးနှစ်လက်သည် ကြက်ခြေ ခတ် ချိတ်ဆွဲ၍ထားလေသည်။

တိတ်ဆိတ်ငြိမ်သက်မှုအားလုံးကို စားပွဲထိပ်တွင် ထိုင်လျက် ရှိသူ မိန်းမပျိုသည် စတင်၍ ဖောက်ခွင်းလိုက်မေ၏၊

အသံ၏ သွားသံမှာ အေးချမ်းမှု ရှိလှပြီးလျှင် မာစင်းမှု ပြည့်လျှမ်းလေ၏။

ကြောင်နက်ရှင်တို့ရဲ့ လက်စွမ်းကို ပြကြဖို့ အချိန်တန် ရောပြီ၊ ရှင်သုဇာလည်း သည်တစ်ကြိမ် လက်ဦးမလွှတ်လိုပြီ တရုတ် လုံစီကို တွေ့ကြလျှင် အသေကွပ်ကြ၊ လက်ဦးမနှေး စေလင့်၊



'တရုတ်လုံစီမှာ အင်းစိန်ပေါက်တောကုန်းက သချိုင်းက ငါ့ရဲ့ဒဏ်သင့် ရှင်သုဇာကို လူလည်လုပ်ပြီး ကြယ်တင်ဖြီး ကတည်းက ခဝါချလာတာ ရှည်လှပြီ'

အားလုံးသည် လက်မများကို ထောင်လိုက်ကြပေသည်။ ပြီးလျှင် အဝတ်နက် ခေါင်းစည်းဦးထုပ်များကို ညိတ်လိုက် ကြပေသည်။

'နို့ပြီး....လူသူတော် သျှောင်တစောင်း အမည်ခံထားတဲ့ ရှီးမပြန် ကိုဘဂျမ်းကိုလဲ လက်မဆုတ်၊ ခြင်မပွတ်၊ ခင်ဦးကင်း ကို ကျည်သင့်အောင်ပြုကြ၊ တက္ကသိုလ်ကျောင်းသားကိုဘဂျမ်း အဝတုန်းကတည်းက မေတ္တာစက် သင့်ခဲ့မိလို့ ကရုဏ်သင်တိုင်း တောမှာ အရာပေး အလျှော့ချင်းလိုက်တာ ငါ့ရဲ့ ကြောင် နက်ရှင်မ ဂိုဏ်းကြီး၏ အောက်ခြေထုကို လှုပ်ယမ်းခဲ့ပြီး ဒီအတွက် ငါ့ရဲ့ ပညာရှင်ကြီးများက ငါ့ကို အဆူအသင်း ပြုပြီး ဒလမြို့က ငါ့ရဲ့ သဘင်းအထောက်တော် လက်ရဲသတ် ဆရာဆိတ်ကို ဖမ်းဆီး၍ လျှို့ဝှက်ဌာနချုပ်ကို ဖော်ထုတ်ရန် ကြံစည်လို့ ဆရာဆိတ်ကို သနားစွာနဲ့ အသက်မဲ့ရာသို့ ပို့လိုက်ရ တယ်'

'ဒါကြောင့် သင်းရို့ အားလုံး စနေည ၉ မှာ ရောက်ရှိ လာမယ့် စုံထောက် လုံစီနဲ့ လူသူတော်သျှောင်တစောင်း နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



စလုံးကို နမ္မူးတည့်တည့်၌ ကျည်ရာပေး လူအခွံကို ခွာကြလော့၊ ပြော… တာ… ကြား… ရို့… ရဲ့… လား’

‘မှန်ပါ… ကြားရို့ပါတယ် ကြောင်နက်ရှင်သူဇာ သခင်မလေး’

အာဝတ်နက် ပုဂ္ဂိုလ်အားလုံးသည် ဦးခေါင်းညိတ်၍ အရိုအသေ ပေးလိုက်၏။

ကြက်ဥပုံ မဟော်ဂနီရောင် ထလျက်ရှိသော စားပွဲ၌မိန်းမပျိုသည် လက်ထဲ၌ ပစ္စတိုသေနတ်ကို ကိုင်လျက် မတ်တတ်ရပ်လိုက်ပေ၏။

ထို့နောက် လက်ကိုဆန့်တန်းကာ သေနတ်ခြိုန်သီးကိုကြည့်၍ မျက်စိမှိတ်လိုက်ပေ၏။ ထို့နောက် ထရစ်ဂါဟုခေါ်သော မောင်းခလုတ်ကို သူမ၏ လှပသော လက်ညှိုးဖြင့် နှေးရှိ ညှစ်လိုက်ကြပေ၏။

သေနတ်သံသည် အခန်းထဲ၌ ဆက်တိုက် မြည်ဟည်း၍ သွားပေ၏။

သူမ၏ နှုတ်ထွားအိုညက် ပုစွန်ဆီသွေး တက်လျက်ရှိပေသော လှပသော အသား၊ အရိုင်အခဲ၊ အဆစ် အချိုး အကွေ့တို့သည် လှုပ်ယမ်းသွားပေ၏။ ကျည်ငွေများသည်လည်း တလူလူ ထွက်သွားပေ၏။



ကြက်ဥပုံစားပွဲထည့်တည့် ဆယ်ကိုက်သာသာ၌ ချိတ်ဆွဲ၍ထားသော လူသူတော် သျှောင်သစေခါင်း ဟူသော စာတမ်းများ၌ ကျည်ဆန်ရာများသည် ဖောက်ထွင်း၍ သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

## မှောင်ကြီး မှောင်မည်း

ရန်ကုန်မြို့တော်၏ လမ်းများသည် ကားများဖြင့် ဥဒဟို ပြေးလျက် ရှိပေရာ ဤအချိန်သည် ယခင်ကာလများထက် ပို၍ ပြွင်းပြွင်းထန်ထန် မောင်းလျက်ရှိသည်ကို ခရီးသွားလူတုသည် ပို၍ သိမြင်ကြရပေသည်။

တစ်ချက် တစ်ချက်တွင် မုလိပ် ဝါယာလက် ကားများသည် ဥဩပြင်းစွာ ပေးလျက် မောင်းထွက်သွားကြပြီးလျှင် ပုလိပ်နှင့် စစ်သား ဂေါရခါး စစ်သားအချို့သည် မြို့လယ်ရပ်ရှင်ရုံများအောက်၌ပင် လူးသွားခေါက်တုံ့ လျှောက်လျက် ရှိပေ၏။



မီးသတ် ဗဟိုစင်ကြီးမှလည်း အချက်ပေး ဥဩ တစ်ချက် တစ်ချက်ဆွဲလေရာ စစ်တွင်း ဂျပန်လေယာဉ်များ၊ ရန်ကုန်မြို့တော် ဗုံးကြဲမည့်သတင်း ကြားရသည်ကဲ့သို့ လှုပ်ရှားမှုမျိုး ဖြစ်လာ၏။

လောင်းကုတ်ခေါ် မိုးကာအင်္ကျီရှည်ကြီးကဲ့သို့ ဖားလျားကျ ဝတ်စုံများကိုဝတ်ကာ သက္ကလတ်ဦးထုပ်များကို ဦးခေါင်းငိုက်စိုက်ချပြီးလျှင် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ထားသော စစ်စုံထောက်၊ ဘင်္ဂလားစုံထောက်များသည်လည်း အများအပြားပင် တွေ့မြင်ရပေသည်။

ထို့ပြင် ရန်ကုန်မြို့တော်၏ မြို့လယ်ရပ်ရှင်ရုံကြီးများ ဖြစ်သော ရွှိုင်ရယ်ရုပ်ရှင်ရုံ၊ ဂလုတ်နှင့် ပလေဒီယံ ရုပ်ရှင်ရုံ အောက်၌ အီးဗနင်း(စ်)နယူးခေါ်သော ညနေထုတ် သတင်းစာများမှ အရောင်း ကုလားလေးများသည် အသံကုန် အော်ဟစ်ကာ ရောင်းချကြလေသည်။

၎င်းတို့ အော်ဟစ်ဆူညံစွာရောင်းချမှုကြောင့် လူအုပ်အချို့သည် စုဝေး စိုင်းရုံလျက် သတင်းစာများကို အလုအယက် ဝယ်ယူခြင်းနှင့် သတင်းစ အဓိတိုအနုကို ၎င်းတို့အော်ဟစ်သံဖြင့် နားထောင်ခြင်းအမှုကို ပြုလျက်ရှိသော လူအုပ်တို့သည် ဝိုင်းလျက် ရှိပေသည်။

www.burmeseclassic.com

'သတင်းစာတွေ….သတင်းစာတွေ၊ ချောသလောက် ပုလိပ်ဖွဲ့ကို အန်တုမလို့တဲ့ သတင်းစာတွေ၊ ချောသလောက် ရက်စက်တဲ့ ကြောင်နက်ရှင် သူဇာကို ဘယ်ဖမ်းလို့ မိနိုင်မလဲတဲ့၊ ကြောင်နက်ရှင်သူဇာက ကိုယ်ပျောက်အတတ်ကို တတ်သလောတဲ့ မေးကုန်ကြပြီ၊ သတင်းထူးတွေ….သတင်းထူးတွေ'

လူအုပ်ကြီးသည် ပို၍ စိတ်ဝင်စားစွာ နားထောင်ကြလေသည်။

လူအုပ်ထဲမှ မိန်းမကြီးတစ်ဦးသည် မကျေမနပ်ဖြင့်….

'မိန်းမ လူဆိုးတောင် နိုင်အောင် မဖမ်းနိုင်ဘူးတဲ့၊ စုံထောက်တွေ ဘာလုပ်နေလို့လဲ၊ စုံထောက်တွေ အိမ်က မိန်းမနဲ့….'

ထိုအဘွားကြီးအား တစ်စုံတစ်ဦးက လက်ကုတ်လိုက်သဖြင့် အဘွားကြီး၏ ဖွာလောင် ဖွာလောင်မှုသည် ရပ်သွားသည်။

'ဒေါ်ဒေါ်ကလဲ မိန်းမတွေ စွမ်းတာမှ မသိဘဲကိုး'

အနီးရှိ မိန်းမပျိုက ပြောလိုက်သဖြင့် အဘွားကြီးသည် လှည့်လိုက်ကာ မကျေမနပ်ဖြင့်….

'ဘာစွမ်းတာလဲ၊ ဟိုဟာလား၊ ဟာင်း မပြောချင်ဘူး တိုင်းပြည်ကို ဒါလောက် ဒုက္ခပေးတာ အစောင်နှစ်ဆယ်ဝင်



တွေက မနိုင်ဘူးလို့' ဟု ပြော၍ရာ မိန်းမပျိုသည် သဘောကျသလို ရယ်လိုက်ပြီးလျှင်….

'ဒေါ်ဒေါ် မကြားဖူးဘူးလား၊ မိယ်ဘယက်တို့ မယ်ဇက်တို့ ဆိုတာဇလ ယောက်ျားတွေ မနိုင်ဘူး ဒေါ်ဒေါ်ရဲ့' ဟု ပြောပြန်ရာ….

'ဟဲ့….ဟိုဟာက လူစွမ်းကောင်းမတွေဟ၊ တိုင်းပြည်နိုင်ငံအတွက် စွန့်စားတာဟ၊ အခုဟာက သက်သက်မဲ့ ပြည်သူတွေကို ဒုက္ခပေးတာ၊ ဂျပန်ဟက်တုန်းက သင်း ဘာလုပ်နေတာလဲ၊ ငြိမ်နေပြီးတော့၊ အခုမှ ဘာလုပ်ထလာတာလဲ၊ အခု လွတ်လပ်ရေးရဖို့ ဗိုလ်ချုပ်အောင်ဆန်းက ကြိုးပမ်းနေပြီ၊ လွတ်လပ်ရေး ရဖို့က မျိုးချစ်စိတ်နဲ့ကြိုးပမ်းမှ ရတာ'

အမျိုးသမီးပျိုသည် ထိုအဘွားကြီး ပို၍ ကျယ်လောင်လာသဖြင့် ထပ်မံ ပြောဆိုခြင်းမပြုဘဲ လက်ဆွဲအိတ်ထဲမှ အကြေတမူးကိုထုတ်ကာ သတင်းစာကိုဝယ်ယူလိုက်ပေသည်။ ထို့နောက် ခမ်းသုတ်သုတ်ဖြင့် သုံးဆယ်နှစ်လမ်းထဲသို့ ဝင်သွားလေသည်။

(ထိုမိန်းမကြီးမှာ သခင်မကြီးတစ်ဦးဖြစ်ကြောင်း နောင်ခါ သိရှိရပေ၏။)

ထိုလူအုပ်အနီးသို့ ပန်းဘဲတန်းနှင့်ကျောက်တံတား ကင်းဂတ်မှ ဆားပုလစ်အချို့သည်လည်း လာ၍ အကဲခတ်လျက်ရှိပေ

www.burmeseclassic.com

www.burmeseclassic.com



၏၊ ဆားပုလင်း လက်သံပြောင်အဖွဲ့သည် အသားမည်းမည်း ဂင်တိုတိုတစ်ဦးအား ကုပ်ဆွဲလျက် စစ်မေးမှုပြုလျက် ရှိပေ၏။

ကာလ်ဘန်ရုံတစ်ခိုက်၌ လူအုပ်သည် ဆားပုလင်းများ သောင်းကျန်း နှိပ်ကွပ်နေသဖြင့် လူအုပ် ရှဲ၍သွားပေ၏။

ထိုအချိန်တွင် 'ပြည်လမ်း' ဟူ၍ ခေါ်သော လမ်းကြီး၌ အနက်ရောင် ကားကြီးတစ်စီးသည် လျင်မြန်စွာဖြင့် အင်းစိန်ဘက်မှ ရန်ကုန်ဘက်ဆီသို့ လွန်စွာ လျင်မြန်လှသော အမောင်းစံချိန်ကို တင်ကာ ပြေးလျက်ရှိပေ၏။

ကားပေါ်၌ ဒရိုင်ဘာသည် ကက်ဦးထုပ်ကို ဦးခေါင်း၌ ငိုက်စိုက် ဆောင်းထားကာ စတီယာရင်နှင့် ရှေ့တူရူရှိ ကားလမ်းမကြီးကိုသာ ကြည့်လျက် စတီယာရင်ကို ခပ်မြဲမြဲကိုင်လျက် ပါးစောင်တွင် စီးကရက်ခဲကာ မောင်းနှင်လျက် ရှိပေသည်။ ၎င်း၏ ဘေး၌ စတင်းဂန်း သေနတ်တစ်လက်ကို ဆိုဖာမေ့ါ်သို့ အသင့်တင်ထားလေ၏။

ဒရိုင်ဘာသည် ထွားကျိုင်းသန်မာ၍ဥပဓိရုပ်မှာဗိုလ်အောင်ဒင် ဇာတ်ကားမှ မင်းသားခင်မောင်ရင်၏ မျက်နှာပေးမျိုးပင် ဖြစ်ပေသည်။



ကား၏ နောက်ခန်းထဲ၌ တရုတ်လူမျိုး အသက် ခုနစ်ဆယ်ကျော်ခန့်ရှိ ပါးရည်များ တွန့်ချိုင့်လျက် မုတ်ဆိတ်မွေး တိုစစဖြင့် တရုတ်စီလံဦးထုပ်ရှည်ကို ဆောင်းကာ သပ်ရပ် ခန့်ညားသော တရုတ်ပြည်သက္ကလတ်ရောင် ဆင်တူထက်အောက်တရုတ်ပုံရှည် အင်္ကျီချုပ် ချုပ်နည်းဖြင့် ဝတ်ဆင်ထားသော တရုတ်အဘိုးကြီးတစ်ဦး ပါလာလေသည်။

တရုတ်အဘိုးကြီးသည် လွန်စွာအေးဆေးသော အမူအရာဖြင့် အလွန် လျင်မြန်စွာ မောင်းနှင်လျက်ရှိသောကားအနက်ကြီးပေါ်တွင် လိုက်ပါလျက်ရှိပေသည်။

တရုတ်အဘိုးကြီး၏ ဘယ်ဘက်ချိုင်းမှ သားရေကြိုးဖြင့် ပြုလုပ်ထားသော သေနတ်အိတ် စလွယ်ကြိုးသိုင်းနှင့် အနက်ရောင် သေနတ်တစ်လက်လည်း ပါရှိလေသည်။

ထိုကြိုးကို တရုတ်ကြီးသည် ရှေ့တည့်တည့်တွင် လွယ်၍ထားပေ၏။ ထိုပုဂ္ဂိုလ်ကား စုံထောက်ဦးလိုစိ ပေတည်း။

'ဘယ်ကို မောင်းရမှာလဲ တရုတ်ကြီး'

အရှေ့မှ ကားမောင်းရမည့် ဒရိုင်ဘာသည် ကားစတီယာရင်ကို ထိန်းရင်း နောက်မှတရုတ်အဘိုးကြီးအား မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝ...ကို...ဘီ...လို...ခေါ်တယ်၊ ဝ...က...မင်းမောင်း ကားနောက်မှာ ထိုင်လိုက်တဲ့ စွဲဆောက်အရာရှိကြီးဆိုတာ သိဖို့ကောင်းတယ်...ဝ...ကို ပြင်ခေါ်ပါ'

တရုတ်ကြီးသည် ခပ်တည်တည်ပင် ရှေ့ခန်းမှဒရိုင်ဘာအား ပြောဆိုလိုက်ရာ ရှေ့ခန်းမှဒရိုင်ဘာသည် ရုတ်တရက် ပခုံးတွန့် လိုက်ပြီးလျှင် ကားကို နှစ်ဆတိုး၍ မြန်စွာမောင်းလေ၏၊

'ဘယ်ကိုမောင်းရမှာလဲ မစ္စတာလုံစီ'

'အေး...ဒီလိုလုပ်ပါ စွဲ၊ ဝက အလုပ်နဲ့ ထိတန်တဲ့ ပြောသံဆိုနှစ်သက်ပါတယ်၊ ဝကို ရှေ့ဂုံတိုင်ခေါ်တဲ့အရပ်ကို မောင်းပေးပါ၊ ဝ ပြမယ်'

ပြည်လမ်းမှနေ၍ မြေနီကုန်းဘက်သို့ ချိုးကွေ့လိုက်ပြီးလျှင် ကားသည် မာကင်တိုင်ဘက်မှ အရာရှိကြီးများနေရာ ရိပ်သာဘက်သို့ ချိုးကွေ့ပြီးလျှင် ထိုမှတစ်ဆင့် နယူးလိုက်အော ဘားမားဟု သော သတင်းစာတိုက်ကြီးရှိရာဘက်သို့ ဦးတည် မောင်းလေ၏။

ထိုအနားသို့ရောက်လေလျှင် တရုတ်ကြီးသည် ရှေ့ခန်းမှ ဒရိုင်ဘာကို တပ်အင့် အမိန့်ပေးလိုက်လေ၏၊



'မင်း...ကားကို ဒီနားမှာရပ်ခဲ့၊ ကားနံပါတ်ကို ဖြုတ်၊ မင်း စတင်းဂန်းစေနတ်ကို လွယ်အိတ်ထဲထည့်ခဲ့'

တရုတ်ကြီးသည် ကားပေါ်မှ ညင်သာစွာ ဆင်းလိုက်ပြီးလျှင် ကားဒရိုင်ဘာအား ညွှန်ကြားသမှု ပြုလျက်ရှိပေရာ ကားဒရိုင်ဘာသည် ဘာမှ ပြန်လှန်ပြောဆိုခြင်းမပြုဘဲ ခိုင်းသမျှ လိုက်လုပ်လျက်ရှိပေ၏။

'သေနတ်ကို င က ပစ်ဆိုမှပစ်၊ အချမ်းမပစ်နဲ့'

တရုတ်ကြီးနောက်မှ လွန်စွာဆောင်မောင်းသော အရပ်ပိုင်ရှင် သက္ကလတ်ဦးထုပ်ဆောင်းဒရိုင်ဘာသည် လိုက်မလျက်ရှိ၏။ ထိုသူနှစ်ဦးသည် လမ်းမဘား ပလက်ဖောင်းပေါ်သို့ တက်၍သွားခြင်း ဖြစ်ပေ၏။

သက္ကလတ်ဦးထုပ်ဆောင်းထားသော ထိုသူသည် စီးကရက်တစ်လိပ်ကို ပါးစောင်တွင် ဟန်ပါပါ ခဲလိုက်ပြီးလျှင် မီးညှိလိုက်ပေ၏၊

'ဟေ...ဆေးလိပ်မသောက်ရဘူး၊ ခုတ်ရှင်ရိုက်ဖို့ ခေါ်လာတာ မဟုတ်ဘူး၊ လူဆိုးဖမ်းဖို့လာတာ'

ထိုသူသည် စိတ်ဆိုးစွာဖြင့် တရုတ်ကြီးအားကြည့်လိုက်ပြီးလျှင် စီးကရက်ကို လွှင့်ပစ်လိုက်ပေသည်။ တရုတ်အိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



သည့် တုန်ယင်စွာဖြင့် ရွှေ့မှရှောက်သွားကာ ရွှေဂုံတိုင်ထိပ်ဘက် လမ်းကွေ့ချိုးထဲသို့ အေးဆေးစွာ ချိုးဝင်သွားလေသည်။ သက္ကလတ်ဦးထုပ်နှင့် ထိုလူသည် နောက်မှ ခပ်ခွာခွာ လိုက်လျက် ရှိပေသည်။

ရွှေဂုံတိုင် မြင်းလှည်း၊ဂိတ်၌ လူလေးငါးဦးသည် ထိုလူနှစ်ဦးကို သေချာစွာ လှမ်းလာလျက် ရှိပေသည်။

မြင်းလှည်းဂိတ်၌ထားသော မှေးအိုးစင်အောက်၌ သက္ကလတ်ဦးထုပ်အနက်နှင့် အနောက်တိုင်း ဝတ်စုံအနက်ကို သပ်ရပ်စွာ ဝတ်ထားသော အရပ်အမောင်း မတိုမရှည် အလောတော် ကိုယ်ပေါက်ကိုယ်ရောက်နှင့် ပုဂ္ဂိုလ်သည် ဆေးတံကြီးကိုခဲလျက် ဟိုဟိုဒီဒီကြည့်လျက် ရှိပေ၏၊ ထို့နောက် လက်ပတ်နာရီကို ကြည့်လေသည်။

မျှားမကြာမီတွင် ကားကြီးသည် ထိုးဆိုက်လိုက်ပြီးလျှင် ထိုကားပေါ်မှ လက်နက်များကိုယ်စီ ကိုင်ထားသော လူတို့သည် အသံမထွက် ညင်သာစွာဖြင့် ကားပေါ်မှ ဆင်းလိုက်ကြပေ၏၊ ထိုသူတို့သည် ထိုအနီးနားတစ်ဝိုက် ဝင်းခြံများတွင် ပုန်းလျှိုးကွယ်လျှိုး ပျောက်ကွယ်၍ သွားကြပေသည်။

ထိုအချိန်တွင် မိုးမှောင်ကြီးသည် ရုတ်တရက်ကျလာလေသည်။ လေပြင်းတို့သည်လည်း တစ်ချက်တစ်ချက် တိုက်ခတ်



လာပေ၏။ မိုးဖွဲဖွဲလေးတို့သည်လည်း ကျလာပေတော့ရာ လူတချို့သည် လွတ်ရာသို့ဝင်၍ နားခိုသမှုပြုလျက်ရှိကြရာ ထိုအနီးတစ်ဝိုက်တွင် လှုပ်လှုပ်ရှားရှားဖြစ်လျက် ရှိပေ၏။

သက္ကလတ်ဦးထုပ်နှင့် ဆေးတံခဲထားသော ပုဂ္ဂိုလ်သည် လက်ပတ်နာရီကိုကြည့်ပြီးလျှင် ရွှေဂုံတိုင်ဘက်ရှိ လမ်းဆုံလမ်းခွဘက်သို့ မျှော်လျက်ရှိပေပြီးလျှင် စိတ်ဂနာမငြိမ် ဖြစ်ပုံရလျက် ရှိပေသည်။

လေတိုက်မှုနှုန်းသည် ပို၍ ပြင်းထန်လာပြီးလျှင် လူသူလေးပါးသည်လည်း ပို၍ ပါးလျက်ရှိပေတော့ရာ ထိုအနီးအနားတစ်ဝိုက်သည် တိတ်ဆိတ်ခြောက်ကပ်၍ လာပေတော့သည်။ ညဉ့်နက်ပိုင်းသို့လည်း ပို၍ ဝင်ရောက်ပြီးဖြစ်လေသဖြင့် လူရိပ်လူကဲသည် ပိုပါးလျားလာပေတော့၏။ ထိုအခိုက် မိုးသည် သည်းမည်းစွာ ရုတ်တရက်ရွာချလေတော့ရာ လမ်းမီးတိုင်များသည် တဖျပ်ဖျပ်ဖြင့် ခေတ်ကြိုးချင်းငြိလျက် ထိုနေရာတစ်ဝိုက်သည် မိုးမှောင်ကြီး ကျသွားလေ၏။ မိုးမှောင်ကြီးလည်းကျလျက် ရှိခြင်းကြောင့် မှောင်ကြီးမှောင်မည်း ဖြစ်လျက်ရှိတော့သည်။

ထို့သို့ မှောင် ကြီး မှောင် မည်း ကြီး နှင့် မိုးကြီး သည်းစွာရွာသွန်းနေခိုက်တွင် ရွှေဂုံတိုင်ကွေ့ဘက်မှ ရထားလုံးတစ်စီး

www.burmeseclassic.com

www.burmeseclassic.com



သည့် တဂေါက်ဂေါက်ဖြင့် လာလေ၏။ ထိုရထားလုံးကြီးကို လှပသော မြင်းကြီးလေးကောင်က ဆွဲ၍ လာလေသည်။ မိုးသည်းသံနှင့် ရထားလုံးသံတို့သည် ရောလျက် ရှိကြပေသည်၊ ထိုရထားလုံးမှာ အလုံပိတ်လျက်ရှိပြီး လျှင် မြင်းထိန်း နေရာမှလည်း မြင်းမောင်းသူမှာ လွန်စွာ ပုဇိုင့်သော လူပုကလေးဖြစ်ပေသည်။

'ဆရာ...ရထားလုံးကြီး မောင်းသူက လူပုကလေးဆရာ'

ဟူ၍ အလန့်တကြီးအော်၍ လူငါးယောက် အနက်မှ လူတစ်ယောက်သည် ယက္ကလတ်ဦးထုပ်နှင့် အနောက်တိုင်း ဝတ်စုံဝတ် ပုဂ္ဂိုလ်အား အနားကပ်၍ ပြောဆိုလေရာ၊ ထိုသူလည်း ရထားလုံးကြီးအား ကြည့်လိုက်လေရာ အကယ်ပင် ထို ရထားလုံးကြီးမှ မောင်းသူ လူပုကလေးမှာ လွန်စွာ အရုပ်ဆိုးသည်ကို တွေ့ရပေသည်။

ရထားလုံးကြီးသည် ရှေ့ဂိုတိုင် မြင်းလှည်းဂိတ်သို့ ရောက်လျှပ် ထိုးရပ်လေလည်။ မိုးသည်းထန်စွာ ရွာသွန်းနေလေရာ ရထားလုံးကြီးသည် မိုးရေအောက်၌ ရပ်လျက် ရှိပေသည်၊ မြင်းလှည်းဂိတ်မှ လူငါးယောက်သည်လည်း ရထားလုံးကို ကြည့်လျက်ရှိပေသည်၊ ခဏကြာလျှင် ရထားလုံး တံခါးသည် ပွင့်၍ လာပြီးလျှင် နိုင်လွန် မိုးကာအင်္ကျီ အဖြူရောင်ကို ဝတ်



ဆင်လျက် ဦးခေါင်း၌လည်း ဂေါ်ရခါးဦးထုပ်ကို မိုးအကာထားသော ဦးထုပ်ကိုဆောင်းလျက် အရုပ်ဆောင်းကောင်း၊ သွင်ကျကျ လူတစ်ယောက်သည် ဆင်း၍ လာလေသည်။

ထိုပုဂ္ဂိုလ်သည် မိုးရေထဲ၌ပင် နာရီ လက်တံကို ကြည့်ပြီးနောင် ဦးခေါင်း ညိတ်လိုက်သည်။

မြင်းလှည်းဂိတ်မှ ပုဂ္ဂိုလ်သည်လည်း နာရီကို ကြည့်လိုက်သည်၊

'ရှုသူတော်ကြီး အချိန်မီမှ ရောက်ပါ့မလားလို့ စိတ်ပူနေကရတာဗျ'

'အချိန်မီ ဆောင်ရွက်နိုင်ခြင်းဆိုတာ ယောကျာ်းကောင်းရဲ့ သံ၁၀ မဟုတ်လားဗျာ၊ 'မစ္စတာဖိလီယက်(စ်)ဖောက်' တဲ့ ပုဂ္ဂိုလ်ဟာ ကမ္ဘာကြီး တစ်ခုလုံးကိုတောင် ရက်ပေါင်း ရှစ်ဆယ်နဲ့ အတိအကျ ပတ်ခဲ့သေးတာဟာ နမူနာပဲဗျ'

မြင်းလှည်းဂိတ်မှ အခြားလူစုသည် ထိုသူနှစ်ဦးအား ကြည့်လျက် အံ့အားသင့်နေကြလေသည်။

လူပုကလေး မောင်းသော ရထားလုံးပေါ်မှ ဆင်းလာသော နိုင်လွန်မိုးကာနှင့် ပုဂ္ဂိုလ်ကို အထူးအဆန်း ကြည့်၍ နေကြ ရှိကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'စနေည...၉...ထိုးပြီ...လူသူတော်ကြီး'

'အချိန်စေ့ပါပဲဗျို'

ထို နိုင်လွန်မိုးကာနှင့် ပုဂ္ဂိုလ်သည် လက်ဖျောက် သုံးချက် တီးလိုက်လေလျှင် ရထားလုံးကြီးသည် ထွက်၍သွားလေသည်။

ထို ရထားလုံးကြီးသည် လာလမ်းအတိုင်း ကုန်ကြိုင်းဘက်သို့ လှည့်၍ သွားလေသည်။

'တရုတ်စုံထောက် လုံစိတော့ အထဲ ရောက်နေပြီဗျို့'

နိုင်လွန်မိုးကာနှင့် ပုဂ္ဂိုလ်သည် ဦးခေါင်း ညိတ်လိုက်လေသည်။

'ဘုန်းကြီးအစွန့်...ကပ္ပိယ အခွန့်ပါပဲဗျာ'

ထိုသူသည် ထိုသို့ ပြောပြီးလျှင် တရုတ် လုံစိနှင့် တပည့်တို့ ဝင်သွားသော ရွှေဂုံတိုင် ကျောင်းလမ်းလေးထဲသို့ ဝင်ရောက်လေရာ နောက်မှနေ၍ မြင်းလှည်းဂိတ်မှ လူငါးဦးလည်း လိုက်ပါကြလေသည်။

မိုးသည်းထန်စွာ ရွာသော ထိုအချိန်သည် မီးများ ပျက်လျက်ရှိပေရာ လွန်စွာ မှောင်ကြီး မှောင်မည်း ဖြစ်လေကား ထိုလမ်းတွင်းသို့ ဝင်သွားသော လူတို့သည် လူလုံး ပျောက်လျက် ရှိပေသည်။



ထိုလမ်း၏ အလယ်တွင်ရှိသော ခန့်ညားသော တိုက်ကြီး၏ရှေ့ ခြံဝတွင်းရှိ တံခါးပေါက်တွင် ကားလူရိပ်လူယောင်များ မတွေ့ရသော်လည်း ဘေးဘက်တွင်မူ လက်နက် ကိုယ်စီ ကိုင်ထားသော လူလေးဦးသည် လူးလာခေါက်တုံ့ ဖြစ်လျက် ရှိပေရာ ထိုအိမ်၏ ဝင်းကြီး တစ်ခုလုံးကို ဂရုစိုက် ထိန်းချုပ်ထားကြဟန် တူလေသည်။ နှစ်ထပ်တိုက်ကြီးဘေးမှ တစ်ချက်တစ်ချက် ခွေးထိုး၍ ဟောင်သံများကို ကြားရလျက် ရှိသည်။ အထဲမှ အစောင့်များသည် အချီအချ ပြောလျက် ရှိပေသည်။

'သခင်မလေး ရောက်ပြီလား'

'အင်း...ရောက်ပြီ၊ စနေည ၉-မှာ ပုစ္ဆာအဖြေ ထုတ်မယ်လို့ အမိန့်မှတ်တယ်'

'လူစုံပြီလား မောင်'

'စုံပြီနဲ့တူတယ်'

'ဂရုစိုက်...မလစ်စေနဲ့'

'အသားကျပြီးသား အလုပ်တွေပါ'

လမ်းထဲသို့ လျှောက်၍လာသော လူငါးယောက်သည် အဆိုပါ ခြံကြီးအနီးသို့ ရောက်သောအခါ နိုင်လွန်မိုးကာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သည် ဇင်းနှင့် ယှဉ်လျက် လျှောက်လာသော သူ၏ နားနားသို့ တိုးတိုးကပ်၍ ပြောဆိုပြီးလျှင် ထိုခုံနှင့် ကပ်လျက် ရှိသော ခြံဝင်း၏ ဂိတ်တံခါးကို ကျော်တက် သွားလေသည်။

မိုးအလွန်သည်းသော မှောင်ကြီး မှောင်မည်းညာ ဖြစ်နေပေသဖြင့် ထိုလူသိုက်၏ လှုပ်ရှားမှု အားလုံးကို မည်သူမျှ သိရှိခြင်း မရှိပါပေ။ ကျန်လူငါးယောက်သည် အစောင့်များ ထူသော ခြံဝင်းတံခါးနားသို့ တဖြည်းဖြည်း ကပ်၍ သွားကြပေသည်။

ဝင်းတံခါး ခြံဝင်းကြီးသည် ဆိတ်ငြိမ်သော်လည်း ထိုတံခါး အုတ်တန်းပေါ်မှ စီးကျလာသော မိုးရေစက်ကိုသည်ကား တဝေါဝေါ အော်မြည်လျက် ရှိပေသည်။

ထိုအိမ်ကြီး အတွင်း၏ အပေါ်ထပ် ဒုတိယ ခန်းမကြီး၏ အလယ်၌ကား၊ ကြောင်နက်ရှင်သူဇာ၌ ဂိုဏ်းကြီး၏ အစည်းအဝေးသည် ကျင်းပလျက် ရှိပေသည်။

ကြောင်နက်ရှင်သူဇာ၏ ပညာရှင်ကြီးသုံးဦးသည် ကြောင်နက်ရှင်မ၏ ကြက်ဥပုံ မဟော်ဂနီ စားပွဲထိပ်တွင် ထိုင်လျက်ရှိနေပေသည်။

ကြောင်နက်ရှင်မသည် ဝတ်စုံအနက်ကိုဝတ်လျက် မော်ဇာဂျာမန်သေနတ်ကိုကိုင်လျက် ရှိပေသည်။



ကြောင်နက်ရှင်မသည် လက်မှ နာရီကို ကြည့်ပြီးပေရာ သဘောကျစွာဖြင့် ခေါင်းညိတ်လိုက်ပေသည်။

ပညာရှင်ကြီးသုံးဦး၏အမိန့်အရ ခန်းမကြီး၏ တံခါးမကြီးကို ဖွင့်လိုက်ကြပေသည်။

ပညာရှင်တစ်ဦးသည် လွန်စွာ သဘောကျပုံဟန်မျက်နှာပေးဖြင့် အားလုံးကြားလောက်သည့် လေသံဖြင့်...

'စနေည ကိုးနာရီမှာ အဆုံးအဖြတ်ပေးနိုင်မယ့်ကာလကို ရောက်ပေပြီ၊ တို့ရဲ့ ရဲတိုက်ခန်းထဲ ဝင်နိုင်သူဟာ တို့နဲ့ထိုက်တန်သူဖြစ်ပေတယ်'

ကြောင်နက်ရှင်ဂိုဏ်းသားအားလုံးသည် သေနတ်မောင်းများကို အသင့်ပြင်လျက် လက်ထဲသို့ ဆွဲယူထည့်လိုက်ကြပေပြီး သေနတ်ကျည် ဆံလည်များကို လှည့်၍ ကျည်ဖြည့်မောင်းတင်လိုက်ကြပေရာ ထိုအခြင်းအရာမှာ များစွာ တုန်လှုပ်ဖွယ်ပင် ဖြစ်ကြပေ၏။

ကြောင်နက်ရှင်မသည် လက်ကဲမှပစ္စတိုကိုကိုင်လျက် တံခါးကြီးဆီသို့ လှမ်းကြည့်လိုက်ပေ၏။

ထိုအချိန်တွင် သေနတ်သံများသည် ရောထွေးသွားကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသံနှင့် သေနတ်သံ တို့သည် ကျည်လုံး မိုးလုံးမကွဲဘဲ မြည်ဟည်းလေပြီးလျှင် ခန်းမဆောင်ကြီး တစ်ခုလုံး သဲသဲ ရှုတ်ရှုတ်ဖြစ်သွားကြပေသည်။

'အားလုံး လက်နက်ချ၊ ကြောင်နက်ရှင်မကို ဝ မိထားပြီ၊ မင်းတို့လက်နက်မချရင် ကြောင်နက်ရှင်မ လည်ချောင်းကို ဖောက်လိုက်မယ်၊ စုံထောက်လုံစိ....ကြောင်နက်ကို ဖမ်းမိပြီ ဗွ....ဟား....ဟား....ဟား....ဟီး'

အားလုံးသည် ကြက်သေသေလျက် ရှိပြီးလျှင် ကြောင်နက်ရှင်မ၏ လည်ပင်းကို သိုင်းဖက်လျက် ကိုယ်နှင့်ကပ်လျက်နေရာမှ ပစ်ကွင်းအားလုံးအား အဖုံးအကွယ်ပြုထားသော အဘိုးကြီးကို တွေ့ရလေ၏။

အဘိုးကြီး၏လက်၌ ပြောင်းတို ပစ္စတိုသေနတ်တစ်လက်ကို အားလုံးသို့ ထိုးချိန်ထားသည်ကို တွေ့ရလေ၏။ ပညာရှင်ကြီး သုံးဦးသည် မှောက်ခုံပက်လက် လဲလျက်ရှိပေ၏။

'မင်းတို့အားလုံး လက်ကိုမြှောက်ပြီးလက်နက်ချလိုက်ပါ၊ လုံစိ အမိန့်ပေးပေတယ်'

ကြောင်နက်ရှင်မ၏လည်မျိုကို သေနတ်ဖြင့် ထောက်လျက် တရုတ် အဘိုးကြီးသည် အမိန့်ပေးလျက်ရှိရာ အားလုံးသော



ကြောင်နက်ရှင် ဂိုဏ်းသား တို့ သည် မျက်နှာငယ်များဖြင့် လက်နက်ချကြလေသည်။

ထိုအချိန်တွင် အခန်းထဲသို့ တရုတ်ကြီး၏ ဒရိုင်ဘာသည် ဝင်ရောက်လာလေသည်။

အောက်ထပ်တွင်လည်း အသံများ ဆူညံစွာကြားရပြီးလျှင် စတင်းဂန်းသေနတ်များ ကိုင်ဆောင်ထားသော ပုဂ္ဂိုလ်များသည် ဝင်ရောက်လာပြီးလျှင် ထိုဌာနရှိ ကြောင်နက်ရှင်ဂိုဏ်းသားတို့သည် စုံထောက်များနှင့် လုံးထွေးသတ်ပုတ်ကြလေရာ မကြာမီ ဂိုဏ်းသားတို့သည် စုံထောက်များလက်သို့ ကျရောက်သွားကြလေသည်။

ခြံဝင်းဝမှ စောင့်နေသော ပုဂ္ဂိုလ်ကြီးသည်လည်း ၎င်း၏လူငါးဦးနှင့်အတူ အထဲသို့ဝင်လာပြီးလျှင် ဆိုင်ရာဌာနချုပ်သို့ ဝိုင်ယာလက်ဖြင့် အစီရင်ခံလေသည်။

မကြာမီ ဘိုလမ်းလေးထဲသို့ ပုလိပ်ဝိုင်ယာလက် ကားများနှင့် ကြောင်နက်ရှင်သူဇာ ဌာနချုပ်သို့ စုံထောက်မင်းကြီး အက်(စ်)စတီးဝပ်ကိုယ်တိုင် ရောက်လာလေသည်။

ခန်းမကျယ်ကြီး အတွင်း၌ကား ကြောင်နက်ရှင်သူဇာမှအား တရုတ်အဘိုးကြီးသည် ခါးနှင့်လက်ကို ဖက်ထားရာမှ သူ့တပည့် ဒရိုင်ဘာလက်သို့ ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့တပည့် ဒရိုင်ဘာသည် လက်ထိတ်ကို ၎င်း၏လက်ဖြင့် ကြောင်နက်ရှင်မကို ပူး၍ ခတ်လိုက်ပြီးလျှင် စီးကရက်တစ်လိပ်ကို ပါးစောင်တွင် ဟန်ပါပါ ခဲလိုက်လေသည်။ ဗိုလ်အောင် ဒင်ခဲ ခဲလိုက်ပြီးလျှင်....

'ဆရာလုံစိ တော်ပါပေတယ်'

ဟူ၍ ထောမနာ ပြုလိုက်လေ၏။

'အီး...မင်း စီးကရက်သောက်နိုင်ပီ'

ဟူ၍ တရုတ်ကြီးက အမိန့်ပေးလိုက်ပေသည်။

စုံထောက်မင်းကြီး အက်(စ်)စတီးဝပ်၊ ခမဂျာဒါနန်းနှင့် စုံထောက်အရာရှိကြီးတို့သည် အခန်းထဲ ကြက်ဥစားပွဲထိပ်၌ ထိုင်လျက်ရှိသော စုံထောက်လုံစိအား အားရဝမ်းသာ လက်ဆွဲနှုတ်ဆက်လိုက်ပေသည်။

လောင်းကုတ်အင်္ကျီနှင့် ဆေးတံကြီးကို ခဲလျက်ရှိသော ဗုဂ္ဂိုလ်ကြီးသည် ဆေးတံအိုးကိုမကျေမနပ်နှင့် နှစ်ချက်သုံးချက် ဖွာရှိုက်လိုက်ပြီးလျှင် မျက်နှာလွှဲလိုက်သည်။

ကြောင်နက်ရှင်မ ဂိုဏ်းသားအားလုံးအား ကြိုးနှင့်တုပ်ခြင်း၊ လက်ထိတ်ခတ်ခြင်းအမှုကို ပြုပြီးနောက် စုံထောက်မင်းကြီးသည် တရုတ်လုံစိအား ထပ်မံ၍....



'ဘာရေးဗိုး...မဇ္ဈတာလုံစိ၊ မစ္စတာလုံစိဒီအခန်းထဲ ဘယ်လိုဝင်လဲ'

ဟူ၍ မေးမြန်းပြန်ရာ တရုတ်ကြီးသည် အပေါ်သို့ မော့၍ ခေါင်မိုးကို လက်ညှိုးထိုးပြရာ ထိုတရုတ်အဘိုးကြီး လုံစိ လက်ညှိုး ထိုးပြရာသည် ခေါင်မိုးမှ အပေါက်ကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရပေသည်။

'ဝက လူခိုးဝိဇ္ဇာ ဝေတက်ပြားနည်းကို သုံးတယ်၊ ခေါင်က အုတ်ကြွပ်တွေကိုခွာပြီး ကြောင်နက်ရှင်ကို ချုပ်တယ်'

စုံထောက် မင်းကြီးနှင့် မေဂျာဒါနန်းတို့သည် နှစ်ထောင်းအားရ တရုတ်အဘိုးကြီးအား ဩဘာပေးကြလေ၏။ စုံထောက်မင်းကြီးသည် ဆေးတံအိုးကို မကျေမနပ်စိတ်ဖြင့် ဖွာရှိုက်လျက်ရှိသော စုံထောက်ကြီး ဦးဇင်ယော်ဘက်သို့ လှည့်၍....

'ဝဲ....အစ်....ယူအာ....မစ္စတာ....သျှောင်တစေ့ာင်း'

ဟူ၍ မျက်နှာပြုံးဖြီးဖြီးနှင့် ခနဲ့တဲ့တဲ့ မေးမြန်းလေ၏။ အားလုံး၏ မျက်လုံးအစုံသည် စုံထောက်ကြီး ဦးဇင်ယော်အား သရော်တော်တော် မျက်နှာပေးများဖြင့် ကြည့်လျက်ရှိရာ စုံထောက်ကြီးသည် ဆေးတံအိုးကို ဖြုတ်လိုက်ပြီးလျှင် တရုတ်

www.burmeseclassic.com



အဆုတ်ိုး ကျိုး၏ အနားသို့ ကပ်ကာ ရင်ဘတ်ကို ရှတ်တရက် အကျီစကို ဆွဲပြီးလျှင်....

'လူသူတော် သျှောင်တစောင်း ဘယ်မလဲ တရုတ်ကြီး၊ မှန်မှန်ပြောစမ်း မပြောရင်တော့ သတ်ပစ်ရမယ်'

ဟူ၍ သေနတ်ကို ထောင်ပြပြီးလျှင် တရုတ်ကြီးအား ကြိမ်းလေ၏၊ တရုတ်ကြီးသည် စုံထောက်ကြီးအား ကြည့်၍ ပြုံးပြလိုက်ကာ....

'ဖြည်းဖြည်းပေါ့ စုံထောက်ကြီး၊ ဝက ဖြည်းဖြည်းပဲ ကြိုက်တယ်၊ နင်တို့ပြောလဲ့ လူစူတော်ကြီးလား ဝါး....ဟား ဟား....'

ဟူ၍ ရယ်မောလေရာ စုံထောက်ကြီးသည် စိတ်မရှည်လှသဖြင့် လက်သီးဖြင့်ထိုးရန် တာစူလိုက်လေ၏၊

အားလုံးသည် တိတ်ဆိတ်လျက် တရုတ်ကြီးနှင့် စုံထောက်ကြီးတို့အား ကြည့်လျက်ရှိပေ၏။ စုံထောက်ကြီးသည် စနေညဖ-နာရီတွင် ကြောင်နက်ရှင်သူဇာအား လူသူတော် သျှောင်တစောင်းက ဖမ်းပေးမည်ဟု ကတိပေးခဲ့ကြောင်း စုံထောက်မင်းကြီးအား အစီရင်ခံခဲ့လေသဖြင့် အကျပ်ရိုက်လျက် ရှိပေ၏၊

'စုံထောက်ကြီးကလေ တော်တော်ဒေါသကြီးတာပဲ၊ နင်တို့ပြောလဲ့ လူစူတော် ရောင်တီစောင်းဆိုတာ လေ ဝပဲပေါ့၊ ဝပဲ ဝလဲ လူစူတော်ကြီးလို တော်တာပဲ မဟုတ်လား၊ အထူးတွေပါပဲ၊ ဟဲ....ဟဲ....ဟဲ....ဟိ'ဟူ၍ရယ်လေရာဗိုလ်အောင်ဒင်ဂိုက်ဖမ်းထားသော တရုတ်ကြီး၏ ဒရိုင်ဘာသည်....

'ဆရာလုံစိကလဲ သိရင်ပြောပြပါ၊ ကျုပ်တို့မှာ ပြဿနာ ဖြစ်နေပြီ ဆရာလုံစိ'

ဟူ၍ ပြောလိုက်လျှင်....

'မောင်းထမ်းကိုစီး ကလဲ၊ ဝ ပြောတာ အမှန်၊ ဝက လူစူတော်ကြီးပဲ၊ မယုံကြည်ပါလား'

ဟူ၍ ပြောပြောဆိုဆိုပင် တရုတ်ဦးထုပ်ကိုခွာလိုက်လေရာ ဆံပင်တို့သည် ကုပ်ပိုးသို့ ဝဲကျလာလေ၏။

ထို့နောက် နောက်စေ့မှနေ၍ ဆံပင်စတစ်ခုကိုဆွဲ၍ဖြုတ်လိုက်ရာ တရုတ်အဘိုးအို မျက်နှာဖုံးကြီးသည် ကွာကျလာလေသည်၊

အားလုံးသည် ကြက်သေ သေလျက်ရှိကြလေ၏။

စုံထောက်မင်းကြီးသည် ပါးစပ်ဟ၍သွားလေသည်၊

www.burmeseclassic.com

www.burmeseclassic.com

'ဟင်....ကိုကို..ကိုကိုသိပ်ရက်စက်တယ်....ခင်ခင်ကိုမသနားတော့ဘူးလား'

ကြောင်နက်ရှင်မသည် လှပနူးနယ်သော လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်လျက် ငိုကြွေးလေ၏။

လူသူတော်သျှောင်တစောင်းသည် တရှတ်အဘိုးအို၏ဝတ်ကို ချွတ်လိုက်လျှင် သူ၏ပင်တိုင် ရှမ်းစော်ဘွား ဝတ်စုံသည် ပေါ်လာလေသည်။

ကြောင်နက်ရှင်မသည် ဗိုလ်အောင်ဒင်ပုံစံရှိသော တပျော် ဒရိုင်ဘာ မောင်းထောင်ကိုကိုကြီး၏ လက်ထိတ်ကို ဆောင့်ဆွဲ ရုန်းကန်လေရာ လူသူတော်သျှောင်တစောင်းသည် ကြောင်နက် ရှင်မ၏ လက်ကောက်ဝတ်လေးအား တယုတယကိုင်လိုက်ပေ သည်။

ကြောင်နက်ရှင်မသည် လူသူတော် သျှောင်တစောင်း၏ မျက်နှာအား မျက်တောင်ကော့ကြီးဖြင့် အားကိုးတကြီး မော့ကြည့်လျက်....

'အယူသည်းမှုဟာ ရှင်သူဇာခေါ် ခင်ခင်ကြီးရဲ့ ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေတာပဲရှင်သူဇာ၊ရှင်သူဇာရထားတဲ့ ပုရပိုက်ဟာ ပုရပိုက်အစစ် မဟုတ်ပါဘူး ရှင်သူဇာ၊ ဒါတွေဟာ လူဆိုးဗိုလ် ဗိုလ်လက်ပွားရဲ့ လုပ်ကြံထားမှုတွေပါ၊ ရှင်သူဇာ ခေါ် ခင်ခင်ကြီးရဲ့ ဖခင်ကြီး ယစ်မျိုးဝန်ထောက် ဦးသပြင်ကို ဗိုလ်လက်ပွားအညီးထား သတ်ဖြတ်ပြီး ရှင်သူဇာတို့ ဆွေစဉ် မျိုးဆက် မျက်စိလည်အောင်လို့ ဒီ ငွေပုရပိုက်ကို လုပ်ကြံပြီး ရှင်သူဇာထံကို ပေးပို့တာပါ၊ နို့ ပေမယ့် ရှင်သူဇာက အယူ သီးပြီး ဒီပုရပိုက်အရ မြေအောက်ဂူအကြီး တည်ထောင်ခဲ့ တယ်၊ စုံထောက်လုံစိ ပစ်သတ်လိုက်တဲ့ ပညာရှင်အဖွဲ့ ဆိုတာ ဟာလဲ ဗိုလ်လက်ပွားရဲ့ လက်ရုံးဘပည့် လူမိုက်တွေပဲရှင်သူဇာ၊ တကယ်တော့ ရှင်သူဇာဟာ အဝေဝင်အလက် စုံလင်လှပပြီး လှောင်ချိုင့်ထဲထည့်ခံထားရတဲ့ ယစ်ရွှေငှက်လေးပါပဲ၊ ယစ် ရွှေငှက်လေးဟာ အလွန်လှပပေမယ့် နှုတ်သီးဟာ အလွန် ထက်တာကြောင့် ဒမ္မသူတွေဟာ လှောင်ချိုင့်ထဲ ထည့်ပြီး အလှကြည့်ရပါတယ်၊နှုတ်သီးကိုကြောက်ရွံ့လှ၍ပဲ ဖြစ်ပေတယ်။

'ရှေး ပေပုရပိုက်တွေကို အရေမ်းမယုံ ယုံကြည်မှု၊ အယူ သီးမှုရှိရင် မှားတတ်ပါတယ် ရှင်သူဇာ၊ လောကကြီးရဲ့ အကောင်းဆုံးသော နိကဘုတ သင်္ဂဟမှတ်တဲ့ အောင်မြင်ခြင်း တရားကတော့ 'ဆင်ခြင်တုံ' တရားလေးပါပဲ၊ 'မဈိမပဋိပဒါ ကျဘဲ့ မြော်မြင်မှုလေးကိုသဘောပိုက်ရင်တော့ အမှားအယွင်း နည်းပေတာ အမှန်ပါပဲ၊ အခု အချိန်မှာတော့ သူဇာရဲ့ဘဝကို ဥပဒေကပဲ ပြုပြင်ပေးပါလိမ့်မယ် ရှင်သူဇာ'

ကြောင်နက်ရှင်မသည် ခေါင်းညိတ်လိုက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်...

'သူဇာကို မကယ်နိုင်တော့ဘူးလား ကိုကို၊ သူဇာ.... သူဇာ....ကျောင်းမှာတုန်းကတည်းက...ကိုကို....ကို....'

ဟူ၍ ကြောင်နက်ရှင်မသည် သည်းစွာ ငိုကြွေးသမှု ပြုလေ၏။

(ယခုထက်ပို၍ သရုပ်ပေါ်အောင် ရေးပါက အဆွေးနာရှိသူတို့ ပို၍ဆွေးမြည့်ဖွယ် ဖြစ်ပါ၍ ရပ်တန့်လိုက်ပါသည်။)

'သူဇာ့အတွက် ရှေ့နေကောင်း ရှာဖွေပြီး ကူညီပါ့မယ် ရှင်သူဇာ' ။

(ထိုခေတ်က ရှေ့နေကောင်းလျှင် တရားနိုင်နိုင်သောခေတ် ဖြစ်လေရာ ထိုအချက်သည် အရေးပါသောအချက် ဖြစ်လေ၏။)

'ကဲ...တော်လောက်ပါပြီမရှင်သူဇာ၊ ကြောင်နက်ရှင်ဂိုဏ်းနဲ့တကွ ရှင်သူဇာပါ ဆိုင်ရာကိုပို့ရန် ကျွန်တော့်မှာ တာဝန်ရှိပါတယ်'

ရှင်သူဇာအား လက်ထိတ်ခတ်ထားသော မောင်းထောင်း ကိုကိုကြီးက ရှင်သူဇာ၏လက်ကို တွန်းမရင်း ရှင်သူဇာအား ဆွဲခေါ်လေ၏။



ရှင်သူဇာသည် သျှောင်တစ်ထုံးဝဲလျက် နဖူးအရေးအကျင်းတွင် ဆံစများဝဲလျက်ရှိပြီး ညိုမောင်းသောမျက်လုံးအစုံရှိသည့် သျှောင်တစောင်းအား ခပ်မြေးမြေး ဆွဲငင်စွာ ကြည့်ရင်း ဆတ်ခနဲ ရှေ့မှလျှောက်၍ သွားပေတော့၏။

စုံထောက်မင်းကြီး အက်(စ်)စတီးဝပ်သည် သူ၏နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်ရင်း မှင်ဆက် ငေးမောမိရာမှ သတိပြန်လည်ကာ လူသူတော်သျှောင်တစောင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးလျှင်....

'လိုက်....အေ....ဒရီး မ် ပဲ မစ္စတာသျှောင်တစောင်း'

'ပုံပြင်တစ်ခုလိုပဲ သျှောင်တစောင်း' ဟူ၍ ပြောဆိုလေရာ သျှောင်တစောင်းသည် ခေါင်းညိတ်လျက်....

'မင်းကြီး၊ စုံထောက်လုံစိရဲ့ စုံထောက်လက်မှတ် ပြန်အပ်ရတော့မလား' ဟူ၍ မေးလေရာ စုံထောက်မင်းကြီးသည် ခေါင်းခါလျက်....

'ဂုဏ်ထူးဆောင် စုံထောက်လက်မှတ်ကို ပြန်သိမ်းယူဖို့ မရှိပါဘူး' ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ရှင်းပြလေ၏။

ကြောင်နက်ရှင်ဂိုဏ်းသားအားလုံးကို ဘားလမ်း အချုပ်ထောင်သို့ အသင့်ရပ်ထားသော ကားများဖြင့် ပို့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်မင်းကြီးနှင့် မေဂျာဒါနန်းတို့လည်းအတူတကွပြန်ကြလေ၏။

ခဏကြာလျှင် ရွှေဂုံတိုင် ကျောင်းလမ်းထဲမှ လူနှစ်ယောက် ထွက်၍လာပေ၏။ ထိုလူ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စကားပြောဆိုခြင်း မရှိကြပေ။ လမ်းထိပ်ရောက်သောအခါ သက္ကလတ်ဦးထုပ်နှင့်လူသည် စတင်၍ စကားပြောပေ၏။

‘ဘယ်ကိုပြန်မတုံး’

‘ဆွမ်းစားပြီး ပြန်တာပဲ၊ ရောက်သလိုပေါ့’

‘ကောင်းဗျာ….မိုးက သည်းနေတယ်’

ထိုအခိုက်အတန့်တွင်ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဘက်မှရထားလုံးတစ်စီးသည်မိုးသည်းသည်းမှောင်ကြီးမှောင်မည်းတွင်ခပ်မှန်မှန် လာလျက်ရှိပေ၏။ရထားလုံးကြီးသည်ရွှေဂုံတိုင်မြင်းလှည်းဂိတ်အနီးသို့ လာလျက်ရှိပေ၏။ ထိုအခါ မြင်းလှည်းဂိတ်တွင် ရပ်လျက်ရှိသော သက္ကလတ်အင်္ကျီရှည် ဘွတ်ဖိနပ်နှင့် ဆေးတံခဲထားသော ပုဂ္ဂိုလ်အား လူတစ်ယောက်သည် ကပ်လျက်….

‘ဟာ….ဆရာ၊ ရထားလုံးကြီးလာနေတယ်၊ မောင်းသူက လူပုကလေး’



ဟူ၍ ပြောလေသည်။

ထိုအခါ သက္ကလတ်ဦးထုပ်နှင့်လူဘေးမှနိုင်လွန်မိုးကာအင်္ကျီ …တ်ထားသော အသွင်ကျကျ အရပ်လှလှလူသည် ဦးခေါင်း …ညိတ်လိုက်လေ၏။ထို့နောက်လက်ဖျောက်သုံးချက်ကျယ်လောင်… …တီးလိုက်လေ၏။ ရထားလုံးကြီးသည် ထိုသူအနီးသို… …ဆိုက်လိုက်ပေ၏၊ မြင်းကြီးသုံးကောင်သည် ဟီလိုက်ပေ၏။

ရထားလုံးဘေးတံခါးသည် ပွင့်၍သွားကာ နိုင်လွန်မိုးကာ …လူသည် ရထားလုံးပေါ်သို့ တက်၍သွားပေ၏။ထိုသူ တက် …သွားသည်နှင့် ရထားလုံးတံခါးသည်လည်း ပိတ်၍သွားလေ၏။ …နောက် ရထားလုံးသည် ထွက်၍သွားလေသည်။မိုးနှင့်လေ …နေသဖြင့် တရှဲရှဲနှင့် လေရောမိုးသံသည် ပေါ်၍လာ …လေ၏။

ထိုအခါ လူတစ်ယောက်သည် သက္ကလတ် ဦးထုပ်နှင့်လူ …နားသို့ ကပ်ကာ….

‘ဟာ….ဆရာ….ရထားလုံးကြီးထွက်သွားပြီ၊ မောင်းသော …ပုဆိုးဆိုး လူပုကလေး’ ဟူ၍ ပြောလိုက်ရာ သက္ကလတ် …ထုပ်နှင့်လူသည် မီးခြစ်ကို ရှဲခနဲခနေအောင် ခြစ်လိုက်ပြီးလျှင် …ခေါင်းညိတ်လိုက်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုသူအား ပြောဆိုလိုက်လေ၏။
'အဲဒါ...လူသူတော်...သျှောင်တစောင်း'
ဤတွင်ရွေ့ကားပြီး၏တည်း။

သဗ္ဗေသတ္တာသုခိတာ

ရာဇဂဏ္ဍိ

BURMESE CLASSIC

www.burmeseclassic.com